www.burmeseclassic.com

# မြန်မာ့ဗလခရီး နှင့် ကာယဗလဖခင်

ကျော်မြင့်လွှင်

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့ဗလခရီး
# နှင့်
# ကာယဗလဖခင်

( ပထမတွဲ )

ကျော်မြင့်လွင်

အဖုံးပန်းချီ–ဦးစံတိုး

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပထမနှိပ်ခြင်း၊ ၁၉၇၅၊ အုပ်ရေ ၂၀၀၀၀

ရန်ကုန်မြို့၊ ၅၂၉–၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အဖွဲ့၊
ညွှန်ကြားရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၀၀)က
တာဝန်ခံ ထုတ်ဝေသည်။

စာပေဗိမာန်ပုံနှိပ်တိုက် အတွက်
ရန်ကုန်မြို့၊ ကန်တော်ကလေး၊ အမှတ် ၁၉၊ ၈၉ လမ်း
ဂုဏ်ရောင်ပုံနှိပ်တိုက်တွင် ဦးကျော်ဝင်း မှတ်ပုံတင်
အမှတ် (၀၁၁၆)က ရိုက်နှိပ်သည်။

## ...ျိုးကွန့်မြူး သူ့ကျေးဇူး

**ကာ** ယဥ်ာဏ ဗလနှစ်ဖြာ
နှစ်ခြောက်ဆယ်ရောက်၊ ပြည့်မြောက်သချာ
ပြည်သူ့စွမ်းအား၊ တိုးပွားခုခါ
ဇေယျတု၊ အောင်ဆုပဏ္ဏနာ။

**ယ** ခင် ခေတ်ဟောင်း၊ အကြောင်းစုံစွာ
အမှိုင်းတလျှောက်၊ ဂုဏ်မြောက်ဗမာ
စွမ်းအားကာစီး၊ ရန်မီးခဝးကွာ
မြန်မာပြတ်၊ လွတ်လပ်လူမျိုးသာ။

**ဗ** မာ့ ကံညွှစ်၊ တခေတ်ဟိုခါ
တပါးသူအောက်၊ ကျရောက်လေရာ
ဗလနှင်ပါး၊ စွမ်းအားဗလာ
ဟိုတခေတ်၊ မဲညွှစ်တို့ကြမ္မာ။

**လ** ပြည့် ဝန်းသို့၊ ပြည့်ညွှန်းရွှေစာ
နှစ်ပါးဗလ၊ မွေးကြသချာ
လွတ်လပ်ရေးသို့၊ လှမ်းစို့ညီညာ
သတိရ၊ ထကြွတို့ဗမာ။

**ဦး** စွာ ပထမ၊ ညွှန်ပြဆရာ
နှစ်ပါးဗလ၊ ထကြွပြည်ရွာ
နှစ်ခြောက်ဆယ်လုံး၊ လက်ရုံးသမ္မာ
သူပြသ၊ ပြည့်ဝစုံလင်စွာ။

**ရှိန်** ရှိန် တောက်ပ၊ လုံ့လကြီးစွာ
နှစ်ခြောက်ဆယ်ကျူး၊ ကျေးဇူးမဟာ
ရာကျော်ချီတက်၊ အသက်ရှည်စွာ
မြဲသာ၊ ဗို့သအောင်မေတ္တာ။

ဇောယျ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | စာရေးသူ၏အမှာ | ၁ |
| ၂။ | ကျေးဇူးစကား | ၅ |
| ၃။ | သာယာဝတီနယ်သားလေး | ၇ |
| ၄။ | ဒုစရိုက်ဝန်းကျင်မှ ကြီးပြင်းလာသူ | ၁၇ |
| ၅။ | ဗုဒ္ဓဘာသာ ကျောင်းမှ ကာယဗလကျောင်းသားထု | ၄၀ |
| ၆။ | အလင်းနှင့် အမှောင် | ၄၃ |
| ၇။ | သမုဒ္ဒရာ ဝမ်းတထွာ | ၅၆ |
| ၈။ | စာပေမှသည် အားကစားသို့ | ၆၆ |
| ၉။ | နဖူးစာရွာလည် | ၇၆ |
| ၁၀။ | ဈေးနှဲစာ ကမ္ဘာ့အလင်း | ၈၀ |


BURMESE CLASSIC .com

www.burmeseclassic.com

| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁။ | မြို့မ ယောက်ျားလေးကျောင်းမှ ပွဲဦးထွက် အလေးမပြိုင်ပွဲ | ၉၉ |
| ၁၂။ | အိုင်းရစ် အာဒရးတော်ပုံနှင့် စာရွက်ဝါ | ၁၁၀ |
| ၁၃။ | မြန်မာအမျိုးသား အပျော်ထမ်း ရဲတင်သားလေး | ၁၁၈ |
| ၁၄။ | အာဇာနည်ကိုသာလိုချင်သည် | ၁၂၅ |
| ၁၅။ | တန်းခိုးရှိအောင် ပထမထုပ်ပါ | ၁၃၅ |
| ၁၆။ | ပထမ မြန်မာ့အောင်ပွဲ | ၁၅၄ |
| ၁၇။ | အာရောဂျ ပရမံ လာဘံ | ၁၇၀ |
| ၁၈။ | အမျိုးသားနေ့မှ တမျိုးသားလုံး ကျန်းမာသန်စွမ်းရေးတရား | ၁၈၃ |
| ၁၉။ | အိန္ဒိယအင်ပါယာ ချမ်ပီယန် တို့ဗမာ | ၂၀၄ |
| ၂၀။ | အိုလံပစ် ရန်ပုံငွေ | ၂၁၁ |

# စာကြည့်တိုက်တွင်သုံးရန်

တိုက်ပိုင်အမှတ်

၉၂၇ ကျော်မြင့်လွင်

ကျော် မြန်မာ့ဗလခရီးနှင့် ကာယဗလဖခင်။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၅။

စာမျက်နှာ ၂၃၂၊ ပြည်သူ့လက်စွဲစာစဉ်။

ဗြိတိသျှ ကိုလိုနီခေတ်မှ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံခေတ်အထိ၊ မြန်မာများ နယ်ချဲ့လက်မှ လွတ်မြောက်ရေး၊ ကျန်းမာသန်စွမ်းရေး၊ ကမ္ဘာ့အလယ်၌ မြန်မာ့ဂုဏ် ထယ်ဝါနိုင်ရေး စသည်တို့ကို ကြိုးပမ်းခဲ့သော ကာယဗလဖခင်ကြီး ဦးရှိန်၏ အတ္ထုပ္ပတ္တိနှင့် သူ ဖြတ်သန်းခဲ့ရသော မြန်မာ့ဗလ ခရီးစဉ်ကို ရှုဒေါင့်စုံဖြင့် တင်ပြထားသည်။

အဖိုး-၃ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏အမှာ

နယ်ချဲ့ဗြိတိသျှသက်အောက် ကျရောက်နေသည့် ကိုလိုနီခေတ်တွင် မြန်မာများ ကျွန်ဘဝမှ လွတ်မြောက်ရေးကို ကာယဗလ လုပ်ငန်းများဖြင့် တနည်းတလမ်း စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သူမှာ ကာယဗလဖခင်ကြီး ဦးရှိန် ဖြစ်ပါသည်။

မြန်မာများ ကျန်းမာသန်စွမ်းရေး၊ ဗမာကို ကမ္ဘာက သိဘို့အရေး၊ ကမ္ဘာ့အလယ်တွင် မြန်မာ့ဂုဏ် ထယ်ဝါနိုင်ရေး စသည့်လုပ်ငန်းများဖြင့် ၁၉၁၁ ခုနှစ်မှ ယနေ့အထိ နှစ်ပေါင်း ၆၀ ကျော်တိုင် နိုင်ငံနှင့် လူမျိုးအတွက် ကိုယ်ကျိုးမဖက် တစိုက်မတ်မတ် သယ်ပိုးဆောင်ရွက်ခဲ့သူမှာလည်း ကာယဗလ ဖခင်ကြီး ဦးရှိန်ပင် ဖြစ်ပါသည်။

နိုင်ငံနှင့်လူမျိုး အကျိုးရှိစေမည့် စာအုပ်စာပေများ ထွက်ပေါ်လာစေရန် ကြိုးပမ်းခဲ့သူများထဲတွင် စာပေ မြတ်နိုးသူ ကာယဗလဖခင်ကြီးဦးရှိန်လည်း တဦးအပါအဝင်ဖြစ်ပါသည်။

နိုင်ငံနှင့်လူမျိုး အကျိုးပြုဆောင်ရွက်ခဲ့သောသူ၏ အတ္ထုပ္ပတ္တိကို ရေးသားပြုစုလိုသူများ ရှေးဦးမဆွကပင် ရှိခဲ့သည်။ သို့ရာတွင် အတ္တကို ချိုးနှိမ်နိုင်သူပီပီ သူ၏အတ္ထုပ္ပတ္တိရေးသားမည်ကို လိုလိုလားလားမရှိခဲ့သဖြင့် အတ္ထုပ္ပတ္တိ စာပေနယ်တွင် ရှိသင့်ပြီဖြစ်သော သူ၏ အတ္ထုပ္ပတ္တိမှာ ယနေ့အထိ ထွက်ပေါ်မလာခဲ့ခြင်းဖြစ်ပါသည်။ သူ၏ အတ္ထုပ္ပတ္တိ ထွက်ပေါ်မလာသဖြင့်လည်း သူ့ဘဝခရီးနှင့် ရောပြွမ်းယှက်နွယ်နေသည့် မြန်မာ့

www.burmeseclassic.com

ကာယဗလသခိုင်းသည်လည်း တိမ်မြုပ် ကွယ်ပျောက်နေခဲ့ရပါသည်။

၁၉၆၇ ခုနှစ် ဧပြီလမှ အစပြု၍ ကာယဗလဖခင်ကြီး၏ အတ္ထုပ္ပတ္တိကို ကျွန်တော် ပြုစုရေးသားခွင့် ရရှိခဲ့ရာ ၁၉၇၃ ခုနှစ် ဒီဇင်ဘာလတွင်မှ ရေးသားပြီးစီးခဲ့ပါသည်။ စာပေဖြင့် အသက်မွေးဝမ်းကျောင်း ပြုမည်ဆိုသော ကျွန် တော် အား အတ္ထုပ္ပတ္တိစာအုပ်ကို ခြောက်နှစ်ကျော်မျှ ပြုစုရေးသားရပါမည်သားဟု ခင်မင်ရင်းနှီးသူများက ကရုဏာဒေါသဖြင့် ဆိုကြ ပြောကြပါသည်။

ကျွန်တော် ဆိုခဲ့သည့်အတိုင်း ကာယဗလဖခင်ကြီး ဦးရှိန်၏ ဘဝဇာတ်လမ်းနှင့် မြန်မာ့ ကာယဗလသမိုင်းသည် ရေကို ချဉ်းတား၍မရသလို တသားတည်း ရှိနေခဲ့ပါသည်။ ကာယဗလ ဖခင်ကြီး ဦးရှိန်၏ အတ္ထုပ္ပတ္တိကို ရေးသားမည်ဆိုလျှင် သူ့ဘဝနှင့် ရောပြွမ်းယှက်နွယ်နေသည့် မြန်မာ့ ကာယဗလ သမိုင်းကြောင်းသည်လည်း ချန်လှပ်ထား၍ မရစကောင်းပါ။

ကိုလိုနီခေတ် မြန်မာ့ကာယဗလသမိုင်း အထောက်အထား များမှာ လွန်စွာမှ ရှားပါးလှပါသည်။ စုစည်း ရေးသားထားသည့် စာတအုပ် ပေတဖွဲ့ ယနေ့အထိ မရှိသေးပါ။ သို့ဖြင့် ထိုအပ်သလို အထောက်အထားများကို ခေတ်ဟောင်း ခေတ်သစ် စာနယ်ဇင်းပေါင်းစုံနှင့် စာအုပ်စာတမ်း များစွာတို့မှ ကောက်သင်းကောက်သလို ရှာဖွေမွှေနှောက် စုဆောင်းခဲ့ရပါသည်။

၁၉၁၁ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ အတွဲလိုက်ရှိနေသော သူရိယသတင်းစာတမျိုးတည်းကိုပင် ထက္ကသိုလ်စာကြည့်တိုက်တွင် ခြောက်လကျော်မျှ ထိုင်နေ့ထခုလို သတ်မှတ်၍ ရှာဖွေဖတ်ရှုခဲ့ရပါသည်။ မြန်မာ့ ကာယဗလသမိုင်း အထောက်အ



ထားရရှိမည့် မြို့နယ်များသို့လည်း ခရီးထွက်၍ ရှာပုံတော်ဖွင့်ခဲ့ရပါသည်။

ကျွန်တော် သည်မျှ နှစ်ရှည်လများ အပင်ပန်းခံ၍ ပြုစုရေးသားရသည်မှာ အကြောင်းရှိပါသည်။ ပထမအချက်မှာ တိကျခိုင်လုံသော အထောက်အထားများဖြင့် ရေးသားစေလိုသည့် ကာယဗလဖခင်ကြီး ဦးရှိန်၏ဆန္ဒကို ဖြည့်စွမ်းလို၍ ဖြစ်ပါသည်။

ဒုတိယအချက်မှာ နယ်ချဲ့ ကိုလိုနီခေတ်တွင် မြန်မာများ ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် ကာယဗလ အလေးမ လုပ်ငန်းများဖြင့် တနည်းတလမ်း ဆောင်ရွက်ခဲ့သည့် သူတို့ လုပ်ငန်းကို၊ ထိုခေတ် ပြည်သူများနှင့် စာနယ်ဇင်းများအပေါ် အမျိုးသားရေးအသွင်ဖြင့် ဝိုင်းဝန်း အားပေးခဲ့ပုံများ၊ ဗလကို ကမ္ဘာသိအောင်၊ ကမ္ဘာ့ နိုင်ငံများအလယ်တွင် မြန်မာ့ဂုဏ်ဆောင် လွန်းပြောင်နိုင်ရေး သွေး ချွေး စွဲတို့ဖြင့် သူတို့ ကြိုးပမ်းခဲ့ရပုံများကို ပီပီပြင်ပြင် ဖော်ထုတ် တင်ပြချင်သော ကြောင့် ဖြစ်ပါသည်။

ဤစာအုပ် ပြုစုရေးသားရာတွင် တွေ့ဆုံခမ်းမြန်းသူများ၏ ပြောဆိုချက်များကို တတ်စွမ်းသမျှ စာနယ်ဇင်းများပါ အထောက်အထားများနှင့် ရှာဖွေညှိနှိုင်းပြီးမှ အသုံးပြုပါသည်။ အထူးသဖြင့် စာနယ်ဇင်းများပါ အထောက်အထားကို မိမိ အားထား အသုံးပြုခဲ့ပါသည်။

ဤစာအုပ်ထဲတွင် ပါရှိသောပြောစကားများမှာ ကာယကံရှင်များက ပြောပြသော စကားများနှင့် စာနယ်ဇင်း စာအုပ် စာတမ်းများတွင် ပါရှိသော (မူရင်းပြောကြားသော)စကား များသာဖြစ်ပါသည်။ ကျွန်တော့် အနေဖြင့် ဖန်တီးသည့်အရာ ဟူသမျှ လုံးဝ အသုံးမပြုပါ။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဤစာအုပ်ရေးသားပြုစုရာတွင် အဖွဲ့ပွဲတို့ရှင်ကသူ့ဘဝဖြစ်စဉ်များကို ရဲရဲရင့်ရင့်ပွင့်ပွင့်လင်းလင်း ပြောပြခဲ့ပါသည်။ ကျွန်တော်ကသည်း လိုအပ်မည်ထင်သမျှ ရေးသားခဲ့ပါသည်။ ဤသို့ရေးသားရာတွင် မည်သူတဦးတယောက်ကိုမျှ ထိခိုက်နစ်နာစေလိုသောဆန္ဒဖြင့် ရေးသားခြင်းမရှိခဲ့ပါ။

ကာယဗလ ဖခင်ကြီး ဦးရှိန်၏ ဆွေမျိုးညာတိများသည် ကျွန်တော်၏ ဆွေမျိုးညာတိများကဲ့သို့ပင် ကျွန်တော် လေးစားချစ်ခင်သူများ ဖြစ်ကြပါသည်။

ထို့အတူ ဤစာအုပ်ထဲတွင် မလွှဲသာ၍မရှောင်သာ ရေးသားခဲ့ရသူအချို့မှာလည်း ယနေ့ ကျွန်တော်နှင့် အတူတကွ လက်တွဲ၍ နိုင်ငံအကျိုးအတွက် ကာယဗလ အလေးမလုပ်ငန်းများကို သယ်ပိုးဆောင်ရွက်နေကြသူများ၊ ကျွန်တော် ခင်မင်လေးစားသူ လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက်များ ဖြစ်ကြပါသည်။ သို့ကြောင့် ဤစာအုပ်ကို ဖတ်ရှုပြီးလျှင် ကျွန်တော်၏ စေတနာကို နားလည် သဘောပေါက်ကြလိမ့်မည်ဟု မြော်လင့်ပါသည်။

ကျော်မြင့်လွင်

# ကျေးဇူးစကား

ဤစာအုပ် ပြုစုရေးသားရာတွင် စာအုပ်စာတမ်းများ ကူညီရှာဖွေပေးသော စာပေဗိမာန် ညွှန်ကြားရေးမှူး ဦးထင်ကြီး၊ စာနယ်ဇင်း စာအုပ်စာတမ်းများကို လိုအပ်သမျှ အသုံးပြုနိုင်ရန် ဝိုင်းဝန်းကူညီခဲ့သော တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှူး ဦးသော်ကောင်း၊ လက်ထောက် စာကြည့်တိုက်မှူး ဒေါ်ကျော့ကျော့နှင့် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှ မိတ်ဆွေများ၊ တိုးတက်ရေး မဂ္ဂဇင်းများ ငှားရမ်းကူညီခဲ့သော ဦးထိန်ဝင်း (ထိန်ဝင်းစာပေ)၊ နေ့စဉ်မှတ်တမ်းနှင့် စာအုပ်စာတမ်းများဖြင့် ကူညီခဲ့သူ ကာယဗလ ဦးရှိန်၊ ဘားမားစပို့ ( Burma Sport )မဂ္ဂဇင်းများဖြင့် ကူညီခဲ့သူ မန္တလေးဖရင့်ဟတ်စကင်း အငြိမ်းစား အား/ကာ ဒု–ညွှန်ကြားရေးမှူး၊ တံခွန် ဂျာနယ်များဖြင့် ကူညီခဲ့သူ ဦးထိန်လင်း (တံခွန်ဂျာနယ်)၊ ကဗျာများ ရေးသားကူညီကြသော ဆရာဇေယျနှင့် ဆရာ မင်းသုဝဏ်၊ အမျိုးသား အပျော်တမ်း ရဲဟပ် သမိုင်း အထောက်အထား စာရွက်စာတမ်းများဖြင့် ကူညီခဲ့သူ ဝတ်လုံတော်ရ ဦးထွန်းတင်၊ ကာယဗလ တေးသီချင်းများကို ရှာဖွေစုဆောင်းပေးသူ ဦးမောင်မောင်ကြီး (ဒုတိယ လက်ထောက် ညွှန်ကြားရေးမှူး၊ (မော်ကွန်း) ရုပ်ရှင် ကော်ပိုရေးရှင်း)၊ တွေ့ဆုံမေးမြန်းရာတွင် ကူညီပြောပြခဲ့ကြသည့် ဆရာကြီး ရွှေဥဒေါင်း၊ လူထု ဦးလှ၊ မြို့မ ဆရာဟိန်၊ ဦးဖိုးချမ်း (အငြိမ်းစား ကျောင်းဒါး ယတ္တန်းကျောင်းအုပ်ကြီး)၊ အဘိဓမ္မာ ဦးဘာသာ၊ မိုးကြိုး ဦးအုန်းခင်၊

www.burmeseclassic.com

www.burmeseclassic.com



အမ်အေ ဒေါ်အုန်း၊ ဒေါ်ရီကြိန်၊ ဒေါ်အုန်းကြည် (စာပေဗိမာန်)၊ ဂျာနယ်ကျော် တင့်ဆွေ၊ ဦးဇော်ဝိတ်၊ ဦးစံသင်၊ ဦးလှမောင်လေး၊ ဦးသော်ဇင် (သီဟဗလ)၊ ဒုဗိုလ်မှူးကြီး မောင်မောင်-တပ်မတော် (ရေ)၊ ဒုဗိုလ်မှူးကြီး လှမောင် (အငြိမ်းစား)၊ ကိုမျိုးချစ် (ရုပ်ရှင်နှင့် ပြဇာတ်မင်းသား)၊ မောင်မောင် ရန်ကုန်၊ မောင်ဗမာ ဦးတင်မြင့်တို့အား ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။ ။

အခန်း ၁

# သာယာဝတီနယ်သားလေး

သာယာဝတီ။

ဤအမည်သည် မြန်မာ့တော်လှန်ရေးလမိုင်း စာမျက်နှာများတွင် အစဉ်အဆက် ထင်ရှားကျော်ကြားခဲ့၏။

သာယာဝတီဟူသော အမည်ကို ကြားရသည့်အခါတိုင်း မြန်မာများအဖို့ မျိုးချစ်စိတ်ဓာတ်များ တက်ကြွလာခဲ့ရသလိုပင် ဤအမည်ကို ကြားရသည့်ဗြိတိသျှနယ်ချဲ့သမားတို့မှာ နားကြောတစိမ့်၍ စိမ့်စိမ့်တုန်ခဲ့ကြသည်။

အကြောင်းဆိုရသော် ဤသာယာဝတီနယ်မြေသည် မြန်မာနိုင်ငံကို ကျွန်ပြုသိမ်းပိုက်ခဲ့သည့် ဗြိတိသျှနယ်ချဲ့အင်္ဂလိပ်တို့အား နှစ်ပေါင်း ၁၀၀ ကျော်ကတည်းကပင် အားဦးတစိုက် ရဲရဲတောက်တော်လှန်တိုက်ခိုက်ခဲ့သော မြန်မာမျိုးချစ်များ၏ ဘူမိနက်သံမှန်ကန်သည့် တော်လှန်ရေးနယ်မြေ ဖြစ်သောကြောင့်ပေတည်း။

၁၈၅၂ ခုနှစ် ပုဂံမင်းလက်ထက် အင်္ဂလိပ်မြန်မာဒုတိယစစ်ပွဲတွင် မြန်မာတပ်များသည် ရန်ကုန်မှပြည်မြို့အထိ တပါတည်း ဆုတ်ခွာလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့သောအချိန်တွင် သာယာဝတီခရိုင် နတ္တလင်းမြို့အပိုင် ထာပွန်တိုက်သူကြီး ဦးခေါင်းကြီးခေါင်းဆောင်သည့် မြန်မာမျိုးချစ်များသည် သာယာဝတီနယ်မြေကို နယ်ချဲ့အင်္ဂလိပ်တို့ မသိမ်းပိုက်နိုင်အောင် အင်အားကြုံးစွာဖြင့် လေးနှစ်တိုင် အသက်သေသည့်အထိ ခုခံတော်လှန်တိုက်ခိုက်ခဲ့၏။

နောင်နှစ်ပေါင်း ၇၈ နှစ် ကြာသည့် ၁၉၃၀ ပြည့်နှစ်တွင် သာယာဝတီနယ်မြေပေါ်မှာပင် ဆရာစံ ဦးဆောင်သည့် သာယာဝတီ-တောင်သူလယ်သမားမျိုးချစ်များသည် မတရားဖိနှိပ်ချုပ်ချယ်သည့် ဗြိတိသျှနယ်ချဲ့တို့အား ရရာလက်နက်ဖြင့် တော်လှန်တိုက်ခိုက်ခဲ့ကြပြန်၏။

သို့ဖြင့် သာယာဝတီနယ်မြေသည် နိုင်ငံနှင့်လူမျိုးအတွက် သယ်ပိုးဆောင်ရွက်မည့် နိုင်ငံအကျိုးပြုပုဂ္ဂိုလ်အများ ထွက်ပေါ်လာရာနယ်မြေ ဖြစ်ခဲ့သည်။

မြန်မာနိုင်ငံရေး ခေါင်းဆောင်ကြီးများ၊ နန်းရင်းဝန်၊ ဝန်ကြီးများ၊ ထင်ရှားသည့်အနုပညာကပေပညာရှင်ကြီးများ စသည့်ပုဂ္ဂိုလ် အများအပြားလည်း ဤနယ်မြေမှ မွေးဖွားပေးခဲ့ကြ၏။ ထိုပုဂ္ဂိုလ်များထဲမှ ထူးထူးခြားခြား ကာယဗလအလေးမအားကစားဖြင့်မြန်မာကို ကမ္ဘာကသိအောင် နှစ်၆၀ တိုင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်တဦးကိုလည်း ဤနယ်မြေမှပင် မွေးဖွားပေးခဲ့လေသည်။

* * * *

၁၈၅၂ ခုနှစ် ဒုတိယအင်္ဂလိပ်မြန်မာစစ်ပွဲတွင် ဗြိတိသျှနယ်ချဲ့သမားက အောက်မြန်မာနိုင်ငံကို သိမ်းယူနိုင်ခဲ့သည်။ ယင်းသို့သိမ်းယူပြီးသည်နှင့်တပြိုင်နက် နယ်ချဲ့သမားတို့နှင့် တပါတည်း ကပ်၍ပါလာကြသော ဗြိတိသျှကုန်သည်ကြီးများက အောက်



မြန်မာနိုင်ငံ ထွက်ကုန်များဖြစ်သော ဆန်စပါး၊ ကျွန်းသစ်၊ ရော်ဘာ၊ သယံဇာတသတ္တု စသည်များကို လက်ဝါးကြီးအုပ်ရန် ကြိုးပမ်းလာကြသည်။

မြန်မာ့အသွေးအသားများ သောက်စားဝါးမျိုကြသည့် ဗြိတိသျှကုန်သည်ကြီးများသည် အောက်မြန်မာနိုင်ငံထွက်ကုန်များ ချုပ်ကိုင်ချယ်လှယ်နိုင်ရေး၊ ကုန်သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူဖို့က သူတို့အဖို့ သေရေးရှင်ရေးတမျှ အရေးတကြီးလိုအပ်လာသည်။

သို့ဖြင့် ၁၈၇၄ ခုနှစ်မှစတင်၍ အောက်မြန်မာနိုင်ငံရန်ကုန်မှ အနောက်မြောက်ဖက် ၁၆၁ မိုင် ကွာဝေးသော ပြည်မြို့သို့ မီးရထားလမ်းစတင်ဖောက်လုပ်ခဲ့ရာ ၁၈၇၇ ခုနှစ်တွင် ပြည်မြို့အထိ ဖောက်လုပ်ပြီးစီးလေသည်။

အမှန်စင်စစ် မြန်မာပြည်၌မီးရထားပေါ်ပေါက်လာရခြင်းသည် ဗြိတိသျှကုန်သည်များ၏အကျိုးစီးပွားကို အကူအညီပေးရေး၊ မြန်မာ့တော်လှန်ရေးအင်အားစုများကို နှိမ်နင်းရေး၊ မြန်မာမင်းပိုင်နက် အထက်မြန်မာနိုင်ငံထက် ဗြိတိသျှပိုင်နက်အောက်မြန်မာနိုင်ငံက မည်မျှတိုးတက်သည်ကို ပြသ၍ ပြည်သူအများကို အသိလျှောက် စည်းရုံးနိုင်စေရေး စသည့်အကြောင်းများသည် အဓိကအကြောင်းရပ်များဖြစ်ခဲ့သည်။

ဗြိတိသျှနယ်ချဲ့တို့က မည်သည့်ရည်ရွယ်ချက်များဖြင့် မီးရထားလမ်းဖောက်လုပ်ခဲ့စေကာမူ မီးရထားလမ်းပွင့်သည်နှင့် တပြည်းပြည်း သွားလမ်းလာလမ်း လွယ်လာကြသည့်အခါ အထက်အောက်အညာအကြေမှ ပြည်သူအများသည် တမြို့နှင့်တမြို့၊ တနယ်နှင့်တနယ် ကုန်ကူးသန်းရောင်းဝယ်လာကြသည်။ ရေကြည်ရာမြက်နုရာဆိုသလိုပင် မီးရထားလမ်းပေါက်သည့်နယ်များသို့ ပြောင်း၍ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်လာကြသည်။ ထိုသူများထဲတွင် ရန်ကုန်မြို့ ဘုရားငုတ်တိုသမ်း

www.burmeseclassic.com

www.burmeseclassic.com



(ယခုဘုန်းကြီးလမ်း)တွင် လှည်းမီးချလုပ်ငန်းလုပ်ကိုင်နေသည့် ပန်းဘဲဆရာကြီး ဦးဘိုးမင်းတို့မိသားစုလည်း ပါဝင်ခဲ့ကြသည်။

ဦးဘိုးမင်းတို့ မိသားစုသည် မီးရထားလမ်းပေါက်သဖြင့် သွားသမ်း လာသမ်း လွယ်ကူ၍ မီးရထားသမ်းတလျှောက်ရှိ မြို့လေးများ စည်ကားသည့်အခါ သာယာဝတီခရိုင် နတ္တလင်းမြို့သို့ ပြောင်းရွှေ့ခဲ့ကြသည်။နတ္တလင်းတွင် လှည်းမီးချလုပ်ငန်း လုပ်ကြသည်။

ရန်ကုန်သားပန်းဘဲဆရာကြီးဦးဘိုးမင်းသည် အနုပညာဂီတဝါသနာထုံသည်။ ထိုစဉ်က ယိမ်းအကများ အခေတ်ထနေသည်။ဦးဘိုးမင်းလည်း နတ္တလင်းတွင် ငွေကြေးအကုန်အကျခံ၍ယိမ်းများထောင်သည်။မိန်းကလေးယောကျ်ားလေးများကို စုစည်း၍ ရန်ကုန်တွင် ခေတ်စားသည့်ယိမ်းအဆိုအကများ သင်ပေးနေရသည်ကိုက သူ့တွင်တာဝန်ကြီးတခုလို ဖြစ်နေသည်။

ဦးဘိုးမင်းသည် ရပ်ရေးရွာရေး သာရေး နာရေးမှအစ သူတတ်နိုင်သည့်ဖက်က ဆိုလျှင် သူကာတ္တရားမပျက်၊ သို့ဖြင့် နတ္တလင်းမြို့တွင် ထင်ရှား၍ အများက ချစ်ခင်လေးစားသည့် ပုဂ္ဂိုလ်ကြီးတဦး ဖြစ်ခဲ့သည်။

သူတို့မိသားစုမှ တူမဖြစ်သူဖွားစိန်သည်လည်း သဘောသကာယ ကောင်းသည်။ ယဉ်ကျေးသိမ်မွေ့သည်။ မိန်းမတို့၏ ရှုခြင်းနှင့် ပြည့်စုံသည်၊ အချက်အပြုတ် အိမ်တွင်းမှုကိစ္စဟူသမျှ နိုင်နင်းစွာ စီမံလုပ်ကိုင်နိုင်သည်။ဤသတင်းကြောင့်ပင် သားရှင်များက စေ့စပ်ကမ်းလှမ်းကြသည်။

ဦးဘိုးမင်းသည် တူမဖြစ်သူ၏နောင်ရေးအတွက် စေ့စပ်ကမ်းလှမ်းလာသူများထဲမှ သူနှင့်ခင်မင်ရင်းနှီးသူ နတ္တလင်းဇာတိ ဦးသီးဖြူ၊ ဒေါ်ပိုက်ကို၏သား မောင်းဘိုးဆိတ်နှင့် နေရာချထားပေးခဲ့လေသည်။

ဦးဘိုးဆိတ်ဒေါ်ဖွားစိန်တို့မှ ကာယဗလဦးရှိန် အမည်တွင်



လာမည့်ဒုတိယမြောက်သားဦးလေး မောင်ရှိန်ကို ၁၈၉၆ ခုနှစ် ဇန်နဝါရီ၃ရက် ကြာသပတေးနေ့ နံနက် ၆ နာရီအချိန်တွင် နတ္တလင်းမြို့၌ဖွားမြင်ခဲ့လေသည်။

မောင်ရှိန်တွင် မွေးချင်းဖော် ကိုး ယောက်ရှိ၏။ ကြီးစဉ်ငယ်လိုက် ဖော်ပြရမူ မရှင်၊ မောင်ရှိန် (ကာယဗလဦးရှိန်) မောင်စိန် (တိုးတက်ရေးဦးစိန်၊ ဦးပဂိုဝို) မစောခင်၊ မြဘူး၊ မနီ၊ ဘအုန်း၊ မောင်ရွှေ၊ မောင်စောတို့ဖြစ်ကြသည်။

မောင်ရှိန်၏ မိဖဘိုးဘွားများသည် စားနိုင်သောက်နိုင် ချောင်ချောင်လည် လည် နှင့် စီးပွားရေးပြေလည်သူများ ဖြစ်ကြသည်။ အဖိုးဖြစ်သူ ဦးသီးဖြူသည် လယ်တောက်ချသည်။ ကျည်ကြီးများဖြင့် စပါးများသိုလှောင်၍ အရောင်းအဝယ်ပြုလုပ်သည်။ မိခင်ဖြစ်သူ ဒေါ်ဖွားစိန်ကလည်း ဆေးဖြင်းလိပ်ရုံထောင်သည်။ အပိုလုပ်ငန်းအဖြစ် တခါတခါ ကုန်စုံဆိုင်ပင် တည်၍ ရောင်းချလိုက်သေးသည်။ သူတို့အိမ်တွင် လှည်းနွား အပြည့်အစုံအပြင် စီးရန်မြင်းပင်ထားနိုင်ခဲ့သည်။

ဖခင်ဖြစ်သူဦးဘိုးဆိတ်သည် အိမ်တွင်တဆောင်းထမိုးသုံးရန် နတ္တလင်းအရှေ့တောင်ပေါ်သို့ ထင်းခုတ်သွားသည့်အခါသွားသည်။ ရန်ကုန်မှ ဒေါ်ဖွားစိန်၏တူမများက အကူအညီတောင်းခံသည့်အခါ တူမများပိုင် လမ်း ၃၈ ရှိ ကုလားအမိုးကြီးပင်မင်းဆိုင်တွင် ခြောက်လတန်သည် တနှစ်တန်သည် သွားရောက်၍ စီမံအုပ်ချုပ်လုပ်ကိုင်ပေးရသေးသည်။ ဖခင်၏စပါးအရောင်းအဝယ်လုပ်ငန်း များသာသည့်အခါ ကူညီရသည်။ သည့်ဖြင့် အခြားအလုပ်မှု ထွေထွေထူးထူး မရှိလှ။ သူ့တွင်အသောက်အစား အပျော်အပါး လောင်းကစားမရှိ။ သူ့ဝါသနာမှာ အိမ်တွင်ရှိသည့် မြင်းကို မကြာခဏ အသားကျစေမည်။ ခါးပုံစထဲတွင် ဆေးလိပ်များ အပြည့်အသိပ်ထည့်၍ အ

www.burmeseclassic.com

www.burmeseclassic.com

နည်းဆုံး တနေ့အလိပ်နှစ်ဆယ်သောက်တော့ ကုန်အောင်သောက်သည်။

မောင်ရှိန်၏အခကြီးဖြစ်သူ မရှင်ကို ကျောင်းထားသည့်အခါ အခဖြစ်သူသည် မောင်ရှိန်ကိုပါ ကျောင်းပျော်ရန် နေ့စဉ်ကျောင်းသို့ ခေါ်သွားလေ့ရှိသည်။ မောင်ရှိန်မှာ ငယ်သေးသဖြင့် စာမသင်ရသော်လည်း အခဖြစ်သူနှင့် ကျောင်းကိုလိုက်ရသည်ကိုပင် ပျော်နေခဲ့သည်။

မရှင် သွားရောက်သင်ကြားရသော ကျောင်းမှာ နတ္တလင်းမြို့လယ်ရှိ ဦးရွှေလုပ်ကိုယ်ပိုင်ကျောင်းဖြစ်သည်၊ ကျောင်းလခကတလ ဘမတ်ပေးရသည်။ ဦးရွှေလုပ်ကျောင်းတွင် နာရီမရှိ။ ထို့ကြောင့် ကျောင်းတက်ကျောင်းဆင်းချိန်များကို နေရောင်ဖြင့် ဖဝါးတိုင်း၍သော်ငင်း၊ ပြည်ရထားကြီး၏ ရထားသံဖြင့်သော်ငင်း မှတ်သားထားရသည်။

ဆရာကြီးဦးရွှေလုပ်သည် နံနက်ကျောင်းတက်ရန် ကျောင်းသားတဦးကို နေရောင်အောက်တွင်ဖဝါးတိုင်းခိုင်းသည်။ ပြီးလျှင် သူကိုင်နေကျကြိမ်လုံးကြီးဖြင့် ကြမ်းပြင်ကို တဖြန်းဖြန်းရိုက်၍ ကျောင်းတက်ရန် အချက်ပေးသည်။ ထို့အတူ ညနေကျောင်းဆင်းရန် သတ်မှတ်ထားသည့် ပြည်ရထားကြီးအသံကြားရပြန်လျှင် ကြမ်းပြင်ကို ကြိမ်လုံးကြီးဖြင့် တဖြန်းဖြန်းရိုက်ပြန်လေသည်။

နတ္တလင်းမြို့တွင် ဦးရွှေလုပ်ကိုယ်ပိုင်ကျောင်းအပြင် မြို့အရှေ့တောင်ဖက်တွင်လည်းအစိုးရအထောက်အပံ့ရသည့် ဆရာချက်ဆိုသူ၏ လောကဓာတ်ကျောင်းလည်း ရှိသည်။ ထိုလောကဓာတ်ကျောင်းမှ ကျောင်းသားများသည် ဦးရွှေလုပ်ကျောင်းသားများကို တွေ့ကြသည့်အခါ "ကျောက်သင်ပုန်းလှေလှော်ပြည်ကျော်တဲ့ကျောင်း၊ သူမြင်တကာပိုက်ဆံတောင်းတယ်ဦးရွှေလုပ်ကျောင်း" ဟု နောက်ကြ ပြောင်ကြသည်။ မောင်ရှိန်အဖို့



တကယ်တန်း ကျောင်းနေရသည့်အခါ ဦးရွှေလုပ်ကျောင်းမဟုတ်တော့ပဲ ဆရာချက်၏ လောကဓာတ်ကျောင်းမှာပင်ပညာသင်ကြားခဲ့ရလေသည်။

ကျောင်းသားဘဝတွင် မောင်ရှိန်တို့ လူငယ်များ အဖို့ အပျော်ဆုံးနေ့မှာပေါင်းတည်မှမြတ်စွယ်တော်ပွဲကိုနတ္တလင်းမြို့သို့လှည်းကြီးများဖြင့် လှည့်လည်လာသည့်အခါ ဖြစ်သည်။ မြတ်စွယ်တော်လှည့်ရာတွင် အတီးအမှုတ်အကအခုန် ယိမ်းမျိုးစုံဖြင့်စည်းကားလှသည်။ မြတ်စွယ်တော်လှည့်လည်ရာတွင် လိုက်ပါလာသူများရော ဒေသခံများကပါ ကပြဖြေဖျော်ကြရာ နတ္တလင်း တမြို့လုံး ပုံသံဆိုင်းသံများ သောသောညံလျက်ရှိလေသည်။ မောင်ရှိန်တို့ လူငယ်တသိုက်မှာ အကမျိုးစုံလင်သည့်နေရာမှန်သမျှ ဟိုပြေးကြည့်လိုက်၊ သည်ပြေးကြည့်လိုက်ဖြင့်ပျော်လိုက်သည်ဖြစ်ခြင်း။

မိုးအခါမှာလည်း နတ္တလင်း ဘော်လုံး ကစားကွင်းတွင် ဘောလုံးပွဲများ မကြာခဏ ကျင်းပသည်။ တနေ့ နတ္တလင်း ဘောလုံးအသင်းနှင့် ပေါင်းတည် အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ မြို့နယ်အလိုက် တဖက်နှင့်တဖက် အားကျမခံ အိုးစည်ဒိုးပတ်များအပြိုင်တီးမှုတ်၍ ဆူညံစွာ အားပေးကြသည်။

မကြာလှပါချေ။ ဘောလုံးကစားသူများ သူချင်ါချ ဖြစ်လာသည်။ ဘောလုံးပွဲကြည့်ပရိသတ်များသည်း တဖက်နှင့်တဖက်ရိုက်ကြနှက်ကြ ဖြစ်ကုန်ကြသည်။ လဲသူလဲ၊ ကွဲသူကွဲ၊ ပြေးသူပြေးနှင့် နတ္တလင်းတမြို့လုံး ဆူညံသွားတော့သည်။ ညေ့သည်များ မြို့ခံများပါ ခြင်းထောင်ထဲဝင်ပုန်းသူပုန်း၊ ကြောက်ကြောက်လန့်လန့်ဖြင့်စပါးကျီအောက် ဝင်မှောက်သူမှောက်နှင့်တမြို့လုံး ချောက်ချောက်ချားချားဖြစ်ကုန်ကြသည်။

ဘောလုံးပွဲကြည့်ပရိသတ်ထဲတွင် ပါဝင်ခဲ့သည့်မောင်ရှိန်တို့လူငယ်များသည်လည်း ဘေးလွတ်ရာသို့ ဖနောင့်နှင့်တင်ပါး

www.burmeseclassic.com

www.burmeseclassic.com


ထသားဘည်းကျအောင်ပြေးခဲ့ရ၏။ မောင်ရှိန်အဖို့ ထိုစဉ်က ဘောလုံးပွဲဆိုသည်မှာ ဤလိုမကြာခဏ ရိုက်ကြနှက်ကြ ရန်ဖြစ်ကြသည့်ပြိုင်ပွဲဟူ၍ ထင်မိခဲ့လေသည်။

မောင်ရှိန်၏အဖိုး ဦးသီးဖြူ၏အမည်ရင်းမှာ ဦးသီး ဖြစ်သည်။ သို့ရာတွင် အသားဖြူလွန်းသဖြင့် ဦးသီးဖြူ ဟု ခေါ်ကြသည်။ ဦးသီးဖြူသည် ဘာသာတရား လွန်စွာကိုင်းရှိုင်းသူဖြစ်သည်။ ပရိတ်တရားလည်း အရွတ်အဖတ် ကောင်းသည်။ ရပ်ထဲရွာထဲတွင် ပရိတ်တရားရွတ်ဖတ်မည်ဆိုလျှင် ဦးသီးဖြူမပါလျှင် မပြီး။

မောင်ရှိန်ကို အဖိုးဦးသီးဖြူက ချစ်သည်။ သူသွားလေရာ မောင်ရှိန် အမြဲပါခဲ့သည်ချည်းသာ ဖြစ်သည်။ အဖိုးဖြစ်သူ ရပ်ထဲရွာထဲ ပရိတ်တရားရွတ်ဖတ်ရန် သွားသည့်အခါမှာလည်း ကြေးစည်လေးကိုင်၍ မောင်ရှိန်လိုက်ပါခဲ့သည်။ အဖိုးဖြစ်သူနှင့်လူကြီးများက ပရိတ်တရားများ ရွတ်ဖတ်ကြပြီဆိုလျှင် ရောင်ပေရုံးပေး ခါခါသွားအောင် တနောင်နောင်နှင့် ကြေးစည်လေး တီးရလေသည်။

အဖိုးဖြစ်သူ အသုဘရှုတရားတော်နာ သွားသည့်အခါများမှာပင် မောင်ရှိန်တခေါက် အဖိုးနောက်သို့ တကောက်ကောက်လိုက်ပါခဲ့လေသည်။ တနေ့ နတ္တလင်းမြို့စွန်ရှိ သင်းချိုင်းကုန်းသို့ အဖိုးဖြစ်သူနှင့်အတူ အသုဘပို့လိုက်ခဲ့သည်။ သုသာန်ဘေးအဖက် နွားသတ်ကုန်းတွင် ကုလားများ နွားသတ်နေသည်ကို မောင်ရှိန်မြင်တွေ့ခဲ့သည်။ ထိုနေ့မှစ၍ အမဲသားကို မစားတော့ချေ။

လယ်တီဆရာတော်ဘုရား နတ္တလင်းသို့ ကြွလာသည့်အခါ အဖိုးဖြစ်သူနှင့်အတူ အမဲသားစားခြင်းကို ရာသက်ပန် ဂျှဒါန်း လိုက်သေသည်။ ထိုစဉ်က မောင်ရှိန်၏အသက်မှာ ခုနစ်နှစ်မျှသာ ရှိသေး၏။ သို့ဖြင့် မောင်ရှိန်၏ငယ်စဉ်ဘဝသည် ဘာသာတရားကိုင်းရှိုင်းသည့် အဖိုးဖြစ်သူ၏ အရိပ်အာဝါသအောက်မှာပင် ကြီးပြင်းခဲ့ရလေသည်။

တနေ့ နတ္တလင်းတမြို့လုံးတွင် ပလိပ်ရောဂါဖြစ်ပွားသည်။ ကာကွယ်ဆေးဆို၍ ဟုတ်တိပတ်တိ မရှိ။ ကျန်းမာရေးဌာနမှ ရောဂါဖြစ်ပွားရာနေရာများကို ကာဘော်လစ်ဆီလောက်သာ ဖြန်းပေးနိုင်သည်။ အသေအပျောက်များလှသဖြင့် နတ္တလင်းတမြို့လုံး သုသာန်တစပြင်ပမာဖြစ်နေသည်။

မောင်ရှိန်တို့မိသားစုလည်း ပလိပ်ရောဂါဘေးမှ ကင်းဝေးရန် ကွင်းထဲတွင် တဲထိုး၍ ပြောင်းရွှေ့နေထိုင်ကြရသည်။ အဖိုးဖြစ်သူနှင့် လူကြီးများက အန္တရာယ်ကင်းပရိတ်တရားများ ရွတ်ကြ ဖတ်ကြသည်။ တတ်သမျှမှတ်သမျှ ရောဂါဆိုးဘေးမှ ကင်းဝေးအောင် ဆောင်ရွက်ကြသည်။

သို့ရာတွင် တမြို့လုံး ဒုက္ခပေးနေသည့် ပလိပ်ရောဂါဆိုးသည် မောင်ရှိန်တို့မိသားစုကိုလည်း ချမ်းသာမပေးခဲ့ပေ။ ဦးစွာပထမ မောင်ရှိန်၏ညီမဖြစ်သူ မစောခင်သည် ပလိပ်ရောဂါဖြင့် ကွယ်လွန်သွား၏။ နောက်နှစ်ရက်အကြာ ညီဖြစ်သူမြဘူး ကွယ်လွန်သွားပြန်သည်။

မြဘူးမှာ အသွက်သျှာသွက် ချက်ချက်ချာချာရှိသည်။ မှတ်ဉာဏ်လည်း ကောင်းသည်။ အဖိုးဖြစ်သူဦးသီးဖြူနှင့် လူကြီးများ တရားဆွေးနွေးကြသည့်အခါ နဘေးတွင်ထိုင်၍ မှတ်သားတတ်သည်။ တရားပွဲများကိုလည်း အဖွားဖြစ်သူ ဒေါ်ပိုက်နှင့် လိုက်ပါခဲ့သဖြင့် အိမ်တွင် သံနေသံထားဖြင့်ပင် သူကတရားဟောပြတတ်သည်။ သို့ကြောင့် မောင်ရှိန်ကို အဖိုးကချစ်သလို မြဘူးကိုအဖွားကချစ်သည်။

မြဘူးကွယ်လွန်သည့်အခါ အဖွားဖြစ်သူဒေါ်ပိုက်မှာ မြေးကလေးအတွက် သောကမီးတောက်ခဲ့ရသည်။ မြေးငယ်အလောင်း သင်္ဂြိုဟ်ရန် ယူဆောင်သွားသည့်အခါ ဒေါ်ပိုက်မှာ

www.burmeseclassic.com

www.burmeseclassic.com

စိတ်ထိခိုက်လွန်းသဖြင့် "မြဘူးရေ အဖွားလဲမနေဘူး၊ မင်းဆီလိုက်ခဲ့မယ်ကွဲ့" ဟု မျက်ရည်စက်လက်ဖြင့် အော်ငိုလိုက်သည်။ နောင် နှစ်ရက်ကြာသည့်အခါ ဒေါ်ပိုက်သည်လည်း ပလိပ်ရောဂါဆိုးဖြင့် မြေးရှိရာသေရွာသို့ တကယ်ပင် လိုက်ပါသွားရရှာလေသည်။

ပလိပ်ရောဂါဆိုးကြောင့် ခြောက်ရက်အတွင်း မောင်ရှိန်တို့မိသားစုမှာ အဖွားဒေါ်ပိုက်၊ ညီမမစောခင်၊ ညီငယ်မြဘူးတို့သုံးဦး ဆုံးရှုံးကွယ်လွန်ခဲ့ရသည်။

သေကံမရောက်သည့် မောင်ရှိန်တို့ လူငယ်တသိုက်သည်လည်း သူတို့လူငယ်များပါးစပ်ဖျားတွင် ရေပန်းစားခါစသ ာရှိသေးသည့်

"၁၂၆၄ ခုနှစ်မှာ လေးလ၊ ဝိန်မာန်ဆော်ပါတဲ့လတပေါင်း၊ မသွေ အမှန်ကျော်ပါတဲ့ ကျားအကြောင်း၊ သောင်းလေလေ သောင်းလေလေ ဆူသို့ပါ" ဟူသော ဗွေတိဂံဘုရားကျားထက်သည်ကို စပ်ဆိုထားသည့်သီချင်းကိုပင် မဆိုနိုင်ကြတော့ပေပြီ။

အခန်း ၂

# ဒုစရိုက်ဝန်းကျင်မှ ကြီးပြင်းလာရသူ

ဆရာချက် လောကဓာတ်ကျောင်းမှ မောင်ရှိန် ပထမတန်း အောင်သည့်အခါ သူ့ဘဝခရီးလမ်းကြောင်းသည် တမျိုးတဖုံ ပြောင်းလဲရန်ဖြစ်ပေါ်ခဲ့၏။

ရန်ကုန် လမ်း ၃၀ ကုလားအဖိုးကြီးပင်မင်းဆိုင်မှ ဒေါ်ဖွားစိန်၏တူမများကမောင်ရှိန်ကို ရန်ကုန်ခေါ်၍ အင်္ဂလိပ်ကျောင်း ထားပါရစေဟု ဒေါ်ဖွားစိန်ထံ ခွင့်တောင်းကြသည်။ ဦးဘိုးဆိတ်၊ ဒေါ်ဖွားစိန်တို့မှာ သားကို တနယ်တကျေး အဝေး၌ မထားလိုသော်လည်း တူမများ၏ စေတနာနှင့် မောင်ရှိန်၏ ရှေ့ရေးကိုတွေး၍ ရန်ကုန်တွင် အင်္ဂလိပ်စာသင်စေချင်သည်။

ကိုယ့်မြို့ကိုယ့်ရွာမှာ အင်္ဂလိပ်စာသင်ဖို့ ဆိုသည်ကလည်း သူတို့ကထားနိုင်ဦးတော့ နတ္တလင်းမြို့တွင် ဦးရွှေလုပ်နှင့်ဆရာချက် ကျောင်းများသာ ရှိသည်။ အင်္ဂလိပ်စာသင်ကြားပေးသည့် ကျောင်းရှိသည်ကားမဟုတ်။

နတ္တလင်းမှ ငွေကြေးချမ်းသာသူအချို့သာ သူတို့သားသမီးများကို အင်္ဂလိပ်ကျောင်းရှိရာ ပေါင်းတည်သို့ပို့၍ အင်္ဂလိပ်စာသင်ကြားနိုင်သည်မဟုတ်ပါလား။


www.burmeseclassic.com

www.burmeseclassic.com



မောင်ရှိန်တို့မိသားစုကား သံယောဇဉ်ကြီးမားလှသည်။ တကယ်တန်းနှစ်ရှည်လများ ခွဲခွာကြရမည်ဆိုတော့ မခွဲနိုင်ကြပြန်။ သည့်အထဲ အဖိုးဦးသီးဖြူမှာ မြေးကလေးကို ပိုလို့ပင် ခင်တွယ်နေရှာသည်။ သို့ဖြစ်၍ မောင်ရှိန်ကို ရန်ကုန်သို့ပို့၍ အင်္ဂလိပ်စာ သင်ကြားရေးကိစ္စမှာ ချီတုံချတုံနှင့် ဖြစ်နေကြသည်။

"ကျောင်းဖွင့်တော့ မောင်ရှိန်ကို အမြန်ဆုံးပို့ပေးပါ"ဟု ရန်ကုန်မှ တူမများက ထပ်မံအကြောင်းကြားမှပင် သူတို့တတွေ ဆုံးဖြတ်ချက်အနိုင်နိုင်ချ၍ မောင်ရှိန်ကို ရန်ကုန်သို့ ပို့ကြရတော့သည်။

မောင်ရှိန်တယောက် ရန်ကုန်ရောက်သည်ဆိုကတည်းကပင် သူ့အဖို့ မြင်ကွင်းမှာ နတ်ပြာလင်းနှင့် များစွာခြားနားနေသည်။ ရန်ကုန်တွင် မြက်ခမောက်ဆောင်း ကောက်ရိုးဖိနပ်စီးထားသည့် ကျစ်ဆံမြီးနှင့် တရုတ်ကြီးများက လူနှစ်ယောက် စီးနင်းလိုက်ပါနိုင်သည့် လန်ချားဆိုသော လှည်းယာဉ်တမျိုးဖြင့် လူများ တင်ဆောင်ပြေးဆွဲနေကြသည်။

ဘီရိုလိုဟာကြီးကို ဘီးတပ်ပြီး မြင်းနှင့်ဆွဲရသော ရထားလုံးဆိုသည်ကို မုတ်ဆိတ်မွေးဖွားဖွားနှင့် ကုလားကြီးများက အငှား မောင်းနှင်နေကြပြီး၊ လူအများ စီးနင်းနေကြသည်ကိုလည်း တွေ့ရသည်။

ငွေကြေးတတ်နိုင်သူများ ကိုယ်ပိုင်ထားစီးသည့် ဒေါက်ကပ်နှင့် ဘာဂီခေါ် မြင်းရထားများလည်း ရန်ကုန်လမ်းမများပေါ်တွင် ဥဒဟို သွားလာကြသည်ကို တွေ့ရသည်။

ကြေးရောင်များ တပြောင်ပြောင်တလက်လက်ဖြင့် လှပစွာ ဆင်ယင်ထားသည့် အမိုးဖွင့်ဒေါက်ကပ်နှင့် ဘာဂီမြင်းရထားများကို ငွေကြေးချမ်းသာသူတို့ စီးကြသည့်အခါ ရထားနောက်မှ ဆိုက်ကုလားနှစ်ယောက်ကို မတ်တတ်ရပ်လိုက်ပါစေသည့် ဘိုပင် ထိုခေတ် ရန်ကုန်တွင် ဂုဏ်ဒြပ်တခုဖြစ်ခဲ့သည်။

မောင်ရှိန် ပို၍ပျော်သည်မှာ သူတို့ နတ်ပြာလင်းတွင် မနှစ်စဉ် မြင်တွေ့နေရသည့် ပြည်ရထားကြီး ပုံစံကဲ့သို့ သေးသေးလေးနှင့် ရန်ကုန်မြို့ထဲမှ ရွှေတိဂုံဘုရားသို့ ပြေးဆွဲနေသည့် ပဲရထားကို စီးရခြင်းပင်ဖြစ်သည်။ ရထားခ တပဲပေးစီးရသဖြင့် ပဲရထားဟု ခေါ်ကြခြင်းဖြစ်သည်။

မောင်ရှိန် ရန်ကုန်ရောက်သည့်နေ့က ကမ်းနားဖက်ဆီမှ အမြောက်ပစ်သံများ ကြား၍ တထိတ်တလန့် ဖြစ်ခဲ့ရသေးသည်။ မြို့သူမြို့သားများ အချိန်သိဖို့ နေ့ ၁၂ နာရီနှင့် ညဉ့် ၉ နာရီတွင် အမြောက်ပစ်ဖောက် သတိပေးကြောင်း အမေ့တူမများဖြစ်သော အမများ ပြောပြ၍ သိရသည့်အခါမှ စိတ်အေးခဲ့ရသည်။ နောင်တော့ သည်အမြောက်သံများသည်ပင် မောင်ရှိန်အဖို့ မှတ်သားစရာ အချိန်နာရီများ ဖြစ်ခဲ့သည်။

အမများမှာ မောင်ရှိန်ကို သားရင်းပမာ ချစ်ကြသည်။ မောင်ရှိန်ဟုပင် မခေါ်ရက်၊ အရှိန်ဟု ခေါ်ကြသည်။ အမများသည် မောင်ဖြစ်သူအား အင်္ဂလိပ်စာ တတ်မြောက်စေလိုသည့် စေတနာဖြင့် ထိုစဉ်က ကလေးငယ်များကို အသင်အပြကောင်းသည်ဆိုသော ဒါလဟိုဇီလမ်း (ယခု မဟာဗန္ဓုလလမ်း)နှင့် ၃၆ လမ်းထောင့်ရှိ အမေရိကန် သာသနာပြု အဖွဲ့မှ တည်ထောင်ထားသည့် မက်သဒစ် အလယ်တန်းကျောင်း (ယခု ရိုးကုမ္ပဏီဘားမှ ချာကရာဘာတီ ပြည်သူ့လျှပ်စစ်ပစ္စည်းဆိုင်နေရာ)တွင် သွားရောက် အပ်နှံပေးခဲ့သည်။

အင်္ဂလိပ် ဗိုလ်ကျောင်းနေမည်ဆိုတော့ ထိုက်သင့်သလို ဝတ်ဆင်ဖို့က လိုသာပြန်သည်။ မောင်ရှိန် ကျောင်းတက်ရင်ဝတ်ဆင်ဖို့ လိုအပ်သည့် ဘွတ်ဖိနပ်၊ မော်ဇာ (ခြေအိတ်) နှင့် ဘောင်းဘီ အင်္ကျီကအစ လိုအပ်သမျှ အမများက ဝယ်ယူချုပ်လုပ်ပေးသည်။

မောင်ရှိန်ကို အမများက ဘွတ်ဖိနပ်ဝယ်ပေးရန် တရုတ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင် တဆိုင်သို့ ခေါ်သွားသည်။ အမများက အမျိုးအစား ကောင်းသည့် ဘွတ်ဖိနပ် ဝယ်ပေးသည်။ မောင်ရှိန်က မကြိုက်၊ သူကြိုက်သည့်ဖိနပ်မှာ ရန်ကုန်က ကုလားများသာ အစီးများသည့် သားရေ အတိုအစများ ထည့်ချုပ်ထားသဖြင့် စီးလိုက်လျှင် တကြွိကြွိမြည်သည့် အပေါစား ဘွတ်ဖိနပ်ဖြစ်၏။ အမများသည် မောင်ဖြစ်သူကို အလိုလိုက်၍ တကြွိကြွိမြည်သည့် ဘွတ်ဖိနပ်ကိုပင် စီးရန် ဝယ်ပေးခဲ့ရသည်။

ရောင်ပေဘူး၊ မှော်ဇာနှင့် တကြွိကြွိမြည်သော ဘွတ်ဖိနပ်ကိုစီး၍ ဟန်ကျပန်ကျ မောင်ရှိန် ကျောင်းတက်ရပြီ။

နတ္တလင်းမြို့ ဆရာချက် လောကဓာတ်ကျောင်းမှ ပထမတန်း အောင်မြင်ခဲ့သော်လည်း အင်္ဂလိပ်စာ မသင်ခဲ့ရသဖြင့် မက်သဒစ်ကျောင်းတွင် သူငယ်တန်းမှ စ၍ပင် စတင်သင်ကြားရသည်။

ကြားလေ့ကြားထ ခေါ်လေ့ခေါ်ထ မရှိသော အေဘီစီဒီ အင်္ဂလိပ်စာလုံးများကို မောင်ရှိန် ကြိုးစားသင်ရှာသည်။ သို့သော် သည့်အသက်အရွယ်ရှိသည်အထိ မကြားဘူး မဆိုဘူးသည့် အင်္ဂလိပ်စာ အသံထွက်များက မောင်ရှိန်အဖို့ ဆိုရခက်နေသည်။

သားငယ် သမီးငယ် မရှိသော အိမ်တွင် အမများကသာ မဟုတ်၊ ယောက်ဖဖြစ်သူကပါ မောင်ရှိန်ကို ချစ်သည်။ မောင်ရှိန်ကို အများထက် ပိုတော်စေလိုသည်။ ကျောင်းထားရုံတွင်သာမဟုတ်၊ အိမ်တွင်လည်း စေတနာဗလဝဖြင့် စာချစာသင်ပေးသေးသည်။ မောင်ရှိန်သည် ရန်ကုန်ကျောင်းတွင် နေစက ကိုးနှစ်သားဖြစ်သည်။ ကိုးနှစ်သားဆိုသည်မှာ သူငယ်တန်း ကျောင်းသားအဖို့ အတန်ပင် ကြီးနေပြီမဟုတ်ပါလား။

ဗီနှင့် အက်(ဖ်)၊ အိုင်(ချ်)၊ အယ်(လ်)၊ အမ်(မ်)နှင့် အင်(န်) စာလုံးတို့ကို မောင်ရှိန် ဆိုလို့မရသေး။ ယောက်ဖဖြစ်သူက



လည်း မမောနိုင်မပန်းနိုင် သင်ပေးသည်။ တခါတခါတော့ တတ်စေလိုသည့် စေတနာဖြင့် အားမလိုအားမရ စိတ်လိုက်မာန်ပါ သင်ပေးမိသည်။ အသံထွက်က ပိုလို့ပင် ဆိုးရတော့။ သည်လိုဆိုပြန်တော့ ဝမ်းနည်းတတ်သည့် မောင်ရှိန်က မျက်ရည်ကျလေသည်။ မောင်ရှိန် မျက်ရည်ကျပြန်တော့ အမဖြစ်သူက မကြည့်ရက်။

"ကလေးကို ကြိမ်းလား မောင်းလား လုပ်မနေပါနဲ့၊ ဒီ အင်္ဂလိပ်စာ မတတ်တော့ကော ဘာဖြစ်အုံးမှာလဲ၊ အရှိန် မသင်နဲ့ လာခဲ့"ဟု အမဖြစ်သူသည် မောင်ငယ်ကို လက်ဆွဲ၍ ထွက်သွားသည်။ ယောက်ဖဖြစ်သူ၏ စေတနာကို နားမလည် သဘောမပေါက်သေးသည့် အချိန်အခါမို့ အိမ်မှာ စာမသင်ရသည်ကိုပင် မောင်ရှိန်က အတော် ဝမ်းသာလှသည်။

၁၉၀၆ ခုနှစ်တွင် မောင်ရှိန် သူငယ်တန်းအောင်၍ ပထမတန်းသို့ တက်ရောက်သင်ကြားရသည်။ မောင်ရှိန် ရန်ကုန်တွင် နေသားထိုင်သား ကျလေပြီ။ ရန်ကုန်မြို့အနှံ့ လည်ပတ်တတ်လေပြီ။

ကျောင်းအားရက်များတွင် သူနေထိုင်ရာ လမ်း ၃၀ နှင့် အလှမ်းမဝေးလှသည့် တိရစ္ဆာန်ရုံ (ယခု ရန်ကုန်ဆေးရုံကြီး နေရာ)သို့ မကြာခဏ အလည်သွားသည်။ ရုံဝင်ခမှာ နှစ်ပြားမို့ သိပ်များလှသည်တော့ မဟုတ်။ ဆင်များကို ကြည့်မည်ဆိုလျှင်တော့ နှစ်ပြားပေးစရာပင်မလို၊ သူတို့အိမ်နှင့် မလှမ်းမကမ်း ဘုရားလမ်းဘေး (ယခု သွားကောလိပ်)နားမှာပင် ထူးခတ်ထားသည့် ဆင်များကို အချိန်မရွေး အခမဲ့ကြည့်နိုင်သည်။

တခါတခါတော့ ဝိတိုရိယပန်းခြံ (ယခု မဟာဗန္ဓုလပန်းခြံ)ထဲတွင် တနာရီ သုံးမူးနှင့် စက်ဘီးငှားပြီး အစီးသင်သည်။ စက်ဘီးမစီးတတ်ခင်တော့ ပန်းခြံအလယ် ရေကန်တွင် ငါး

www.burmeseclassic.com

www.burmeseclassic.com



များနေသည့် ကုလားများလည်း သူ့စက်ဘီးဒက်ကို ခံကြရသည်။ လမ်းသွားလမ်းလာများလည်း သူ့စက်ဘီးစက်ကွင်းက မလွတ်ကင်းကြ။ သူ့နောက်မှ ရိုက်မောင်း ဂုတ်မောင်းနှင့် လိုက်ကြသည်။ သည်လို လွတ်အောင်ပြေးရသည်ကိုကပင် သူ့အဖို့ စွန့်စွန့်စားစား ပျော်စရာတခုလိုဖြစ်ခဲ့သည်။

ရွှေတိဂုံဘုရားအနီး ကန်တော်မင်ပန်းခြံ (ယခု ဦးဥတ္တမ ပန်းခြံ)တွင် ဥရောပတိုက်သားများ မီးပုံးပျံစီးပြသည်။ အထူးဧည့်သည်တော်များအတွက်တော့ ပန်းခြံပတ်လည်တွင်လည်း ဖျာများကာထားသည်။ သည်လို ထူးထူးဆန်းဆန်း စိတ်ပါဝင်စားစရာပွဲမျိုးဆိုလျှင် မောင်ရှိန်တယောက် မရောက်သည် မရှိ။

စလင်းဆရာတော်ဘုရားကြီး ပြန်တော်မူစဉ်က ဆိုလျှင် ကြည့်မြင်တိုင် ဘုန်းကြီးပြန်သို့ အမေများနှင့်အတူ မောင်ရှိန်လည်း လိုက်ခဲ့ရသည်။ ရန်ကုန်နှင့် ကြည့်မြင်တိုင်မှာ တောလမ်းခရီးမို့ လှည်းစီး၍ သွားရသည်။ စလင်းဆရာတော် ဘုန်းကြီးပြန်မှာ တိုးမပေါက်အောင် စည်ကားလှသည်။ ဘုန်းကြီးပြန် တလားအောက်တွင် ခြင်းကျားကြီးဖြင့် ယက်လုပ်ထားသည့် ရောမကျားရုပ်ကြီးများကိုကား မောင်ရှိန့်သဘော အကျဆုံး ဖြစ်ခဲ့လေသည်။

လျှာသွက်အာသွက် ချက်ချက်ချာချာရှိသူ မောင်ရှိန်တယောက် လမ်းထဲတွင် ပေါင်းဖော် သင်းဖက် ကစားဖော် ကစားဖက်များနှင့် ဖြစ်နေပြီ။ ညဖက် မလင်းတလင်း မီးတိုင်အောက်တွင် အပေါင်းအသင်းများနှင့် ကစားရသည်ကလည်း ပျော်စရာတမျိုးဖြစ်သည်။ မီးတိုင်ဆို၍ ယခုခေတ်လို လျှပ်စစ်မီးက ရှိသေးသည်မဟုတ်။ ရေနံဆီနှင့် ထွန်းရသော မီးတိုင်များကို ကုလားများက ညဖက်တွင် လာရောက်ထွန်းညှိကြပြီး နံနက်တွင် မီးခွက်များကို လာရောက်သိမ်းယူသွားကြသည်။



မောင်ရှိန် ကျောင်းသားဘဝက ရန်ကုန်လမ်းများမှာလည်း ကတ္တရာစေးခင်းထားသော လမ်းများ မရှိသေး။ ရိုးရိုးကျောက်ခဲ ခင်းထားသော လမ်းများသာ ဖြစ်သည်။ နွေအခါဆိုလျှင် ဖုံထူလှသည်။ လမ်းတွင် ဖုံမထစေရန် ကုလားများက ရေထမ်း၍ ဖျန်းရသည်။ လမ်းသွားလမ်းလာများ လမ်းဖယ်ပေးရန် ကုလားများက “ဘေးကို.... ဘေးကို”ဟု အော်သွားတတ်ကြသည်။ သည်ဝေါဟာရသည် မောင်ရှိန်ခေတ်မှ လူငယ်များအဖို့ အသုံးများသည့် ဝေါဟာရသစ်တခု ဖြစ်ခဲ့သည်။

ဘုရင်ခံနှင့် အထူးဧည့်သည်တော်များ ရန်ကုန်မြို့ထဲ လှည့်လည်မည်ဆိုလျှင် အချို့မြင်မကောင်းရှုမကောင်းသည့် လမ်းများကို ဘုရင်ခံ၏ မျက်စိပသာဒတွင် အကြည့်မတန်ရစေရန် ကျူဖျာများဖြင့် ကာထားခဲ့ရသည်အထိ ဖြစ်သည်။ မောင်ရှိန် ကျောင်းသားဘဝက ရန်ကုန်မြို့မှာ ယခုမျက်မှောက်ခေတ် ရန်ကုန်နှင့် အကွာကြီးကွာလေသည်။

ကျောင်းပြန်ဖွင့်သည့်အခါ မောင်ရှိန် ပထမတန်းသို့ တက်ရောက် သင်ကြားရသည်။ သူတို့ပထမတန်းပြ ဆရာမှာ ဆရာယောသဆိုသူ ကရင် အမျိုးသားတဦး ဖြစ်သည်။ ဆရာယောသက သင်ရိုးသင်စဉ် ကျောင်းစာများသာမဟုတ် တပည့်များ အကျိုးရှိစေမည့် သင့်နိုးရာရာ လင်္ကာလေးများလည်း သင်ပေးလေ့ရှိ၏။

“သစ်ပင်ပေါ်မှ ငှက်ကလေး သင်အောက်သို့ဆင်း” စသည့် မက်မီလန်[၁] ဖတ်စာအုပ်ထဲမှ လင်္ကာလေးများ သင်ကြားပေးသလို “ပြုလုပ်ရန် ရည်ရွယ်သည့် ကိစ္စဟူသမျှ အချိန်ယူပါ။ ပြီးတော့ အကောင်းဆုံးဖြစ်အောင် လုပ်ပါ” စသည့် တပည့်များ အကျိုးရှိစေမည့် လင်္ကာလေးများလည်း သင်

၁။ Macmillan

www.burmeseclassic.com

www.burmeseclassic.com



ကြားပေးခဲ့သည်။ မောင်ရှိန်သည် ၁၀ နှစ်သားအရွယ်က သင်ကြားခဲ့ရသည့် ဤလက်ာလေး၏ အဆုံးအမကို ယနေ့ အသက် ၇၉ နှစ်အရွယ် ကာယဗလ ဦးရှိန်ဘဝ ရောက်ရှိနေသည် အထိ လိုက်နာကျင့်သုံးလျက် ရှိလေသည်။

မောင်ရှိန်တို့ မက်သဒစ် အလယ်တန်းကျောင်းတွင် သင်ကြားနေရသော သင်ခန်းစာများဟာ အခြားကျောင်းများနှင့် စာလျှင် မြင့်လွန်းလှယည်။ သို့ကြောင့် ကျောင်းအုပ်ကြီး မစ္စတာ ရှုးရစ်[၂]က အခြားကျောင်းများနှင့် ညှိနှိုင်း ပြုပြင်လိုက်သော အခါ စာတော်သူအားလုံး နှစ်ထန်းကျော်၍ တတိယတန်းသို့ ရောက်ရှိသွားကြလေသည်။

မောင်ရှိန်လည်း တတိယတန်းသို့ တက်ရောက်သင်ကြားခဲ့ ရသည်။ တတိယတန်းတွင် အင်္ဂလိပ်အသံထွက်ကြောင့် မျက် ရည်ကျရသည့် မောင်ရှိန် မဟုတ်တော့။ ကျောင်းမှသင်ရသည့် စာများ မရသည့်အခါဟူ၍ မရှိ၊ အတန်းထဲတွင် အတော်ဆုံး မဟုတ်စေကာမူ စာတော်သူများထဲတွင် မောင်ရှိန်တယောက် ပါလာလေပြီ။

ရေနံဆီမီးခွက်လေးဖြင့် စာမှန်မှန်ကျက်သည်။ လစဉ် စာ မေးပွဲကိုလည်း ကောင်းကောင်း ဖြေဆိုနိုင်သည်။ သူ့အရည် အချင်းက ပထမအဆင့် ရောက်ရှိနိုင်သည်အထိ စာတော် သည်။ သို့သော် မောင်ရှိန်တယောက် စာမေးပွဲများတွင် ပထမရသည်ဟူ၍ကား မရှိခဲ့ချေ။ အကြောင်းဆိုရသော် စည်း ကမ်းထိန်းသိမ်းရေးအတွက် မေးထားသည့် ရမှတ်များတွင် အတန်းထဲ စကားပြောလွန်းသော မောင်ရှိန်အဖို့ အမြတ် နေနေသာသာ အရင်းထဲကပါ ရမှတ်များ ပါသွားသော ကြောင့်ပင်တည်း။

---

၂။ Mr. Reu Rigge



မောင်ရှိန်တို့ ကျောင်းသားဘဝတွင် ရန်ကုန်၌ အစည် ကားဆုံးဈေးမှာ သိမ်ကြီးဈေးတောင်ဖက် ဘုရားလမ်းထိပ် ရန်ကုန်မြစ်ကမ်းနားတွင်ရှိသည့် ကမ်းနားဈေးဖြစ်သည်။ ကမ်း နားဈေး ဆိပ်ကမ်းမှာ အရောင်းအဝယ် စီးပွားရေး အချက် အချာကျသဖြင့် အထက်အောက် အညာအကြေမှ ကုန်မျိုးစုံ သယ်ဆောင်လာကြသည့် လှေသမ္ဗာန်။ တုံကင်း၊ ကတ္တူ စ သည့် ရေယာဉ်များ အဆိုက်အကပ်များသည်။ သို့ကြောင့် ထိုနေရာတဝိုက်တွင် လူမျိုးပေါင်းစုံ အလွှာပေါင်းစုံ လုပ်ငန်း ပေါင်းလည်း စုံလင်လှသည်။

ထိုလုပ်ငန်းပေါင်းစုံထဲတွင် မကောင်းမှု ဒုစရိုက် အများ ဆုံးပြုလုပ်ကြသည့် နေရာများလည်း ရှိသေးသည်။ သိမ်ကြီး ဈေး အနောက်ဖက်တွင် အမွှလက်ကြားလမ်း (ယခု ၂၄ လမ်း)မှာ နာမည်ရ လမ်းများဖြစ်သည်။ တောနယ်များမှ မလည်မပတ် ရောက်လာသူများကို ခေါင်းတွင် ပေါင်းလာ သည့် ခေါင်းပေါင်းကိုပင် ချမ်းသာမပေးဘဲ အလစ်ဖြုတ် ပြေးသည်အထိ အတင့်ရဲလှသည်။ အလစ်သမားများ ပေါ များသော လမ်းဖြစ်သည်။

ရန်ကုန်မြို့လယ် မောင်ရှိန်တို့ နေထိုင်ရာ လမ်း ၃၀ နှင့် ကပ်နေသည့် ၂၉ လမ်း၊ ၂၈ လမ်း၊ ၂၇ လမ်းများမှာ ထို ခေတ် ရန်ကုန်မြို့၏ အဓိကရ ပြည့်တန်ဆာ ရပ်ကွက်တခု ဖြစ် လေသည်။

ပြည့်တန်ဆာများသည် ညဉ့်အချိန်တွင် လသာမှန်မီးအိမ် တထိန်ထိန်ဖြင့်တမျိုး မလင်းတချက် လင်းတချက် မီးရောင် အောက်တွင် တဖုံ လှပစွာ ဖီးလိမ်း ဝတ်ဆင်ထားကြသည်။ အိမ်ပေါက်ဝများ၊ လသာခန်းများမှ နေ၍ လမ်းသွားလမ်း လာ ယောကျ်ားကြီးငယ်များကို တေးဘံပေး၍လည်း မြူ ဆွယ်သည်။ ဈေးသယ်များလိုခေါ်၍လည်း မြူဆွယ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂါဝန်ဝတ်၊ ဆာရီဝတ်၊ ကီမိုနို စသည်ကို ဝတ်ဆင်ထားသည့် ဗိုလ်မ၊ ကုလားမ၊ ဂျပန်မ အတုများလည်း ရှိသေးသည်။ အပေါ်စား ဂျပန်ယပ်တောင်အနီမှ စက္ကူကိုဆုတ်၍ နှုတ်ခမ်းနီဆိုး၊ နှစ်ပြားတန် မျက်နှာချေကို မျက်နှာတွင် ဖွေးနေအောင်လိမ်းသည်။ မီးရထားလမ်းမှရသည့် ကျောက်မီးသွေးခဲဖြင့် မျက်ခုန်းမွေးကို မည်းနက်နေအောင် ဆွဲသည်၊ ပြီးတော့ လာသမျှ ဧည့်သည်များ အရေအတွက်ကို မှတ်ရန် ကျောက်သင်ပုန်းတချပ်နှင့် ထိုင်စောင့်နေရသည့် တမူးတမတ်တန် အပေါ်စား ပြည့်တန်ဆာများလည်း ရှိသည်။ တရုပ်ကြီးများဆွဲသည့် လန်ခြားပေါ်တွင် ဟန်ပန်တကျ မြို့လှည့် မြူဆွယ်ကြသည့် ပြည့်တန်ဆာများကလည်း မရှားလှ။

ဤဒုစရိုက်ဝန်းကျင်တပိုက်တွင် နေထိုင်ခဲ့ရသည့် မောင်ရှိန်အဖို့ ကြာတော့ သည်လိုမြင်ကွင်းများမှာ ရိုး၍ပင် နေခဲ့ပေပြီ။

လူကြီးများက "အဲဒီကွိတ်တွေဟာ မကောင်းတဲ့အလုပ်လုပ်တဲ့ မိန်းမတွေ"ဟု စက်ဆုတ်ရွံရှာသည့် အမူအရာဖြင့် ပြောကြသည်။ မောင်ရှိန်လည်း ကွိတ်ဆိုသည့် မိန်းမများကို မြင်လျှင် မကောင်းတဲ့အလုပ်လုပ်သည့် မိန်းမတွေဟုသာ မှတ်သားထားလိုက်သည်။

ဤဝန်းကျင်တွင် နေထိုင်သည့် မောင်ရှိန်တို့လို ကလေးငယ်တသိုက်မှာ ဤလမ်းတပိုက်မှာပင် ပြေးဆော့ ကစားနေကျဖြစ်သည်။

ကမ်းနားဈေး ဆိပ်ကမ်းဆီမှ လာကြသည့် နယ်မှ ကုန်သည်ပွဲစား လှေသမ္ဗာန်သမားများသည် ပြည့်တန်ဆာရပ်ကွက်သို့ မကြာခဏ ရောက်လာတတ်ကြသည်။ အချို့မှာ မလည်မပတ် ပြည့်တန်ဆာရပ်က ဘယ်ဆီ ဘယ်မှန်း ရှိသည်ကို မသိကြ၊ လူကြီးများကို မေးမြန်းဖို့ကလည်း မဖြစ်၊ သို့ဖြင့် မောင်ရှိန်တို့



လို လမ်းပေါ်တွင် ပြေးဆော့ ကစားနေသည့် ကလေးများကို အနားကပ် တိုးတိုးတိတ်တိတ် ကြိတ်၍ မေးတတ်ကြသည်။

လမ်းပေါ်တွင် ဆော့ကစားနေသည့် ကလေးများကလည်း သူတို့သိသမျှ လိုက်ပြကြသည်။ ကြာတော့ သည်အဖြစ်မျိုးက သည်လိုဝန်းကျင်တပိုက်ရှိ ကလေးငယ်များအဖို့ လုပ်ရိုးလုပ်စဉ်တရပ်လို ဖြစ်နေခဲ့သည်။

မောင်ရှိန်တို့ ကလေးငယ်များသည် ကွိတ်များကိုတွေ့လျှင် သတ္တဝါတမျိုးကို တွေ့သကဲ့သို့ တယောက်ကိုတယောက် ပြကြပြီး ရယ်မောခဲ့ကြသည်။ အမှန်စင်စစ် သူတို့ရယ်စရာထင်သည့် ကွိတ်များကြောင့်ပင် တိုင်းပြည်နှင့်လူမျိုး အကျိုးယုတ်ခဲ့ရသည်။ လူငယ်လူရွယ် အများအပြား လူချင်းမတူ သူချင်းမမျှ ဒုက္ခိတဘဝ ရောက်ခဲ့ရသည်။ အသေဆိုးဖြင့် သေခဲ့ရသည်။ မြန်မာများအဖို့ အဘယ်မျှလောက် ကွိတ်ဖြိုက်မွေအောင် နယ်ချဲ့အင်္ဂလိပ်များ ဖန်တီးခဲ့သည့် နည်းဗျူဟာတခုဖြစ်သည်ကို ၁၀ နှစ်သားအရွယ် ကလေးငယ်သာ ရှိနေသေးသည့် မောင်ရှိန်တယောက် သိရှိဦးမည် မဟုတ်ပါပေ။

မောင်ရှိန်တို့ နေထိုင်သော လမ်း ၃၀ တပိုက်မှာ ကုလားများ နေထိုင်သော ရပ်ကွက်ဖြစ်သည်။ မောင်ရှိန်ကို ကျောင်းထားပေးသော ကျေးဇူးရှင် အမများဖြစ်ကြသည့် မဇာလေခန်နှင့် မရန်တို့သည်ပင် ကုလား မြန်မာ ကပြားများဖြစ်ကြသည်။

မောင်ရှိန်တို့ ဝန်းကျင်တွင် ပြည့်တန်ဆာ၊ အရက်ဆိုင် ကဇော်ဆိုင်၊ လောင်းကစားဝိုင်းများအပြင် တထီးတနန်းဖြင့် တပည့်မွေးပြီး ဥပဒေမဲ့ ဆိုးမိုက်နေကြသည့် လူမိုက်ကြီးများလည်း ရှိသေးသည်။

သူတို့လမ်းထဲမှာပင် ကဇော်ဆိုင် နှစ်ဆိုင်နှင့် သူတို့အိမ်ရှေ့တွင် ကုလားလူမိုက်ကြီး မက်ရှတီးခန်၏ အဓိကရ ဖဲဝိုင်းကြီး ရှိသည်။ မက်ရှတီးခန်ဆိုသူမှာ မောင်ထော်လေးလမ်းတွင်

www.burmeseclassic.com

www.burmeseclassic.com



မယားငါးယောက်၊ လေးထပ်တိုက်နှင့် နေနိုင် ထိုင်နိုင်သူဖြစ်သည်။ ကခုရွှတ်တွင်လည်း သူပိုင် ဈေးနှင့် မြို့နှင့် ပိုင်ဆိုင်ကြွယ်ဝသူ ကုလားသူဌေး လူမိုက်ကြီးဖြစ်သည်။ သူနှင့်ပြိုင်ဖက်မှာ မောင်ရှိန်တို့အိမ်နှင့် မလှမ်းမကမ်း ၂၈ လမ်းတွင်နေသည့် ကုလားလူမိုက်ကြီး မာမူဆာ ဖြစ်လေသည်။

ထို မျက်နှာကြီး အမိဘရ လူမိုက်များထဲတွင် မှန်စီလူလေးဆိုသော မြန်မာလူမျိုး လူမိုက်မှာသည်း တထီးတနန်း တစခန်းထလေ့ရှိသည်။ သို့ရာတွင် ငွေကို ရေလိုသုံးနိုင်သော မက်ရှတီးခန်အဖို့ မှန်စီလူလေးသည် လက်သပ်မွေး ခံရသည့်ဘဝ မကြာမီ ကျရောက်ခဲ့ရလေသည်။

မက်ရှတီးခန်နှင့် မာမူဆာတို့အဖွဲ့မှာ သူ့ပိုင်နက် ကိုယ့်ပိုင်နက် သွားကြ၍ တဖွဲ့နှင့်တဖွဲ့ ရိုက်ကြနှက်ကြသည်။ ဘာသာရေးဆိုင်ရာ ပွဲလမ်းသဘင်များ၌ပင် သူတို့၏ရန်ပွဲမှာ မြိမ့်မြိမ့်သဲ ဖြစ်ပွားကြသည်။ ထိုစဉ်က ရန်ကုန်ပုလိပ်အဖွဲ့ကို ဒုက္ခအပေးဆုံးဖြစ်သူ နှစ်ဦးပင် ဖြစ်လေသည်။

တနေ့ မောင်ရှိန်တို့ လမ်း ၃၀ တပိုက်တွင် ကုလားများ ဘုရားပွဲ ကျင်းပကြသည်။ အလံနီကြီးများ ကိုင်ဆောင်ကြ၍လည်း တလမ်းပြီးတလမ်း လှည့်လည်ကြသည်။

"အစ်စကား ဘောက်ဒါးလား(လ်) ဘောက်ဒါး"

"ဟမ္မရာ ဘောက်ဒါးလား(လ်)ဘောက်ဒါး"*

ကုလားလူအုပ်ကြီး၏ ကြွေးကြော်သံများဖြင့် တလမ်းပြီး တလမ်း လှည့်လည်လာကြသည်။

ထူး ထူး ဆန်းဆန်း ဆိုလျှင် နေရာထကာ ပါတတ်သည့် မောင်ရှိန်တယောက် ကုလားဘုရားပွဲလှည့်သည်ကို လိုက်ကြည့်

* ဒါ ဘယ်သူ့အလံလဲ။
ဒါ ငါတို့အလံဟေ့။



သည်။ မဂိုလမ်းရောက်သည့်အခါ ကြွေးကြော်သံများက ပိုလို့ မြည်ဟီးလာသည်။ မကြာလှပါချေ။ ထဖက်မှ ဘုရားပွဲ လှည့်လာသူများနှင့် ဆုံမိကြလျှင် ရိုက်ကြနှက်ကြသည့်မှာ မဂိုလမ်းတပိုက် ပွက်ပွက်ညံ့သွားတော့သည်။ မောင်ရှိန်တယောက်လည်း သည်တော့မှ ဘေးလွတ်ရာသို့ပင် ဖနောင့်နှင့်တင်ပါး တသားတည်းကျအောင် ပြေးခဲ့ရသည်။

"မက်ရှတီးခန်နှင့် မာမူဆာတို့အဖွဲ့ ရိုက်ကြပြန်ပြီ" ဟု ပြောဆိုကြသည့်အခါမှပင် မောင်ရှိန်တယောက် သူတို့လမ်းထိပ် ကုလားဟော်တယ်တွင် မကြာခဏ တမာဂူလာရှုတတ်သည့် ကုလားလူမိုက်ကြီး မက်ရှတီးခန်နှင့် မာမူဆာတို့ရန်ပွဲမှန်း သိရလေသည်။

ငယ်စဉ်က ဗုဒ္ဓဘာသာတရားကိုင်းရှိုင်းသော အဖိုးအဖွားမိဘများနှင့် နေခဲ့ရသူ၊ အဖိုး၏ ပရိတ်တရား ရွတ်ဖတ်သရဇ္ဈာယ်သံများအဆုံးတွင် ကြေးစည်လေးကိုင်ကာ တနောင်နောင်နှင့် တီးပေးရသူ မောင်ရှိန်တယောက် ထိုဝန်းကျင်နှင့် ဆန့်ကျင်ရာ ပြည့်တန်ဆာ၊ ဘိန်းခန်း၊ ကဇော်ဆိုင်၊ လောင်းကစားဆိုင်နှင့် လူမိုက်များ၏ ဝန်းကျင်တွင် ကြီးပြင်းလာရသူတယောက် ဖြစ်နေပေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၃

# ဗုဒ္ဓဘာသာကျောင်းမှ ကာယဗလ ကျောင်းသားတစု

မောင်ရှိန် ရန်ကုန်ရောက်သည်မှာ သုံးနှစ်ကျော်ခဲ့ပြီ။ အတန်းတင် စာမေးပွဲတွင် အောင်ချက်ကောင်းကောင်းဖြင့် တတိယ အဆင့်ပင် ရရှိခဲ့သည်။

မောင်ရှိန် ပညာသင်ကြားနေသည့် မက်သဒစ် အလယ်တန်းကျောင်းမှာ ရေကျော်ရပ်ဖက်သို့ ပြောင်းရွှေ့ ဖွင့်လှစ်လျက်ရှိသည်။ ကျောင်းနေဖက် သူငယ်ချင်းဖြစ်သူ မောင်မြင့် (နေရှင်နယ် ဦးမြင့်) စသူတို့က ရေကျော်သို့ ပြောင်းသွားသည့် မက်သဒစ်ကျောင်းမှာပင် ဆက်လက် ပညာသင်ကြားကြသည်။ အမေများက မောင်ရှိန်ကို ဝေးဝေးလံလံ ရေကျော်ရပ်သို့ ကျောင်းမတက်စေချင်။ အိမ်မကွာ ကျောင်းမကွာ နေရာမျိုးမှာ ထားချင်ကြသည်။ ထိုစဉ်က ရေကျော်ရပ် ဆိုသည်ကလည်း လူသေများမြှုပ်နှံရာ သုသာန်များရှိသော မြို့စွန်မြို့ဖျား ဖြစ်နေသည် မဟုတ်ပါလား။



အမေများက မောင်ရှိန်တို့ကို ကျောင်းပြောင်းထားရန် စီစဉ်ကြသည်။ ဗိုလ်ကပြားများသာ အနေများသည့် စိန့်ပေါ ကျောင်းတွင် မောင်များကို ပညာသင်ကြားပေးနိုင်ရန် ကြိုးစားကြသည်။ လူပြည့်နေသည်ဟူသော အကြောင်းပြချက်ဖြင့် စိန့်ပေါတွင် ကျောင်းအပ်လို့မရ။

အိမ်နှင့် နီးနေသော ရန်ကုန် ဟိုက်စကူးကျောင်း (ယခု အ-ထ-က ၁-လသာ)တွင် မောင်ရှိန်နှင့် မောင်စိန်တို့ ညီအစ်ကို နှစ်ယောက်ကို ကျောင်းသွားအပ်ကြပြန်သည်၊ မောင်စိန်အတွက်သာ အဆင်ပြေသည်။ မောင်ရှိန်အတွက် ကျောင်းက အဆင်မပြေပြန်၊ နောက်ဆုံး လန်ကတ်စတာလမ်းနှင့် ဘုရားလမ်း ထောင့်ရှိ ကောနီဝိတိုရိယ ဗုဒ္ဓဘာသာ ယောကျ်ားလေးကျောင်းတွင်မှ အဆင်ပြေတော့သည်။

ကောနီဝိတိုရိယ ဗုဒ္ဓဘာသာယောကျ်ားလေးကျောင်းကို ငွေတိုက်မင်းကြီး ဦးလှအောင်၏ဇနီး မင်းကြီးကတော် ဒေါ်မြမေက ၁၈၉၇ ခုနှစ် မေလတွင် စတင်တည်ထောင်ခဲ့သည်။ မြန်မာပြည်တွင် ဗုဒ္ဓဘာသာ အင်္ဂလိပ်မြန်မာ စာသင်ကျောင်းကို မင်းကြီးကတော် ဒေါ်မြမေက အစပြု၍ ဦးစွာပထမ တည်ထောင်ခဲ့လေသည်။ တိုက်ဆိုင်၍ပင်လားတော့ မပြောတတ်၊ နောင်အခါတွင် ဤကျောင်းသို့ ပညာရင်နို့သောက်စို့ရန် ရောက်လာသည့် စဘုတ္တဘန်းကျောင်းသားလေး မောင်ရှိန်သည်လည်း ဤဗုဒ္ဓဘာသာကျောင်းမှ အစပြု၍ မြန်မာပြည်တွင် အလေးမ အားကစားနည်းကို စတင်ခဲ့သူ၊ ယာဉ်အားကစားဖြင့် မြန်မာကို ကမ္ဘာကသိအောင် ဦးစွာပထမ ကြိုးပမ်းလာသူဖြစ်ခဲ့လေသည်။

ဗုဒ္ဓဘာသာ ယောကျ်ားလေးကျောင်းတွင် စာသင်ရသည်ကိုပင် မောင်ရှိန်တယောက် ပျော်နေပြီ။ သူ့အတန်းတွင် စိတ်

www.burmeseclassic.com

www.burmeseclassic.com



တူသဘောတူ ဖိုးချမ်း (ကိုလိုနီခေတ်တွင် မြန်မာအမျိုးသားထဲမှ ပထမဆုံး ယက္ကန်းဝန်ဖြစ်လာသူနှင့် ဆောင်ဒါး ယက္ကန်းကျောင်းအုပ်ကြီး)နှင့်လည်း သိကျွမ်းခင်မင်၍ သူ့အတွက် ကစားဖော်ရပြီ။

မောင်ရှိန်တို့ စတုတ္ထတန်းတွင် သင်ကြားသော ဆရာမှာ ဆရာရွှင်ဆိုသူဖြစ်သည်။ ဆရာရွှင်သည် နှုတ်ခမ်းမွှေးကားကား တောင်ရှည်ပုဆိုးဖားဖား၊ ထိုခေတ်က ဖက်ရှင်တခုလိုဖြစ်နေသည့် ကျောက်သလင်း ရွှေမျက်မှန်ဖြင့် ခန့်ခန့်ညားညား အလွန်ပင် မြန်မာဝီသသူ ဖြစ်သည်။ ဆရာရွှင်မှာ ဆိုဆုံးမသည့်နေရာတွင် သာယာညွှင်းပျောင်းရှိလှသည်။ သို့ပေသည့် မောင်ရှိန်တို့ ကျောင်းသားများကမူ သူ့ဥပမိရပ်ကို မြင်ရသည်နှင့်ပင် ကြောက်ရွံ့လေးစားနေကြသည်။

မောင်ရှိန်မှာ သူကိုယ်နှိုက်က ပုပုသေးသေးလေးဖြစ်သော်လည်း အရပ်အမောင်းကောင်းကောင်း ဆရာရွှင်လို မြန်မာဝီသသူများကို အားကျသည်။

သူတို့ကျောင်းနောက်ဖက် ကပ်လျက်ရှိသည့် လန်ကတ်စတာလမ်းရှိ အိမ်တအိမ်တွင် မကြာခဏတွေ့ရသည့် လူကြီးတဦးကိုလည်း သူ သဘောကျသည်။ ထိုလူကြီးမှာ အရပ်အမောင်းကောင်းကောင်း ခေါင်းပေါင်းစ ညီညီလှလှ ချတတ်သည်။ နှုတ်ခမ်းမွှေးက မတိုမရှည်၊ တိတိပပ၊ သူ တောင်ရှည်ပုဆိုးဝတ်ထားသည်ကိုကလည်း ကြည့်ရရှုရသည်မှာ များစွာပဏာရသည်။ မြန်မာဝီသလှသည့် ထိုလူကြီးမှာ ဗိုင် အမ် ဘီ အေ ခေါ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းမှ ဦးမေအောင်ဆိုသူ ပုဂ္ဂိုလ်ဖြစ်ကြောင်း သိရလေသည်။ မောင်ရှိန်တို့ ကျောင်းနောက်ဖက်အိမ်တွင် ဗိုင် အမ် ဘီ အေ အသင်းတည်ရာဌာန ဖွင့်လှစ်ထားသဖြင့် သူလို နှုတ်ခမ်းမွှေးကားကား တောင်ရှည်ပုဆိုးများဝတ်ထားကြသည့် လူကြီးများ မကြာခဏ လာရောက်



စုဝေးကြသည်ကို မောင်ရှိန် တွေ့ရသည်။ ထိုရာတွင် အမျိုး ဘာသာ သာသနာ ပညာဟူသော ကြွေးကြော်သံဖြင့် မြန်မာအမျိုးသားများအား နိုင်ငံရေးစိတ်ဓာတ် နိုးကြား တက်ကြွစေရန် ဆောင်ရွက်နေသည့် ဤအသင်းကြီး၏ ရည်ရွယ်ချက် လုပ်ငန်းများကိုကား မောင်ရှိန်တယောက် မသိခဲ့ရှာပေ။

ဗုဒ္ဓဘာသာ ယောကျ်ားလေးကျောင်းမှာ အမည်နှင့် လိုက်ဖက်အောင်ပင် ဗုဒ္ဓဘာသာ သင်ခန်းစာများကို နေ့စဉ်တနာရီကျ အတန်းတိုင်း သင်ကြားရသည်။ ဗုဒ္ဓဘာသာ သင်္ချိုးစာကို သင်ကြားပြသသူမှာ ပါဠိဆရာ ဆရာဘ ဆိုသူဖြစ်လေသည်။ ဆရာဘမှာ လူမျိုးစုံ ရောပြွမ်းနေသည့် ကျောင်းသားများကိုပင် ဗုဒ္ဓဘာသာ သင်္ချိုးစာများကို နားလည်သဘောပေါက်အောင် ပြောနိုင်ဆိုနိုင် ပြနိုင်သူဖြစ်သည်။ အဖိုးဖြစ်သူနှင့် ဗုဒ္ဓတရားအရိပ်အာဝါသတွင် ကြီးပြင်းလာသည့် မောင်ရှိန်အဖို့ ဘာသာတရားကို လေးလေးစားစား လိုက်နာသည့် အကျင့်မှာ ပို၍ပင် ခိုင်မြဲခဲ့လေသည်။

နွေရာသီ ကျောင်းပိတ်ရက်တွင် အဖိုးဖြစ်သူက မောင်ရှိန်တို့ ညီအကို ကို နတ္တလင်းတွင် ရှင်ပြုသည်။ ဤအကျိုးကျေးဇူးကား မောင်ရှိန်အဖို့ မည်သည့်ဝန်းကျင်၊ မည်သည့်နေရာ၊ မည်သူတွေနှင့် ပေါင်းဖော်စေကာမူ ဗုဒ္ဓ၏ အဆုံးအမ ဩဝါဒများကသာ သူ့အပေါ် အစဉ်ထာဝရ လွှမ်းမိုးလျက်ရှိခဲ့လေသည်။

ကျောင်းဖွင့်စ ပဉ္စမတန်းတွင် ကိုရင်လူထွက် မောင်ရှိန်သည် ယခင်ကလို ရောင်ပေစုနှင့် မဟုတ်တော့။ ဘိုကေထားစ ပြုနေပြီ။ ဖိုးချမ်းအပြင် ကျစ်ဆံမြီးနှင့် တရုတ်ကလေးများဖြစ်ကြသည့် ရှီရှောင် (ဦးဘသိန်း)၊ ထန်ဘာဘာ (အဘိဓမ္မာ ဦးဘာဘာ)နှင့် စိန်ဝင်း(ပဲခူးသူဌေး ဦးစိန်ဝင်း လွှတ်တော်အမတ်)စသည့် စိတ်တူ သဘောတူ ကျောင်းသားများနှင့်



www.burmeseclassic.com

www.burmeseclassic.com


ပေါင်းဖော်သင်းဖက် ဖြစ်လာသည်။ သူတို့အတွဲကား မောင်ရှိန် သတ္တမတန်းမှ ကျောင်းထွက်သည်အထိ တတွဲတွဲနှင့် မခွဲကြတော့ပေ။

ပဥ္စမတန်းတွင် မောင်ရှိန်တို့ အတန်းပိုင်ဆရာမမှာ ဆရာရှင်လို ထောင်ရှည်ပုဆိုးဖားဖား နှုတ်ခမ်းမွှေးကားကားနှင့် မဟုတ်။ ချောမောပြေပြစ်သည့် မစ္စဒေးဗစ်ဆိုသူ အင်္ဂလိပ်ကပြား အမျိုးသမီးတဦးဖြစ်သည်။ အလွန် သဘောကောင်းသော ဆရာမဟု မောင်ရှိန်တို့တတန်းလုံးက သတ်မှတ်ခြင်းခံရသူဖြစ်သည်။ ဆရာ သဘောကောင်းတော့လည်း တပည့်များမှာ ဆိုးချင်နွဲ့ချင်ကြသည်။

တနေ့ ဆရာမ မစ္စဒေးဗစ်က အင်္ဂလိပ်ဖတ်စာကို ကျောင်းသားတိုင်း အလှည့်ကျ ဖတ်ခိုင်းသည်။ မောင်ရှိန်တို့ အတန်းထဲတွင် တရုတ်လေး ကျင်တိတ်ဆိုသူရှိသည်။ သူကတော့ အတန်းထဲတွင် စာသင်ပြီဆိုလျှင် အမြဲ အိပ်ငိုက်ထတ်သည်။ သူ့အကြောင်းသိသော ကျောင်းသားများက ဘ ရင် ဆို သူ၏ ဘောလုံးကန်ဖိနပ်ကို ဗှက်ဖြိုးယူလာကြသည်။ပြီးတော့အိပ်ငိုက်နေသည့် ကျင်တိတ်၏ ကျစ်ဆံမြီးနှင့် ပူးချည်ထားလိုက်သည်။ ကျင်တိတ်ကတော့ မသိရှာ၊ ကျင်တိတ် စာဖတ်ရန် အလှည့်ရောက်လာသည်။ ဆရာမက ကျင်တိတ်၏နာမည်ကို ခေါ်လိုက်သည်။ ဘေးမှ ကျောင်းသားများက ခြေဘိုလက်တို့ဖြင့် ကျင်တိတ်ကို စာထဖတ်ရန် အချက်ပေးသည်။ ကျင်တိတ် အိပ်ချင်မူးတူးဖြင့် စာဖတ်ရန် ထလိုက်သည်။ သူ့ကျစ်ဆံမြီးနှင့် ဘောလုံးကန်ဖိနပ် ချည်နှောင်ထားသဖြင့် နောက်သို့ ဂက်လက်လန်လဲကျသွားသည်။ သည်အဖြစ်ကိုပင် ကျောင်းသားများက တဝါးဝါးနှင့် ပွဲကျနေကြသည်။ ထိုကျောင်းသားများထဲတွင် မောင်ရှိန်တယောက်လည်း ပါဝင်ခဲ့၏။ မည်သို့ဆိုစေကာမူ တနှစ်ပတ်လုံး ရယ်ရယ်မောမော ပျော်ပျော် ရွှင်ရွှင်နှင့်ပင် အသင်အပြကောင်းလှသူ ဆရာမ၏ကျေးဇူးကြောင့် မောင်ရှိန်တို့ ပဥ္စမတန်းစာမေးပွဲကို ကောင်းမွန်စွာ ဖြေဆိုနိုင်ခဲ့ကြလေသည်။

၁၉၁၁ ခုနှစ်တွင် မောင်ရှိန် ဆဋ္ဌမတန်းသို့ တက်ရောက်သင်ကြားရသည်၊ သူ့အသက်မှာ ၁၅ နှစ်ရှိပေပြီ။ အသက် ၁၅ နှစ်ဆိုသော်သည်း သူ့ပေါင်းဖော်သင်းဖက်များလို သူ့ကိုယ်ကာယက ဖွံ့ဖွံ့ထွားထွားမဟုတ်။ အရပ် ၅ ပေ ၃ လက်မ၊ ပုပုသေးသေး၊ ညီဖြစ်သူ မောင်စိန်ထက်ပင် သူက ကြုံလှီသေးကွေး၍ မကြာခဏ ဖျားနာနေလိုက်သေးသည်။

လူကသာ သူများနည်းတူ တန်းတူရည်တူ ထွားထွားကျိုင်းကျိုင်း မဟုတ်သော်လည်း ခွန်အားရှိသူများ ယှဉ်ပြိုင်နေကြသည့်လက်လှဲပြိုင်ပွဲကိုတော့ ဝင်ပြီး ပြိုင်လိုက်ချင်သေးသည်၊ ထိုအချိန်က မောင်ရှိန်တို့ ဗုဒ္ဓဘာသာ ယောကျ်ားလေးကျောင်းတွင် လက်လှဲကစားခြင်း အတော်ခေတ်စားနေသည်၊ အုပ်လိုက်သင်းလိုက် တဦးချင်းအလိုက် ကျောင်းအားချိန်များတွင် လက်လှဲပြိုင်ကြသည်၊ အနိုင်အရှုံးကို သူ့ဖက်ကိုယ့်ဖက် အော်ဟစ် အားပေးနေသည်ကိုပင် စိတ်ခါတိ ထက်ကြွစရာကောင်းလှသည်။

ပြင်ပတွင်လည်း လက်လှဲ လက်ညှစ်ပြိုင်ပွဲများက ခေတ်စားနေသည်၊ ထိုပြိုင်ပွဲများတွင် ကိုဘသန်း ဆိုသူသည် ပထန်လိုပန်ချာပီလို ကုလားများကိုပင် နိုင်နေသည်ဟု မောင်ရှိန်တို့ကြားနေရသည်၊ ကိုဘသန်းမှာ မောင်ရှိန်တို့ ကျောင်းသားများလို လက်လှဲပြိုင်ခြင်းမဟုတ်၊ ကုလားလို ပန်းချာပေါ်သည့် တဦးနှင့်တဦး လက်ငါးချောင်းစလုံး ဆုပ်ကိုင်ကြပြီး မိမိအားအင်သန်စွမ်းသမျှ အရှုံးပေးသည်အထိ ဆုပ်ကိုင်ဖျစ်ညှစ်ရသည့် ပြိုင်ပွဲဖြစ်သည်။ ဤကစားနည်းမျိုးတွင် ကိုဘသန်းက

www.burmeseclassic.com



တော်သည်။ ထွားထွားကျိုင်းကျိုင်း အားအင်သန်စွမ်းလှသည့် ပထန်လိုပန်ချာပီလို ကုလားကြီးများပင် သူနှင့် လက်ချင်း ပြိုင်ဆိုင် ဆုပ်ကိုင်ညှစ်ကြ လှည့်ကြပြီဆိုလျှင် လက်ချောင်းများ ကွဲပြဲ၍ သွေးသံရဲရဲဖြင့် အရှုံးပေးသည်အထိ သူကဖျစ်ညှစ်နိုင် သည်ဟု သူ့သတင်းက ကျော်ဇောနေသည်။

ကိုဘသန်းသည် ရေအပြည့်ထဲ့ထားသော ရေနံဆီသံပုံးကို ပခုံးနှင့်ညီအောင်ပင် ဘေးသို့ ဆန့်ထုတ်မ,နိုင်သည့်အထိ သန် စွမ်းသည်ဟု ပြောဆိုနေကြသည်။ နောင် ကိုဘသန်းကို ဆန်ဒို ဘသန်းဟု သူ့အပေါင်းအသင်းများက ခေါ်ကြသည်။ အ ကြောင်းက ဤသို့ဖြစ်သည်။ ၁၉၀၅ ခုနှစ်လောက်တွင် ကို ဘသန်းသည် အင်္ဂလန်မှ ကမ္ဘာ့လူသန်ကြီး ယူဂျင်ဆန်ဒို[1]၏ ဆန်ဒို လက်ညှစ်စပရင် ဒမ်ဘယ်ကစားနည်းကို ရိုးကုမ္ပဏီမှ ဝယ်ယူလေ့ကျင့်ခဲ့သည်။ သည်နောက် ဆန်ဒို နည်းစနည်းများ လေ့ကျင့်၍ သူ မည်မျှ တိုးတက်သည်ကို ဓာတ်ပုံရိုက်၍ ဆန်ဒို ကြီးဆီ ပို့လိုက်သည့်အခါ လူသန်ကြီးဆန်ဒိုက သူ့ကိုယ်ကာယ အချိုးအစားကို ချီးကျူး၍ ငွေတံဆိပ်တခု ချီးမြှင့်ခဲ့သည်ဟု မောင်ရှိန်တို့ ကြားသိရပြန်သည်။

အင်္ဂလန်မှ ထုတ်ဝေသော စာစောင်များက အင်္ဂလန်ပြည် သား ကမ္ဘာ့လူသန်ကြီး ဆန်ဒို၏ ဓာတ်ပုံများ သူ့အကြောင်း များ ရေးသားကြသဖြင့် ဆန်ဒိုသည် ကမ္ဘာ့အလယ်တွင် လူသန်ကြီးအဖြစ် ထင်ရှားခဲ့၏။ ဆန်ဒိုဟူသည့် အမည်သည် ကျန်းမာသန်စွမ်းခြင်းဟူ၍ပင် အဓိပ္ပါယ်ပေါက်၍ ဝေါဟာရ သစ်တခု တိုးခဲ့သည်။ ထို့ကြောင့်ပင် ဆန်ဒိုထံမှ ငွေတံဆိပ်ရ သည့် ပန်ချာကြီး ကိုဘသန်းမှာ ဆန်ဒို ဘသန်း အမည်တွင်ခဲ့ ရခြင်းဖြစ်၏။ ဆန်ဒိုဘသန်းမှာ မောင်ရှိန်တို့၏ အတန်းပိုင် ဆရာမ လီလီဟန် (ပညာဝန်ထောက် ဒေါ်မြရွှေ)၏ အကို

[1] Eugene Sandow



ဖြစ်ကြောင်း နောင်မှ သိကြရလေသည်။ ဆန်ဒို ဘသန်းနှင့် တချိန်တည်းမှာပင် ဦးအောင်ကြီး ဆိုသူသည်လည်း ကျန်းမာ သန်စွမ်းရေး လေ့ကျင့်နေသည်ဟု မောင်ရှိန်တို့ သိရပြန်လေ သည်။

ခုနစ်တန်းကျောင်းသားကြီးများ လက်လှဲတော်ကြသည်ကို မောင်ရှိန် အားကျသည်။ သူတို့ကိုအားကျ၍ လက်လှဲပြိုင်တိုင်း သူက ရှုံးသည်ချည်းဖြစ်သည်။ လက်လှဲတော်ဖို့ ခွန်အားရော နည်းစနစ်ပါ လိုအပ်သည်မဟုတ်ပါလား။

ခုနစ်တန်း ကျောင်းသားကြီးများ ဖြစ်ကြသည့် ဖေခင်၊ ဖေတင့်၊ ဖေမြင့်တို့ ညီအကို၊ မောင်စိုး စသည့် ကျောင်းသား ကြီးများ ထူးထူးဆန်းဆန်း ကျန်းမာသန်စွမ်းရေး စာစောင် များ အဘန်းထဲ ဖတ်နေကြသည်ဟု ကြားသိရပြန်သည်။

မောင်ရှိန်သည် သူတို့ဖတ်နေသည့် စာအုပ်မျိုးကို အငန်း မရ ဖတ်ချင်လာသည်။ ရနိုင်မည့်နေရာကို စုံစမ်းသည်။ သူ ငယ်ချင်း ဖိုးချမ်းက သူ့အကို မောင်စိုးထံ၌ ထိုသို့သော စာအုပ်များရှိသည်၊ သူ့အကိုမသိအောင် သူယူလာခဲ့မည်ဟု ဆိုသဖြင့် မောင်ရှိန်တို့ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။

နောက်တနေ့ ဖိုးချမ်းက မောင်ရှိန်ဖတ်ဖို့ သူ့အကို့စာ အုပ်များ ယူလာသည်။ သူငယ်ချင်းတသိုက် လုံခြုံသည့်နေရာ သွား၍ ဖိုးချမ်းယူလာသည့် စာအုပ်များ ဖတ်ကြသည်။ ကမ္ဘာ့ လူသန်ကြီးများ၏ ဓာတ်ပုံများကိုကြည့်ပြီး သူ့အဖို့ တအံ့တသြ ဖြစ်နေရှာသည်။ မောင်ရှိန်တယောက် ကြက်သီးမွေးညှင်းများ ထသည်အထိ စိတ်ဓာတ် တက်ကြွလာသည်။ ကြီးလိုက်သည့် လက်မောင်းအိုးကြီးများ၊ ဖုထစ်မို့မောက်နေသည့် ရင်အုပ် ကြီးများ။ သန်စွမ်းလိုက်သည့်ဖြစ်ခြင်း၊ လူ သုံးလေးယောက် စိုင်းမသည့်ဘိုင်အောင် ကြွမည်မဟုတ်သည့် သံလုံးကြီးများကို မြှောက်ပင့်ထားလိုက်သေးသည်။

www.burmeseclassic.com

သူ ဖတ်နေရသည့် စာအုပ်ထဲမှ လူသန်ကြီးများမှာ ထရုတ်တန်းထိပ်တွင် သူမကြာခဏကြည့်ရသည့် ထရုတ်ပွဲထဲက လူစွမ်းကောင်းများထက်ပင် ပိုသေးသည်။ တဦးက လူသုံးဦး မ,၍ မရသည့် သံလုံးကြီးများကိုပင့်လျှင်၊ နောက်တဦးက လူငါးဦး မ,၍ မရသည့် သံတုံးကြီးကို မ,ပြသည်။ နောက်တဦးက ပက်လက်အနေအထားဖြင့် ခြေလက်များထောက်ထား၍ လူ ၁၂ ယောက်ကို ဗိုက်ပေါ်တင် တောင့်ပြသည်။ သန်စွမ်းလိုက်သည့် လူသန်ကြီးတွေ။

မောင်ရှိန်တယောက်သည် ဓာတ်ပုံတွေကြည့်ပြီး ဟုတ်မှဟုတ်ပါလေစဟု မယုံကြည်နိုင်အောင် ဖြစ်ခဲ့ရသည်။ သူ ငယ်ငယ်က ကြားဘူးသည့် ပန်းပဲမောင်တင့်တယ်ကို စဉ်းစားမိပြန်တော့လည်း ကမ္ဘာ့လူသန်ကြီးတွေကို ယုံကြည်ချင်သလိုလို ဖြစ်လာသည်။

သူတို့ရန်ကုန်တွင် ဤသို့သော လူသန်ကြီးမျိုး ထိုအချိန်အထိ မမြင်ခဲ့တွေ့ဘူးသေး။ သူ တွေ့ရသည့် ရန်ကုန်သား ဆိုသည်များကလည်း ကျားကျားယားယားရှိသူ နည်းလှသည်။ ကန့်ကယနှင့် အဆင်နုနုလှလှများ ဝတ်ဆင်ကြသည်။ ကတ္တီပါရည်ထိမ်း၍ ကိုပတ်ပေါင်ဒါ ဆောင်ကြသည်။ အချို့ လည်ပင်းတွင်ရှိနေသည့် အမာရွတ်များ ကွယ်ဝှက်ဖို့ ခေတ်သစ်ဖက်ရှင်လိုလိုနှင့် မာဖလာပတ်ကြသည်ကပင် စတိုင်တမျိုး။

စာအုပ်များ ဖတ်ရသည့်ညက မောင်ရှိန် အိပ်လို့ပင်မပျော်တော့ချေ။ ကျောင်းသွားသည့်အခါ၊ စားသည့်အခါ၊ အိပ်သည့်အခါမှာပင် လူသန်ကြီးများ၏ ရုပ်ပုံများက မျက်စိထဲမှ မထွက်တော့၊ မောင်ရှိန်အား ကာယဗလနတ် ဖမ်းစားလေပြီ။

တစုံတခု လုပ်ချင်လာပြီ၊ လိုချင်လာပြီဆိုလျှင် မရမနေ ကြိုးစားသည့်အကျင့်က မောင်ရှိန်တွင် ရှိသည်။ ဖိုးချမ်းထံမှ စာ



အုပ်မျိုးကို ရန်ကုန်ရှိစာအုပ်ဆိုင်တိုင်း အချိန်ရသမျှ မွှေနှောက်ရှာဖွေတော့သည်။ ရှာလို့သာ ရှာရသည်၊ တွေ့ညှော့တွေ့တော့လည်း အနီးကလေးပင်၊ သူတို့ကျောင်းနှင့် မလှမ်းမကမ်း ဘုရားလမ်း ဘူတာရုံတောင့်ရှိ စီအိပ်က်စ်ဒ်ဆူဇာ[၂] စာအုပ်ဆိုင်မှာပင် သူလိုချင်သည့် စာစောင်များ ရှာတွေ့ခဲ့သည်။ မောင်ရှိန် ဤမျှ သဲသဲမဲမဲ ရှာဖွေနေသည့် စာစောင်မှာ ကာယဗလဖခင် ဗာနားမက်ဖက်ဒင်[၃]က လန်ဒန်မြို့မှ ထုတ်ဝေသည့် ကျန်းမာခြင်းနှင့် သန်စွမ်းခြင်း[၄] အမည်ရှိ ကာယဗလ စာစောင်ဖြစ်လေသည်။

ယင်းစာစောင်မှာ တပတ်တကြိမ် ထုတ်ဝေပြီး တစောင်လျှင် ၁၀ ပြား ပေးရသည်။ မောင်ရှိန်မှာ သင်္ဘောဆိုက်သည့် သတင်းကို နားစွင့်၍ အပတ်စဉ် သင်္ဘောဖြင့် ပါလာမည့် ကျန်းမာခြင်းနှင့် သန်စွမ်းခြင်းစာစောင်ကို စောင့်မျှော်ရသည်ကလည်း အမောပင်။ ယင်းစာစောင်မှ ကမ္ဘာ့လူသန်ကြီးများကို မောင်ရှိန် အားကျလှသည်။ သူတို့အမည် သူတို့အကြောင်းများကိုပင် မောင်ရှိန် အလွတ်ရနေသည်။ ကမ္ဘာ့လူသန်ကြီး ယူဂျင်ဆန်ဒို၊ သူ့ဆရာ အက်တီလား[၅]၊ လူဝစ်ကား[၆]၊ မက်ဆစ်[၇]၊ သောမတ်အင့်ချ်[၈]၊ အာသာဆက်ဆုံ[၉]၊ အက်ဒွပ်အက်တန်[၁၀] စသည့် ကမ္ဘာ့လူသန်ကြီးများမှာ သူနှင့် ရင်းနှီးနေပေပြီ။

---

၂။ C.X. Desouza
၃။ Bernarr Macfadden
၄။ Health & Strength
၅။ Attilla
၆။ Lowiscyr
၇။ Maxick
၈။ Arthur Saxone
၉။ Thomas Inch
၁၀။ Edward Aston

www.burmeseclassic.com

မောင်ရှိန်တယောက် သူတို့ရုပ်ပုံ၊ သူတို့အကြောင်း ဖတ်ရသိခဲ့ရသော်လည်း သူတို့လိုသန်စွမ်းအောင် လေ့ကျင့်နည်းကိုကား မသိရှာပေ။ သူဖတ်နေသည့် စာစောင်တွင် လူသန်များအကြောင်း ဓာတ်ပုံကြီးများဖြင့် ချီးကျူး ရေးသားကြသော်လည်း သူတို့၏သန်စွမ်းအောင် လေ့ကျင့်နည်းများကိုမူ ဟုတ်တိပတ်တိ ဖော်ပြခြင်းမရှိကြ၊ လေ့ကျင့်နည်းများကို ကြီးကြီးကျယ်ကျယ် တန်ဖိုး များများနှင့် သီးခြား စာအုပ်အဖြစ် ကြော်ငြာသည်ကိုသာ တွေ့ရသည်။ တအုပ်လျှင် မြန်မာငွေ သုံးလေးဆယ်ဖိုး မောင်ရှိန်တယောက် ဝယ်ဖို့က မတတ်နိုင်။

သူတို့ကျောင်းမှ အတန်းကြီးကျောင်းသားများဖြစ်ကြသည့် ဖေခင်၊ ဖေတင့်၊ ဖေမြင့်၊ မောင်စိုး စသူတို့ အင်္ဂလန်မှ သုံးလေးဆယ်တန် သန်စွမ်းနည်း စာအုပ်များ တိတ်တဆိတ် မှာယူလေ့ကျင့်နေကြသည်ဟု မောင်ရှိန် သိရသည်။ သူတို့လူစုသည် သူတို့နည်းကို သူများသိမည်စိုးသဖြင့် ခေတ္တဖတ်ရန်ငှားဖို့ဆိုလျှင် ဝေလာဝေး၊ မေးသမျှ ဟုတ်ပြီ ပြောချင်ဆိုချင်သူများ မဟုတ်ကြ။

အချိန်ရလျှင် စာအုပ်ဆိုင်များသို့ သွား၍ စာဖတ်တတ်သည့် မောင်ရှိန်အဖို့ ကံကောင်းချင်တော့ ဆူးလေဘုရားလမ်း မက်ကင်ဇီ[၁၁] စာအုပ်ဆိုင်မှ၊ ကရိယာလွတ် လေ့ကျင့်ရသော စပေါလဒင်းကို့စ်[၁၂] စာအုပ်လေးတအုပ် သုံးမတ်ဖြင့် ရခဲ့သည်၊ သို့သော် ဤစာအုပ်ကလေးမှာ ကာယဗလ သန်စွမ်းနည်း သက်သက်ကား မဟုတ်၊ ပြေးခုန်ကစားနည်း၊ ဘောလုံးကန်နည်း စသည့် နည်းမျိုးစုံပါသော စာအုပ်ဖြစ်သဖြင့် သူ့အဖို့ ဟုတ်တိပတ်တိ အကျိုးမရှိခဲ့ပေ။

၁၁။ Mckinzie
၁၂။ Spalding Course



မောင်ရှိန်တယောက် သူ တတ်နိုင်သလောက် ငွေလေးဖြင့် ထဖက်ရှစ်ပေါင်စီလေး၍ ရှစ်ကျပ်ပေးရသည့် ဒမ်ဘယ်အလေးတစုံကို ရိုးကုမ္ပဏီမှ ဝယ်ယူလေ့ကျင့်ပြန်သည်။ သို့ပေသည့် အကြောင်းအကျိုး အကောင်းအဆိုးသိ၍ လေ့ကျင့်သည်ကား မဟုတ်။ ဖိုးချမ်းကမူ ဒင့်စ်၏ ရင်အုပ်ကျယ်နည်း[၁၃] ဝယ်ယူလေ့ကျင့်သည်။

ငွေကြေးတတ်နိုင်သည့် ခုနစ်တန်းကျောင်းသား ဖေခင်က တအုပ် မြန်မာငွေ ကျပ် ၄၀ ပေးရသည့် သောမတ် အင့်ချ စာအုပ်ကို လန်ဒန်မှ မှာယူလေ့ကျင့်ခဲ့သည်။ သောမတ်အင့်ချထံ ဓာတ်ပုံရိုက် ပို့လိုက်သည့်အခါ ငွေတံဆိပ်တခု ချီးမြှင့်ခံရ၏။

လူသန်ကြီး မက်ဆစ်၏ နည်းကို ခုနစ်တန်းကျောင်းသား ဖေမြင့် ဖေတင့် ညီအကိုတို့က မှာယူ လေ့ကျင့်ကြသည်။ မက်ဆစ်ထံ ဓာတ်ပုံရိုက် ပို့လိုက်သည့်အခါ သူတို့လည်း ငွေတံဆိပ်တခုစီ ရကြသည်ဟု မောင်ရှိန်တို့ ကြားသိရပြန်သည်။

ကမ္ဘာတွင် သူသာလျှင် အသန်ဆုံး ငါသာလျှင် အသန်ဆုံးဆို၍ ကြော်ငြာကြသည်။ သန်စွမ်းပုံ သန်စွမ်းနည်းများကို အခကြေးငွေဖြင့် ရောင်းပြကြ ပြိုင်ကြသည်။ ပြီးလျှင် မိမိသာ ကမ္ဘာမှာ အသန်ဆုံးဟု ကြော်ငြာ၍ သန်စွမ်းနည်းစာအုပ်များ ရေး၍ ကြေးကြီးကြီးဖြင့် ရောင်းစားလေတော့သည်။ ကျန်းမာသန်စွမ်းရေးထက် စီးပွားရေးဖက်သူက များသည်။ စေတနာထက် အသပြာမက်သူက များသည်။ စာအုပ်တန်ဖိုးမှာ များလှသဖြင့် လူတိုင်း ဝယ်ယူလေ့ကျင့်နိုင်သည်ကား မဟုတ်။

ရန်ကုန်မြို့တွင် နာမည်ကျော် အာယုဝေဒ ဆေးဆရာင်းသူ ဦးဘိုးငွေ ဒေါ်ပွင့်တို့၏သား မောင်သက်တင် ဆိုသူသည်

၁၃။ Danks Chest Expander

www.burmeseclassic.com



အင်္ဂလန်မှ မှာယူလေ့ကျင့်ခဲ့သော မက်ဆဲလဒင်းနည်း စာစောင်[၁၄] (မွန်တီဆဲလဒိုနှင့် မက်ဆစ်တို့ ပူးတွဲရေးသားသည့် ကရိယာလွတ် လေ့ကျင့်နည်း)ကို ဖိုးချမ်းအကို မောင်စိုးက ငှားဖတ်ခဲ့လေသည်။ သူငယ်ချင်း ဖိုးချမ်းက ကာယဗလကို စွဲစွဲလန်းလန်း ဖြစ်နေရှာသည့် မောင်ရှိန်ဖတ်ရန် တိတ်တဆိတ် ယူလာခဲ့သည်။ မောင်ရှိန်သည် ဖတ်ရုံနှင့် အားမရ။ လေ့ကျင့်ခန်းများက မှတ်ဖို့ကမလွယ်၊ ဝယ်ဖို့ ဆိုသည်မှာလည်း မြန်မာငွေ ကျပ် ၄၀ ဖိုး။ အနားပင် မသီနိုင်ချေ။ ဖြစ်နိုင်လျှင် စာအုပ်တအုပ်လုံး ကူးယူထားလိုက်ချင်သည်။

ဖိုးချမ်းကို တည့်ထားခဲ့ဖို့ တောင်းပန်သည်။ ဖိုးချမ်းမှာ အကိုဖြစ်သူနှင့် ဖြစ်လိုရာဖြစ်စေတော့ သူငယ်ချင်းပါရမီကို ကူညီဖြည့်ခဲ့သည်။

မောင်ရှိန် အိမ်ပြန်အရောက် ညစာထမင်းစားသောက်ပြီးသည်နှင့် စာမျက်နှာ ၄၀ ပါသော မက်ဆဲလဒင် စာအုပ်ကို တလုံးမကျန်အောင် ကူးရေးလေသည်။ လေ့ကျင့်ပုံ ရုပ်ပုံများကိုလည်း ထတ်သရွေ့ မှတ်သရွေ့ ရေးဆွဲသည်။ တညလုံး မထတန်း ရေးလိုက် မှတ်လိုက်၊ ကူးလိုက်နှင့် မက်ဆဲလဒင် စာအုပ်မှ နည်းစနစ်များအားလုံး ရေးကူးပြီးသည့်အခါ သူ့အခန်းတွင်းသို့ နံနက်ခင်း၏ နေခြည်နုနုလေးများပင် ဖြာကျနေလေပြီ။ ထိုနေ့သည်ကား ၁၉၁၃ ခု ဇန်နဝါရီလ ၂၃ ရက်။



အခန်း ၄

# အလင်းနှင့် အမှောင်

၁၉၁၁ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်။

သည်နေ့သည် မောင်ရှိန်တယောက် ကာယဗလ သန်စွမ်းရေးကို စွဲစွဲမြဲမြဲ သေတပန် သက်ထဆုံး လုပ်တော့မည်ဟု ဆုံးဖြတ်ချက် ချမှတ်လိုက်သော နေ့ဖြစ်လေသည်။

တိုက်တိုက်ဆိုင်ဆိုင် ထိုနေ့မှာပင် ကမ္ဘာ့လူသန် အက်ဒွပ်အက်စတန်ဆိုသူက ကမ္ဘာ့စံချိန်ချိုးသောနေ့ ဖြစ်နေခဲ့သည်။ မောင်ရှိန် ကာယဗလ လေ့ကျင့်သည်မှာက ကမ္ဘာ့ချန်ပီယန်ဖြစ်ဖို့ မရည်ရွယ်။ စိတ်ကူးထဲမှာပင် မရှိခဲ့သေး။ ချူချူချာချာနှင့် မကြာခဏ မကျန်းမမာဖြစ်ခဲ့သည့် သူ့အဖို့ ဟိုမှသည်မှ ရသည့်နည်းနာနိသျှည်းများဖြင့် လေ့ကျင့်ခဲ့သည်နှင့်ပင် အပော် အသင့်အတင့် ကျန်းမာလာခဲ့သည် မဟုတ်ပါလား။

မောင်ရှိန် မက်သဒစ်ကျောင်းသားဘဝက ရေနံဆီမီးခွက်ဖြင့် စာဖတ် စာကျက်ရသည်။ ထိုစဉ်က ရန်ကုန်တွင် လျှပ်စစ်ဓာတ်မီးက ရှိသေးသည်မဟုတ်၊ မောင်ရှိန်က မှိတ်တုတ်မှိတ်တုတ် ရေနံဆီ မီးခွက်လေးဖြင့် စာကျက်ရသည်ကို အားမရ။

www.burmeseclassic.com

www.burmeseclassic.com

အသင်းရောင်ပိုရအောင် မီးခွက်မီးစာကို မြှင့်ရသည်။ မီးစာ မြှင့်လိုက်သည့်အခါ အလင်းရောင်ရသော်လည်း ရေနံမှိုင်းက လှိုင်လှိုင်ထလာသည်။ မောင်ရှိန်မှာ စာကို စိတ်ဝင်စားနေသဖြင့် သတိမထားမိသော်လည်း နံနက် မျက်နှာသစ်သည့်အခါ တမျက်နှာလုံး မည်းမည်းသဲသဲနှင့် နှာခေါင်းထဲမှာ မှိုင်းခဲများ ညှစ် ထုတ် ရ သည်ကလည်း သူ့အဖို့ အလုပ်တခုလို ဖြစ်ခဲ့သည်။

နှစ်ရှည်လများ ဆိုပြန်တော့ ရေနံမှိုင်းနှင့် အပူရှိန်ကြောင့် မောင်ရှိန် မျက်စိရောဂါ ဖြစ်လာတော့သည်။ ရောဂါတခု စွဲကပ်လာပြီဆိုလျှင် အခြားရောဂါများကလည်း မခေါ်မပင့်ဘဲ ရောက်လာတတ်သည်။ မောင်ရှိန် မျက်စိရောဂါရရှိသည်ဟု သတင်းကြားရသည့်အခါ မိခင် ဒေါ်ဖွားစိန်သည် နတ္တလင်းမှ သားရှိရာ ရန်ကုန်သို့ စိုးရိမ်တကြီးဖြင့် လိုက်လာခဲ့သည်။ မျက်စိရောဂါအကုကောင်းသည်ဆိုသော မော်လမြိုင်ကျောင်းတိုက်သို့ သားကိုလက်ဆွဲ၍ ဆေးကုသပေးရန် သွားခဲ့သည်။

မော်လမြိုင်ကျောင်းတိုက်မှ ဆရာဘုန်းကြီးထံသို့ မောင်ရှိန်တို့ မက်သဒစ်ကျောင်း အလယ်တန်းပြဆရာ ဦးပေါ်ထွန်း (နန်းရင်းဝန် ဆာပေါ်ထွန်းဖြစ်လာသူ)လို သူများပင် ဆေးလာကုကြသည်ဟု ဆိုကြသည်။ ဆရာဘုန်းကြီးသည် မောင်ရှိန့်ရောဂါ အခြေအနေကိုကြည့်၍ ဆေးမကုသမီကပင် ဆေးဖိုး ၂၅ ကျပ်ပေးရမည်ဟု ဆိုသည်။ ရောဂါပျောက်ဖို့က ဘယ်ဆီဘယ်မှန်းမသိသေး။ လောလောဆယ် ဆေးဖိုးငွေကိုတော့ အရင်ပေးရမည်။ မောင်ရှိန်၏ မိခင်သည် သားအတွက် စိတ်မချမ်းမသာနှင့်ပင် မော်လမြိုင်ကျောင်းတိုက်မှ ပြန်ခဲ့လေသည်။ ဟိုဟိုသည်သည် ဆရာများထံမှ ဆေးဝါးများနှင့်ပင် မောင်ရှိန်၏ မျက်စိရောဂါမှာ သက်သာခဲ့ရသည်။



မကျန်းမမာ ဖြစ်မည်ကိုတော့ မောင်ရှိန် စိုးရိမ်သည်။ ထို့ကြောင့်ပင် သူ လေ့လာလိုက်စားနေသည့် ကာယဗလ ကျန်းမာသန်စွမ်းရေးမှာ သူ၏ ကျန်းမာရေးကို များစွာ အကျိုးပြုကြောင်း လက်တွေ့ခံစားလာရသည့်အခါ သူ့အတွက် ထာဝရလိုအပ်သည့် လုပ်ငန်းတရပ်ဟု သတ်မှတ် ဆုံးဖြတ်ချက် ချမှတ်ခဲ့ခြင်းဖြစ်လေသည်။

အစပထမတော့ ကျန်းမာရေး သက်သက်သာ ရည်ရွယ် လေ့ကျင့်ခဲ့သည်။ သည့်နောက် သူတို့ကျောင်းတွင် လက်လှဲ့တော်သူများလို သန်စွမ်းချင်သည်။ ပြီးတော့ လေ့ကျင့်လို့ နည်းနည်း ဟန်ကျပြီဆိုလျှင် ကမ္ဘာ့လူသန်ကြီးများကို အားကျ၍သူ့ကိုလို သန်စွမ်းချင်လာသည်။

မောင်ရှိန်၊ ရှမ်ရှောင်၊ ဖိုးချမ်း၊ ဘာဘာတို့ သူငယ်ချင်းတသိုက် နည်းနာခလးများ ရလိုရငြား ရန်ကုန်တွင် သူတို့နည်းတူ လေ့ကျင့်နေသူများကို စုံစမ်းရှာဖွေကြသည်။ သည်အထဲ စိတ်အား အထက်သန်ဆုံးမှာ မောင်ရှိန်နှင့် ရှမ်ရှောင်တို့ပင် ဖြစ်ကြသည်။ ထိုစဉ်က ရန်ကုန်တွင် ကာယဗလ ကျန်းမာသန်စွမ်းရေး လေ့ကျင့်သူဆို၍ များများစားစား ရှိလှသည်မဟုတ်။ ဆန်မို ဘသန်းနှင့်၊ မရှေးမနှောင်းမှာပင် ဦးအောင်ကြီးဆိုသူလည်း ကျန်းမာသန်စွမ်းရေး လေ့ကျင့်နေသည်ဟု သူတို့ကြားသိရသည်။ ဆရာမှတ်ကြီးကျောင်း (စိန့်ဂျွန်းကောလိပ်) မှာ ကျောင်းသားများဖြစ်ကြသည့် ဖရင့်ဘောချက်၊ အီးအိုင်ယင်၊ ကားဒီးဆိုသူတို့ ကာယဗလ လေ့ကျင့်နေကြသည်ဆို၍ သူတို့ကို သွားရောက်မိတ်ဖွဲ့ကြသည်။

လမ်းမတော် အနောက်ပိုင်း ၁၄ လမ်းထိပ်မှ နာမည်ကျော် ဦးပါတူဆေးလိပ်ရုံပိုင်ရှင် ဦးပါတူ၏တူများဖြစ်ကြသည့် ဘကြွယ်နှင့် ကျော်သူ ဆိုသူတို့လည်း ကာယဗလ သန်စွမ်းရေး လေ့ကျင့်နေကြသည်။ ထိုစဉ်က ဦးပါတူ ဆေးလိပ်မှာ နာမည်

www.burmeseclassic.com

ကျော်ကြား လူကြိုက်များလာသည်။ ထိုခေတ်က အလှူမဂ်လာဆောင်များတွင် ဂျပန်ပုဝါနှင့် တခေတ်ဘောက်ရှိသည့် ရွှေပတ်ပါ ဦးပေါတူ ဆေးလိပ်တခုခုကို ကမ်းရ လှမ်းရမှ ခေတ်မီသသို ဖြစ်ခဲ့သည်။ သို့ကြောင့်ပင် ရွှေတံဆိပ်ရသည်ဟု နာမည်ကျော်ကြား လူကြိုက်များနေသည့် လမ်းမတော် မခွေးလေးဘူးသီးငါးပေါင်းကျော်နှင့် ဦးပေါတူ ဆေးလိပ်တို့မှာ ရန်ကုန်သားတို့ သိချင်းစပ်ဆိုရသည်အထိ ရန်ကုန်တွင် နာမည်ကြီးရေပန်းစားခဲ့၏။

လမ်းမတော်ထိပ် မြန်မာသမားတော် ဦးဘိုးကြီး၏သားဆေးကျောင်းသား (ယခုအချိန်က လဟာပြင်ဈေး နေရာ၌ရှိသည်။)ကိုသာဟန်ဆိုသူသည်း ကာယဗလသန်စွမ်းရေး လေ့ကျင့်နေသည်။ ကိုသာဟန်မှာ လက်မောင်းတခုတည်းကို အာရုံစူးစိုက်လေ့ကျင့်သူ ဖြစ်သည်။သူ၏ လက်မောင်းကြွက်သားဖုထစ်ထစ်ကြီးများတွင် ဆေးနီဆေးပြာရောင်စုံခြယ်၍ လူစွမ်းကောင်းကြီးဟာကျူလီအား မြွေကြီးများရစ်ပတ်နေသည့် ရုပ်ပုံများကို ဆေးထိုးထားသည်၊မောင်ရှိန်တို့သူငယ်ချင်းတသိုက်မှာ ကိုသာဟန်၏ လက်မောင်းအိုးကြီးကိုကြည့်၍ များစွာသဘောကျခဲ့ကြ၏။

မောင်ရှိန်တယောက် ကာယဗလသန်စွမ်းရေးကို ဤမျှစိတ်အားထက်သန်နေပေသည့် သူ့တွင် လေ့ကျင့်စရာပစ္စည်းကရိယာများဆို၍ ဟုတ်တိပတ်တိ ရှိရှာသည်မဟုတ်ပေ၊ ထိုစဉ်ကငွေကြေးတတ်နိုင်သူများသာ ကာယဗလလေ့ကျင့်သည့် အလေးပြွားများကို အင်္ဂလန်က ဝယ်ယူလေ့ကျင့်ရသောအခါဖြစ်သည်။မောင်ရှိန်နှင့် ရှိရောင်တို့မှာ ကိုသာဟန်၏ အလေးမကရိယာများဖြင့်ပင် လမ်းမတော်သို့သွားရောက်လေ့ကျင့်ကြရသည်။



လေ့ကျင့်ရသည့်နေရာကိုလည်း ကြည့်ပါဦး၊ သူတို့လေ့ကျင့်ကြသည့် အလေးမကရိယာများကို ကိုသာဟန်နေထိုင်ရာ သုံးထပ်တိုက်ပေါ်မှ ၁၆ လမ်းနောက်ဖေးလမ်းကြားသို့သယ်ချရသည်။နောက်ဖေးလမ်းကြားမို့ မစင်နံ့ မြောင်းပုပ်နံ့၊ စားကြွင်းစားကျန်နံ့တို့က ကြိုင်လှောက်နေသည်။သူတို့လေ့ကျင့်ရာအားကစားစခန်းမှာ သည်လိုအနံ့ပေါင်းစုံရာ နောက်ဖေးလမ်းကြားတွင် ဖြစ်လေသည်။

မောင်ရှိန်တယောက် အချိန်အခါမရွေး လေ့ကျင့်ဖို့ ကိုယ်ပိုင်အလေးပြွားများ လိုချင်ပြီ။အင်္ဂလန်က မှာယူဖို့ကလည်း သူ့တွင်ငွေကြေးကမတတ်နိုင်။ ဈေးပေါပေါနှင့် ရန်ကုန်မှာပင် လုပ်ပေးနိုင်မည့်နေရာကို ရှာရသည်၊ မောင်ပုဆိုသူ သူငယ်ချင်းတဦး၏ အကိုဖြစ်သူ ကိုဘဆန်းဆိုသူမှာ ရန်ကုန်ဖောင်ဒရီသံရည်ကျိုအလုပ်ရုံတွင် လုပ်ကိုင်နေသည်။ သူ၏အကူအညီဖြင့် ရန်ကုန်တွင် မည်သူမျှမလုပ်ခဲ့သေးသည့် အလေးပြွားများကိုပုံစံထုတ်၍ ရန်ကုန်ဖောင်ဒရီမှာပင် ပြုလုပ်ခဲ့ရလေသည်။

စနေ တနင်္ဂနွေ နေ့များဆိုလျှင် မောင်ရှိန်တယောက် ပန်းတိန်တန်းထိပ်တွင် သူငယ်ချင်းများနှင့် စုစုဝေးဝေး သွားရောက်လေ့ကျင့်သည်၊တခါတုံ သူတို့အလေးမလေ့ကျင့်ရာစခန်းရှေ့နားတွင် ရှိသော အာလ်ဖီဆင်ရုပ်ရှင်ရုံသို့ ရုပ်ရှင်သွားကြည့်ကြသည်၊ရုပ်ရှင်ရုံဆို၍ ယခုခေတ်လို ခိုင်ခိုင်မာမာ တိုက်တာ အဆောက်အအုံကား မဟုတ် အာလ်ဖီဆင်ရုပ်ရှင်ရုံမှာ ရွက်ထည်မိုးချက်ထည်ကာထားသည့် ရွက်ထည်တဲအကြီးစားသာဖြစ်သည်၊ လျှပ်စစ်မီးမရှိသေးသဖြင့် ရုပ်ရှင်ပြရန် ရုံအေးတွင် အင်ဂျင်စက်ဖြင့် ဓါတ်အားပေးရသည်။ တဖုတ်ဖုတ်မြည်ချက်ချက်ဖြင့် အင်ဂျင်စက်သံက ဆူညံလှသည်။ မောင်ရှိန်တို့ သူငယ်ချင်းတသိုက်တော့ အင်ဂျင်စက်သံကို ဂရုမထားနိုင်ကြပါ။ ရုရှဂျပန်

www.burmeseclassic.com

www.burmeseclassic.com



စစ်သထင်းကားမှာ စိတ်ဝင်စားစရာတွေက များလှသည်မဟုတ်ပါလား။

မောင်ရှိန်တို့ သူငယ်ချင်းထသိုက်မှာ တဦးနှင့်တဦး အားလုံးစရိုက်ချင်းညီကြသည်မဟုတ်ပေ။ မောင်ရှိန်က စာဖတ်မည်၊ အလေးမမည်။ သည်ထက်ပို၍တော့ ထူးထူးခြားခြားမရှိ။ သို့သော်သူနှင့်အစဉ်အမြဲတတွဲတွဲဖြစ်နေသည့် အချစ်ဆုံးသူငယ်ချင်း ရှိရှောင်ကား လောင်းကစားဝါသနာထုံလှသည်။ သူနှင့်တယောက်နှစ်ယောက်က လွဲ၍ ကျန်သူငယ်ချင်း တသိုက်မှာ ဖဲတော့ရိုက်တတ်သည်။

ရှိရှောင်က လောင်းကစားတွင် တတ်မျိုးစုံသည်။ ဖဲ၊ကက်၊ မာကျောက်၊ အနီထောင်မှအစ လေးကောင်ဂျင်အဆုံး သူမကစားဘူးသည့် နားမလည်သည့် လောင်းကစားနည်းဟူ၍မရှိ။ ထိုစဉ်က ရန်ကုန်တွင် လောင်းကစားပိုင်းများ မည်မျှပေါများသနည်းဆိုပါမူ မြန်မာပြည်ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာကိုယ်တိုင်ပင် သဘော်သားဝတ်စုံဖြင့် ရုပ်ဖျက်ဝတ်ဆင်၍ ရန်ကုန်မြို့ လောင်းကစားပိုင်းများသို့ သွားရောက်စုံစမ်းခဲ့ဘူးသည်ဟု သတင်းစကား ဆိုကြပြောကြသည်။

ထခါတံ့ အနီထောင်ပိုင်း၊ ဖဲပိုင်း၊ လေးကောင်ဂျင်ပိုင်းစသည့် လောင်းကစားပိုင်းများသို့ ရှိရှောင်သွားသည့်အခါ သူငယ်ချင်းကို သံယောဇဉ်ကြီးမားလှသည်။ မောင်ရှိန်တယောက်သည်း လိုက်ပါခဲ့သည်၊ တခါထခါတော့ အကြောင်းမညီညွတ်၍ ပြေးရလွှားရသည့်အခါများလည်းရှိခဲ့လေသည်။

ရှိရှောင်သည်လောင်းကစားအထင် ကိုအဖက်ဖက်မှကျွမ်းကျင်သည်။ မှတ်ဉာဏ်ကောင်း၍ မြင်ရုံနှင့်တတ်သည်လည်းရှိသည်။ကျွမ်းကျင်သူများထံ နည်းနာခံ၍လည်းသင်ကြားသည်။ နောင်အခါ မောင်ရှိန်က အင်္ဂလန်မှ အလေးမကာယဗလသန်စွမ်းနည်းစာအုပ်အမျိုးမျိုးကို မှာယူမလေ့လာခဲ့သလို၊ရှိရှောင်ကလည်း လောင်းကစားနည်းအမျိုးမျိုးတို့ကို မှာယူလေ့လာခဲ့လေသည်။



တခုတော့ရှိသည်။ ရှိရှောင်သည် လောင်းကစားအပျော်အပါးများကို သူမည်မျှလိုက်စားစေကာမူ မောင်ရှိန်ကိုတော့ သူ့လုပ်ငန်းတွင်ပါဝင်လာအောင်အားပေးအားမြှောက်မလုပ်ခဲ့ချေ။ မောင်ရှိန်ကလည်းသည်လိုလောင်းကစားအပျော်အပါးဖက်တွင် ဝါသနာမထုံ၊ စိတ်ပင် မဝင်စား၊ သူ့တွင် စွဲစွဲလန်းလန်းဖြစ်နေသည့် ကာယဗလ အလေးမ အားကစားနှင့်စာဖတ်သည့်ဝါသနာကို မည်သည့်အရာကမျှ အစားထိုး လွှမ်းမိုးနိုင်လိမ့်မည်မဟုတ်ပါပေ။

စာဖတ်သည့် ဝါသနာဆို၍မောင်ရှိန်တယောက် မက်သဒစ်အလယ်တန်း ကျောင်းတွင် နေစဉ်ကပင် စခဲ့သည်။ သူတို့ကျောင်းအနီး ဘုရင်မ ပန်းခြံနှင့် ကပ်လျက် တောင်ဖက်ကုန်သည်လမ်းတွင် ပစ္စည်းအဟောင်းများ လေလံတင်ရောင်းချသော ဘာလသာဇာအဆောက်အအုံ[၁] (ယခုအမေရိကန်သံရုံးနေရာ)ရှိသည်။ ယင်းအဆောက်အအုံရှေ့တွင် စာအုပ်အဟောင်းများနှင့် ပန်းကန်ခွက်ယောက် တိုလီမုတ်စသည့် ပစ္စည်းဟောင်းများ ချရောင်းနေသော စာအုပ်အဟောင်းဆိုင်တဆိုင် ရှိသည်။ ရောင်းသူမှာ မျက်စိစောင်းစောင်းနှင့် ကုလယာကုလားကြီးဖြစ်သည်။

မောင်ရှိန် ကျောင်းအားသည့်အချိန်များတွင် ထိုစာအုပ်အဟောင်းဆိုင်သို့ သွားလေ့ရှိသည်။ ကုလယာကုလားကြီး၏လမ်းဘေးပလက်ဖေါင်းပေါ်တွင် ပုံထားသည့် စာအုပ်အဟောင်းများကို ဝယ်သူများက စိတ်တိုင်းကျ ရှာဖွေမွှေနှောက်နိုင်ကြသည်။ ထိုသူများထဲတွင်မောင်ရှိန်တယောက်လည်းပါဝင်

၁။ Balthazar



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ အခြားလူကြီးများက အဖိုးတန်စာအုပ်စာပေများရှာဖွေကြမည်ဖြစ်သော်လည်း မောင်ရှိန်ကမူ သူသဘောကျနှစ်သက်သည့် မီးရထား၊ မော်တော်ကား၊ မီးသင်္ဘော၊ တိုက်တာအဆောက်အအုံစသည့် ရုပ်ပုံများပါသည့် ကက်တလောက်များကိုသာ ရှာဖွေခဲ့လေသည်။

သူလိုချင်သော ရုပ်ပုံများပါသည့် ကက်တလောက်စာအုပ်ကနှစ်ပြားလောက်ပေးလျှင်ပင် လေးငါးဆယ်အုပ်ရသည်အထိ ဈေးပေါလှသည်။ ဤလို ရုပ်ပုံပါသော ကက်တလောက်စာအုပ်လေးများဖတ်ရင်းဖြင့် ဖတ်ရလွယ်ကူသောစိတ်ဝင်စားစရာအရုပ်များပါသည့် စာအုပ်လေးများ ရှာဖွေဖတ်ရှုလာခဲ့သည်။ ဤစာအုပ်လေးများလည်းပိုက်ဆံတပဲနှစ်ပြားပေးလျှင်သုံးလေးအုပ်အထိပင် ရနိုင်သည်။ မောင်ရှိန်၏ စာဖတ်ခြင်းအစ ဤကျူလယာကုလားကြီး၏ စာအုပ်အဟောင်းဆိုင်က စခဲ့၏။

ကျူလယာကုသားကြီး၏ စာအုပ် အဟောင်းဆိုင်သည် မောင်ရှိန် သွားလာနေကျနေရာဖြစ်လာသည်။ ကြာတော့ ဆိုင်ပိုင်ရှင်ကုလားကြီးနှင့်ပင်ခင်မင်ရင်းနှီးခဲ့၏။ ဤကုလားကြီးမှာ မရီးကန်းဆိုသူဖြစ်ပြီး ပထမဦးဆုံး ရန်ကုန်မြို့တွင် စာအုပ်အဟောင်းဆိုင်ကို စတင်ရောင်းချခဲ့သူဖြစ်လေသည်။ ကျူလယာကုလားကြီးမရီးကန်းကြောင့်ပင် နောင်အခါ ရန်ကုန်မြို့တမြို့လုံး စာအုပ်အဟောင်းဆိုင်များ ပေါ်ပေါက်ခဲ့ရလေသည်။ အကြောင်းကား ဤသို့ဖြစ်သည်။

ဘာလသာဇာအဆောက်အအုံတွင် နိုင်ငံခြားသို့ပြန်ကြသည့် နိုင်ငံခြားသားပိုင် ပန်းကန်ခွက်ယောက် ပရိဘောဂမှအစ စာအုပ်အဟောင်းများ ဟိုလီနဖာ စသည်အထိ ပစ္စည်းများ လေလံတင်ရောင်းချသည်၊ မရီးကန်းသည် ဘာလသာဇာမှရောင်းသည့် ပန်းကန်ခွက်ယောက် စာအုပ်အဟောင်း စသည်များ ပစ္စည်းများကို လေလံဆွဲသည်။ ပန်းကန်ခွက်ယောက်များကို လက်လွှဲ



ရောင်းချလိုက်ပြီး စာအုပ် အဟောင်းများကိုမူ ယခုကဲ့သို့ ဘာလသာဇာ အဆောက်အအုံရှေ့မှာပင် ပုံ၍ ပြန်လည်ရောင်းချပေသည်။

သူ၏ စာအုပ်ဆိုင်မှ ရောင်းသော စာအုပ်များမှာ ဈေးပေါလှသည်။ ပြင်ပ စာအုပ်ဆိုင်များတွင် တကျပ်နှစ်ကျပ်ထန်သည့် စာအုပ်များကို သူ့ဆိုင်တွင် တမူးတမတ်နှင့်ပင် ရနိုင်သည်။ စာအုပ်မျိုးဘလည်း စုံသည်။ ကက်ဘလောက်လို အတိုအထွာမှအစ ဂန္ထဝင်မြောက် ဝတ္ထုများ၊ ရာဇဝင်များ၊ သိပ္ပံကျမ်းများအထိ တွေ့ရတတ်သည်။ စာအုပ်အဟောင်းများ အရောင်းအဝယ် တွင်ကျယ်လာ၍ ငွေ အတော်အတန် စုမိသည့်အခါ မရီးကန်းတယောက် ငွေထုပ်လေးပိုက်၍ ကုလားပြည်သို့ ပြန်လေသည်။ သူ့လုပ်ငန်းကို အခြား ဗင်္ဂါလီ ကုလားတဦးအား လက်လွှဲ ရောင်းချခဲ့လေသည်။

လအတန်ကြာလျှင် မရီးကန်းတယောက် ကုလားပြည်မှ ပြန်ရောက်လာပြန်သည်။ ဝင်ငွေကောင်းမှန်းသိနေသည့် သူ့စာအုပ်အဟောင်း ရောင်းသည့်လုပ်ငန်းကို လုပ်ပြန်သည်။ ဆက်ဆံရေးကောင်း၍ သည်းခံတတ်သော သူ့စာအုပ်အဟောင်းဆိုင်မှာ အရောင်းအဝယ်ကောင်းမြဲ ကောင်းပြန်သည်။ နှစ်ချို့လုပ်ကိုင်သည့်အခါ ငွေကြေးအတော်အသင့် စုဆောင်းမိပြန်သည်။ မရီးကန်းတယောက်လည်း မူလွှတ်သို့ တဖန် ပြန်လေသည်။ သူ့ဆိုင်နေရာနှင့် လုပ်ငန်းကို ထုံးစံအတိုင်း ကုလားတဦးကို လက်လွှဲ ရောင်းခဲ့ပြန်သည်။ သူ ပြန်လာသည့်အခါ ကုလားပြည်မှ သူ့မိတ်ဆွေကုလားများကိုပင် သည်လုပ်ငန်းများ လုပ်ကိုင်ရန် ခေါ်ခဲ့သေးသည်။ သူ ကုလားပြည်သို့ပြန်တိုင်း ရန်ကုန်တွင် စာအုပ်အဟောင်းဆိုင်များက တိုး၍တိုး၍လာသည်။ သည်ထဲတွင်လာဘ်မြင်သော အခြားဗင်္ဂါလီကုလားများကပါ သည်လုပ်ငန်းကို ဝင်ရောက် လုပ်ကိုင်ကြသည့်အခါ

www.burmeseclassic.com

www.burmeseclassic.com



နေခင်တွင် ရန်ကုန်မြို့ လမ်းကြိုလမ်းကြားပါမကျန် စာအုပ်အဟောင်းဆိုင်များ ပေါ်ပေါက်လာလေတော့သည်။

မောင်ရှိန် ဗုဒ္ဓဘာသာ ယောကျ်ားလေးကျောင်း ရောက်သည့်အခါမှာပင် မရီးကန်း စာအုပ်ဆိုင်ကိုတော့ မကြာခဏ ရောက်သည်။ မရီးကန်း စာအုပ်ဆိုင်တွင် သူဖတ်လိုသမျှ စာအုပ်များမှာ ဈေးပေါပေါနှင့် ရနေသည်ဟုတ်ပါလား။ သူမှသာမဟုတ်၊ နေခင်တွင် လမ်းမတော် ဖိုးတုတ်၏ ထင်ရှားသည့် လူသတ်မှုကိုပင် ကွင်းလုံးကျွတ်အောင် လုပ်နိုင်သည်ဟု နာမည်ကျော်ကြားခဲ့သည့် ဆာအော်စကာ ဒိဂလန်ဗင်း[2] ဆိုသူ ရှေ့နေကြီးလိုပုဂ္ဂိုလ်များပင်မရီးကန်း၏ဆိုင်သို့စာအုပ်ဟောင်းများ လာရောက်ဝယ်ယူသည်ဟု မောင်ရှိန် သိရှိရလေသည်။

မောင်ရှိန်သည် မက်သဒစ် မူလတန်း ကျောင်းသားဘဝမှ ကာယဗလ ဦးရှိန်ဘဝရောက်သည်အထိ သူနှင့် ခင်မင်ရင်းနှီးသည့် မရီးကန်း၏ စာအုပ်အဟောင်းဆိုင်နှင့် အဆက်အသွယ် မပြတ်ခဲ့ချေ။ ဒုတိယ ကမ္ဘာစစ်ကြီးအပြီး မရီးကန်းတယောက် စက်ဘုပူတွင် စာအုပ်ဆိုင် သွားရောက်ဖွင့်လှစ်တော့မှပင် အဆက်အသွယ် ပြတ်သွားခဲ့လေသည်။

မောင်ရှိန် စတုတ္ထတန်းတွင် သင်ကြားနေစဉ် တနေ့ ဗုဒ္ဓဘာသာ ကျောင်းထောင့်တနေရာတွင် စာအုပ်ဘီရိုတလုံးကို တွေ့လေသည်။ ဘီရိုထဲတွင် အဖိုးတန်စာအုပ်များရှိသော်လည်း မည်သည့်ကျောင်းသားများကမျှ အလေးဂရုပြု၍ မဖတ်ကြချေ။ စာအုပ်မြင်လျှင် ရှာဖွေမွှေနှောက်တတ်သည့် မောင်ရှိန် တယောက် ထိုစာအုပ်ဘီရိုထဲမှ ကလေးများစွယ်စုံကျမ်း[၃]ကို ဖတ်ခဲ့ရ၏။

---

၂။ Sir Oscar de Glanville

၃။ The Children's Encyclopedia



ကလေးများ စွယ်စုံကျမ်းမှာ ကြီးကျယ်သည့် အကြောင်းအရာများကိုပင် ကလေးများ ဖတ်ရလွယ်ကူစေရန် ရေးသားပြုစုထားသော ကျမ်းဖြစ်သည်။ ကမ္ဘာ့ နိုင်ငံအသီးသီးမှ ရာဇဝင်၊ ပထဝီဝင်မှအစ သိကောင်းစရာ ဗဟုသုတ မျိုးစုံသည်အထိ စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာများကို ရုပ်ပုံ ခတ်ပုံများဖြင့် ဖော်ပြ ရေးသားထားလေသည်။ အချို့အကြောင်းအရာများကို ကလေးများအကြိုက် လင်္ကာလေးများဖြင့်ပင် ရေးသားလိုက်သေးသည်။ ပြုစုသူမှာ အာသာမီး[၄] ဆိုသူ ပုဂ္ဂိုလ်ကြီး ဖြစ်လေသည်။

ထိုကလေးများစွယ်စုံကျမ်းကို မောင်ရှိန် အစွဲကြီး စွဲသွားခဲ့သည်။ ဘီရိုထဲတွင် အတွဲလိုက်ရှိသမျှ စွယ်စုံကျမ်းများကို ကုန်သည်အထိ စွဲစွဲမြဲမြဲ ဖတ်ရှုခဲ့သည်။ ဆဋ္ဌမတန်းအထိ မောင်ရှိန်က ဤသို့ ဗဟုသုတ စာပေများကိုသာ ဖတ်ရှုခဲ့သည်။ မောင်ရှိန်၏ သူငယ်ချင်းဖြစ်သူ ရှမ်ရှောင်က တမူထူးခြား၍ စွန့်စားခန်းဝတ္ထုများကိုသာ သဲသဲမဲမဲ ဖတ်ရှုခဲ့လေသည်။ ရှမ်ရှောင်မှာ သူ ဖတ်ခဲ့သမျှ ရှားလော့ဟုမ်း[၅]၊ သည်ကောင့်အော့မွန်တီခရစ်စတို[၆] စသည့် စွန့်စားခန်း ဝတ္ထုများကို ကျောင်းအားရက် အလေးမစခန်းတွင် သူငယ်ချင်းများနှင့် ဆုံကြပြီဆိုလျှင် ဟန်အမူအရာနှင့် စိတ်ပါဝင်စားလာအောင် ပြောပြတတ်သည်။ သူ အဟောအပြော ကောင်းလွန်းသဖြင့် မောင်ရှိန် စွန့်စားခန်းဝတ္ထုများ ဖတ်လာရလေသည်။

မောင်ရှိန်တွင် စွန့်စားလိုစိတ် ဗီဇကပင် ရှိခဲ့သည်။ အက်ဒီပိုလို[၇]၊ ဇီးရိုးမား[၈] စသည့် ရုပ်ရှင်များကြည့်စဉ်ကဆိုလျှင် ညီ

---

၄။ Arthur Mee ၅။ Sherlock Holmes

၆။ The Count of Monte Cristo

၇။ Eddy Polo

၈။ Zeroma

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူ မောင်စိန်နှင့် ညီအကိုနှစ်ယောက် သုံးထပ်တိုက် ပြူ တင်းပေါက်များမှ ကျော်လွှားရှ် အုတ်နံရံဘေးတလျှောက် တွယ်ကပ်လျှောက်သည်အထိ သက်စွန့်ဆံဖျား ဆော့ကစားခဲ့ကြ၏။ ယခု ကာယဗလ သန်သန်စွမ်းစွမ်းနှင့် စွန့်စားခန်းဝတ္ထု များ ဖတ်ရသည့်အခါ စိတ်ဓာတ်က ပို၍ တက်ကြွလာသည်။ သည်လို တက်ကြွနေသည့် စိတ်ဓာတ်ကို ထိန်းသိမ်း အသုံးချနိုင်မည့် လမ်းကို ညွှန်ပြသည့် မိတ်ဆွေကောင်းတဦးကို တွေ့ ရှိခဲ့ရသည်။ ယင်း မိတ်ကောင်း ဖော်မွန်မှာ ဆယ်မျူယယ် စမိုင်း ရေးသားခဲ့သည့် ဆယ့်လ ဟဲ့ဖ်[၉] (ကိုယ့်ဒူးကိုယ်ချွန်) စာအုပ်ကလေးပင် ဖြစ်လေသည်။

ဤစာအုပ်ကလေးဖြင့် ဆုံစည်းရသည်မှာလည်း မောင်ရှိန်၏ စာပေ ကုသိုလ်ကံဟုပင် ဆိုရမည်လားတော့ မသိ။ တနေ့ သူတို့နေထိုင်ရာ လမ်း ၃၀ အိမ်သို့ မောင်ရှိန့် ယောက်ဖ ဖြစ်သူ၏ နှမများ ခေတ္တ ပြောင်းရွှေ့နေထိုင်ကြသည်။ သူတို့နှင့် အတူ အိမ်ထောင်ပရိဘောဂများအပြင် စာအုပ်ဘီရိုတလုံး လည်း ပါလာခဲ့သည်။ စာ ဝါသနာအိုး မောင်ရှိန်သည် ပိုင်ရှင်ထံ ခွင့်တောင်း၍ စာအုပ်ဘီရိုကို မွှေလေသည်။ အမှန်မှာ သူ စွဲစွဲလမ်းလမ်း ဖတ်ရှုနေသည့် စွန့်စားခန်း ဝတ္ထုများကို အမိကထားပြီး ရှာခဲ့ခြင်းဖြစ်သည်။ သို့သော် အမည်ဆန်းဆန်း ဖြင့် ဆယ့်လ ဟဲ့ဖ်(ကိုယ့်ဒူးကိုယ်ချွန်) စာအုပ်လေးကို တွေ့ရ သည့်အခါ စိတ်ဝင်စားသွားသေသည်။

ဆယ့်လ ဟဲ့ဖ် စာအုပ်ကလေးကိုမောင်ရှိန်သည်အကြိမ်ကြိမ် အထပ်ထပ်ဖတ်ခဲ့မှတ်ခဲ့သည်။ကြာတော့စာအုပ်ကလေးဘွင်ပါ ရှိသည့် ဆယ်မျူယယ် စမိုင်း၏တိုးတက်ကြီးပွားရေး နည်းလမ်း များကို အလွတ်ပင် ရနေခဲ့သည်။ အမှန်မှာမူ ဆယ်မျူယယ် စ မိုင်း၏ ကိုယ့်ဒူးကိုယ်ချွန်စာအုပ်ကလေးသည် မောင်ရှိန့်တွင် ရှိ

---

၉။ Self Help by Samuel Smiles



နေသည့် စွန့်စားလိုစိတ်၊ တက်ကြွနေသည့် စိတ်ဓာတ်များကို လမ်းမှန်ရာသို့ ရောက်အောင် ပို့ဆောင်ခဲ့သည့် မိတ်ကောင်း ဆွေမွန် ဖြစ်ခဲ့လေသည်။

နောင် ငွေကြေးတတ်နိုင်သည့်အခါ အောင်မြင်ရေးပါရဂူ ဆယ်မျူယယ် စမိုင်း ရေးသားထားသည့်စာအုပ်များနှင့်စမိုင်း အကြောင်းဖွဲ့ စာအုပ်များကို ရနိုင်သမျှ ရှာဖွေစုဆောင်း ဖတ်ရှု ခဲ့သည်။ဆယ်မျူယယ် စမိုင်း၏ ဘဝနှင့် စာပေကို မြန်မာနိုင်ငံ တွင် သူ့လောက် ရှာဖွေဖတ်ရှုသူမှာ အတော်ပင် ရှားပါး ပေလိမ့်မည်။

ဘိန်းခန်း၊ ကဇော်ဆိုင်၊ အပျော်အပါး လောင်းကစား၊ ပြည့်တန်ဆာပေါင်းစုံရာ ဒုစရိုက်အမှောင်ထုကို အံတု၍ဖောက် ထွင်းနိုင်မည့် လက်နက်ကောင်းနှစ်ခုကို အချိန်မီပင် မောင်ရှိန် ရရှိခဲ့၏။ ယင်းလက်နက်ကောင်းများမှာ ထိပ်သည်း မဲမှောင် နေသည့် ဒုစရိုက်အမှောင်ကို ခွင်းဆောင်နိုင်မည့် အားကစား နှင့် စာပေ အလင်းရောင်လက်နက်များပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၅

# သမုဒ္ဒရာ ဝမ်းတထွာ

မြန်မာနိုင်ငံကို သိမ်းပိုက်အုပ်ချုပ်လျက်ရှိသည့် နယ်ချဲ့ ဗြိတိသျှအစိုးရတို့သည် ကိုလိုနီနိုင်ငံ တည်မြဲရေးအတွက် အုပ်ချုပ်ရေး လုပ်ငန်းများကို စနစ်တကျ စီစစ်ချမှတ်ခဲ့ကြ၏။ ယင်းအုပ်ချုပ်ရေး လုပ်ငန်းအားလုံးအတွက်လည်း အင်္ဂလိပ်လူမျိုးချည်းကိုသာ ခန့်ထားရန် မဖြစ်နိုင်၊ အလယ်နှင့် အောက်အဆင့် လုပ်ငန်းများအတွက် စာရေးစာချီ အရာရှိငယ်များကို တိုင်းရင်းသားထဲမှ ခန့်ထားရန် လိုအပ်လာသည်။ အင်္ဂလိပ်တို့သည် ဤလုပ်ငန်းများအတွက် အသုံးချရန် ရည်ရွယ်လျက် နည်း ပရိယာယ်မျိုးစုံဖြင့် ကြိုတင်စီမံ ဖန်တီးခဲ့ကြ၏။

ကျောင်းများတွင် သင်ကြားရသည့် ဖတ်စာအုပ်များထဲမှာပင် –

"ယခုခေတ်သမယ၌ ဆင်းရဲနွမ်းပါးသော ကျောင်းသား မိဘတို့သည် ပြည်ပိုင် အစိုးရမင်းတို့ သတ်မှတ် ပြဋ္ဌာန်းသော စာမေးပွဲတို့ကို မိမိတို့သားသမီးငယ်များသည် အောင်မြင်၍ စာရေးစာချီ၊ ရှေ့နေ၊ မြို့အုပ်၊ ဝန်ထောက် စသည်တို့ ဖြစ်စိမ့်သောငှာ သားသမီးများကို ကျောင်း၌ အပ်နှံကြလေသည်"



ဟု ကိုလိုနီ အုပ်ချုပ်ရေးအတွက် စာပေသင်ကြားခြင်း၏ ရည်ရွယ်ချက်များကိုပင် ပုံသွင်း သင်ကြားစေခဲ့သည်။ သူတို့ ပုံသွင်းသည့်အတိုင်း အစွဲအလန်းကြီးမားစွာဖြင့် ငွေကြေးတတ်နိုင်သည့် အတိုင်းအတာအလိုက် မိဘ ဆွေမျိုးဉာတိများက မိမိတို့ သားသမီး မောင်ညီမ များကို အင်္ဂလိပ် အတန်းကျောင်းသို့ ပို့၍ စာသင်ကြလေသည်။

ထိုသူများထဲတွင် မောင်ရှိန်တယောက်လည်း အပါအဝင်ဖြစ်ခဲ့၏။ မောင်ရှိန်တို့ခေတ်အခါက အင်္ဂလိပ်ကျောင်းမှ ခြောက်တန်း၊ ခုနစ်တန်းအောင်လျှင်ပင် အတော်ဟန်ကျလှပြီ။ ဆက်သွယ်ရာ ဆက်သွယ်ကြောင်းဖြင့် မြို့အုပ်လောင်း၊ ပုလိပ်အင်စပိတ်တော်၊ စာတိုက်မိုလ်၊ စာရေးစာချီလုပ်လိုက လုပ်လို့ရနိုင်ပြီ။

မြန်မာပြည်တွင် ရေပေါက်ရလမ်း ချောင်မှန်း ကောင်းမှန်းသိ၍ နိုင်ငံခြားသား စီးပွားရေးကုမ္ပဏီများ၏ လုပ်ငန်းများပေါများလာသည့်အခါ အင်္ဂလိပ်စာတတ် စာရေးစာချီများသူတို့အတွက် ယိုအပ်လာပြန်သည်။ နည်းနည်းနှင့် ကြဲကြဲပိုင်း၍ ခိုင်းချင်သည့် သူတို့အဖို့ ဘီအေ၊ အက်ဖ်အေ လို ပညာတတ်များမလို။ သူတို့အတွက်လည်း ငွေကြေးများများ အကုန်အကျမခံနိုင်၊ ခြောက်တန်း ခုနစ်တန်းဆိုလျှင် သူတို့ အလုပ်ဖြစ်ပြီ၊ သူတို့ကိုပေးရသော ငွေကြေးပမာဏကလည်း မများလှချေ။ အရင်းရှင်ဟူသည် ရနိုင်လျှင် တနပ်ဖူး သိုက်တူးလိုသူများပင် မဟုတ်ပါလား။

အင်္ဂလိပ်များ ကြိုတင်စီမံထားသည့်အတိုင်း ဤလုပ်ငန်းများကိုပင် ခြောက်တန်း၊ ခုနစ်တန်းအောင်သူ မြန်မာလူငယ်အများအပြား ဝင်ရောက် လုပ်ကိုင်လာကြသည်။ မောင်ရှိန်တယောက်လည်း သတ္တမတန်း ရောက်သည့်အခါ အများသောက်နေသည့် မိုးခါးရည်ကို သောက်လိုက်ရ၏။ မောင်

www.burmeseclassic.com

www.burmeseclassic.com



ရှိန်၏ အမများကား တော်ကြပါ၏။ မောင်ရှိန်တို့ ညီအကို နှစ်ယောက်ကို အစစအရာရာ မညှိုးငယ်ရအောင် သူတို့တတ်စွမ်းသမျှ သတ္တမတန်းအထိ ကျောင်းထားပေးခဲ့ကြသည်။ ဤအမများ၏ ကျေးဇူးကြီးမားလှပုံကို မောင်စိန် (တိုးတက်ရေး ဦးစိန်၊ ဦးဗဂျိုဒိုး)က ကြီးပွားချမ်းသာရေး စာအုပ် ပြုစုထုတ်ဝေသည့်အခါ စာအုပ်၏နိဒါန်းတွင် ကျေးဇူးတော်ရှင်များ ဟူသော ခေါင်းစဉ်ဖြင့်''အမိအဖသည် ကျွန်ုပ်အား မြန်မာစာကို သင်ပေး၏။ နှစ်ယောက်သော အမများသည် အင်္ဂလိပ်စာကို သင်ပေးကုန်၏''ဟူ၍ အမများ၏ ဂုဏ်ကျေးဇူးကို ဖော်ကျူးရေးသားခဲ့လေသည်။

အမများစေတနာ မည်မျှပင်ရှိစေကာမူ မောင်ရှိန်တို့ အဖို့ ကျောင်းဆက်မနေနိုင်သော အကြောင်းကလည်း ရှိခဲ့သည်။ နတ္တလင်းမြို့တွင်ရှိသည့် မိဖနှစ်ပါးမှာ သူတို့အားထားရာအဖိုး ဦးသီးပြုကွယ်လွန်သွားသည့်အခါ နတ္တလင်းမှ ဇေယျဝတီသို့ ပြောင်းရွှေ့၍ သင့်နိုးရာရာ လုပ်ကိုင်စားသောက်နေကြရသည်။ မောင်ရှိန်သည် အလုပ်တခုခုလုပ်၍ သူတတ်စွမ်းသမျှ မိဖကို အလုပ်အကျွေးပြုချင်သည်။ နောက် အကြောင်းတခုမှာလည်း စာဖတ်ဝါသနာကြီးလာသူ မောင်ရှိန်တယောက် ပြင်ပစာများကို သဲသဲမဲမဲ ငွေနဘဲနှင့်ဖတ်ဖို့လောက်၊ ကိုယ်လက်ကျန်းမာသန်စွမ်းရေးအတွက် အလေးမဖို့လောက် ကျောင်းစာကိုစိတ်မဝင်စားတော့ခြင်း အကြောင်းတရပ်လည်း ပါဝင်လေသည်။ သူ့အဖို့ အားကိုးအားထားတခုမှာလည်း သူလို ခုနစ်တန်းကျောင်းသားအများအပြားမှာ အစိုးရရုံးများနှင့် ကုမ္ပဏီများတွင် ဟန်ကျပန်ကျ စာရေးစာချီကြီးများ ဖြစ်နေကြသည်မဟုတ်ပါလား။ မောင်ရှိန်တို့ခေတ်က စာရေးကြီးဆိုသည့်ဂုဏ်ထူးသည် နည်းနည်းနောနောရာထူးမဟုတ်၊ စာရေးကြီးဆိုလျှင်ပင် အများက အထင်ကြီးနေကြသည်မဟုတ်ပါလား။



အလုပ်လုပ်လိုသော မောင်ရှိန်ကို အမများက ပန်းဆိုးတန်းသောမတ်ကွတ်သင်္ချိုင်းတိုက်အပေါ်ထပ်တွင်ရှိသော ရှေ့နေကြီးလင်တိုန်မက်ဒေါ်နယ်ကလစ်ပတန်၏ ရုံးတွင် အလုပ်သင်အဖြစ် အပ်နှံပေးခဲ့သည်။ ထိုစဉ်က ရှေ့နေကြီးလင်တိုန်မက်ဒေါ်နယ်မှာ အစိုးရဌာနချုပ် ဖြစ်ပွားသည့် အမှုများကိုပင် ဆောင်ရွက်ရသူ ဖြစ်လေသည်။ သူထံသို့ အမှုသည်များက တရားစွဲသင့် မစွဲသင့် အကြံဉာဏ်တောင်းခံသည့်အခါမှာပင် ရွှေဒင်္ဂါးငါးပြားဆယ်ပြားပေးရသည့်အထိ ထင်ရှားကျော်ကြားလှ၏။ မောင်ရှိန်သည် ရှေ့နေကြီး မက်ဒေါ်နယ် အမှုလိုက်ရန် တရားရုံးသို့သွားသည့်အခါ စာအုပ်များပိုက်၍ သူ့နောက်မှ အမြဲလိုက်ရသည်။ အလုပ်သင် ထောက်ပံ့ကြေးအတွက် ရသည့်ငွေလေးမှာ တလ ၁၅ ကျပ်သာဖြစ်လေသည်။

တနှစ်ခွဲခန့်အကြာ ကိုပုဆိုသူ မိတ်ဆွေတဦး၏ အကူအညီဖြင့် ဟံသာဝတီဒိုစကြိတ်ရုံးသို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့ပြန်သည်။ ထိုရုံးမှတဖန် ခနိတော ဘီအိုစီကုမ္ပဏီတွင် လစာ ၃၅ ကျပ်ရသည့် လယ်ဂျာစာရေးအဖြစ် ပြောင်းရွှေ့လုပ်ခဲ့ပြန်လေသည်၊ ထိုအချိန်က လစာ ၃၅ကျပ်ဆိုသည်မှာ နည်းလှသည်မဟုတ်။ ချာပရာစီ (မင်းစေ) လခက တလရှစ်ကျပ်သာရသည်။ လက်ဖက်ရည်တခွက်နှစ်ပြား၊ ပလေကပ်ပုဆိုးထထည်နှစ်ကျပ်တမတ်လောက်သာပေးရသည်၊ စားပြီး သောက်ပြီးစုတတ်ဆောင်းတတ်လျှင် ငွေပိုငွေလျှံလေးများပင်ရှိနိုင်သေးသည်။

မောင်ရှိန်တို့ညီအကိုနှစ်ဦးစလုံး ခနိတောဘီအိုစီကုမ္ပဏီတွင် စာရေးအလုပ်ရရှိခဲ့ကြသောအခါ ဇေယျဝတီတွင်ရှိနေသည့် မိဖနှစ်ပါးနှင့် အမနှင့်ညီများကို သူ့ထံရောက်ခေါ်ယူခဲ့ကြသည်။ လမ်း ၃၀ အမများနေအိမ်မှ အလုပ်ဌာနနှင့်နီး

၁။ Thomas Cook

www.burmeseclassic.com

www.burmeseclassic.com



သော ဗိုလ်တထောင် ၆၄ လမ်းသို့ အိမ်ခန်းငှား၍ ပြောင်းရွှေ့နေထိုင်ကြသည်။

ဗိုလ်တထောင်တွင် နေသားထိုင်သားကျသောအခါ စာပေဝါသနာနှင့် စာပေထန်ဖိုး သိနားလည်ကြသည့် မောင်ရှိန်တို့ညီအကိုသည် ဘလုပ်ဘရားသားမှ စာရေးကြီးဦးဘဟန်ဆိုသူနှင့် တိုင်ပင်၍ ဗိုလ်တထောင်တွင် စာဖတ်ခန်းဖွင့်ရန် စီစဉ်ကြသည်။ စာဖတ်ခန်းအမည်ကိုလည်း ဗိုလ်တထောင်စာဖတ်အသင်းဟု အမည်ပေးကြသည်။ (စာကြည့်တိုက်ဟုမခေါ်ကြသေး၊) စာဖတ်အသင်းဥက္ကဋ္ဌအဖြစ် ရပ်ကွက်တွင် အများကခင်မင်လေးစားနေသည့် စာရေးကြီးဦးဘဟန်ကိုပင် ရွေးချယ်ကြသည်။ မောင်စိန်က စာဖတ်အသင်းအတွင်းရေးမှူးအဖြစ် တာဝန်ယူသည်။ ထိုစဉ်က စာဖတ်အသင်းတည်ထောင်ဖွင့်လှစ်ခြင်းမှာ အခေတ်ပင်ရှားပါးလှသည်။ စာဖတ်သူ ဦးရေမှာလည်း ပြောပလောက်သည် မဟုတ်သေး။ အမြင်မကျယ်သူတချို့က ခေတ်ရှေ့ကပြေးနေကြသည့် သူတို့ညီအကိုနှစ်ဦးကို လှောင်ချင်ပြောင်ချင်ကြသေးသည်။ သည်အထဲ ကြောင်မျက်လုံးဆိုသူ ဗိုလ်တထောင်လူမိုက်က မထီလေးစား စာဖတ်အသင်းစည်းကမ်းကိုအလေးမထားပဲ စာဖတ်ခန်းမှ သတင်းစာများကို လက်ဖက်ရည်ဆိုင်ထဲယူပြီး ဖတ်လိုက်သေးသည်။

ကြောင်မျက်လုံးဆိုသည့် လူမိုက်မှာ မြန်မာ့အလင်းဆရာသင်ကို သတ်ခဲ့သည့် ငမိုးနှင့် ခေတ်ပြိုင်မိုက်နေသူဖြစ်သည်။ ဗိုလ်တထောင်ရပ်မှ လူအများက သူ့ကိုဖက်ပြီး မပြောရဲမဆိုရဲကြ။ သည်သို့ မတရား စော်ကားမော်ကား လုပ်လာသည့်အခါ ညီအကိုနှစ်ယောက်စလုံးက ခေါင်းငုံ့မခံကြချေ၊ အထူးသဖြင့် ညီဖြစ်သူ မောင်စိန်ကပို၍ဒေါသကြီးသည်။ စည်းပျက်ကမ်းပျက် မထီမဲ့မြင်လုပ်နေသည့် ကြောင်မျက်လုံးရှိရာ လက်ဖက်ရည်ဆိုင်သို့သွား၍ သဲဆို ကြိမ်းမောင်း ရိုက်မောင်းပုတ်မောင်း



လုပ်လေတော့သည်။ ထိုနေ့မှစ၍ စာဖတ်ခန်းမှာလည်း စည်းကမ်းတကျ ရှိသွားခဲ့လေသည်။

ဗိုလ်တထောင်စာဖတ်အသင်းဥက္ကဋ္ဌ ဦးဘဟန်မှာ မောင်ရှိန်တို့ကို တူသားနှင့်မခြား ကူညီစောင့်ရှောက်သည်။ မောင်ရှိန်အတွက် တက်လမ်းရှိသည့်အလုပ်အကိုင်ကို ရှာဖွေပေးခဲ့ရှာသည်။ ၁၉၁၇ ခုနှစ်တွင် ဦးဘဟန်၏ကူညီမှုဖြင့် ဝီလျံဂျက်ကုမ္ပဏီ[၂]တွင် မောင်ရှိန် စာရေးအလုပ်ရခဲ့သည်။ လခက တလ ၆၅ ကျပ်ရသဖြင့် မနီတောဘီအိုစီကုမ္ပဏီထက် လစာရော အဆင့်အတန်းပါ များစွာသာလေသည်။ ဘီအိုစီတွင် ခွေးခြေလေးပေါ် တခနကုန်ထိုင်၍ လယ်ဂျာစာအုပ်နှင့် တကုတ်ကုတ်လုပ်နေရာမှ ဝီလျံဂျက်တွင် စာရေးကြီး ကိုရှိန်တယောက် စားပွဲကုလားထိုင်နှင့် ဖြစ်လာရတော့သည်။

ကိုရှိန် ဝီလျံဂျက်ကုမ္ပဏီတွင် ဝင်ရောက် လုပ်ကိုင်သည့် တနှစ်မြောက်နေ့တွင် ပထမကမ္ဘာစစ်ကြီး ပြီးဆုံးသည့်နေ့နှင့် တိုက်ဆိုင်လျက်ရှိသည်။ စစ်ကြီးပြီးပြီဟု အော်ပစ်သူများက အော်ဟစ်ကြသည်။ အပျော်ထမ်းတပ်သားများက သေနတ်ပစ်ပေါက်ကြ၊ ရန်ကုန်တောင်းဘင်ခရာအဖွဲ့က ဘင်ခရာများ တီးမှုတ်ကြနှင့် ရန်ကုန်တမြို့လုံး အုံးအုံးကြွက်ကြွက် ပျော်မြူးလျက်ရှိကြသည်။ ကမ္ဘာစစ်ပြီးသည့်အထိမ်းအမှတ်ဖြင့် ရန်ကုန်ရှိ ရုံးများပိတ်ကြသည်။ ကိုရှိန်တို့ဝီလျံဂျက်ကုမ္ပဏီသည်လည်း အင်္ဂလိပ်တို့၏ စစ်အောင်ပွဲအထိမ်းအမှတ်ဖြင့် ရုံးတရက်ပိတ်ပေးခဲ့သည်။

စစ်ကြီးပြီးသွားသဖြင့် ကိုရှိန်လုပ်ကိုင်နေသည့် ဝီလျံဂျက်ကုမ္ပဏီသည်လည်း အရောင်းအဝယ် တွင်ကျယ်လာသည်။ ကုမ္ပဏီ အမြတ်အစွန်းများလာသည့်အခါ ကိုရှိန်တို့ အမှုထမ်း

၂။ William Jacks Co.

www.burmeseclassic.com

www.burmeseclassic.com



များမှာလည်း လစာအပြင် ဘောနပ်ဆုငွေများပင်ရရှိထားကြသည်။

၁၉၂၁ ခုနှစ်တွင် ကိုရှိန်ဘောက်ထော်ဖက်တွင် မြေတကွက်ဝယ်သည်။ ပြီးတော့ မိသားစုများ ကျယ်ကျယ်ဝန်းဝန်းနေထိုင်ရန် အိမ်တလုံးဆောက်သည်။ ထိုအတွက် ကုန်ကျသည့်ငွေတထောင်ကိုဗီလျံဂျက်ကုမ္ပဏီကခေတ္တထုတ်ချေးသည်။ ကိုရှိန်က မြေအရောင်းအဝယ်ဂရန်စာချုပ်ကို ကုမ္ပဏီမန်နေဂျာထံ ပြန်အပ်ထားသည်။ မြေဂရန်ကို ချေးငွေကြေမှ သူပြန်ယူမည်။

၁၉၂၂ ခုနှစ်တွင်ဘောနပ်ဆုငွေပေးသည့်အခါကိုရှိန်၏ကြိုးစားမှုရိုးသားမှုကြောင့် ဗီလျံဂျက်ကုမ္ပဏီက သူတို့ထံ အပ်နှံထားသည့် မြေဂရန်ကို ဆုငွေအဖြစ် ပြန်ပေးခဲ့လေသည်။ ကိုရှိန်သည် သူ၏ချွေးနည်းစာဖြင့် ကျေးဇူးရှင်မိဖနှစ်ပါးကို စိတ်အေးချမ်းသာစွာ ထားနိုင်ခဲ့ပေပြီ။

ကိုရှိန်တယောက် ဘောက်ထော်ရွာလေးမှပင် ရန်ကုန်လူစ်လမ်းနှင့် ကုန်သည်လမ်းထိပ်ရှိ ဗီလီယံဂျက်ကုမ္ပဏီသို့ မီးရထားဖြင့် ရုံးသွားရသည်။ ကိုရှိန်တို့ခေတ်က စာရေးကြီးဆိုသူတို့မှာ ခန့်ခန့်ညားညား ဝတ်ကြဆင်ကြသည်။ စာရေးကြီးကိုရှိန်သည်လည်း နာမည်ကြီး ဝပ်ဆင်တိုက်[၃]ထွက်ကိုသာ ဝတ်ဆင်သည်ကများသည်။ ဝပ်ဆင်တွင် ချုပ်သည့် သက္ကလပ်နက်ပြာတိုက်ပုံနှင့် မန္တလေးပုဆိုးခါးပြတ်ဆီး၍ ခါးတွင်ခန့်ခန့်ညားညား သားရေခါးပတ် ပတ်လိုက်သေးသည်။ ဝပ်ဆင်တိုက်မှပင် တခုံလျှင် ကျပ် ၂၀ လောက်ပေးရသည့် နန်းထရက်အိုဗာရှူးဖိနပ်ကိုမော်ဇာ(ခြေအိတ်)အကောင်းစားဖြင့် ကျကျနနစီးသည်။ ဆံပင်ညှပ်ရာမှာပင် တခေါင်းတမူးပေးရသည့် ပြင်ပဆိုင်တွင် မညှပ်ဝဲ ဆံပင်ညှပ်ခတကျပ် ပေးရသည့်ဝပ်ဆင်တိုက်မှာ ညှပ်

၃။ Watson Co.



ရမှ ဂုဏ်ရှိသည်ထင်ခဲ့သည်။ ဝပ်ဆင်မှ ဆံပင်ညှပ်အလုပ်သမားတဦးက စိတ်ရင်းစေတနာဖြင့် ငွေကိုမဖြုန်းတီးရန်တရားပြ၍ နားချလိုက်သည့်အခါ ကိုရှိန်အတော်ရှက်သွားခဲ့သည်။ နောင်တွင် ဝပ်ဆင်တိုက်၌ ဘယ်တော့မှ ဆံပင်မညှပ်တော့ချေ။

ကိုရှိန်အဖို့ သည်လိုအဝတ်အစားများဖြင့် ဘောက်ထော်ရွာမှ ရုံးတက်ရုံးဆင်းသွားလာရသည်မှာ ဆောင်းနှင့်နွေအခါတွင် အဆင်ပြေပါ၏။ သို့ရာတွင် မိုးအခါ ဘောက်ထော်ရွာလမ်းရွှံ့တောသဲတောတွင် ပုဆိုးခါးတောင်းကျိုက်၍ ငွေကျပ် ၂၀ ကျော်တန် နန်းထရက်အိုဗာရှူးဖိနပ်ကို ပခုံးပေါ်ထမ်းပြီး ပြန်ရသည့်ဒုက္ခမှာ မသေးငယ်လှပေ။

ကိုရှိန်တို့ ဘောက်ထော်တွင် ရောက်ခါစ ရုပ်ရှင်ဆံဆံ ဖြစ်ရပ်တခုကြုံရ၏။ တာမွေဘောက်ထော်တွင် ကိုရှိန်တို့မရောက်မီကပင် ထောင်ထွက်လူမိုက်လူဆိုးပိုးနီဆိုသူ ရှိသည်။ ပိုးနီသည် ထောင်ထွက်ဟူသောအရှိန်အဝါဖြင့် တပည့်လူမိုက်လူဆိုးများမွေးကာ ဆိုးနိုးတိုက်ခိုက်နေသူဖြစ်သည်။ တာမွေဘောက်ထော်ဖက်တွင် မည်သူ့ကိုမျှ ဗိုလ်မထားသူတည်း။

တနေ့ကိုရှိန်တို့အိမ်တွင် သူခိုးခိုးခံရသည်။ အခိုးခံရသောအဝတ်အစားများကိုလူမိုက်ပိုးနီ၏တပည့်များက ပြောင်ပြောင်ထင်းထင်းဝတ်ဆင်နေကြသည်ကိုကိုရှိန်နှင့်ကိုစိန်တို့နှစ်ယောက်စလုံးက တွေ့ကြရသည်။ လူမိုက်များကား သူတို့ကို မထိလေးစားဂရုမထားကြ။ အညတြ အလကားအကောင်လေးတွေဟု ထင်နေကြဟန်တူသည်။ ပိုးနီ၏ တပည့်များသည် နောက်တကြိမ် ကိုရှိန်တို့အိမ်သို့ ခိုးရန်လာကြပြန်၏။ သည်တကြိမ်တွင် ကိုရှိန်၏ဖခင်ကြီး ဦးဘိုးဆိပ်အပေါ့သွားနေသည်နှင့်ကြုံကြိုက်နေသဖြင့် သူခိုးများက အဖိုးကြီးကို တုတ်ဖြင့်ပစ်သွားရာ နံဘေးထိမှန်၍ အတော်လေး ခံလိုက်ရသည်။ ထိုအချိန်အထိ

www.burmeseclassic.com

www.burmeseclassic.com



ကိုရှိန်တို့သည် ညီဖြစ်သူကို ဖျောင်းဖျပြောဆို၍သည်းခံနေခဲ့ကြသည်။

တနေ့ ကိုစိန် ရန်ကုန်မြို့ထဲရုံးသို့ အလုပ်ဆင်းရန် ဘောက်ထော်မီးရထားဘူတာသို့ အသွားလမ်းတွင် လူမိုက်ပိုးနီနှင့် တွေ့ကြသည်။ ပခုံးမခံ့ရန်စသည်မှစ၍ တယောယ်ဘခွန်းစကားများကြပြီး ကိုစိန်က လက်သီးနှင့်ထိုးလွှတ်လိုက်သည်။ လူမိုက်ပိုးနီသည် မကြခချမ်းဖြင့် "ပိုးနီအကြောင်း မင်းတို့တနေ့သိကြရော့ပေါ့ကွာ"ဟု ကြိမ်းမောင်းသွားသည်။ ကိုစိန်က သူဖြစ်ပျက်ခဲ့သမျှကို အကိုဖြစ်သူကိုရှိန်အားပြောပြသည်။ "ဒီနှစ်ယောက်ထဲက တယောက်ယောက် သေသွားမှ အေးမယ်"ဟု ပိုးနီတို့လူစုက ကြိမ်းဝါးနေကြောင်း ညီဝမ်းကွဲတော်သူတဦးက ကိုရှိန်ကို သတိပေးသည်။ ကိုရှိန်ကလည်း မီးရထားပုလိပ်များကို တိုင်ကြားထားခဲ့သည်။ သို့သော် အရေးမယူကြချေ။

ကိုရှိန်တို့ ညီအကိုနှစ်ယောက် မြို့ထဲမှ အိမ်အပြန်တွင်အထူးသတိဝီရိယထား၍ မီးရထားကို ဒုတိယတန်းမှစီး၍ ပြန်ခဲ့ကြလေသည်။ လူမိုက်ပိုးနီနှင့် တပည့်ဆဲ့လေးငါးယောက်က ဘောက်ထော်ဘူတာမရောက်မီ တာမွေဘူတာမှပင် တုတ်ဓားများဆွဲကိုင်၍ သူတို့ကို ရိုက်နှက်ရန် စောင့်ကြိုနေကြသည်။ တာမွေဘူတာအရောက်တွင် ကိုရှိန်တို့ ညီအကိုနှစ်ယောက် ကိုမီးရထားတတိယတန်းတွဲများတွင် ရှာဖွေကြသည်။ ရထားထွက်စမှ ဒုတိယတန်းတွဲထဲတွင်ရှိနေသော ကိုရှိန်တို့ညီအကိုကို တွေ့သွားကြသည်။ ကိုရှိန်တို့က အဆင်းအတက်တံခါးပိတ်ထားသဖြင့် လူမိုက်များက တံခါးဖွင့်၍မရ၊ ကိုင်လာသည့်တုတ်များဖြင့် ကိုရှိန်တို့ရှိရာ တွဲထဲသို့ ပစ်သွင်းကြသည်။ မီးရထား



အထွက်တွင် လူမိုက်များလည်း မှီရာတွဲများတွင် တွဲလောင်းခိုဆွဲပြီး ဘောက်ထော်ဘူတာအရောက် ရိုက်နှက်ရန်လိုက်ပါလာသည်။

ကိုရှိန်တို့ညီအကိုသည် တွဲထဲသို့ လူမိုက်များပစ်သွင်းသည့် တုတ်များမှ အကောင်းဆုံး တုတ်များကိုရွေးချယ်ကြသည်။ ဘောက်ထော်ဘူတာအရောက် မီးရထားမရပ်မီ အရှိန်ခပ်ပြင်းပြင်းမှာ ခုန်ဆင်းလိုက်ကြသည်။ မီးရထားတွင် တွဲလဲခိုလိုက်ပါလာသည့် လူမိုက်ခေါင်းဆောင်ပိုးနီနှင့် နောက်လိုက်များကိုမနားတန်းဒလကြမ်းလိုက်ယံရိုက်နှက်ကြသည်။ ကိုရှိန်တို့ကလက်ဦးသဖြင့် လူမိုက်ပိုးနီလဲကျသွားသည့်အခါ နောက်လိုက်များလည်းအနာတရဖြင့် ထွက်ပြေးကုန်ကြသည်။ ကိုရှိန်နှင့်ကိုစိန်တို့သည်လူမိုက်ပိုးနီကိုဖွတ်ဖွတ်ညက်ညက်ကြေအောင် ရိုက်နှက်ကြသည်။ပြီးတော့ မော်တော်ကားငှားပြီး ရန်ကုန်ဆေးရုံကြီးသို့ သွားပို့ခဲ့ကြသည်။ ထိုအချိန်မှစ၍ ဘောက်ထော်တွင် ဆိုးမိုက်နေသည့် ပိုးနီတို့လူမိုက်စခန်းလည်း ကွယ်ပျောက်သွားခဲ့လေသည်။ နောင် နှစ်အတော်ကြာသည့်အခါ တရားရနေပြီဖြစ်သော လူမိုက်ကြီးပိုးနီက ဦးစိန် (ဦးဗဂျိုဝိ)၏သားတယောက်ကို ဦးရှိန်၊ ဦးစိန်တို့ရိုက်နှက်ခဲ့သည့် သူ့ခေါင်းမှဒဏ်ရာများပြ၍ ဝမ်းနည်းစကားဆိုသည်ကို ကြားရသည့်အခါ ဦးရှိန်မှာ စိတ်မချမ်းမသာ များစွာပင် ဖြစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၆

# စာပေမှသည် အားကစားသို့

ဗားနတ်ဟူသော အမည်ကို ကြားရသည့်အခါ မြန်မာတို့ မင်းရောပြည်ပါ ဆုံးရှုံးရန် အားထုတ်ရာတွင် ပါဝင်သူတဦး၊ အထက်မြန်မာမင်းနေပြည်တော်ကို ပထမဦးဆုံး အင်္ဂလိပ်အင်ပိုင်ယာအောက် ကျွန်သဘောက်အဖြစ် ဆွဲသွင်း၍ အုပ်ချုပ်ခဲ့သူတဦး ဖြစ်ခဲ့သဖြင့် မျိုးချစ်ပုဂ္ဂိုလ်တို့က နှာခေါင်းရှုံ့ကြပေလိမ့်မည်။ စာပေဝါသနာရှင်များကမူ ဗားနတ်ဟူသောအမည်ကို ကြားရလျှင် သုတရသစာအုပ်စာပေများ ပြည့်လျှမ်းနေသည့် ဗားနတ်ပိဋကတ်တိုက်ကြီးကို မြင်ယောင်ပေလိမ့်မည်။

မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာစာပေများ တိမ်ကောပပျောက်မသွားရလေအောင် ဝန်ရှင်တော်ခင်းကြီး ဆာချားဗားနတ်၏ ကြိုးပမ်းမှုဖြင့် ဗားနတ်ပိဋကတ်တိုက်ကို ၁၈၈၃ ခုနှစ် ဖေဖွာရီလ ၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်ခဲ့သည်။ ဗားနတ်ပိဋကတ်တိုက်ကို လူမွဲတို့၏တက္ကသိုလ်ဟု ပုဂ္ဂိုလ်အချို့က ထင်စားခေါ်ဆိုခဲ့ကြ၏။ ကျောင်းကို ပေါက်ရောက်အောင် ဆက်လက်ပညာမသင်ကြားနိုင်သူများနှင့်သုတရှာမှီးလိုသူများအတွက် ဗားနတ်သည် မှီခိုအားထားရာ တက္ကသိုလ်ကြီးတခု ဖြစ်ခဲ့၏။



မောင်ဂိုမာရီလမ်း (ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်း) နှင့် ရွှေတိဂုံဘုရားလမ်းထောင့်ရှိ ဗားနတ်ပိဋကတ်တိုက်သည် ကိုရှိန် ဗုဒ္ဓဘာသာ ယောကျ်ားလေးကျောင်းသို့ကျောင်းတက်ရန်သွားတိုင်း နေ့စဉ် မြင်တွေ့နေကျ အဆောက်အအုံတခု ဖြစ်ခဲ့သည်။ အစပထမတွင် မရောက်ဖူးထူးခြားသည့် အဆောက်အအုံမို့ သွားကြည့်ခဲ့သည်။ ဆဋ္ဌမတန်းရောက်၍ စာဖတ်ရှိန်ရလာသည့်အခါ ဗားနတ်ပိဋကတ်တိုက်သည် ကိုရှိန်အဖို့ စာပေလေ့လာသည်းပူးစရာ ဌာနကြီးဖြစ်လာလေတော့သည်။

ကိုရှိန် မနီတော ဘီအိုစီ တွင် အလုပ်ဝင်ရသဖြင့် ဗိုလ်တထောင် လင်းစဒေါင်းသို့ ပြောင်းရွှေ့နေရသည့် အခါမှာပင် ဝတ္တုရှားမပျက် ရက်ခြားဆိုသလို စာအုပ်များ ငှားရန် ဗားနတ်ပိဋကတ်တိုက်သို့ရောက်ခဲ့သည်။ နံနက်စာ ပဲပြုတ်နှင့်နံပြားစားပြီး ဗိုလ်တထောင်လင်းစဒေါင်းမှ ဗားနတ်ပိဋကတ်တိုက်တည်ရှိရာ ဘုရားလမ်းသို့ ခြေလျင်လျှောက်လာရသည်။ ဗားနတ်မှ လိုချင်သည့် စာအုပ်များငှားပြီး နံနက် ၉ နာရီတွင် မနီတောဘီအိုစီရုံးချိန်အမှီ ဗိုလ်တထောင်သို့ ခြေလျင်ပြန်ရသည်။ အလုပ်ချိန်ခမှီလို့ကမဖြစ်၊ အလုပ်တက်ချိန်နောက်ကျသူများကိုကုမ္ပဏီက တမိနစ်တမတ် ဒဏ်တတ်သည်။ တနှစ် ပြည့်လျှင် အမှုထမ်းများထံမှ ရရှိသည့် ဒဏ်ငွေများကို ရန်ကုန်ဆေးရုံကြီးသို့ ဘီအိုစီကုမ္ပဏီက လှူဒါန်းသည်။ သာမန်အနေမောဒနာခေါ်စရာလိုလို ထင်ရသော်လည်း သည်သို့နည်းဖြင့်တော့ ကိုရှိန်က မလှူချင်၊ အလုပ်ချိန်နောက်ကျသည့်အခါဟူ၍ သူ့မှာမရှိ၊ အချိန်ကိုလေးစားသောအကျင့်က သူ့မှာရှိသည်။

ကိုရှိန် အလုပ်ထဲရောက်လျှင် တနေ့တာအတွက် သတ်မှတ်ပေးထားသည့် ရေးကူးစရာများကို လယ်ဂျာစာအုပ်ကြီးတွင် အမြန်ဆုံးနှင့် အကောင်းဆုံး ဖြစ်အောင် ကူးယိုက်သည်။ သူ့တာဝန်ပြီးလျှင် ဗားနတ်မှငှားလာသည့် စာအုပ်များကို အချိန်

www.burmeseclassic.com

www.burmeseclassic.com



ရသရွေ့ ဖတ်လေတော့သည်။ အားလပ်သည့် တနင်္ဂနွေလိုရက်များတွင် နံနက်မှ ညနေအထိ ဗားနတ်ပိဋကတ်တိုက်မှာပင် အချိန်ကုန်သည်က များခဲ့လေသည်။

ဗားနတ်သို့ စာကြည့်သွားရာတွင် သူ့ကို ဤစာသည် မှတ်အပ်၏၊ ဤစာသည်ဖတ်အပ်၏ဟူ၍ သွန်သင်ညွှန်ပြမည့်သူ မရှိခဲ့ချေ။ သူ့စိတ်တွင် သင့်နိုးကောင်းနိုးရာရာများကိုသာ ရှာဖွေဖတ်ရှုခဲ့ရသည်။ သည်အထဲတွင် အမေရိကန် သိပ္ပံမဂ္ဂဇင်း[၁] လို မဂ္ဂဇင်းမျိုးလည်း ပါဝင်ခဲ့လေသည်။ သူ ဗားနတ်ပိဋကတ်တိုက်သို့သွားလေတိုင်း မကြာခဏဆိုသလိုပင် အသားဖြူဖြူ အရစ်မြင့်မြင့် ပိန်ပိန်နွဲ့နွဲ့ လူကြီးတယောက် ပေပုရပိုက်များ လှန်လှောဖတ်ရှုနေသည်ကို မြင်တွေ့ခဲ့ရသည်။ နောင်တွင် ထို လူကြီးမှာ သူရိယသတင်းစာတွင် စာများရေးသားနေသည့် စာရေးဆရာကြီး ဆရာလွန်း (သခင်ကိုယ်တော်မှိုင်း) ဆိုသူ ပုဂ္ဂိုလ်ကြီး ဖြစ်မှန်း သိရလေသည်။

သူ ဗားနတ်သို့ရောက်ခါစက ပေပုရပိုက်ဆိုသည်ကို မဖတ်ဘူး မကြည့်ဘူးသဖြင့် ဖတ်ကြည့်ချင်စိတ် ပေါ်လာသည်နှင့် အစောင့်အဖိုးကြီးထံ သွား၍ ပေတာဆူငှားလေသည်။ အဖိုးကြီးမှာ ပိဋကတ်တိုက်ရှိ ပေပုရပိုက်များကို တာဝန် ဝတ္တရားအရ စောင့်ရှောက်နေသူသာမဟုတ်၊ သံယောဇဉ် ကြီးမားစွာဖြင့် ထိန်းသိမ်းစောင့်ရှောက်နေသူ ဖြစ်သည်။ ပေတာဆူလာငှားသည့် ကိုရှိန်ကိုကြည့်ကာကလေးသာသာ ထင်မှတ်သဖြင့် "မင်း ပရိတ်ကြီး သင်ဘူးသလား၊ နမက္ကာရ သင်ဘူးသလား၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်းသင်ဘူးသလား၊ သဂြိုဟ်သင်ဘူးသလား" စသည်ဖြင့် မြန်မာစာပေမည်မျှသင်ကြားဘူးသည်ကိုမေးစမ်းလေသည်။ အဖိုးကြီးမေးသမျှ ကိုရှိန် မဖြေကြားနိုင်၊





သူသင်ခဲ့ရသော အတန်းကျောင်းတွင် အဖိုးကြီးမေးသမျှ စာများ တပုဒ်မှလည်း မဖတ်ရမသင်ခဲ့ရ။ မဖြေနိုင်သဖြင့် ပေပုရပိုက်များလည်းမကြည့်ရတော့ချေ။ နောင် ဗားနတ်သို့အရောက်အပေါက်များလာသည့်အခါမှ အစောင့်အဖိုးကြီး ဦးသက်နှင့်ခင်မင်ရင်းနှီးပြီး ဗားနတ်ရှိစာပေများကို စိတ်တိုင်းကျ ရှာဖွေမွှေနှောက် ဖတ်ရှုနိုင်တော့သည်။ ပြင်ပ စာအုပ်ဆိုင်များတွင် မဝယ်နိုင်သည့် စာအုပ်များကို ဗားနတ်ပိဋကတ်ပိုက်မှ စိတ်တိုင်းကျ ငှားဖတ်နိုင်ခဲ့သည်။

ပြင်ပစာအုပ်ဆိုင်ဆို၍ ရန်ကုန်တွင် စာအုပ်ဆိုင် ကြီးကြီးမားမား များများစားစားရှိသည်မဟုတ်။ သူ ကျောင်း သားဘဝက ရေကျော် 'မက်သဒစ်ကျောင်းသို့ သွားသည့် အခါ' သူယခုလုပ်ကိုင်နေသည့် ကုန်သည်လမ်းနှင့် လွှတ်တော်လမ်းထောင့်ရှိ စီလျံဂျက်ကုမ္ပဏီနေရာတွင် မိုင်းစတင်းဒစ်ရှ်[၂] ခေါ်သည့် စာအုပ်ဆိုင်ကြီးတဆိုင်ကို တွေ့ရသည်။ သူမှတ်မိသမျှ ထို စာအုပ်ဆိုင်သည် ရန်ကုန်တွင် သူအစောဆုံး တွေ့ခဲ့ရသည့် စာအုပ်ဆိုင် ဖြစ်လေသည်။ ထိုစဉ်က ဆိုင်အတွင်း လှပစွာ ခင်းကျင်းပြသထားသည့် စာအုပ်များကို ကျောင်းသွားရင်း ပြင်ပကသာ ကြည့်ရှုခဲ့ရလေသည်။

ကိုရှိန် စီလျံဂျက်တွင် အလုပ် လုပ်နေသည့်အခါ မိုင်းစတင်းဒစ်ရှ် စာအုပ်ဆိုင်ပိုင်ရှင် မစ္စတာစမတ်ဆိုသူမှာ သေဆုံးသွားပေပြီ။ စမတ်၏ဇနီး က ထိုဆိုင်တွင် စာရေးကြီး လုပ်နေသည့် ကုလားအဖိုးကြီး မိုကာဒမ်ဆိုသူနှင့် ပူးပေါင်း၍ စမတ် အင်မိုကာဒမ် ဟူသော အမည်ဖြင့် မြန်မာအသွေ တိုက်အနီးသားလမ်းတွင် စာအုပ်ဆိုင်ဖွင့်ကြသည်။ ကုလားအဖိုးကြီး မိုကာဒမ်မှာ စားပွဲတွင်ထိုင်၍ အိပ်ငိုက်တတ်သည့် အကျင့်ရှိသည်။ တနေ့



www.burmeseclassic.com

www.burmeseclassic.com


သူတို့ စာအုပ်ဆိုင်သို့ မြန်မာပြည်ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာ စာအုပ်များဝယ်ရန် ရောက်ရှိလာသည်၊ ဆာဟာကုတ်ဘတ္တလာသည် ဆိုင်အတွင်းရှိ စာအုပ်များကို ဝယ်ယူရန်လိုက်လံကြည့်ရှုနေသည်။ အိပ်ငိုက်နေသော အဖိုးကြီး မိုကာဒမ်က မသိ၊ အရောင်းစာရေးတဦးက ဘုရင်ခံ စာအုပ်ဆိုင်ထဲရောက်နေကြောင်း သူ့ကိုသွားပြောသည့်အခါ ကမန်းကတမ်းထ၍ ဘုရင်ခံကိုအရိုအသေပြုရသည်ဟု သူနှင့်ခင်မင်ရင်းနှီးလာသည့် ကိုရှိန်ကို ပြောပြခဲ့လေသည်။

တနေ့ကိုရှိန်တယောက် ကက်ဆင်[၃] ၏စာအုပ်တအုပ်ဝယ်ရန် ဘားလမ်းရှိစမတ် အင် မိုကာဒမ်စာအုပ်ဆိုင်သို့ ရောက်ခဲ့သည်။ ဆိုင်တွင် သဘင်းစာ စက္ကူလိပ်များတွေ့ရသဖြင့် ဆိုင်ပိုင်ရှင် အဖိုးကြီး မိုကာဒမ်ကိုမေးကြည့်သည်။ ရေနံချောင်းမှ အမေရိကန်ရေနံတွင်းတူးသူ ဒရေလာများက အမေရိကန်မှ မှာထားသောသတင်းစာများဖြစ်ကြောင်း၊ ယခု သူတို့ အမေရိကန်သို့ ပြန်သွားကြ၍ ရွေးမည့်သူ မရှိသဖြင့် ဆိုင်တွင် ရောင်းရန်တင်ထားကြောင်း ပြောပြလေသည်။ ရောင်းဈေးကိုမေးရာ သဘင်းစာစက္ကူတလိပ်တကျပ် ဆိုသဖြင့် ရှိသမျှသဲ့ လေးငါးလိပ်လုံးအကုန်ဝယ်ခဲ့လေသည်။

ကိုရှိန်သည် အိမ်အရောက်ပင်မစောင့်နိုင်၊ ဘောက်ထော်သို့ ပြန်ရန် မီးရထားစောင့်ရင်း သတင်းစာလိပ်ကို ဖေါက်ဖတ်ရာ သတင်းစာနဖူးစီးတနေရာတွင် "တိကျမှန်ကန်သော သတင်းများကိုသာ ရိုက်နှိပ်သည်" ဟူသောဆောင်ပုဒ်ကလေးပါသည့် နယူးယောက်တိုင်းသတင်းစာ[၄] ဖြစ်နေလေသည်။ သို့ဖြြင့် ကိုရှိန်တယောက် ကံကောင်းထောက်မ၍ ကမ္ဘာကျော် နယူးယောက်တိုင်းသတင်းစာကြီးနှင့် အမှတ်မထင်ဆုံစီးခဲ့ရ၏။ ထိုအချိန်မှစ၍ကမ္ဘာ့နိုင်ငံများအကြောင်း သိကောင်းစရာများပါသည့်နယူးယောက်တိုင်းသတင်းစာကို တနှစ်လျှင် ၅၄ကျပ်ဖြင့် ဒုတိယကမ္ဘာစစ်ဖြစ်သည်အထိ မှာယူဖတ်ရှုခဲ့လေသည်။ မိုကာဒမ်၏ စာအုပ်ဆိုင်မှပင် ကမ္ဘာတွင် ထူးချွန်သူများအတ္ထုပ္ပတ္တိကို စေ့စေ့စပ်စပ် နိုက်နိုက်ချွတ်ချွတ် ရေးသားတတ်သူ စစ်ဒလီဆိုသူရေးသားသောအတ္ထုပ္ပတ္တိများပါသည့် အမေရိကန်မဂ္ဂဇင်းနှင့် ကမ္ဘာတွင်ထူးဆန်းသမျှရေးသားထားသည့် ကာရင့်ဟစ်စတြီ[၅]ကဲ့သို့သော မဂ္ဂဇင်းများကို ဝယ်ယူဖတ်ရှုခဲ့လေသည်။

အားကစားနှင့် စာပေကိုသာ စိတ်ပါဝင်စားခဲ့သည့် ကိုရှိန်သည် သူ၏စာအုပ်များတွင် "ကျုပ်အတွက် အကောင်းဆုံးတာဝရအပေါ်မွှန်" ဟုရေးထိုးထားခဲ့သည်အထိ ထိုစဉ်က သူ့ဘာအားဖော်မွှန်မှာ စာအုပ်စာပေများပင် ဖြစ်ခဲ့လေသည်။

× × × × ×

ကိုရှိန်အား နိုင်ငံနှင့်လူမျိုးအတွက် ကာယဗလကိုယ်လက်ကျန်းမာရေးလုပ်ငန်းဖြင့် သယ်ပိုးလိုစိတ်ပေါ်ပေါက်စေရန် စာပေကပင် လှုံ့ဆော်ခဲ့၏။ ထိုစာအုပ်စာပေများမှာ ဂရိနှင့်ရောမရာဇဝင်များ ဖြစ်လေသည်။

ကိုရှိန်သည်ဝမ်းရေးအတွက်ကောင်းနိုးရာရာအလုပ်ပြောင်းရွှေ့လုပ်ကိုင်နေစဉ်မှာပင် သူနှင့်ခင်မင်ရင်းနှီးသည့် ကျောင်းနေဖက်သူငယ်ချင်း ကိုဖိုးချမ်းသည် ပညာဆက်လက်သင်ကြားနိုင်ခဲ့သဖြင့် ကောလိပ်ကျောင်းသို့ပင် တက်ရောက်သင်ကြားနေပေပြီ။ ကိုဖိုးချမ်း တက်ရောက်သင်ကြားရသည့် ကောလိပ်ကျောင်းမှာ အမေရိကန်နှစ်ခြင်းသာသနာပြုအဖွဲ့မှ တည်ထောင်ဖွင့်လှစ်ထားသော စိန့်ဂျွန်းလမ်းရှိ ဗက်ပတစ်ကောလိပ်ခေါ်

၃။ Herbert Casson
၄။ New York Times
၅။ Current History

www.burmeseclassic.com

www.burmeseclassic.com

ဂျပ်ဆင်ကောလိပ် (ယုဒသန်ကောလိပ်) ဖြစ်လေသည်။ ကိုဖိုးချမ်းတို့ ဂျပ်ဆင်ကောလိပ်တွင် အခြားသင်ခန်းစာများနှင့်အတူ အနောက်တိုင်းရာဇဝင်ကိုလည်းသင်ကြားရသည်။ယင်းရာဇဝင်များထဲတွင် ဂရိနှင့် ရောမရာဇဝင် များ လည်း ပါဝင် လေသည်။

တနေ့ သူငယ်ချင်းနှစ်ဦးတွေ့ဆုံရာတွင် ကိုရှိန်က မေးမြန်းသဖြင့် ကိုဖိုးချမ်းက သူတို့ကောလိပ်ကျောင်းတွင် သင်ကြားရသည့် ဂရိနှင့် ရောမရာဇဝင်များအကြောင်း ပြောပြလေသည်။ ဂရိနှင့်ရောမရာဇဝင်ကို ကိုရှိန် သိချင်ဖတ်ချင်သည်နှင့် ကိုဖိုးချမ်းထံမှ ရာဇဝင်စာအုပ်များ ငှားယူလာခဲ့သည်။

ဂရိရာဇဝင်မှ ဂရိလူမျိုးတို့ သန်စွမ်းပုံအကြောင်းများ၊ အိုလံပစ်ပွဲတော်ကျင်းပပုံ စသည်များဖတ်ရသည့်အခါ ကိုရှိန်စိတ်ဓာတ် တက်ကြွလာသည်။ ဂရိရာဇဝင်ကို နှစ်နှစ်ကာကာ နားလည်သဘောပေါက်အောင် ကြိုးစား၍ ဖတ်သည်။ နားမလည်သည့်စာလုံးများ အဓိပ္ပါယ်များရှိလျှင် ဂျပ်ဆင်ကောလိပ်ရှိ သူငယ်ချင်း ဖိုးချမ်းထံပြေး၍ မေးရပြန်သည်။ကြာတော့ ဂျပ်ဆင်ကောလိပ်သည် သူငယ်ချင်းကိုဖိုးချမ်းကို အကြောင်းပြု၍ ကိုရှိန် အဖို့ မကြာခဏ သွားရောက်လည်ပတ်ရာ သုတရှာမှီးရာ ဌာနတခုဖြစ်ခဲ့လေသည်။ တနေ့ ဂျပ်ဆင်ကောလိပ်ပြေးခုန်ကစားပွဲကျင်းပသည်နှင့်ကြုံကြိုက်၍ ဝင်ကြည့်ရာ ဝါးလုံးထောက်ခုန်ပြိုင်ပွဲတွင် အကြိတ်အနယ်ယှဉ်ပြိုင်နေသူနှစ်ဦးကို တွေ့ရလေသည်။ ထိုနှစ်ဦးမှာ ဖိုးသော်တာ (နာမည်ကျော် ဘောလုံးသမားဖြစ်လာသူ)နှင့် ကိုဖိုးကျား-(အမျိုးသားပညာဝန်ဖြစ်လာသူ) ဆိုသူတို့ဖြစ်ကြောင်းသိရလေသည်။

ကိုရှိန် ကာယဗလအလေးမလေ့ကျင့်ခဲ့သည်မှာ နှစ်အတန်ကြာမြင့်ခဲ့ပြီ။ သူငယ်ချင်းများစု၍ ကာယဗလအလေးမ အသင်းတခုပင် တည်ထောင်ထားကြသည်။ သူငယ်ချင်းရှိ



ရှောင်သည် မက်ဆစ်နည်းဖြင့်လေ့ကျင့်၍၊ ရန်ကုန်မြို့တွင် ဦးစွာပထမ ဝမ်းဗိုက်ကြွက်သားအမြှောင်းလိုက် ပေါ်အောင်လှုပ်ရှားပြသနိုင်သည်အထိ တိုးတက်လာသည်။ ကိုရှိန်ကတော့ ချယ်ဂါလီသည်းအကြီးစားပေါ်တွင် ကုလားများအပြည့်တင်၍ သူ့လက်မောင်းပေါ် ဖြတ်ကျော် အကြိတ်ခံပြနိုင်သည်အထိ ကိုယ်ရောစိတ်ပါ သန်စွမ်းလာသည်။

ကိုရှိန်နှင့် သူတို့သူငယ်ချင်းတစု ကာယဗလအလေးမကျင့်ကြသည်မှာ ဝါသနာအရ ကျန်းမာသန်စွမ်းရုံမှအပ မြင့်မြင့်မားမားရည်ရွယ်ချက်များ ထားရှိကြသည်ကား မဟုတ်။ သူတို့အတွက် ကျန်းမာရေး၊ သူတို့သန်စွမ်းရေး၊ သူတို့လေ့ကျင့်ကြသမျှ အရာရာတွင် သူတို့အတွက်သာ ဖြစ်သည်။ ကိုရှိန်တယောက် ဂရိရာဇဝင်ကိုဖတ်ပြီးသည့်အခါ သည်အတွေးအခေါ် အယူအဆများ အဝေးသို့ လွင့်ပါးပျောက်ကွယ်သွားပေပြီ။သူတယောက်တည်း ကျန်းမာဖို့မဟုတ်၊ သူတယောက်တည်း သန်စွမ်းဖို့မဟုတ်၊ သူတို့သူငယ်ချင်းတစု ကျန်းမာသန်စွမ်းရုံဖြင့်လည်းမပြီး၊ သူ့စိတ်ထဲတွင် တခါမှမတွေးဘူးသည့် အတွေးအခေါ်များ ဝင်ရောက်လာသည်။

သူဖတ်ရသည့် ဂရိရာဇဝင်မှ ဂရိလူမျိုးတို့သည် တမျိုးသားလုံး ကျန်းမာသန်စွမ်းအောင် လုပ်ကိုင်ဆောင်ရွက်ကြသည်။ ဂရိကျွန်းဆွယ်တွင်တနိုင်ငံနှင့်တနိုင်ငံ စစ်ခင်းစစ်ပြိုင်နေသော်လည်း လေးနှစ်တကြိမ် စစ်ပွဲများရပ်နား၍ အိုလံပတ်တောင်ခြေတွင် ကစားခုန်စားပွဲကြီးများ ကျင်းပကြသည်ကို ကိုရှိန်နားလည်သဘောပေါက်လာသည်။ အထူးသဖြင့် စပါတန်လူမျိုးများ၏ လူမျိုးကျန်းမာသန်စွမ်းရေးလုပ်ငန်းကို ပို၍ စိတ်ဝင်စားသည်။စပါတန်လူမျိုးတို့မှာ ကလေးငယ်များ မွေးဖွားလာကြလျှင် ချိုလီဆိုသည့်အရပ်သို့သွား၍ စစ်ဆေးမည့်အဖွဲ့ဝင်လူကြီးများရှေ့မှောက်တွင် အစစ်အဆေးခံကြရသည်။ က

www.burmeseclassic.com

www.burmeseclassic.com



လေးငယ်မှာ အင်္ဂါချွတ်ယွင်းမှုမရှိဘဲ ကျန်းမာနေပါက သူ့အတွက် နိုင်ငံကတာဝန်ယူသည်။ မကျန်းမာမသန်စွမ်းသည့် ကလေးဖြစ်နေလျှင် အပိုသီဘီဆိုသည့် ချောက်ကမ္ဘားအောက်သို့ ပစ်ချလိုက်လေသည်။ စပါတန်တို့သည် ဤမျှအထိ နိုင်ငံအတွက် တမျိုးသားလုံး ကျန်းမာသန်စွမ်းရေးကို အဓိကထားဆောင်ရွက်ခဲ့ကြသည်။

ဂရိရာဇဝင်မှ ယင်းသို့ တပ်လှန့်နှိုးဆော်လိုက်သည့်အခါ ကိုရှိန်တယောက် သူ့ဝန်းကျင်ကို ကြည့်မိလာသည်။ မြန်မာလူမျိုးနှင့် မြန်မာနိုင်ငံ အကြောင်း အလေးအနက်ထား၍ စဉ်းစားလာမိသည်။ ဂရိတို့က သူတို့အချင် သူတို့ဘုရင်နှင့် လွတ်လပ်သည့်လူမျိုး၊ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့က အင်္ဂလိပ်လက်အောက် ကျွန်သဘောက်အဖြစ် ကျရောက်နေသည့်ဘဝ၊ ကိုရှိန်တွင် နိုင်ငံရေးအသိစိတ်ဓာတ်များ၊ အမျိုးကိုချစ်သည့်စိတ်ဓာတ်များ ယခင်ကထက် ပို၍ပြင်းပြလာခဲ့သည်။

၁၉၂၀ပြည့်နှစ်တွင် ကောလိပ်ကျောင်းသားများက တက္ကသိုလ်အာဏာပိုင်များနှင့် ဗြိတိသျှအစိုးရကို ဆန့်ကျင်၍ ရန်ကုန်တက္ကသိုလ်ဥပဒေကို ကန့်ကွက်ရင်း သပိတ်တိုက်ပွဲဆင်နွှဲခဲ့ကြသည်။ ကိုလိုနီစနစ်၏ အဖိအနှိပ်ခံ နင်းပြားဘဝကို အမြစ်ကလှန်၍ အာဏာဖီဆန်ပြလိုက်သော သပိတ်မှောက်ကျောင်းသားများကိုပြည်သူတရပ်လုံးကလှိုက်လှဲစွာထောက်ခံအားပေးခဲ့ကြသည်။ ထိုပြည်သူများထဲတွင် ကိုရှိန်တယောက်လည်း ပါဝင်ခဲ့သည်။ သပိတ်မှောက်ကျောင်းသားများထဲတွင် ယုဒသန်ကောလိပ်မှ သူငယ်ချင်းကိုဖိုးချမ်းလည်း ပါဝင်ခဲ့သည်။ ဗိုလ်ချုပ်နှင့် ရုံးချင်းကပ်လျက်ရှိသော မက်ဆင့်ကုမ္ပဏီမှ ကိုရှိန်နှင့်ခင်မင်ရင်းနှီးသည့် စာရေးကြီးဦးမောင်ကလေး(ပညာဝန်ဦးဖိုးကျား၏ယောက္ခမ)ကလည်း သပိတ်မှောက်ကျောင်းသားများကို ကူညီအားပေးနေသည်။ ကိုရှိန်လည်းသပိတ်မှောက်ကျောင်းသားအရေးတွင် သူတတ်စွမ်းသမျှ ကူညီ အားပေးခဲ့လေသည်။

သည့်နောက် ဂျီစီဘီအေ၊ မြန်မာအသင်းချုပ်ကြီးကလည်း အင်အားကြီးမားစွာဖြင့် တပြည်လုံးတွင် ဝံသာနုဆိုသောအသံများ မြည်ဟီးလျက်ရှိနေသည်။ ဝံသာနုဆိုသောဝေါဟာရကို လူတိုင်းက အမြတ်တနိုးခေါ်ဝေါ်သုံးစွဲကြသည်။ ဈေးဆိုင်များမှာပင်ဝံသာနုဟူသောစာတန်းရေးထိုးထားသည်အထိဝံသာနုများ နိုင်ငံရေးအင်အား ရှိလာသည်။ အင်္ဂလိပ်အစိုးရကမည်မျှပင်နှောင့်ရှက်စေကာမူ ပမာဏမထား။စည်းလုံးညီညွတ်ခြင်းအားဖြင့် တွန်းလှန်ဖြိုဖျက်နိုင်သည်အထိ ဝံသာနုများ လွန်စွာတန်ခိုးထက်သော အချိန်ကာလဖြစ်သည်။

ဤကဲ့သို့မြန်မာနိုင်ငံတွင်နိုင်ငံရေးဒီရေလှိုင်းများအရှိန်အဟုန်ပြင်းစွာဖြင့် တက်နေဆဲမှာပင် ကိုရှိန်တယောက် ထူးထူးခြားခြား ဂရိလူမျိုးများလို မြန်မာတမျိုးသားလုံး ကျန်းမာသန်စွမ်းလာအောင် ဆောင်ရွက်လိုစိတ်ဆန္ဒများပြင်းပြလျက်ရှိနေခဲ့သည်။ လွတ်လပ်သည့် တိုင်းပြည်များလို ပြေးခုန်ကစားပွဲကြီးကျင်းပချင်သည်။ ကိုယ့်တိုင်း၊ ကိုယ့်ပြည်၊ ကိုယ့်လူမျိုးအတွက် ကျန်းမာသန်စွမ်းရေးလုပ်ငန်းများဆောင်ရွက်လိုစိတ်များ တဖွားဖွားပေါ်ပေါက်လျက် ရှိနေခဲ့သည်အထိ ဂရိရာဇဝင်စာပေက သူ့အပေါ် လွှမ်းမိုးခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၇

# နဖူးစာရွာသည်

မြန်မာရုပ်ရှင်ခေတ်ဦး မေတ္တာနှင့် သူရာရုပ်ရှင်ဇာတ်ကားကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၆ ရက်နေ့၌ စီနီမာဒီပဲရစ်ရုပ်ရှင်ရုံတွင် ပြသခဲ့သည်။ မေတ္တာနှင့် သူရာ ရုပ်ရှင်ဇာတ်ကား၏ အောင်မြင်မှုကြောင့် မြန်မာရုပ်ရှင်ဇာတ်ကားများ တကားပြီးတကား ပေါ်ထွက်လာခဲ့သည်။ ရုပ်ရှင် ကုမ္ပဏီများလည်း တခုပြီးတခု တိုးပွားလာတော့သည်။

ရုပ်ရှင်လုပ်ငန်းကိုလည်း ငွေကြေးစီးပွားရေးအဓိကထား၍ လုပ်ကိုင်သူများ ရှိလာသလို ရုပ်ရှင်ဝါသနာထုံ၍ အပျော်စေတနာသက်သက်ဖြင့် ပါဝင်ကူညီ ဆောင်ရွက်သူများလည်း ရှိလာကြသည်။ ထိုဝါသနာပါသူများထဲတွင် ကိုရှိန်၏ညီ ကိုစိန်၏ သူငယ်ချင်း ဟိုက်စကူးကျောင်းသား ကိုညီပုသည် ပထမမြန်မာရုပ်ရှင်ဇာတ်ကား ဖြစ်သည့် မေတ္တာနှင့် သူရာ ဇာတ်ကားတွင် အပျော်ထမ်းဇာတ်လိုက်မင်းသားအဖြစ် ပါဝင်ခဲ့၏။ ကိုရှိန်၏ကျောင်းနေဖက်သူငယ်ချင်းတဦး ဖြစ်သူ ဦးဆင် ဒေါ်ဌေးတို့၏သားမောင်မောင်သည်လည်း မြန်မာရုပ်ရှင်ဒုတိယဇာတ်ကားဖြစ်သည့် ရွှေပေးလို့မရဇာတ်ကားတွင် ဇာတ်လိုက်မင်းသားအဖြစ် အပျော်ထမ်း ပါဝင်ရိုက်ကူးခဲ့လေသည်။



ထိုစဉ်က ရန်ကုန်မြို့ရှိ ခေတ်ပညာတတ်အသိုင်းအဝိုင်းတွင် ရုပ်ရှင်လုပ်ငန်းကို ဝါသနာထုံ၍ ဇာတ်လိုက် ဇာတ်ဆောင်များအဖြစ် ပါဝင်သရုပ်ဆောင်ကြသည်ကိုပင် ပျော်စရာဝါသနာလုပ်ငန်းတခု ဖြစ်နေလေသည်။ ကိုရှိန်နှင့် အလေးမကာယဗလလေ့ကျင့်ဖော်လေ့ကျင့်ဖက် သွားတူလာဖက် သူငယ်ချင်းဖြစ်သူ ကိုလှမောင်သည်သည်း ယင်းအသိုင်းအဝိုင်းတွင်ပါဝင်ခဲ့လေသည်။

၁၉၂၃ ခုနှစ်တွင် ရန်ကုန် အရှေ့ပိုင်း ၄၆ လမ်းမှ ဓာတ်ပုံဆရာကြီး ဦးဒွေးခေါင်းဆောင်လျက် ကုန်ရေးတန်းမှဒေါက်တော်မှီတိုက်ပိုင်ရှင် ဦးဘလှ၊ ရွှေတိဂုံဘုရားလမ်းဗုဒ္ဓဘာသာကျောင်းအုပ်ကြီးဦးထွန်းဖေ၊ ကုန်သည်ဦးစိန်ဟုတ်စသူတို့ စုပေါင်းကာ ဘားမိစ်မူးဗင်းပစ်ချာ [၁] အမည်ဖြင့် ရုပ်ရှင်ကုမ္ပဏီတခု တည်ထောင်ကြသည်။ ပထမဦး စွာ သီတာမြဇာတ်ကားတွင်ကိုရှိန်၏ သူငယ်ချင်းဖြစ်သူ ကိုလှမောင်နှင့် ကိုဆန်နီ၊ ကိုသန်းဖေတို့ကို ခေါင်းဆောင်ဇာတ်လိုက်ထား၍ ရိုက်ကူးခဲ့လေသည်။ သီတာမြဇာတ်ကား၏ ဇာတ်ထမ်းမှာ ကျိုက်ထီးရိုးတောင်ခြေတွင် ပန်းရှာသွားသည့် မင်းသားကို တောဆင်ရိုင်းများက လိုက်သဖြင့်ထွက်ပြေးရာမမြော်လင့်ပဲ တောင်ယာလုပ်သူ ကရင်မလေးနှင့်တွေ့ဆုံကာ ချစ်ကြိုက်သွားသည့် ဇာတ်လမ်းဖြစ်လေသည်။

ထိုစဉ်က ရိုက်ကူးပြသသမျှမြန်မာရုပ်ရှင်ဇာတ်ကားများကို ပြည်သူလူထုကလည်း အားပေးကြည့်ရှုကြသည်။ ရုပ်ရှင်ကုမ္ပဏီများကလည်း သူ့ထက်ငါဦးအောင် ထူးအောင် စီစဉ်ရိုက်ကူးလာကြတော့သည်။ သည်အထဲတွင် ကုန်ဈေးတန်း ဦးဘိုနီ ဟုတ်တည်ထောင်သော သီတာဖလင်းမှ စာရေးဆရာပီမိုးနင်းဇာတ်ညွှန်းရေးသားသည့် နဖူးစာရွာလည်ဇာတ်ဆန်းကို ရိုက်ကူးရန်

---

၁။ Burmese Moving Picture

www.burmeseclassic.com



စီစဉ်ကြသည်။ နဖူးစာရွာလည် ဇာတ်ကားကို ဇာတ်ဆန်းဟု ခေါ်ဆိုရခြင်းမှာ ထိုစဉ်က မြန်မာ့ရုပ်ရှင်ဇာတ်လမ်းများမှာ မြန်မာလူမျိုးတို့၏ မိရိုးဖလာဗီဇဖြစ်သည့် ဇာတ်သဘင်နွယ်လာ မေတ္တာစကားထာများပါဝင်သောအလွမ်း၊အဆွေး၊အသော၊ ဟာသ၊ ဆုံးမစာ၊ သင်္ခန်းစာ စသည်တို့ကိုသာ သူရိုက်ကိုယ် ရိုက် ရိုက်ကူးပြသနေသောကြောင့် ဖြစ်ပေသည်။

နဖူးစာရွာလည်ဇာတ်ကားတွင် အထိုး အသတ် အခုန်အပျံ စသည့် အကြမ်းအရမ်းအခန်းများပါရှိနေသောကြောင့်ဇာတ် လမ်းနှင့်လိုက်ဖက်သူ ဇာတ်ဆောင်များရွေးချယ်ရန် စဉ်းစား ကြသည်။ ဤအခွင့်အရေးကို မြော်လင့် စောင့်စားနေသည့် ကိုလှမောင်သည် ကာယဗလ ထောင့်တင်းလှပသည့် သူငယ်ချင်း ကိုရှိန်နှင့် ညီဖြစ်သူကိုစိန်တို့ညီနောင်နှစ်ဦးကို နဖူးစာရွာလည် ဇာတ်ကားတွင် ဇာတ်ဆောင်များထားပြီး ရိုက်ကူးရန် ဦးစိန် ဟုတ်ကို အကြံပေးတိုက်တွန်းသည်။ တဖက်မှသူငယ်ချင်းကိုရှိန် တို့ကိုလည်း ရုပ်ရှင်လုပ်ငန်းဖြင့် သူတို့ရည်မှန်းထားသည့် ရည် ရွယ်ချက်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နဖူး စာ ရွာ လည်ဇာတ်လိုက်မင်းသားများအဖြစ် ပါဝင်ရိုက်ကူးရန် တိုက် တွန်းလေတော့သည်။

သူတို့ ရည်မှန်းထားသည့် လုပ်ငန်းမှာ မြန်မာ လူမျိုးများ ကျန်းမာ သန်စွမ်းရေးဖက်တွင် စိတ်ပါ ဝင်စားလာအောင် ကျယ်ကျယ်ပြန့်ပြန့် လှုံ့ဆော်ရေးဖြစ်လေသည်။ ကိုရှိန်ကတော့ ငွေကြေးတတ်နိုင်သူထံသာ နိုင်ငံခြားကမှာယူလေ့ကျင့်သည့် နည်းနိဿည်းများကို လူအများလေ့ကျင့် လိုက်စားနိုင်စေရန် တတ်နိုင်လျှင် ပြန့်ပွားအောင်လုပ်ချင်သည်။ ပန်းထိမ်တန်း (၂၂ လမ်း၊)ထရုပ်ဘုံကျောင်းရှေ့ရှိ အလေးမ လေ့ကျင့်ရာ စခန်း တွင် ကိုလှမောင်၊ ကိုရှိန်ရှောင်၊ ဒေါက်တာဘာစွမ်း စသူတို့ နှင့်အတူ လေ့ကျင့်နေစဉ် "ကျွန်တော်သာ ငွေကြေးတတ်နိုင်



ရင် ကျန်းမာသန်စွမ်းရေးပညာကို တနိုင်ငံလုံး ပြန့်ပွားအောင် လုပ်ပြလိုက်မယ်" ဟု မကြာခဏ ကြုံးဝါးလေ့ရှိသည်။ ကိုရှိန်၏ စိတ်ဓာတ်ကို နားလည် သဘောပေါက်၍ သူ၏ကြုံးဝါးချက် များကို အလေးအနက်ထားသူမှာ ကိုလှမောင်ပင် ဖြစ်သည်။ တခုခုကိုပြောဆိုပြီဆိုလျှင် ပြီးမြောက်အောင်မြင်အောင် မဖြစ် မနေလုပ်တတ်သော ကိုရှိန်၏ စိတ်ဓာတ်ကို ယုံကြည်သည်။

သူတို့ရည်မှန်းထားသည့် လုပ်ငန်းမှာ ကကြီးက စရပေဦး မည်။ အစ ပထမဇာတ်ကားတွင် ငွေကြေး အကုန်အကျခံသည့် ကုမ္ပဏီအတွက်ကော သူတို့အတွက်ပါ ရည်ရွယ်ချက် ထမြောက် အောင် စီစဉ်ကြသည်။ ဇာတ်လမ်းတွင် ပါဝင်သော အထိုး အကြိတ်၊ အသတ်အပုတ်၊ အခုန်အပျံစသည့် အခန်းများကို လူ အများ စိတ်ပါဝင်စားလာစေရန် စွန့်စွန့်စားစား လုပ်ပြကြ မည်။ စွန့်စားခန်းများကို ပရိသတ်က နှစ်သက်သဘောကျလက် ခံလာသည့်အခါ သူတို့ယခုလို စွန့်စွန့်စားစား လုပ်ပြနိုင်သည် မှာ ကျန်းမာသန်စွမ်းရေးအလေးမလေ့ကျင့်ခြင်း အကျိုးကျေး ဇူးကြောင့် ပြုလုပ်နိုင်ခြင်း ဖြစ်ကြောင်း ပြသကြမည်။ ဤနည်း ဖြင့် မြန်မာများ ကိုယ်လက်ကျန်းမာ သန်စွမ်းရေးကို စိတ်ပါ ဝင်စားလာအောင် လှုံ့ဆော်ကြရန် ဖြစ်လေသည်။

နဖူးစာရွာလည်ဇာတ်ကားဒါရိုက်တာမှာ ဦးဘသန်းဆိုသူ ဖြစ်သည်။ အမှန်စင်စစ် နဖူးစာရွာလည် ဇာတ်ကားမှာ ဇာတ် လမ်းဟူ၍ မည်မည်ရရ ရှိသည်ကား မဟုတ်၊ အထိုးအကြိတ်၊ အသတ်အပုတ်၊ အခုန်အပျံ စသည်များကိုသာ ဦးစားပေးထား သော ဇာတ်ကားဖြစ်သည်။ ကိုရှိန်၏ညီ ကိုစိန် (ဦးဗဂျိုင့်)က ဇာတ်လိုက်မင်းသား၊ ကိုရှိန်က လူဆိုးအဖြစ် သရုပ်ဆောင် သည်။ လူဆိုးအဖြစ် သရုပ်ဆောင်ရာတွင် ရိုးရိုးလူဆိုးပင်မဟုတ် သေး၊ မျက်နှာ ရွဲ့စောင်းစောင်း သွားခေါခေါနှင့် မြင်လျှင်

www.burmeseclassic.com

www.burmeseclassic.com



ပင် ကြောက်ရွံ့ဖွယ်ကောင်းသည့် ပုံသဏ္ဍာန်ဖြစ်အောင် မိတ်ကပ်များ၊ သွားတုများဖြင့် ပြင်ဆင်ထားလိုက်သေးသည်။

ဇာတ်လမ်းမှာ ကျိုက်သစ်မြို့မှ မောင်စိန်ညွန့် (ကိုစိန်)ဆိုသူ လူငယ်တယောက် ရန်ကုန်မြို့သို့အလုပ်အကိုင်ရှာဖွေရန် ရောင်လည်လည် ရောက်ရှိလာရာမှ လူဆိုးများနှင့်တွေ့ကာ ထိုးကြိတ်ကြသော အခန်းများပါသည့် ဇာတ်လမ်းဖြစ်လေသည်။ ကိုစိန်က လူဆိုးများစီးလာသော ဖို့မော်တော်ကားကို ရပ်သွားစေရန် လမ်းမှဆီးကြိုလှဲအိပ်လိုက်ရာ မော်တော်ကားက ကိုစိန်၏ ရင်ပတ်ပေါ်ကိုဖြတ်ကြိတ်သွားသည်။ ကံဘဲ့တနေရာရှိ နှစ်ထပ်တိုက် (ယခု ကံဘဲ့ ဆရာအဘတ်သင်နေရာ)အပေါ်မှ မန်ကျည်းပင်ဆီသို့ ဒိုင်ဗင်ထိုး၍ ခုန်ကူးရာ ကိုစိန်၏လက်မှာ အသားဟက်ထက်ကွဲ၍ သွေးချင်းချင်း ရဲနေသည်အထိ စွန့်စွန့်စားစား လုပ်ပြကြသည်။ ထိုစဉ်က ကုက္ကိုင်းရေလှောင်ကန်ကြီးမှာ တူးနေဆဲဖြစ်သဖြင့် ယင်း ကန်ဘောင်ပေါ်တွင်ထိုးကြိတ်ကြပြီး ကန်ထဲဒလိမ့်ခေါက်ကွေး ကျသွားကြပုံမှာလည်း အတော်စွန့်စားရသည့်အလုပ် ဖြစ်ခဲ့လေသည်။နဖူးစာရွာလည်ဇာတ်ကားတွင် ကိုရှိန်တို့ညီအကိုသည် ကာယဗလပြန့်ပွားရေးအတွက် ဤမျှအထိ သက်စွန့်ဆံဖျား အပင်ပန်းခံ စွန့်စားခဲ့ကြရလေသည်။

ဤကဲ့သို့ စတန့်အမျိုးမျိုး ရုပ်ရှင်ရိုက်ကူးနေရာသို့ စာရေးဆရာကြီး ပီမိုးနင်းလည်း အမြဲလိုလိုပင် လိုက်ပါကြီးကြပ်ပေးခဲ့သည်။ ဆရာပီမိုးနင်းသည် မကြာခဏ ရုပ်ရှင်ရိုက်ရာသို့ သူ့သားငယ်ကို ခေါ်လာလေ့ရှိသည်။ သူ့သားလေးမောင်ဘမောင်အား ကိုရှိန်တို့ စွန့်စွန့်စားစားလုပ်ကိုင်နေကြသည်ကို အတုယူအားကျစေရန် တမင်ခေါ်လာခြင်း ဖြစ်လေသည်။ ထိုစဉ်က ဖခင်ဖြစ်သူဆရာပီမိုးနင်းနှင့် ကိုရှိန်တို့ရုပ်ရှင်ရိုက်သည်ကို ငေးမောကြည့်ရှုနေသည့် ကလေးငယ်သည် နောင်တွင် နာ



မည်ကျော်စတန့်မင်းသားကျော်စိုးအမည်ဖြင့် ရုပ်ရှင်နယ်တွင် ထင်ရှားသည့် စတန့်ဇာတ်လိုက်မင်းသားတယောက် ဖြစ်လာလေသည်။

နဖူးစာရွာလည်ဇာတ်ကားကို ယခု ဗိုလ်ချုပ်အောင်ဆန်းဈေးနေရာရှိ စီနီမာဒီပဲရစ်ရုပ်ရှင်ရုံ၌ ၁၉၂၉ ခုနှစ် မေလ ၆ ရက်နေ့တွင် ပြသခဲ့သည့် တောမြိုင်စွန်းက လွှမ်းအောင်ဖန်ရုပ်ရှင်ကားအပြီးတွင်ရုံတင်ပြသခဲ့လေသည်။ ရုပ်ရှင်ကြည့်ပရိသတ်ကြီးမှာ ထိုကဲ့သို့ အသက်ဆံဖျားကြိုးပမ်းရိုက်ကူးထားပုံဇာတ်ကားမျိုး မတွေ့ဘူးကြသောကြောင့်များစွာအံ့သြသွားကြသည်။ လေချွန်သံတရှဲရှဲ လက်ခုပ်သံတဖြောင်းဖြောင်းဖြင့် အားပေးကြသည်အထိ အောင်မြင်မှုရရှိခဲ့သေသည်။ နဖူးစာရွာလည်ရုပ်ရှင်ကားမှာ မြန်မာ ရုပ်ရှင်ကားများထဲတွင် ပထမဆုံးစတန့်ရုပ်ရှင်ကား ဖြစ်ခဲ့သည်။ ကိုရှိန်တို့ညီအကိုနှစ်ဦးမှာလည်း ပထမဦးဆုံး မြန်မာစတန့်ဇာတ်လိုက်မင်းသားများဖြစ်ခဲ့ကြသည်။ သို့သော် ထိုစဉ်က စတန့်ဆိုသောစကားလုံးကို အသုံးမပြုကြသေးပဲ အထိုးအကြိတ်ဟူ၍သာ ခေါ်ဝေါ်ခဲ့ကြလေသည်။

ကိုရှိန်တို့ မြော်လင့်ထားသည့်အတိုင်း နဖူးစာရွာလည်ဇာတ်ကားအောင်မြင်သည်နှင့် ခင်လေးသစ္စာတင့်မေတ္တာ အမည်ဖြင့် သီတာဖလင်း၏ ဒုတိယမြောက်ရုပ်ရှင်ကားကို ဆက်လက်ရိုက်ကူးကြသည်။ ခင်လေးသစ္စာ တင့်မေတ္တာဇာတ်လမ်းဇာတ်ညွှန်းကို စာရေးဆရာကြီးပီမိုးနင်းကပင် ရေးသားသည်။ ကိုစိန် (ဦးပကျိုင်)က ဒါရိုက်တာလုပ်သည်။ ကိုရှိန်နှင့်မောင်မောင်တွန်း (ဘီအေ) တို့က ဇာတ်လိုက်မင်းသားအဖြစ် ပါဝင်ကြသည်။ မင်းသမီးမှာ ကြည့်မြင်တိုင် ပဒင်းတန်းသမအုန်းစိန်ဖြစ်သည်။ မင်းသမီးကို ကြိုပို့ရသူမှာ ရုပ်ရှင်ရိုက်ရာတွင် မှန်ထိုးကင်မရာထမ်းသည်မှအစ ဝါသနာအရ စေတနာသက်သက်ဖြင့် ကူညီနေသည့် မောင်မောင် (မောင်မောင်ရန်ကု



www.burmeseclassic.com

www.burmeseclassic.com



ကလောင်အမည်ဖြင့် ရုပ်ရှင်ဆောင်းပါး ရေးနေသူ) ဖြစ်လေသည်။

ခင်လေးသစ္စာတင့်မေတ္တာဇာတ်ကားမှာမြန်မာရုပ်ရှင်ကားများထဲတွင် ပထမဦးဆုံး အားကစားပညာပေး ရုပ်ရှင်ကားတကားဖြစ်ခဲ့သည်။ ကိုရှိန်နှင့်ကိုလှမောင်တို့သည် သူတို့ရည်ရွယ်ထားသည့်အတိုင်း သူတို့စွန့်စားခန်းများကို ပရိသတ်က လက်ခံသည်နှင့် အခွင့်သာ အခါသင့်ချိန်တွင် ကာယဗလ၊ အလေးမ၊ ကျန်းမာသန်စွမ်းရေး လုပ်ငန်းများကို ပြည်သူလူထု စိတ်ပါဝင်စားလာစေရန် စီစဉ်တော့သည်။ ထိုစဉ်က မြန်မာပြည်မြို့များတွင် ရုပ်ရှင်ပြသလျက် ရှိနေပြီဖြစ်သဖြင့် ကိုရှိန်တို့အဖို့ ရုပ်ရှင်ဖြင့်ကိုယ်လက်ကျန်းမာရေးဝါဒဖြန့်လုပ်ငန်းကို ဆောင်ရွက်ရန် များစွာ စိတ်ပါဝင်စားခဲ့သည်။ ရုပ်ရှင်သည် ပြည်သူလူထုကို မည်မျှအကျိုးသက်ရောက်စေသည်ကို ကိုရှိန်တို့ သဘောပေါက် နားသည်ကြသည်။ ခင်လေးသစ္စာဇာတ်လမ်းထဲတွင် မပါဝင်သည့် အားကစားပညာပေး အခန်းများကို သူတို့စိတ်တိုင်းကျ ခွင်ဝင်အောင် ရိုက်ကူးကြလေသည်။

ရုပ်ရှင်ဇာတ်ကားစတင်ပြသသည်နှင့် မှန်ဘီလူးအဝသည် တဖြည်းဖြည်းကျဉ်းရာမှ ကျယ်လာပြီး ဖိဇီကယ်ကားလချား (ကိုယ်လက်ကျန်းမာသန်စွမ်းရေး) ဟူသော ဖိဇီကယ်ကား[၂] ချားစာစောင်မျက်နှာဖုံးမှစာလုံးများ ပေါ်လာသည်။ သည့်နောက် တဖြည်းဖြည်းနှင့် ယင်းစာစောင်ကို ဖတ်နေသော ကိုရှိန်၏ပုံပေါ်လာပြီး မှိန်သွားသည်နှင့် ကိုရှိန်၊ ကိုလှမောင်၊ ဒေါက်တာဘိုးကျန်တို့က အလေးမကာယဗလလေ့ကျင့်နည်း၊ ဘောက်ဆင်ထိုး၊ ကြိုးခုန်စသည့် ကျန်းမာသန်စွမ်းရေးနည်း

[၂]။ Physical Culture



အချိုးမျိုးကို အချိန်အတော်ကြာ လုပ်ပြပြီးမှ ဇာတ်လမ်းစလေသည်။

ခင်လေးသစ္စာဇာတ်ကားတွင် ကိုရှိန်က မင်းသမီးမအုန်းစိန်၏ခမောင်အဖြစ်ပါဝင်သရုပ်ဆောင်ရသည်။ ယင်းဇာတ်ကားတွင် ကိုရှိန်၏ကာယဗလကျန်းမာသန်စွမ်းပုံများကိုသာ အဓိကထား၍ဇာတ်လမ်းနှင့်ရောပြွမ်း ဖန်တီးပြီး ရိုက်ကူးခဲ့သည်။ ခင်လေးသစ္စာတင့်မေတ္တာ ဇာတ်လမ်းမှာ ဤသို့ ဖြစ်သည်။ ရန်ကုန် ပေ၅ဝဆိပ် လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်နေသော ကိုသိန်း(ကိုရှိန်)နှင့် ဘိုးကျား(ဒေါက်တာဘိုးကျန်)တို့ကို လူမိုက်တစုကနောက်ပြောင်ရန်စကြသည်မှ တဦးနှင့်ဘဦး ထိုးကြိတ်ရိုက်နှက်ကြရာ လူဆိုးတဦး သေဆုံးသွားသည်၊ ကိုရှိန်နှင့်ဘိုးကျားတို့လည်း တခြားတနေရာသို့ ထွက်ပြေးတိမ်းရှောင်ရန် အခတော်သူထံခရီးစရိတ်ငွေ သွားတောင်းသည်။ အခဖြစ်သူမှာ ဒုက္ခ ရောက်လာသော မောင်ဖြစ်သူအတွက် မျက်ရည်စက်သက်ဖြစ်နေရှာသည်။ မောင်ဖြစ်သူကို အစားအသောက်များ ကျွေးမွေးပြုစု၍ သုံးစွဲရန်ငွေများ ပေးနေသည်ကို တံခါးကြားမှ ချောင်းကြည့်နေသော ခင်ပွန်းဖြစ်သူ မောင်မောင်တွန်းက အထင်အမြင် လွဲမှားပြီး ရိုက်မောင်းပုတ်မောင်းဖြစ်ကြသည်။

ကိုရှိန်လည်း သူငယ်ချင်းဘိုးကျန်နှင့်အတူ တောထဲသို့ထွက်ပြေးကြလေသည်။ တောထဲတွင် လူဆိုးများနှင့်တွေ့ကြပြီး ထိုးကြိတ်ကြရာမှ ကိုရှိန်ကို လူဆိုးများက မိသွားသည်။ လူဆိုးများမှာ စောလှိုင်(ရကူဦးစောလှိုင်အဖြစ် ထင်ရှားလာသူ)နှင့် လှမောင်ကြီး (နောင်တွင် ဗြိတိသျှဘားမားမှလူကြံ့ခိုင်လှမောင်ကြီး ဖြစ်လာသူ) တို့က ကိုရှိန်ကို သစ်ပင်တပင်တွင် ကြိုးဖြင့်ချောက်ထိုးဆွဲ၍ ညှဉ်းပန်းနှိပ်စက်ထားကြသည်။ ဤအခန်းမှာ ကိုရှိန်၏ ကာယဗလ မည်မျှသန်စွမ်းသည်ကို ပြသလို၍ အဓိက

www.burmeseclassic.com

www.burmeseclassic.com



ထားသည့် ရိုက်ကွက်ဖြစ်လေရာ သစ်ပင်တွင် ဇောက်ထိုးဆွဲ၍ ညှင်းပန်းနှိပ်စက်သည်ကို လွတ်မြောက်ရန် ရုန်းကန်လှုပ်ရှား ကြိုးစားပြသရသည်မှာ တကယ်တော့ ကိုရှိန်အဖို့ မသက်သာ လှချေ။ ကိုရှိန်တယောက်ဤသို့ အညှဉ်းဆဲခံနေရစဉ်–

"ရေမအောင်၊ နေမင်း ပြောင်ပြောင် နှင့် ကွင်း
ခေါင် ခေါင် ကြီး၊ ရေတိုက်သူပေါ်မလာ၍ အော်ပါ
သော်လည်း မဲမှောင်ရိပ်ညို၊ တကိုယ်ရေသစ်ပင်ထက်မှာ
မေးစက်ပျော်ဘူး...."

စသည့် ဆရာကြီး ပီမိုးနင်း၏လက်ရာလေးမှာ ယင်း ဇာတ်ဝင်ခန်းကို များစွာထိရောက်ခဲ့လေသည်။

ခင်လေးသစ္စာ တင့်မေတ္တာ ဇာတ်ကားမှာ မြန်မာလူမျိုးတို့အား ကျန်းမာသန်စွမ်းရေးကို လှုံ့ဆော်ပညာပေးသည့် ရုပ်ရှင်ကားအဖြစ် ကိုရှိန်တို့ ကာယဗလသမားတသိုက် တတ်အားသမျှ ကြိုးစားခဲ့ကြသည့် လုပ်ငန်းတရပ် ဖြစ်ခဲ့သည်။ ကိုရှိန် တို့ ညီနောင်အား ရုပ်ရှင်ကုမ္ပဏီများက ကာယဗလ စတန့် ဇာတ်ကားများ ရုပ်ရှင်ရိုက်ကူးရန် ဆက်လက် ကမ်းလှမ်းကြသော်လည်း လက်မခံခဲ့ကြတော့ပေ။ အကြောင်းဆိုရသော် ကိုရှိန်တို့မှာ တမျိုးသားလုံး ကိုယ်လက်ကျန်းမာရေးအတွက် ရုပ်ရှင်ဖြင့် ဝါဒဖြန့်လှုံ့ဆော်ရန် စေတနာသက်သက်ဖြင့် ဆောင်ရွက်ခဲ့ကြသောကြောင့်ပင်တည်း။

ကိုရှိန်တို့ ကြိုးပမ်းမှုကြောင့် ကာယဗလ ရုပ်ရှင်များကို ပရိသတ်ကြိုက်နှစ်သက်မှန်း သိကြသည့်အခါစီးပွားရေးလာဘ်မြင်သည့် ရုပ်ရှင်ကုမ္ပဏီအချို့က ဆက်လက်ရိုက်ကူးရန် ကြိုးစားလာကြသည်။ ဗန္ဓုလရုပ်ရှင်ကုမ္ပဏီ ဒါရိုက်တာ ဦးပေါ်ကြီးက ပန်းဝဲမောင်တင့်တယ် ဇာတ်ကားကို အိန္ဒိယမှခေတ္တပြန်ရောက်လာသော ကာယဗလတောင့်တင်းလှပသူ ဆေးကျောင်းသား ဝေါလတာချစ်ထွန်းအား ဇာတ်ဆောင်ထား၍ရိုက်ကူးသည်။



ဦးပေါ်ကြီးသည် ခုနစ်ရက်အတွင်း ဝေါလတာ ချစ်ထွန်းနှင့် ဆိုင်သည့်အခန်းကို ပြီးအောင် ရိုက်ကူးလေသည်။ ကာယဗလ ကိုယ်ဟန်ပြအခန်း နှစ်ခန်းကိုလည်း ရိုက်ကူးခဲ့သည်။ ဇာတ်ကားကို အမြန်ဆုံးရုံတင်ပြနိုင်ရန် ဇာတ်ကားအဖြစ်ဆိုရုံမျှ ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ အကြောင်းမူ ၁၉၂၄ ခုနှစ်၊ မတ်လတွင် မြန်မာ့ညွန့်ပေါင်းရုပ်ရှင်ကုမ္ပဏီမှ ဒဂုဏ်ပ ဦးဘတင်က မောင်တင့်တယ် ဇာတ်ကားကို ကျကျနန ခမ်းခမ်းနားနား ရိုက်ကူးပြသရန်အထက် မြန်မာပြည်သို့ တက်သွားကြောင်း ကြော်ငြာ ထားသောကြောင့် လက်ဦးအောင် စီစဉ်လိုက် ခြင်းဖြစ်လေသည်။

ပန်းဝဲမောင်တင့်တယ် ဇာတ်ကားတွင် ပါဝင်ခဲ့ရသော ဝေါလတာချစ်ထွန်းသည် ဆေးကျောင်းပြန်ဖွင့်တော့မည် ဖြစ်၍ကာလကတ္တားသို့ပြန်ရန်ဖြစ်သော်လည်း ဗန္ဓုလရုပ်ရှင်မှကတိပေးထားသည့်အတိုင်း ရုပ်ရှင်သရုပ်ဆောင်ခများ မပေးသေး၍ အချိန်အတော်ကြာ စောင့်ခဲ့ရလေသည်။ ဗန္ဓုလရုပ်ရှင်မှ ပန်းဝဲမောင်တင့်တယ် ဇာတ်ကားသည် ပေါ့ပေါ့ဆဆရိုက်ကူးပြသခဲ့သဖြင့် ရန်ကုန်တွင် ဝေါလတာချစ်ထွန်း၏ ကာယဗလ ကိုယ်ဟန်ပြခန်းများကို အထက်တန်းလွှာများကသာ နှစ်သက်ကြသည်။ နယ်တွင် ခမ်းခမ်းနားနားရိုက်ကူးထားသည့် ဒဂုဏ်ပ၏ အိမ်တွင်းမင်းမဟာဂီရိဇာတ်ကားနှင့် အပြိုင်ပြသရာ မယှဉ်နိုင်အောင် ကွာခြားလှသဖြင့် ဗန္ဓုလကုမ္ပဏီမှာ အရှုံးကြီးရှုံး ရလေသည်။

နဖူးစာရွာလည်နှင့် ခင်လေးသစ္စာတင့်မေတ္တာ ရုပ်ရှင်ဇာတ်များ၏ အမည်များမှာ လူပျိုကြီး ကိုရှိန် [illegible] တိုက်တိုက်ဆိုင်ဆိုင် ဆုံဆီးခဲ့သည့်အမည်များဖြစ်ဖို့က ကြုံလာသည်။ ကိုရှိန်၏အသက်မှာ ၃၀ အတွင်း ချဉ်းနင်းဝင်ရောက်နေပြီ ဖြစ်သော်

www.burmeseclassic.com



လည်း လူငယ်သဘာဝ သမီးရီးစားထား၍ ချစ်သူလည်းမရှာ၊ အိမ်ထောင်ပြုဖို့ဆိုလျှင် ဝေလာဝေး အေးအေးဆေးဆေးပင် သူ၏စာအုပ်များ၌ 'ကျွန်ုပ်၏အကောင်းဆုံးထာဝရအဖော်မွန်' ဟု ကမ္ပည်းရေးထိုးနေဆဲရှိသေးသည်။ သူနှင့်ပေါင်းသင်းနေသည့် အချစ်ဆုံးသူငယ်ချင်းကိုလှမောင်မှာလည်း သူလိုတကိုယ်တည်းလူပျိုကြီးဘဝဖြင့် နေသူဖြစ်သည်။

ကိုရှိန့်တို့အား ပညာသင်ကြားပေးသော အမများနှင့် ကိုရှိန်တို့ ဗိုလ်တထောင် နေစဉ်ကပင် မိဖလိုခင်မင်ရင်းနှီးခဲ့သည့် ဘလုတ်ဘရားသားစာရေးကြီးဦးဘဟန်တို့ကယာခုအသက် ၃၀ အရွယ်ရှိသည့်တိုင် အိမ်ထောင်ပြုမည့် အရိပ်အရောင် မမြင်ရသေးသည့် ကိုရှိန်အတွက် အိမ်ထောင်ရက်သားချထားပေးရန် စီစဉ်ရတော့သည်။ ကိုရှိန် အစွမ်းအစဖြင့် ဒီဘဝ မိန်းမရဖို့ဖြင့် မလွယ်၊သူက စာအုပ်နှင့်ကာယဗလမှလွဲ၍ ဘာမျှ စိတ်ဝင်စားသေးသည်မဟုတ်၊ အမများသည် သူတို့နှင့်ခင်မင်ရင်းနှီးသော ဘုန်းကြီးလမ်းမှ ဦးထွန်းပေါ် ဒေါ်ကျင် တို့၏သမီး မမြနှင့် နေရာချထားရန် လူကြီးချင်း စီစဉ်ကြသည်။ မမြမှာ အစ စ အရာရာ လိမ်မာရေးခြား ထက်ထက်မြက်မြက် ရှိသည့်ကို အမများက သဘောကျသည်။ လူငယ်ချင်းရင်းနှီးအောင် ကိုရှိန်ကို ဘုန်းကြီးလမ်း မမြတို့အိမ်သို့ ခေါ်သွားသည့်အခါ ခေါ်သွားသည်။ မမြတို့မိသားစုကိုလည်း ကိုရှိန်တို့ နေထိုင်ရာ ဘောက်ထော်အိမ်သို့ အလည်ဖိတ်သည့်အခါလည်း ဖိတ်သည်။

တနေ့ မမြတို့မိသားစုသည် ဘောက်ထော်ကိုရှိန်တို့ အိမ်သို့ အလည်အပတ်ရောက်လာကြသည်။ကိုရှိန်က သူနှင့်နေရာချထားပေးမည့် မိန်းကလေးဖြစ်ကြောင်း သိသော်လည်း မမြက မသိရှာ၊ ပြန်ခါနီးတွင် မမြက ကိုရှိန်ကို "သူငယ်ထေး....မင်းလဲ



ဘုန်းကြီးလမ်း ဒို့အိမ်ဖက် ရောက်ရင် ဝင်လည်ပေါ့" ဟု အသက် ၃၀ အရွယ်ရှိသော်လည်း အရပ် ငါးပေ သုံးလက်မဖြင့် လူငယ်ရုပ်ပေါက်နေသည့် ကိုရှိန်ကို ရိုးရိုးသားသားပင် ဖိတ်မန္တကပြုရှာသည်။ ကိုရှိန်တို့ နဖူးစာရွာလည် ရုပ်ရှင်ဇာတ်ကားနှင့် ခင်လေးသစ္စာရုပ်ရှင်ဇာတ်ကားရိုက်စဉ်က သူ့မိသားစုနှင့်အတူ မမြလည်းလာရောက်ကြည့်ရှုခဲ့သည်။ ခင်လေးသစ္စာ တင်ခမတ္တာရုံဘင်ပြသအပြီးတွင် နှစ်ဖက်သောမိဖများက သူတို့နှစ်ဦးကို နေရာချထားပေးခဲ့လေသည်။ ထိုနေ့မှစ၍ ကိုရှိန်အတွက်ထာဝရအဖော်မွန်တဦး ထပ်တိုးခဲ့လေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၈

# ချွေးနဲ့စာ ကမ္ဘာ့အလင်း

ကိုရှိန်တို့၏ အိမ်ထောင်ရေးက အဆင်ပြေလှသည်။ ကိုရှိန် တယောက် မိန်းမရ ကံကောင်းသည်ဟု ဆိုစမှတ် ပြုလောက် အောင်ပင် ဇနီးသည်မမြကြ အိမ်မှုကိစ္စဟူသမျှ အဖက်ဖက်က မလစ်ဟင်းစေရန် ထိန်းသိမ်းနိုင်သည်။ သမီးဦးလေးမအုန်း ကြည်ကိုသာမွေးဖွားခဲ့သည်၊အိမ်မှုကိစ္စဗာဟီရဆို၍ ကိုရှိန်ဘာ မျှပူပင်စရာမလို၊မမြကြ သည့်လိုအသေးအဖွဲ့ကိစ္စများဖြင့် လင် ဖြစ်သူကို ခေါင်းရှုပ်အောင် ဒုက္ခပေးထက်သူမဟုတ်၊ ကိုရှိန် ဝါသနာပါရာ အလေးမ အားကစားနှင့် စာပေကို လွတ် လွတ်လပ်လပ် စိတ်တိုင်းကျ လုပ်ကိုင်ရန် ကူညီခဲ့သည်။ ကိုရှိန့် အဖို့ အိမ်ထောင်ရှင် ကလေးအဖေဆိုသည့် နာမည်က လွဲ၍ လူးထူးကဲကဲ အိမ်မှုတာဝန်များက မရှိ၊ လူပျိုဘဝကအတိုင်းပင် အလေးမ၊အားကစားနှင့်စာပေကို သဲသဲမဲမဲလေ့လာဆဲ ဖတ်ရှု ဆဲပင် ဖြစ်လေသည်။

ကိုရှိန်အဖို့ မိန်းမရ ကံကောင်းခဲ့သလို စာပေကံကလည်း ကောင်းခဲ့သည်။ စာအုပ်မြင်လျှင် နားလည်သည် မလည်သည် အပထား အနည်းဆုံး လှန်လှောကြည့်ရှုလိုက်ရမှ ကိုရှိန်က ကျေနပ်သည်။ ဤအကျင့်ကြောင့်ပင် မမြော်လင့်သည့် နေရာ



များမှ သူ့အတွက် အကျိုးပြုအဖိုးတန် စာပေများ ရရှိခဲ့လေ သည်။ ထင်ပေါ်ကျော်ကြားသည့် ပုဂ္ဂိုလ်ကြီးများ၏အတ္ထုပ္ပတ္တိ များပါသည့် စထရင်းမဂ္ဂဇင်း[1]ကို လမ်းဘေးအဟောင်းဆိုင်က စတင် တွေ့ရှိခဲ့သည်။ ထို မဂ္ဂဇင်းထဲမှ သောမတ်အယ်ဒီဆင်လို ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို ဖတ်ခဲ့ရသည့်အခါ ကျောင်း ဆက်မနေနိုင်သော်လည်း ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီး ဖြစ် သည်အထိ ကြိုးပမ်းခဲ့သည့် အယ်ဒီဆင်၏ဘဝကို အားကျခဲ့ ရသည်။

ကိုရှိန်တို့အလုပ်ဌာန ဗိလျုံဂျက်ကုမ္ပဏီ အမှုထမ်းများ ဖတ်ရှုရန် ထိုစဉ်က နံနက်ပိုင်းထုတ် ရန်ကုန်ဂေဇက် သတင်း စာနှင့် ညနေပိုင်း ထုတ်ဝေသည့် ရန်ကုန်တိုင်း သတင်းစာနှစ် စောင်စလုံး မှာယူပေးထားသည်။ညနေပိုင်းထုတ်ရန်ကုန်တိုင်း သတင်းစာတိုက်မှာ ကိုရှိန်တို့ ဗိလျုံဂျက်ကုမ္ပဏီနှင့် မလှမ်း မကမ်းမှာပင်ရှိသဖြင့် တိုက်မှသတင်းစာယူပေးနေကျ ချာပရာ စီကုလား မအားလပ်လျှင် သတင်းစာစာ ဖတ်ချင်သည့် ကိုရှိန်က သွားယူလေ့ရှိသည်။

တနေ့ ကိုရှိန် ရန်ကုန်တိုင်း သတင်းစာတိုက်သို့ သတင်းစာ ယူရန်သွားသည့်အခါ မှန်ဗီရိုထဲတွင် ထည့်ထားသော အောင် မြင်ခြင်း[2] အမည်ရှိ မဂ္ဂဇင်းများကိုတွေ့ရှိခဲ့သဖြင့် ဖတ်ရန်ငှယ် ယူခဲ့သည်။ ရေးသားထုတ်ဝေသူမှာ ဒေါက်ထာ အော်ရစ်ဆင် ဆွက် မာဒင်[3] ဆိုသူ ဖြစ်လေသည်။ အမှန်မှာ ရန်ကုန် တိုင်း သတင်းစာတိုက်သည် စာအုပ်များရောင်းလေ့ရောင်းထရှိသည့် တိုက်မဟုတ်ပေ။ တိုက်မှ အယ်ဒီတာတဦးက အောင်မြင်ခြင်း

---

၁။ Strand

၂။ Success

၃။ Dr. Orison Swett Marden

www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂဇင်းကို မှာယူဖတ်ရှုပြီး သဘောကျသည်နှင့် အများဖတ်စေလိုသောစေတနာဖြင့် မှာယူရောင်းချခဲ့ခြင်း ဖြစ်လေသည်။

ကိုရှိန်က အောင်မြင်ခြင်းမဂ္ဂဇင်းတစောင်တည်း ဖတ်သည်ကိုပင် အားမရနိုင်သေး။ အော်ရစ်ဆင် ဆွက် မာဒင် ရေးသားခဲ့သော အခြားစာအုပ်များအပြင် သူ၏အတ္ထုပ္ပတ္တိကိုပင် ရှာဖွေဝယ်ယူဖတ်ရှုခဲ့လေသည်။ အောင်မြင်ခြင်းစာအုပ်များကို ရေးသားပြုစုသူ ဒေါက်တာမာဒင်မှာ ငယ်ရွယ်စဉ် ကလေးဘဝမှာပင် သူ၏မိဘများ ကွယ်လွန်ခဲ့ရှာသည်။ ငယ်စဉ် ဘဝမှာ သူများအိမ်တွင် ထမင်း မဝတဝ စားသောက်ရသည့် အိမ်စေအဖြစ် ဆင်းဆင်းရဲရဲနေခဲ့ရသည်။ ထမင်း တလုပ် စားရဖို့အရေး အရွယ်နှင့်မမျှအောင် ကြမ်းတမ်းလှလည့် သစ်စက်လုပ်ငန်းကို တနေကုန် ထနေခမ်း လုပ်ကိုင်ပေးခဲ့ရသည်။ တနေ့ဆယ်မျူယယ်စမိုင်း၏ကိုယ့်ဒူးကိုယ်ချွန်စာအုပ်လေးကိုသစ်စက်ထနေရာမှ ရရှိဖတ်မိရာက စိတ်ဓာတ်ထက်ကြွလာပြီး သူမတူအောင်ကြိုးစားခဲ့သည်။ တက္ကသိုလ်များမှ ဘွဲ့အမျိုးမျိုးကိုရရှိခဲ့သည်။ ငွေကြေးချမ်းသာကြွယ်ဝသည့် ဟိုတယ်ပိုင်ရှင်သူဌေးကြီးလည်း ဖြစ်ခဲ့လေသည်။

အောင်မြင်ရေးပါရဂူ ဒေါက်တာမာဒင်သည် ကိုရှိန်၏ စံပြပုဂ္ဂိုလ်တဦး ဖြစ်ခဲ့သသည်။ နောင်အခါ တိုင်းပြည်အတွက် အကျိုးရှိစေမည့် ဒေါက်တာမာဒင်၏ အတ္ထုပ္ပတ္တိကိုပင် မြန်မာပြန်ဆို၍ ရေးသားထုတ်ဝေသူများ ပေါ်ပေါက်လာအောင် ကိုရှိန်က ဆောင်ရွက်ခဲ့သည်။ မီလာ[1] ထုတ်ဝေသည့် ဆိုင်ကော်လော်ဂျီမဂ္ဂဇင်း[2] စသည့် စိတ်ပညာဆိုင်ရာ မဂ္ဂဇင်းများ၊ စာအုပ်များ ဖတ်ရှုလာသည့်အခါ တိုးတက်ကြီးပွား အောင်မြင်

---

၁။ Henry Knight Miller
၂။ Psychology Magazine



ရေးတွင်သာမက စိတ်ဓာတ်ကြံ့ခိုင်ရေး၏ အကျိုးတရားကြီးမားပုံကိုလည်း ကိုရှိန် မြင်တွေ့လာရလေသည်။

စာပေမြတ်နိုးသူတို့တွင် အများသူငါနှင့် မတူသော စိတ်စေတနာမျိုး ရှိကြသည်။ ယင်းသည့်စိတ်စေတနာကား စာကောင်းပေမွန်များ ဖတ်ရမှတ်ရသည့်အခါ မိမိကဲ့သို့ပင်အခြားသူများအားလည်း ဖတ်စေ၊ မှတ်စေ၊ သိစေချင်သော သုတရသအဖြာဖြာကို ခွဲဝေပေးလိုသော စေတနာပင်ဖြစ်လေသည်။ ကိုရှိန်တွင် ယင်း စေတနာဆန္ဒက ပြင်းပြလှသည်။ သူရှာဖွေစုဆောင်းလေ့လာထားသည့် မဂ္ဂဇင်းအစောင်စောင်၊ စာအုပ်စာပေအမျိုးမျိုးမှ တိုးတက်ကြီးပွားရေးသုတများကို မြန်မာလူငယ်အများအတွက်စာအုပ်အဖြစ် ပြုစုဖြန့်ဝေချင်သည်။ သူရှာဖွေစုဆောင်းထားသည့် တိုးတက်ကြီးပွားရေး ဗဟုသုတများကို သူနှင့်ခင်မင်ရင်းနှီးသည့် စာရေးဆရာပီမိုးနင်း၏အကူအညီဖြင့် စီစဉ်ရေးသားထုတ်ဝေရန် ကြိုးစားသည်။ မည်မျှခက်ခဲနက်နဲသော ဘာသာရပ်ဖြစ်စေကာမူ အများနားလည်အောင် တိုတိုရှင်းရှင်းရေးနိုင်သည့် ဆရာပီမိုးနင်း၏ စာဟန်ကို ကိုရှိန်က သဘောကျသည်။ အများဖတ်စေလိုသောစာကို အများက အထင်ကြီးလေးစားသည့် စာရေးဆရာပီမိုးနင်းလိုပုဂ္ဂိုလ်မျိုးက ပြုစုရေးသားသည်ဆိုလျှင် ပိုမိုအောင်မြင်လိမ့်မည်ဟု ကိုရှိန်က ယူဆသည်။

ဆရာပီမိုးနင်းနှင့်ကိုရှိန်မှာပိုက်ဆံကြီးကလောင် အမည်ဖြင့် ပညာအလင်းသတင်းစာတွင် ပီမိုးနင်း ရေးသားနေစဉ်ကတည်းက သိကျွမ်းခဲ့ကြသည်။ တခါက ကိုရှိန်နှင့်သူငယ်ချင်းတဦး ကျိုက်ထီးရိုးဘုရားတည်ရှိပုံအကြောင်းနှင့်စပ်လျဉ်း၍ အငြင်းပွားကြသည်။ ကိုရှိန်သည် သူငယ်ချင်းဖြစ်သူကို ပညာအလင်းတိုက် ဆရာပီမိုးနင်းရှိရာသို့ ခေါ်သွားပြီး ကျိုက်ထီးရိုး ဘုရားအကြောင်း ဆွေးနွေးကြရာမှ ကိုရှိန်နှင့်ပီမိုးနင်း စတင်သိကျွမ်း

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ နဖူးစာရွာလည်းနှင့် ခင်လေးသစ္စာ တင့်မေတ္တာ ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးကြသည့်အခါ ဇာတ်ညွှန်းရေးသားသူ ပီမိုးနင်းနှင့် ပို၍ခင်မင်ရင်းနှီးခဲ့လေသည်။

ကိုရှိန်က သူ၏ဆန္ဒကို ဆရာပီမိုးနင်းနှင့် သွားရောက် တိုင်ပင်သည်။ ဆရာပီမိုးနင်းက ကိုရှိန်၏စေတနာကို အလေးထား၍ စာရေးသားခပင်မပြောဘဲ ကူညီရန် ကတိပြုသည်။ ကိုရှိန်က သူလေ့လာစုဆောင်းထားသည့် အချက်အလက်များကို ဆရာပီမိုးနင်းစိတ်တိုင်းကျ စီစဉ်ရေးသားနိုင်စေရန် ပေးအပ်လိုက်သည်။ စာအုပ်အမည်ကိုလည်း သူတို့နှစ်ဦးတိုင်ပင်ဆွေးနွေးကြပြီး ကမ္ဘာ့အလင်း ဟု အမည်ပေးကြသည်။ တခုတော့ရှိသည်။ ဆရာပီမိုးနင်းက ကမ္ဘာ့အလင်းစာအုပ်မှာ ကိုရှိန်ပေးခဲ့သည့် အချက်အလက်များကိုသာ စီစဉ်ရေးသားပေးခဲ့သဖြင့် သူ့အမည်မခံယူလို၊ သို့ကြောင့်စာရေးသူ၏ အမည်ကိုလူမင်း (လက်တင်ဘာသာဖြင့် အလင်းရောင်ဟု အဓိပ္ပါယ်ရသည်။)ဟုအမည်ပေးခဲ့သည်။ ဆရာပီမိုးနင်းသည် ဤမျှ စိတ်ရင်းစေတနာ မှန်ကန်သူ ဖြစ်လေသည်။

ကမ္ဘာ့အလင်းစာမူကရပြီ၊ စာအုပ်ဖြစ်မြောက်ဖို့က လိုသေးသည်။ စာအုပ်ရိုက်နှိပ်ရန်ကုန်ကျမည့်စရိတ်စခ ငွေကြေးအတွက် မကြာသေးမီက ဝီလျံဂျက်ကုမ္ပဏီမှရထားသည့် ဘောနပ်ဆုငွေများရှိသည်။ ထိုငွေများဖြင့်ပင် အများ အကျိုး အတွက် အသုံးပြုမည်။ အလုံရပ်တွင် အခြေချရန် မြေတကွက်ဝယ်ထားသည်မှာ ကြာပြီ။ ယခုတိုင် အိမ်ကမဆောက်ဖြစ်သေး။ သို့သော် ကိုရှိန်အဖို့ အိမ်ဆောက်ဖို့အရေးထက် ကမ္ဘာ့အလင်းစာအုပ်ထုတ်ဝေဖို့က အရေးကြီးနေသည်။ ဇနီးသည် မမြက ကိုရှိန်၏ စေတနာလုပ်ငန်းမှန်သမျှ သူက အလိုကျပြီး ဖြစ်သည်။ သူ့ထံတွင်ရှိသည့် ဘောနပ်ဆုငွေများကို ကမ္ဘာ့အလင်း စာအုပ်အတွက် အသုံးပြုဖို့ ရက်ရက်ရောရော ထုတ်ပေးရှာသည်။



ငွေကြေးပြည့်စုံသည်နှင့် စာအုပ်ဖြစ်မြောက်ဖို့အရေး ကိုရှိန်လုံးပမ်းရပြန်သည်။

ကမ္ဘာ့အလင်းစာအုပ်ကို ၄၂ လမ်း၊ မင်္ဂလာတိုင်းပုံနှိပ်တိုက်တွင် အုပ်ရေငါးထောင် ရိုက်နှိပ်ခဲ့သည်။ အုပ်သုံးထောင်ကို ကူညီရေးသားပေးသူ ဆရာပီမိုးနင်းအား ဉာဏ်ပူဇော်ခအဖြစ် ပေးသည်။ ကျန် ရှိ နေ သော စာအုပ်များကို အသိမိတ်ဆွေ အပေါင်းအသင်းများအား ကိုရှိန်က စေတနာဖြင့် အခမဲ့ဝေငှလေသည်။

ဆရာပီမိုးနင်းကလည်း ဉာဏ်ပူဇော်ခအဖြစ် ဦးရှိန် ပေးခဲ့သည့် ကမ္ဘာ့အလင်းကျမ်းစာအုပ်များ ရောင်းချရန် ၁၉၂၅ ခုနှစ်၊ စက်တင်ဘာလထုတ် ဗန္ဓုလဂျာနယ်တွင် ''ဦးနှောက်၏ မယား၊ စဉ်းစားဉာဏ်၏ အားဆေးတော်နှစ်'' ဟူသောခေါင်းစဉ်ဖြင့် ကြော်ငြာခဲ့လေသည်။

ဦးရှိန်က ကမ္ဘာ့အလင်းစာအုပ်ကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေချင်သည်။ သူက အကြံပေး၍ အောင်မြင်ရေးလမ်း ဟူသော ကြော်ငြာစာကို ဆရာပီမိုးနင်းက ရေးသည်။ ကြော်ငြာစာရွက်ကိုလည်း ခတ်ကြီးကြီး ကရောင်းလေးချိုးအရွယ် မြင်သျှင် ဖတ်ချင်စဖွယ်ဖြစ်စေရန် အနီရောင်ဖြင့် လှလှပပ စီစဉ်ပုံနှိပ်သည်။ ကမ္ဘာ့အလင်း စာအုပ်ကြော်ငြာ ဖြန့်ဝေရေးအတွက် ဦးရှိန် နည်းလမ်းရှာဖွေလေသည်။ မခဲယဉ်းပါ။ သူဖတ်နေသည့် နိုင်ငံခြားမဂ္ဂဇင်းဂျာနယ်များတွင် ကြော်ငြာစာရွက်အချို့ ညှပ်ပါလာတတ်သည်ကို မြင်တွေ့ခဲ့ရသည် မဟုတ်ပါလား။

မြန်မာတနိုင်ငံလုံး မြို့ငယ်အနှံ့ ရောက်နေသည့် သူရိယ သတင်းစာထဲတွင် သူ၏အောင်မြင်ရေး နည်းလမ်း ဟူသော ကမ္ဘာ့အလင်း စာအုပ်ကြော်ငြာစာရွက်ကို ကြားညှပ်ဖြန့်ဝေ ပေးရန် သူရိယ သတင်းစာတိုက်နှင့် စီစဉ်သည်။ သူရိယတိုက်မှ အကြံပေးချက်အရ ကမ္ဘာ့အလင်းစာအုပ်ကိုလည်း တန်ဖိုး

www.burmeseclassic.com

www.burmeseclassic.com



ငါးမူးသတ်မှတ်ပြီး ရှိသမျှစာအုပ်များကို သူရိယသတင်းစာတိုက်သို့ ပို့ထားလိုက်လေသည်။ သူရိယတိုက်မှ စာအုပ်ဖိုးငွေများကား ထိုက်သင့်သလို ပြန်လည် မရရှိခဲ့တော့ချေ။ သို့သော် စာအုပ်အတွက် စိုက်ထုတ်ကုန်ကျသည့် ငွေများပြန်လည်ရရှိရန် ဦးရှိန်က မြော်လင့်ချက် မထားခဲ့။ သူရိယ၏ကျေးဇူးကြောင့်ပင် ကမ္ဘာ့အလင်းစာအုပ်မှာ အမြို့မြို့အနယ်နယ်သို့ အသင့်အတင့်ရောက်ရှိသွားခဲ့သည်ကိုသူကပင်ဝမ်းမြောက်ဝမ်းသာဖြစ်လှပေပြီ။

ကမ္ဘာ့အလင်းစာအုပ်တွင် သူတို့၏ရည်ရွယ်ချက်များကို စာဖတ်သူများ စိတ်ပါဝင်စားလာစေရန် ဥပစာ စာမျက်နှာမှာပင် ဤသို့ နိဒါန်းချီခဲ့သည်။

> ကမ္ဘာ့အလင်းကျမ်း၌ ဖော်ပြပါရှိသော ပျိုရွယ်သူတို့ သိအပ်သည့် အချက်များကို မသိကြသောကြောင့် များစွာသော ပျိုရွယ်နုနယ်သူတို့မှာ ပျက်စီးခဲ့ခြင်း၊ များစွာတို့မှာလည်း ကြီးပွားသင့်သလောက် မကြီးပွားပဲ နေကြခြင်း၊ များစွာတို့မှာလည်း ရံတသက်ပတ်လုံး ငြိုငြင်ပူပန်ဆင်းရဲခြင်း အတန်တန်တို့နှင့် တွေ့ရလေသည်။ ထို့ဖြစ်၍ အမျိုးသား၏ အနာဂတ်ကြီးပွားရေး အတွက် ကျွန်ုပ်တို့မြော်လင့်ကိုးစားအားထားရာဖြစ်သော ငယ်ရွယ်သူတို့အား အလင်းဉာဏ်အသိတရားကို ဤကျမ်းသည် ပေးပါစေသတည်း။

ကမ္ဘာ့အလင်းကျမ်းအစတွင်လည်း

> များစွာသော ပျိုရွယ်သူတို့သည် အရွယ်ရောက်သောအခါ ငါအဘယ်ပုံဖြစ်မည်ဟု သေချာစွာမပြောနိုင်ကြချေ။ ငါသည် ရွှေလရှေ့နှစ်၌ အဘယ်လိုလူဖြစ်မည်ဟူ၍ ပြောနိုင်သူနည်းပါးကြ၏။ ထိုကဲ့သို့မပြောနိုင်ခြင်းသည် မိမိလမ်းကို မသိမမြင်ခြင်းကြောင့် ဖြစ်၏။



> မသိမမြင်က ကြီးပွားရာလမ်းကို အဘယ်နည်းဖြင့် ပေါက်ရောက်အောင် ကြံနိုင်ပါမည်နည်း။
>
> ထိုအသိဉာဏ်ကို ရလိုလျှင် ကမ္ဘာ့အလင်းကျမ်းကို ကြည့်လေ။ ဤကျမ်းသည် တွက်ရ၊ ချက်ရ၊ ကျက်ရ၊ သင်ရသော ဗေဒင်နက္ခတ်ကျမ်းမဟုတ်၊ ကသိုဏ်းသမထ ကျင့်ရ၊ ကြံရသော ပညာမျိုးလည်းမဟုတ်၊ စိတ်ပညာနှင့်လည်းမသက်ဆိုင်ချေ၊

ဟူ၍တမျိုး။

ကျွန်ုပ်သည် ဤကျမ်းကိုပြုသူမဟုတ်၊ ဤကျမ်းကိုစု၍ ကိုယ်တိုင်ထူးချွန်အောင် ကြံဆောင်ခဲ့သူတယောက် ဖြစ်သည်ကို ရဲရင့်စွာဝန်ခံလျက် ပျိုရွယ်သူတို့အား ဆက်သ၏ဟု ကမ္ဘာ့အလင်းကျမ်းပါ အချက်အလက်များစွာကို စာနယ်ဇင်းမျိုးစုံမှ ကိုယ်တိုင်ကိုယ်ကျ ဖတ်မှတ်လေ့လာစုဆောင်း တင်ပြခဲ့သူ ဦးရှိန်၏ ကိုယ်တွေ့လေ့ကျင့်စဉ်များဖြစ်ကြောင်း ဖော်ပြခဲ့သည်။

> ကံကြမ္မာ၏ ဖော့ရမ်းခြင်းကိုခံ၍ မနေကြနှင့်။ ကံသည်လာ၏။ ခံ၍နေလျှင် ခံရ၏။ မြင်၍ရှောင်လျှင် လွတ်၏။ ဖမ်း၍အသုံးပြုတတ်လျှင် အကျိုးရှိ၏။ သို့ဖြစ်၍ ကမ္ဘာ့အလင်းကို ရသောသူသည် မိမိအားမကောင်းကျိုးကို ပြုရန်လာသော ကံကြမ္မာကိုပင် ဖမ်း၍ ကောင်းကျိုးကို ပေးစေရန်နိုင်းစေ၏။ အကြောင်းမူကား ကံသည် ဘုရားမဟုတ်၊ ကံသည် သိကြားမဟုတ်၊ ကံသည်နတ်မဟုတ်၊ တိုတိုတုတ်တုတ်ပြောရမည်ဆိုလျှင်ကံသည်အဝိညာဏက ဖြစ်၏။ သင်းလုပ်တိုင်းခံရမည်လား။ ထိုကံကို နိုင်သောလက်နက်သည် ကမ္ဘာ့အလင်းဖြစ်၏။
>
> ထိုအလင်းကို ရသောသူသည် လေတာ၌ ဥုံလည်း မပါ၊ ဂါထာလည်း မဆောင်ပဲ သတ္တဝါတို့ မှန်နိုင်

www.burmeseclassic.com

www.burmeseclassic.com

သော အရာဟူသမျှတို့ကို မှီနိုင်၊ လုပ်နိုင်၊ ဆောင်နိုင်၊ အောင်နိုင်၏။

လှဲလျှင် လဲ၏။ ထူလျှင် ထ၏။ ထလျှင် ထောင်၏။ သွားလျှင် ရောက်၏။ တက်လျှင် မြင့်၏။ ဆင်းလျှင် ကျ၏။ လုပ်လျှင်ဖြစ်၏။ ပျက်လျှင် အစဉ် ပြင်လျှင် ခဏ ဟူသော စကားတို့ကို သေသေချာချာ ဆင်ခြင်ကြလေ။

ဟူ၍ လောကကို အောင်နိုင်လိုသူများ အတွက် စိတ်ဓာတ်တက်ကြွစေရန် ရေးသားဖော်ပြခဲ့သည်။

ကျွန်ုပ်သည် အသက်မွေးခြင်း၏ အလင်းပညာကို အသစ်တီထွင်၍ ဟောသူ့ခဟုတ်၊ ရှေးပညာရှိကြီးများနှင့် ယခုပညာရှိကြီးများ၊ ဥရောပ၊ အမေရိကန်၊ အာရှ၊ အာဖရိက၊ ရောမ၊ ဂရိတ်၊ အိန္ဒိယပညာရှိကြီးများ၏ လက်တွေ့ပညာများကို ပန်းနှယ်ကုံး၍ သောက်သုံးမှီဝဲရန်ဆက်သ၏ဟု အစချီကာ သမ္မတများ၊ ဘုရင်များ၊ ဆင်းရဲဘားဘဝမှ သူဌေးကြီးဖြစ်လာသူများ၊ ကမ္ဘာ့ကျော်စာပေအနုပညာရှင်ကြီးများ၏ အောင်မြင်ခြင်း၊ ဥဒ္ဒသတ္တိ၊ စေ့စပ်သေချာခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်း၊ တွေ့ဆုံသည့်အခွင့်အရေးကို အမိအရအသုံးချခြင်း စသည့် အတွေ့အကြုံအဆိုအမိန့်အယူအဆများကို လူငယ်များ ဟိုးတက်ကြီးပွားရေးအတွက် ရည်ရွယ်ချက်ပြည့်ဝစွာဖြင့် ဦးရှိန်နှင့် ဗိုမိုးနှင်းတို့ ပြုစုဘတ်ဝေခဲ့ကြလေသည်။

ဆယ်မျှုယယ်စမိုင်း၏ ကိုယ့်ဒူးကိုယ်ချွန်စာအုပ်ကလေးကို ဖတ်ရသဖြင့် ကမ္ဘာ့အရပ်ရပ်မှ ထင်ပေါ်ကျော်ကြားသည့် ပုဂ္ဂိုလ်များ ထွက်ပေါ်လာခဲ့သည်။ ထို့အတူ ကမ္ဘာ့အလင်းကျမ်းစာအုပ်ကလေးမှာလည်း ထိုစဉ်က တိုးတက်ကြီးပွားလိုသူလူငယ်များအဖို့ များစွာအကျိုးပြုခဲ့သည့် စာအုပ် တအုပ်ဖြစ်ခဲ့လေသည်။ ထိုသူများထဲတွင် ရှမဝဦးကျော်နှင့် စာရေးဆရာ



ရန်အောင်တို့သည် ကမ္ဘာ့အလင်း၏ အကျိုးကျေးဇူးကို ယနေ့တိုင် တသသဖြင့် ချီးကျူးပြောဆိုရေးသားနေကြဆဲ ရှိကြသည်။ ဆရာရန်အောင်က ကမ္ဘာ့အဲလင်းကျမ်းပြုစုသူ ကာယဗလဦးရှိန်နှင့် ဆရာဗိုမိုးနှင်းတို့သည် ၂၅ နှစ်ခေတ်၏ ခေတ်ရှေ့ကပြေးခဲ့သူများဖြစ်သည်ဟု ရေးသားခဲ့၏။

ရှမဝဦးကျော်ကလည်း သူ၏ကျေးဇူးရှင် ကမ္ဘာ့အလင်းစာအုပ်မှ အဆိုအမိန့်များကို အမိကထားကိုးကားလျက် လူသင်ငယ်သွေးအမည်ဖြင့် ရစ်ရှင်ရိုက်ကူး၍ လူငယ်များအတွက် ထပ်ဆင့်အသင်းရောင်ပေးခဲ့သည်။ ကမ္ဘာ့အလင်းစာအုပ်ကိုလည်း ဆရာဗိုမိုးနှင်းဘဦးတည်း ရေးသားထုတ်ဝေခဲ့သည်ထင်မှတ်၍ ဆရာဗိုမိုးနှင်းမိသားစုထံမှ ခွင့်ပန်ပြီး လပ်ဆင့်စေတနာမွန်ဖြင့် အဆင်အပြင်ကောင်းကောင်းနှင့် အုပ်ရေတသောင်း ထုတ်ဝေခဲ့လေသည်။ ရေးသားသူ၏အမည်ကိုလည်း မူလစာအုပ်တွင်ပါသည့် လူမင်းအစား ဗိုမိုးနှင်းဟု အမည်ပြောင်းခဲ့သည်။

၁၉၄၀ ပြည့်နှစ်တွင် အကြောင်းအရာချင်းခတူသော ဆရာဗိုမိုးနှင်း၏သီးခြားကမ္ဘာ့အလင်းစာအုပ်တအုပ်ပေါ်ထွက်လာဖြန်သည်။ ထိုကမ္ဘာ့အလင်းစာအုပ်မှာ ၁၉၄၀ ပြည့်နှစ် ဇန္နဝါရီလတွင် ကြီးပွားရေးမဂ္ဂဇင်း၌ကြီးပွားရေးစာအုပ်တိုက်ကတခမ်းတနား ကြော်ငြာ၍ထုတ်ဝေခဲ့သည့် ကမ္ဘာ့အလင်းစာအုပ်ဖြစ်လေသည်။

၁၉၂၅ခုနှစ် လွန်ခဲ့သောနှစ်ပေါင်း ၄၉ နှစ်က ကာယဗလဦးရှိန်အချက်အလက်များစုဆောင်းပေးပြီး ဆရာဗိုမိုးနှင်းစီစဉ်ရေးသားပေးခဲ့သော ဤကမ္ဘာ့အလင်းမှာ ဆရာဗိုမိုးနှင်း၏ ပထမဦးဆုံးဦးရှိန်နှင့်တွဲဖက်၍ လက်ရည်စမ်းခဲ့သော တိုးတက်



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်ရေးတက်ကျမ်းလည်း ဖြစ်လေသည်။ မည်သို့ပင်ဆို စေကာမူ ၄၉ နှစ်တိုင်ခဲ့ပြီ ဖြစ်သော်လည်း ဦးရှိန်၏ ချွေးနှဲ့ စာလေးဖြင့် ပြုစုထုတ်ဝေခဲ့သည့် ကမ္ဘာ့အလင်းကျမ်းစာအုပ် ကလေးမှာ ယနေ့တိုင်ခေတ်မီလျက် တိုးတက် ကြီးပွားလိုသူ လူငယ်များ ဖတ်ရှုလေ့လာလျက် ရှိသော စာကောင်းပေမွန် အဖြစ် တည်တံ့နေဆဲပင် ဖြစ်လေသည်။

အခန်း ၉

# မြို့မယောက်ျားလေးကျောင်းမှ ပွဲဦးထွက်အလေးမပြိုင်ပွဲ

ဖြစ်နိုင်လျှင်အများထကာက သွားရေးလာရေးလွယ်ကူသည့် ရန်ကုန်မြို့လယ်တပိုက်တွင် တိုက်နှင့်တာနှင့် နေချင်ကြသည်။ ရန်ကုန်မြို့လယ်မှာ စည်စည်ကားကားနှင့် ပျော်စရာ ပါးစရာ စားစရာ စသည်များက စုံလှသည် မဟုတ်ပါလား။ ဦးရှိန်ထ ယောက်ကမူ ထိုသူများ၏ အယူအဆနှင့် ဆန့်ကျင်ဖက်ဖြစ် သည်။ သူ့အဖို့ ဖြစ်နိုင်လျှင် နားအေးပါးအေး မြို့စွန်မြို့ဖျား ရပ်ကွက်တွင်သာ နေထိုင်ချင်သည်။ ထို့ကြောင့်ပင် ဒေါ်မြနှင့် အိမ်ထောင်ကျပြီးကတည်းက နေထိုင်ခဲ့သည့် ဘုန်းကြီးလမ်း တိုက်ကို ရောင်းချလိုက်သည်။ အလုံရပ်တွင် မကြာမီကမှ ဝယ် ယူထားသည့် မြေကွက်တွင် အခြေချနေထိုင်ရန် အိမ်ထလုံး ဆောက်ခဲ့သည်။ အိမ်မပြီးမီ နေ့စေ့လစေ့ဖြစ်နေသည့် ဇနီး သည်ကြောင့် ၁၀၁ လမ်းသို့ ခေတ္တပြောင်းရွှေ့ နေထိုင်ခဲ့ လေသည်။

၁၉၂၇ ခုနှစ်တွင်မှ ဦးရှိန်တို့မိသားစုနေထိုင်ကြသည့် အလုံ ဧရာဝတီလမ်းမှ အိမ်မှာ ဆောက်လုပ်ပြီးသည်။ ဇနီးသည်မွေး ဖွားပြီး၍ ၁၂ ရက်အရတွင် ဦးရှိန်၊ ဇနီးဒေါ်မြ၊ နှစ်နှစ်ရွယ်

www.burmeseclassic.com

www.burmeseclassic.com



သမီးကြီးမအုန်းကြည်နှင့် မွေးခါစသားငယ် မောင်မောင်ကြီးကိုသည် အလုံအိမ်သစ်သို့ လန်ချားတစီးဖြင့် ပြောင်းရွှေ့လာသည့်အခါ လန်ချားပေါ်တွင် သူတို့မိသားစုလေးဦးအပြင် ဦးရှိန်ကိုင်ဆောင်သည့် တစ်လုံးပြူး သေနတ်ကြီးတလက်လည်း နံဘေးမှဆောင်လျက်ပါလာခဲ့၏။ သူ့တို့စီးလာသောလန်ချားကိုလမ်းသွားလမ်းလာများက အကူးအဆန်းသဖွယ် ကြည့်ရှုခဲ့ကြလေသည်။

ဦးရှိန်တို့မိသားစု အလုံကွက်သစ်သို့ ပြောင်းရွှေ့လာသည့်အခါ အလုံကွက်သစ်မှာ တည်ခါစ ဖြစ်သည်။ ရေဝတီလမ်းတွင် အိမ်ခြေလေးငါးဆယ်အိမ်မျှသာ ရှိသေးသည်။ ကျန်နေရာများမှာ ခရာတောပိန်းတော များသာ ဖြစ်လေသည်။ မိုးကာလည့်အခါဆိုလျှင် ဖါးအော်သံများမှာသူတို့မိသားစုအတွက် ဖျော်ဖြေကြသည့် ဂီတသံဖြစ်ခဲ့ကြရသည်။ ဦးရှိန်တို့နေထိုင်သောလမ်းကို ရေဝတီလမ်းဟု အမည်တွင်ခဲ့ခြင်းမှာလည်း ထိုလမ်းတွင် စတင်နေထိုင်သူငါးဦးရှိသည့်အနက် နှစ်ဦးမှာ ရေဝတီကုမ္ပဏီတွင်အလုပ်လုပ်ကိုင်နေထိုင်သူများဖြစ်ကြသည်ကို အစွဲပြု၍အမည်တွင်ခဲ့ခြင်းဖြစ်သည်။ ရေဝတီလမ်းတွင် လမ်းဘေးရေမြောင်းများပင် မြူနီစီပါယ်အဖွဲ့မှ မဖေါက်ကြရသေး။ ရေဖွက်ရေအိုင်များဖြင့် တောလမ်းလေးအတိုင်းသာ ရှိသေးသည်။ လမ်းဘလျှောက်တွင် ထမ်းမီးတိုင်ဆို၍ ဝေးလာဝေး၊ ညဉ့်အရေးအခင်း တအိမ်နှင့်တအိမ် ကူးသန်းသွားလာလိုလျှင် မုန့်သေတ္တာပုံးအဟောင်းထဲတွင် ရေနံဆီမီးခွက်ထည့်ထွန်းရသည့် မီးအိမ်ကို အသုံးပြုသွားလာရသည်အထိ ရန်ကုန်မြို့လယ်နှင့် များစွာကွာခြားလှလေသည်။

ဦးရှိန်တို့ အလုံကွက်သစ်ရေဝတီလမ်းသို့ ပြောင်းရွှေ့နေထိုင်သည့်အခါ အလုံကမ်းနားဖက်ဆီမှ သစ်လုံးများကို ကုန်းပေါ်သို့ ဆွဲတင်ပေးသော သစ်ဆွဲသည့်ဆင်များ သွားလာဝင်



ထွက်ရာနေရာကို အစွဲပြု၍ အမည်ရလာသည့် ဆင်းနင်းကွက်သစ် (ယခုဆင်မင်းကွက်သစ်)သည် တည်ရှိပြီးဖြစ်သည်။ ထို့အတူ ဆာဂျမှတ်ကြီးလမ်း ဝဲယာရှိ အလုံရပ်ကွက်ဟောင်းလည်း ရှိနေပေပြီ။ ဦးရှိန်တို့မိသားစုမှာ အလုံကွက်သစ်ကို အဦးဆုံးစတင်တည်ထောင်ကြသူများ ဟုတ်ကြသော်လည်း စတင်ပျိုးထောင်သူများထဲတွင်ပါဝင်ခဲ့သူများ ဖြစ်ကြလေသည်။

ဦးရှိန်ဘယောက်ဘနေရာမှတနေရာသို့ပြောင်းရွှေ့ရသည့်အခါတိုင်းမှာပင် သူ့ဝါသနာပါရာ အလေးမလေ့ကျင့်သည့် ကရိယာများနှင့် စာအုပ်များကို သူတို့မိသားစုနှင့်အတူ တပါတည်း သယ်ဆောင်ခဲ့သည်။ ရေဝတီလမ်းတွင် နေသားထိုင်သား ကျသာပြီဆိုလျှင် အိမ်ဘေးမြေကွက်တွင် ဦးရှိန်က အလေးမလေ့ကျင့်သည်။ လူနေအိမ်ခြေမများလှသဖြင့် လေ့ကျင့်သည့်အခါ လေးကောင်းလေသန့်ရသည်ကိုပင် ဦးရှိန်သဘောကျလှပြီ။ သူ့မြို့စွန်မြို့ဖျားသို့ ပြောင်းလာသည့် ရည်ရွယ်ချက်ကိုကပင် နားအေးပါးအေး တိတ်တိတ်ဆိတ်ဆိတ်ဖြင့် စာဖတ်လို၍၊ အလေးမလေ့ကျင့်လျှင် လေကောင်းလေသန့်ရလို၍၊ ရှုတ်ရှုတ်ယှက်ယှက်လူတွေ မြွတ်သိပ်စည်ကားသည့်နေရာတွင် မနေလို၍ဖြစ်သည်။ သို့ကြောင့်ပင် လူမျိုးဘဝက ယခု မိဖများနေထိုင်သည့် ဘောက်ထော်ဖက်တွင် ခြံဝယ်အိမ်ဆောက် ပြောင်းရွှေ့နေထိုင်ခဲ့ခြင်း ဖြစ်လေသည်။

စနေ၊ တနင်္ဂနွေလိုအလုပ်အားရက်များဆိုလျှင် ရှမ်ရှောင်၊ ကိုလှမောင်စသည့်သူငယ်ချင်းများက ရေဝတီလမ်းဦးရှိန်အိမ်ဘေးမြေကွက်တွင် စုစုဝေးဝေးလာရောက် အလေးမလေ့ကျင့်ကြသည်၊ မကြာမီ ဦးရှိန်ထံသို့ အလေးမသင်ကြားမည့်တပည့်တဦးရောက်ရှိလာလေသည်။ ထိုသူငယ်မှာ ဦးရှိန်တို့အိမ်နှင့် မျက်စောင်းထိုးရှိ ရေဝတီစာရေးကြီးဦးအောင်ဖူးအိမ်တွင် လာရောက်နေထိုင်သော ဦးအောင်ဖူး၏ယောက်ဖတော်စပ်သူ ကူ

www.burmeseclassic.com

www.burmeseclassic.com



ရှင်ကျောင်းသား မောင်လှမောင်(ယခုအုပ်ချုပ်ရေးမှူး၊စားကုန်သောက်ကုန်လုပ်ငန်းစု)ဖြစ်သည်။ ဦးရှိန်တို့အလေးမလေ့ကျင့်သည်ကို အားကျလာသဖြင့် ဦးရှိန့်ထံတပည့်ခံ၍ အလေးမလေ့ကျင့်ခဲ့သူတဦး ဖြစ်လေသည်။

ကုရှင်ကျောင်းသားမောင်လှမောင်မှာ ဦးရှိန်ပထမဆုံးအလေးမနည်းများ စတင်သင်ကြားပေးခဲ့သည့် တပည့်တဦးဖြစ်လေသည်။ဦးရှိန်က တပည့်ဖြစ်သူကို အားကစားသက်သက်အလေးမနည်းများကိုသာ သင်ပေးသည်မဟုတ်၊ စာပေဖတ်ရှုသည့် အလေ့အကျင့်၊ အကျင့်စာရိတ္တမှအစ နိုင်ငံနှင့်လူမျိုးအပေါ် ချစ်မြတ်နိုးစေသည့် မျိုးချစ်စိတ်ဓါတ်များကိုပါ ပျိုးဆောင်လေ့ကျင့်ပေးခဲ့သည်။

ဧရာဝတီသမ်း ဦးရှိန်တို့အိမ်ဘေးမြေကွက်တွင် အလေးမလေ့ကျင့်သူများ စုစုဝေးဝေးဖြစ်လာသည်။ ကိုညွန့်ဖေ(မောင်ဗမာ)၊ တက္ကသိုလ်ကျောင်းသားကိုဘသာ(မြန်မာပြည်အပျော်ထမ်းရဲတပ်ဗိုလ်ဘသာ၊ ဂျပန်ခေတ် ရှမ်းပြည်နယ်တွင်အရံရဲတပ်ဗိုလ်မှူးအဖြစ်ဆောင်ရွက်ခဲ့သူ၊ ကွယ်လွန်)စသူများ ဦးရှိန်ထံ နည်းနာခံ၍ လာရောက်လေ့ကျင့်နေကြသည်။ ဦးရှိန်ကပင် ဦးဆောင်၍ မြန်မာပြည်ကာယဗလအဖွဲ့ အမည်ဖြင့် မြန်မာအမျိုးသားများသာ ဦးစီးတည်ထောင်ကြသည့် ကာယဗလအဖွဲ့ ဖွဲ့စည်းခဲ့သည်၊ အသင်း၏ဆောင်ပုဒ်မှာ အာရောဂျံ ပရမံ လာဘံ ဖြစ်လေသည်။ အလေးမလေ့ကျင့်ကြသူများ ညီညွတ်မှုရှိစေရန် ရည်ရွယ်လျက် လူမျိုးပေါင်းစုံပါဝင်သည့် မြန်မာပြည်အပျော်ထမ်းအလေးမအသင်းကို ၁၉၂၆ခုနှစ်တွင် ဦးရှိန်ကပင် ဦးဆောင်ဖွဲ့စည်းပေးခဲ့သည်။ ဥက္ကဋ္ဌမှာ ရန်ကုန်မြို့မျက်နှာဖုံးလူကြီးတဦးဖြစ်သူ စတ်လုံတော်ရ ဦးဘဒွန်း ဖြစ်၍ အတွင်းရေးမှူးမှာ တက္ကသိုလ်ကျောင်းသား စဘီဗင်ဆင်ဖြစ်လေသည်။



ရန်ကုန်မြို့တွင် ကာယဗလ အလေးမအားကစား စတင်ပြန့်ပွားခဲ့သည်မှာ အနှစ်နှစ်ဆယ်ဝန်းကျင်နီးပါး ရှိပေပြီ။ ထိုရာတွင် ဤအားကစားတိုးတက်ပြန့်ပွားရေးအတွက် အဓိကအကျဆုံးဖြစ်သော အလေးမကာယဗလပြိုင်ပွဲများကို စနစ်တကျ မည်သည့်အဖွဲ့အစည်း မည်သည့်ပုဂ္ဂိုလ်ကမှ ကြီးမှူးကျင်းပခြင်း မရှိခဲ့ချေ။ ချိန်းပွဲသာသာလောက်သာ အပျော်သဘော သူ့အိမ်ကိုယ့်အိမ်သွားကြ၍ လက်ဖက်ရည်ကြေး ခေါက်ဆွဲကြေး ပြိုင်ကြရုံသာရှိကြသည်။ အလေးမကာယဗလ အားကစား ပြန့်ပွားလိုလျှင် လူငယ်အများ စိတ်ပါဝင်စားစေရန်နှင့် လေ့ကျင့်သူများ စိတ်အားထက်သန်လာစေရန် ပြိုင်ပွဲများ ကျင်းပပေးဖို့လိုသည်ကို ဦးရှိန်ကသဘောပေါက်နားလည်ခဲ့သည်။

ဦးရှိန်တယောက် အလေးမပြိုင်ပွဲကျင်းပနိုင်ရေးအတွက် စီစဉ်တော့သည်။ အလေးမပြိုင်ပွဲမှာမြန်မာပြည်တွင် စနစ်တကျ တကြိမ်ဘခါမျှမကျင်းပခဲ့ဘူးသေးသဖြင့် ဦးစွာကြိုးပမ်းဆောင်ရွက်ရသည့်ဦးရှိန်အဖို့ အခက်အခဲအနည်းငယ်တော့ ရှိခဲ့သည်။ မည်မျှ အခက်အခဲများရှိစေကာမူ ပြိုင်ပွဲမည်ကာမျှတော့ သူမလုပ်ချင်။ ပြိုင်ပွဲဆိုလျှင်ဆိုသလောက် ထွန်းထွန်း ပေါက်ပေါက် အကျိုးရှိအံ့မှ ဖြစ်မည်၊ အလေးမပြိုင်ပွဲ ကျင်းပမည့်နေရာမှာလည်း မြန်မာလူငယ်အများ စုစုဝေးဝေး နေထိုင်သည့်နေရာမျိုးမှာ ကျင်းပချင်သည်။ အင်္ဂလိပ်တို့ အုပ်ချုပ်ရေးပရိယာယ်အောက်တွင်မြန်မာ့ဘဝစမ ပျောက်၍ အလှအပနောက်ကိုသာ ဦးစားပေး ရေစုံမြောနေကြသော မြန်မာလူငယ်များ ကာယဗလကို အားကျလာစေဖို့အရေးမှာ အတော်လေးပင် ကြိုးစားရပေဦးမည်။

ထိုစဉ်က မြန်မာလူငယ်များ၏ အခြေအနေကို မျိုးချစ်စိတ်ရှိသည့် သူရိယမဂ္ဂဇင်း၏ ခေါင်းကြီးပိုင်းမှပင် ယခုလို သတိပေးရေးသားခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ယခုအခါ ကျွန်ုပ်တို့မြန်မာလူမျိုးသူငယ် အချို့တို့မှာ ယောကျ်ားစင်စစ်ဖြစ်ပါလျက် ယောကျ်ား၏အမူအရာမရှိဘဲ မိန်းမရှာကလေးများကဲ့သို့ နှံ့နွေးညှံ့ဖျင်းရှိနေပြီးလျှင် သနပ်ခါး တို့ပါတ်ရိုက်ခြင်း၊ လုံချည်ကို မိန်းမကဲ့သို့ငတ်ဆင်ခြင်း၊ ဖျော့တော့နွမ်းနယ် နုငယ်သော အဆင်းရှိခြင်းတို့ဖြင့် ယောကျ်ားမပီဘဲ ရှိနေကြသည်ကို ကျွန်ုပ်တို့ တွေ့မြင်လာရပြီ ဖြစ်ကြောင်း၊ ယောကျ်ားတို့မည်သည်မှာ ကြွားကြွားမားမား ကျားကျားရားရားနှင့် ယောကျ်ားပီသလျက် ခွန်အားဗလသူရသတ္တိနှင့် ပြည့်စုံမှသာလျှင် လောကမှာ အသုံးဝင်နိုင်မည်သော ကြောင့်၊ မြန်မာ လူငယ် တို့ သည် ယောကျ်ားမပီသည့် မိန်းမရှာတို့၏အမူအရာတို့ကို ပယ်ခွာဖျောက်ဖျက် ကြပြီးလျှင် ကိုယ်ကာယ သန်စွမ်းစေသော အလေ့အကျင့်တို့ကို လေ့လာလျက် ယောကျ်ားပီပီ ပြောဆိုဝတ်စား သွားလာ နေ ထိုင် အပ်ပြီ ဖြစ်ကြောင်း"

ဟူ၍သတိပေးရေးသားရသည်အထိ လူငယ်အများအပြားမှာ အလှရည်၊ ဟေဇလင်စနိုး၊ ဗင်ယူဆာစသည်များကို မျက်နှာလိမ်းကြသည်။ ဘိုပတ်၊ ပေါင်ဒါ၊ ရေမွှေး ဆောင်ကြသည်။ အလှအယဉ်ဆင်မြန်းခဲ့ကြသည်။

ယင်းအခြေအနေများကြောင့်ပင် ဦးရှိန်တယောက်အလေးမပြိုင်ပွဲ ကျင်းပသည့်နေရာကို မြန်မာလူငယ်အများအပြား ရှိနေသည့်နေရာမျိုးတွင် ကျင်းပလိုခြင်းဖြစ်သည်။ သို့မှသာ မြန်မာလူငယ်လေးများသည် ကျားကျားရားရား အားမာန်အပြည့်နှင့် ဗမာ့ဇာတိသွေးဇာတိမာန် ပြန်ပေါ်လာကြမည်မဟုတ်ပါလား။

ဦးရှိန် ပြိုင်ပွဲကျင်းပလိုသည့်နေရာ တွေ့လေပြီ။ ထိုနေရာကား မြို့မယောကျ်ားလေးကျောင်းပင် ဖြစ်လေသည်။ ထိုစဉ်က



မြို့မယောကျ်ားလေးကျောင်းသည် ဂျူဗလီဟောအနောက်ဖက် ဆပ်ဆေဆင်လမ်းနှင့် ဖွူဝင်းလမ်းဆုံးရာ ကြက်လျှာစွန်းမြေကွက်တွင်ရှိသောဝိုင်အမ်စီအေ အားမီး ဟတ်ခေါ် ခနိမိုးဖျဉ်ကာတဲ အဆောက်အအုံဖြစ်သည်။ ထိုတဲမြောက်ဖက်ယွန်းယွန်းတွင် ကျောင်းသားများ စုဝေးရာ ကစားခုန်စားလေ့ကျင့်ရာ အမိုးသာရှိ၍ အကာအရံမရှိသော ခနိမိုးအားကစားရုံတခုပါရှိသည်။ ထိုစဉ်က ကျောင်းအုပ်ကြီးမှာ ဝတ်လုံတော်ရ ဦးကျော်မြင့်ဖြစ်၍ ကျောင်းဆရာကြီးမှာ ဦးဘလွင်ပင်ဖြစ်လေသည်။

ဦးရှိန်သည် မြို့မယောကျ်ားလေးကျောင်းသို့ သွားရောက်၍ ကျောင်းအုပ်ဆရာကြီးဦးကျော်မြင့်၊ ကျောင်းဆရာကြီးဦးဘလွင်တို့နှင့် တွေ့ဆုံသည်။ သူ၏ ရည်ရွယ်ချက်များကို ပြောပြ၍ မြို့မယောကျ်ားလေးကျောင်းတွင် အလေးမကာယဗလပြိုင်ပွဲ ကျင်းပနိုင်ရန် အကူအညီ တောင်းခံသည်။ အမျိုးသားစိတ်ဓာတ်အပြည့်အဝရှိကြသည့် ပုဂ္ဂိုလ်နှစ်ဦးက ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် အစစအရာရာ ကူညီကြသည်။ ပြိုင်ပွဲတွင် ချီးမြှင့်ရန်ဆုများကိုပင် ကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်က တာဝန်ယူသည်။

အလေးမပြိုင်ပွဲကို ခနိမိုးအားကစားရုံမှာ ကျင်းပကြသည်။ အလေးမပြိုင်ပွဲအခမ်းအနားကိုမြို့မယောကျ်ားကလေးကျောင်းအသက်ဟန်း မြန်မာစာပြဆရာနှင့် ဘော်ဒါဆရာ တဦးဖြစ်သူ ဆရာဟိန်း (မြို့မဆရာဟိန်) က တာဝန်ယူ ကူညီသည်။ ဆရာဟိန်းသည် ပြိုင်ပွဲတွင် လိုအပ်သည့် အခမ်းအနား နေရာထိုင်ခင်း၊ စားပွဲကုလားထိုင်များ ပြင်ဆင်ခြင်း၊ အလေးမ,ရှိ နေရာကို စနစ်တကျ ကြိုးများဖြင့် ဝိုင်းခြင်း စသော ပြိုင်ပွဲနှင့်ပတ်သက်

Y. M. C. A. Army Hut

www.burmeseclassic.com

www.burmeseclassic.com



သမျှ ကိစ္စအဝဝကို ကျောင်းအိပ်ကျောင်းစား တပည့်များနှင့် မမောနိုင်မပန်းနိုင် ကူညီကြသည်။

ပြိုင်ပွဲနေ့တွင်ကား မြို့မကျောင်းသားများ ပြင်ပမှအလေးမ ဝါသနာရှင်များ၊ ဧည့်သည်များဖြင့် အားကစားရုံ တခုလုံး ပြည့်လျှံလျက်ရှိသည်။ အလေးမပြိုင်ပွဲတွင် ကျောင်းအုပ်ဆရာကြီး ဝတ်လုံတော်ရ ဦးကျော်မြင့်က သဘာပတိ၊ ဆရာဟိန်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။ ရည်ရွယ်ချက်ကြီးမားစွာဖြင့်ကျင်းပသည့် ပြိုင်ပွဲဖြစ်သဖြင့် အလေးမ ပြိုင်ပွဲသက်သက်မျှ သာမဟုတ်၊ အလေးမကာယဗလ အားကစားကို လူငယ်များ စိတ်ပါဝင်စားစေရန် ဟောပြောပွဲပါ တပါတည်း ကျင်းပခဲ့သည်။ ဟောဖို့ပြောဖို့က ဦးရှိန် တာဝန်ကျလာသည်။ ဦးရှိန်က ဟောတာပြောတာများကို ဝါသနာမပါလှ။ ဟောပြောသည့် အလေ့အကျင့်ကလည်း သူ့တွင်မရှိ။ ဤမျှ များပြားသည့် ပရိသတ်ရှေ့မှောက်တွင် တခါမျှလည်း မဟောပြောခဲ့ဘူးသေး။ သို့သော် သူရည်ရွယ်ထားသည့်အတိုင်း အလေးမကာယဗလ အကျိုးကျေးဇူးများကို လူငယ်များ စိတ်ပါဝင်စားလာအောင် စည်းရုံးဟောပြောရမည့်တာဝန်က သူ့တွင်ရှိနေသည် မဟုတ်ပါလား။

ဦးရှိန်က သူ့ဘဝတွင် တိုင်းပြည်အတွက် အားကစားဖြင့် အကျိုးပြုဆောင်ရွက်လိုစိတ်များ ပြင်းပြလာအောင် လှုံ့ဆော်ခဲ့သည့် ဂရိရာဇဝင်မှ ဂရိလူမျိုးတို့ နိုင်ငံအတွက် ကျန်းမာသန်စွမ်းရေး ဆောင်ရွက်ပုံများ၊ ကာယာဗလ အလေးမခြင်း၏ အကျိုးကျေးဇူးများ၊ နိုင်ငံနှင့် လူမျိုး၂ အကျိုးပြုပုံများကို ပရိသတ်များ စိတ်ပါဝင်စားအောင် အကျယ်တဝင့် ဟောပြောသည်။ ဦးရှိန်အဖို့ အလေးမကာယဗလ တရားကို လူထုပရိသတ်ရှေ့မှောက်၌ ပထမဆုံး စတင် ဟောပြောရခြင်း ဖြစ်လေသည်။



အလေးမပြိုင်ပွဲတွင် ဦးရှိန်၏တပည့်များနှင့် ပြင်ပမှ အလေးမပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်ကြသည်။ ထိုစဉ်က ယခုအခါကဲ့သို့ အိုလံပစ်မနည်းများမပေါ်သေး၊ ကွန်တီနင်တယ်ဂျက်[၂] ခေါ်သည့်မနည်းဖြင့်ယှဉ်ပြိုင်ကြရသည်။ အလေးမပြိုင်ပွဲ၏ရှစ်စတုံတန်းတွင် ကုလားကျောင်းသား မောင်လှမောင်က ၁၅၅ ပေါင် မ,နိုင်သည်အထိ အစွမ်းပြနိုင်ခဲ့သည်။ ကိုးစတုံတန်းတွင် ကိုစံရွှေ (နောင်တွင် ရုပ်ရှင်ထဲ၌ ဇာတ်ရုံအဖြစ်ပါဝင်နေသူ)၊ ၁၀ စတုံတန်းတွင် ကိုညွန့်တို့ အသီးသီးအနိုင် ရရှိခဲ့ကြသည်။ နောင်တွင်အိန္ဒိယချမ်ပီယံအဖြစ် ထင်ရှားလာသည့်ကိုစံသင်မှာ ရှစ်စတုံတန်းတွင်ယှဉ်ပြိုင်ရာ မောင်လှမောင်ကိုရှုံးသွားခဲ့ရလေသည်။ အထူးအလေးမပြိုင်ပွဲအဖြစ် ကိုညွန့်ဖေ (နောင် မောင်ဗမာဖြစ်လာသူ) ယှဉ်ပြိုင်မခဲ့သည်။ အလေးမပြိုင်ပွဲအပြီးတွင် လူငယ်များ စိတ်ဓာတ်တက်ကြွစေသည့် ကြွက်သားအစိုင်အခဲ အဖုအထစ်များပေါ်လွင်စေသည့် ကာယဗလများ ပြသကြသည်။ အလေးမပြိုင်ပွဲ အနိုင်ရရှိသူများကို မြို့မကျောင်းအုပ်ဆရာကြီး ဝတ်လုံတော်ရ ဦး ကျော် မြင့် က ငွေတံဆိပ်များဖြင့် ချီးမြှင့်ခဲ့လေသည်။

အလေးမပြိုင်ပွဲကား အောင်မြင်စွာ ပြီးဆုံးလေပြီ။ ပြင်ပမှ ဖိတ်ကြားထားသော ဧည့်သည်များ၊ နေ့ကျောင်းသားများ၊ ပွဲကြည့်ပရိသတ်များလည်း အားကစားရုံအတွင်းမှ ထပွဲဖွဲ့ထွက်ခွာသွားကြလေပြီ။ အားကစားရုံထဲတွင် ကျောင်းအိပ်ကျောင်းစား ကျောင်းသားအချို့နှင့် ဦးရှိန်တို့ ကာယဗလ အဖွဲ့ဝင်အချို့သာ ကျန်တော့သည်။ ထိုအချိန်တွင် ပြိုင်ပွဲအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ရသူ ဆရာဟိန်မှာ အကြိတ်အနယ်ယှဉ်ပြိုင်မသွားကြသည့် အလေးမသမားများကို အားကျလာသည်။

---

၂။ Continental Jerk

www.burmeseclassic.com

သူနှင့်ကျောင်းနေဖက်သူငယ်ချင်း တမြို့တည်းသားကိုစံသင်မှာလည်း ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်သွားသည် မဟုတ်ပါလား၊ ဆရာဟိန်သည် ကြို့ဝိုင်းတွင်းမှ ပေါင် ၁၁၀ ခန့် ထည့်ထားသော အလေးများကိုကြည့်ပြီး အင်အားစမ်းလိုစိတ်များပေါ်လာသည်။ စိတ်အားထက်သန်နေသို့လားမသိ၊ မနေနိုင်မထိုင်နိုင် ကြိုးဝိုင်းထဲတွင်ဝင်၍ ပေါင် ၁၁၀ ကိုမလိုက်ရာ ခေါင်းပေါ် လက်တဆန့်အရောက် အောင်မြင်စွာ မ, နိုင်လေသည်။ ထိုစဉ်က သူ့ကိုယ်အလေးချိန်မှာ ပေါင် ၁၁၀ သာ ရှိသေးသည်။

တခါမျှ မ, မဘူးသေးသောအလေးကို မ, နိုင်သဖြင့် ဆရာဟိန်တယောက် အတော်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားရှာသည်။ သို့သော် သူ့ခမြာ ကြာရှည်တော့ ဝမ်းမသာနိုင်ရှာပေ။ အကြောင်း ဆိုရသော် အလေးမပြီးခါစတွင် ကြွက်သားများ တောင့်တင်း၍ ပင်ပန်းခြင်းဖြစ်သည်မှအပ မည်သို့မျှမထူးခြားသေးသော်သည်း ညဥ့်ဖက်တရေးနိုးတွင်ကိုယ်လက်များ ကိုက်ခဲ၍ မအိပ်နိုင်မနေနိုင် ဖြစ်လာသောကြောင့်တည်း။ ဆရာဟိန်မှာ အလေ့အကျင့်မရှိပဲ မတန်တဆအလေးကို မ, လိုက်မိသဖြင့် သုံးရက်လုံးလုံး ကျောင်းမတက်နိုင်ပဲ ရေနွေးအဝတ်ဖြင့် နာကျင်နေသည့်ကိုယ်လက်များကို ကပ်ပေးမှ သက်သာရရသည်တဲ့။

၁၉၂၈ ခုနှစ်တွင် ဦးရှိန်၏ ကြိုးပမ်းမှုကြောင့် အလေးမသမိုင်း၌ မှတ်တမ်းတင်ရမည့် ပထမဦးစွာ ကျင်းပနိုင်ခဲ့သည့် အထက်ပါအလေးမပြိုင်ပွဲ၏ အကျိုးကျေးဇူးတားကြီးမားလှ၏။ ထိုပြိုင်ပွဲပြီးသည်မှအစပြု၍ မြို့မကျောင်းသားအချို့သည်အလေးမ အားကစားကို စိတ်ပါဝင်စားလာကြသည်။ ဦးရှိန ကြီးမှူးသော မြန်မာပြည်ကာယဗလအဖွဲ့နှင့် ဆက်သွယ်ကာ အလေးမအားကစားကို ကျယ်ကျယ်ပြန့်ပြန့် လေ့ကျင့်လိုက်စားလာကြ



သည်။ ဤပြိုင်ပွဲကြောင့်ပင် ရန်ကုန်မြို့တွင် အလေးမအားကစားမှာ လူသိရှင်ကြား ထင်ရှားလာတော့၏။ ပါဝင်ယှဉ်ပြိုင်သူများ၏ဓာတ်ပုံများနှင့် သတင်းများကို သူရိယမဂ္ဂဇင်းမှ ရေးသားလိုက်သောအခါ အလေးမကာယဗလ အားကစားဆိုသည်ကို သူရိယမဂ္ဂဇင်းရောက်ရှိရာ မြို့နယ်ဒေသများ၌ပါ သိရှိသွားခဲ့ရလေသည်။

မြန်မာပြည်တွင် အလေးမပြိုင်ပွဲကို မြို့မ ယောက်ျားလေးကျောင်း၌ ဦးစွာပထမကျင်းပနိုင်ခဲ့သလိုပင် နောင်အခါတွင် မြန်မာနိုင်ငံအတွက် တဦးတည်းသောအာရှနှင့်ကမ္ဘာ့အလေးမချန်ပီယံနှင့် မောင်ဗဒါများ၊ မာဒေးဘုံးမောင်၊ အလေးမချန်ပီယံ အများအပြားကို မြို့မယောက်ျားလေး ကျောင်းမှပင်များစွာမွေးထုတ်ပေးနိုင်ခဲ့သေးသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၀

# အိုင်ရစ်အရေးတော်ပုံနှင့် စာရွက်ဝါ

ကိုယ်ကာယကြီး့ခိုင် သန်စွမ်းလာပြီဆိုလျှင် စိတ်ဓာတ်သည်လည်း အလိုလို ကြံ့ခိုင်လာကြသည်။ မိမိကိုယ်ကိုလည်း အပြည့်အဝ ယုံကြည်စိတ်ချကြသည်။ ဤအရည်အချင်းများ ပြည့်ဝလာသည်နှင့် မိမိကိုယ်ကို အထင်တကြီး ဖြစ် လာ သည်။ စွန့်စွန့်စားစား ဆောင်ရွက်ရမည့် လုပ်ငန်းများ အတွက် စွန့်စားလိုစိတ်များ ပေါ်ပေါက်တတ်ကြသည်။ ဦးရှိန်တွင် ယင်း အရည်အချင်းများအပြင် သည်ထက် ပိုမိုထက်မြက်သည့် စွမ်းရည်တခုလက်ဝယ်ရရှိထားသည်။ ယင်း စွမ်းရည်ကား ဇာတိမာန်တက်ကြွဖွယ်ရာ စာပေများဖတ်ရှုရာမှ ရရှိလာသည့် တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးသောစိတ်ဓာတ်နှင့် လွတ်လပ်ရေးကို မြတ်နိုးသောစိတ်ဓာတ်များပင် ဖြစ်သည်။

စာစုံဖတ်လေ့ရှိသော ဦးရှိန်တယောက် အိုင်ယာလန်ကျွန်း၌ တွင် ဗြိတိသျှတို့အား ရဲရဲတောက်တော်လှန်ပုန်ကန်နေကြသည့် အိုင်ယာလန်မျိုးချစ်များအကြောင်းကို အင်္ဂလိပ်မြန်မာစာနယ်ဇင်းများတွင် ဖတ်ရသည့်အခါ အိုင်ယာလန် မျိုးချစ်များ၏ လုပ်ရပ်များကို စိတ်ပါဝင်စားလာတော့သည်။ အိုင်ယာလန် မျိုးချစ်များ တော်လှန်ပုံကန်သည့်အကြောင်း ရေးသားထား



သည့် စာအုပ်စာထန်းများကို ရှာဖွေဖတ်ရှုတော့သည်။ အင်အားကြီးမားလှသည့် နယ်ချဲ့အင်္ဂလိပ်တို့က လက်နက်ဖြင့် မထေရားမိန့်ပ်ချုပ်ချယ်ထားသည့်ကြား၌ပင် တိုင်းပြည်လွတ်လပ်ရေးအတွက် ကြိုးစင်ပေါ်တွင် အသက်ပေးသွားကြသည့် အိုင်ယာလန် မျိုးချစ်များကို ကြည်ညိုလေးစားလာသည်။ တကမ္ဘာလုံး တုန်လှုပ်သွားစေသည့် အိုင်ယာလန်ဆင်ဖိန်း[1] အသင်းကြီး၏လုပ်ငန်းများ၊ ဆာရော့ဂျာကေ့စမင်း[2]၊ ဒီဗလဲရား[3]၊ မိုင်ကယ်ကောလင်း[4] စသည့် အိုင်ယာလန် မျိုးချစ်ခေါင်းဆောင်များ၏ လုပ်ရပ်များကို ဦးရှိန် အားကျလာသည်။

အိုင်ယာလန် မျိုးချစ်များ၏ စိတ်ဓာတ်သည် ကာ ယ ဗ လ သမားဦးရှိန်ကို ပူးကပ်လေပြီ။ ဦးရှိန်တယောက် မြန်မာပြည်ကို အိုင်ယာလန်ပြည် ဖြစ်စေချင်သည်။ မြန်မာလူမျိုးကိုလည်း တိုင်းပြည် လွတ်လပ်ရေး အတွက် အသက်ပေးတိုက်ခိုက်နေကြသည့် အိုင်ယာလန်ပြည်သူများလို ဖြစ်လာစေချင်သည်။ အမှန်မှာမူ သူဖြစ်စေချင်သည့်ဆန္ဒမှာ နှစ်ပေါင်းများစွာ အင်္ဂလိပ်ကျွန်အောက်က သဘောက်အဖြစ် ရောက်ရှိနေရသော မြန်မာများအဖို့ လွယ်ကူသောကိစ္စကား မဟုတ်ချေ။

မြန်မာနိုင်ငံရေး အခြေအနေကိုလည်း ကြည့်ပါဦး။ မြန်မာတနိုင်ငံလုံး အရှိန်အဟုန်ကြီးမားစွာဖြင့် ဦးဆောင်စည်းရုံးနိုင်ခဲ့သည့် ဂျီစီဘီအေ အဖွဲ့ချုပ်ကြီးမှာ ဟုမ္မရူးနှင့် ဒိုင်အာခီမှအစပြုကာ ငွေရေးကြေးရေး၊ ရာထူးရာခံ အခွင့်အရေး၊ ပုဂ္ဂိုလ်ရေးများကြောင့် ဟက်တက်ကွဲလျက် ရှိလေပြီ။ ကွဲကြ ပြိုကြသည်မှာ နည်းနည်း နောနော မဟုတ်။ ဦးချစ်လှိုင်၏ အညာမညာ သုံးဦး ဂျီစီဘီအေ၊ ဦးစိုးသိမ်း၏ဂျီစီဘီအေ၊ ဦးစု၏ ဗဟိုဂျီစီဘီအေနှင့်

---

၁။ Sin Fein
၂။ Sir Roger Casemen
၃။ De Velera
၄။ Michael Collin

www.burmeseclassic.com

www.burmeseclassic.com



၂၁ ဦး ပါ ဘီ ဟူ၍ အသင်းကြီးလေးသင်း ကွဲကြသည့် အထိ အခြေအနေက ဆိုးရွားခဲ့ကြသည်။ ယင်းကဲ့သို့ ကွဲပြဲကြသော အခါ တနိုင်ငံလုံး စည်းရုံးခဲ့သည့် ရဟန်းရောလူပါ နီးစပ်ရာ ခေါင်းဆောင်များနောက်သို့ ပါသွားကြလေသည်။ ဆရာနှင့် တပည့်၊ သားနှင့်အမိ စသည်အထိပင် စိတ်ဝမ်းကွဲခဲ့ကြသည်။

လေးစိတ်လေးမြွာကွဲနေကြသည့် နိုင်ငံရေးအသင်းကြီး များမှာလည်း နှစ်ပတ်လည်ကွန်ဖရင့်ကြီးများကျင်းပပြီး မည်သည့် အသင်းက မည်မျှ အင်အား ကြီးကြသည်ကို မဏ္ဍပ်များ ဆောက်၊ ငွေအမြောက်အများဖြုန်းလျက် ဂုဏ်ပြိုင်၍နေကြ သည်။ သူတို့၏လုပ်ငန်းများမှာလည်း အစည်းအဝေးပွဲများ ကျင်းပ၊ အဆိုများဘင်သွင်းဆုံးဖြတ်၊ ပြီးတော့ အစိုးရအား ကဲ့ရဲ့ပြစ်တင်ကြောင်း၊ တိုက်တွန်းကြောင်း၊ တောင်းဆိုကြောင်း၊ တိုင်ကြားကြောင်း အဆိုများကို အစိုးရထံပို့ပြီးလျှင် သူတို့၏ လုပ်ငန်းကားပြီးဆုံးလေပြီ။ တခုတော့ရှိသည်၊ ထိုသူများထဲတွင် ဦးစိုးသိမ်းက နိုင်ငံရေးကို ရဲရဲဝံ့ဝံ့ အကြမ်းဖက်ဆောင်ရွက်ရန် စိတ်အား ထက်သန်နေသူတဦးဖြစ်သည်။ သို့ရာတွင်အကွဲ အပြဲတွင် သူ့နောက်လိုက်ပါခဲ့ကြသည့် ဆရာတော်အချို့ နှင့် လူအ ချို့သည်ပင်လျှင် သူ့နောက်လိုက်လျှင် တနေ့နေ့ အားလုံး ဒုက္ခတွေ့ကြလိမ့်မည်ဟု မြော်တွေး ကြောက်ရွံ့၍ သူ့အဖွဲ့မှ ထွက်ခွာသွားခဲ့ကြသဖြင့် သူ့အဖွဲ့မှာ တဖြည်းဖြည်း အင်အား နည်းခဲ့ရသည်။

ဤသို့သော အခါသမယတွင် ဦးရှိန်ဆန္ဒရှိသည့်အကိုင်းအိုင် ယာလန်လိုဖြစ်ဖို့ဆိုသည်မှာ အဘယ်မှာနီးစပ်ပါအံ့နည်း။ သူနှင့် ခင်မင်ရင်းနှီးသည့် မိတ်ဆွေအပေါင်းအသင်းများကို ပင်အိုင် ယာလန်မျိုးချစ်တို့၏ အကြောင်းကို အားပါးတရ ပြောမိသည့် အခါ ဘော်လှုန်ပုန်ကန်ဖို့ဆိုလျှင် ဝေလာဝေး နားထောင်ဖို့ ပင် စိတ်လေးနေသူက များနေကြသည်။ သူဘာလုပ်ရမည်



နည်း။ ရှုတ်ရှုတ်ပွေပွေ နိုင်ငံရေးအသင်းတွေဝင်၍တော့ သူမ လုပ်လို၊ သူရဲကောင်း ဝါဒဆိုသည်ဘဲပြောပြော တယောက် ကောင်းနှစ်ယောက်ကောင်းနှင့် ဆောင်ရွက်လို့ရသည့် လုပ် ငန်းမျိုးသာ လုပ်ချင်သည်။ သူ့လုပ်ငန်းတွင်ပါဝင်မည့် စိတ်တူ သဘောတူ ဝါသနာပါသူဆို၍ များများစားစားတော့မရှိ၊ သူ့ အလေးမခရီးတွင် ပထမဦးဆုံး တိုင်းပြည်အတွက် ရည်ရွယ် လျက် အားကစားရော စိတ်ဓာတ်ပါ လေ့ကျင့်ပေးနေသည့် သူ့ထပည့် ကူရှင် ကျောင်းသားမောင်လှမောင်နှင့် သူ့ထံသို့ ကာယဗလလာရောက် လေ့ကျင့်နေသည့် တက္ကသိုလ်ကျောင်း သားကိုဘသာတို့နှစ်ယောက်ကိုသာ သူကစိတ်ချယုံကြည်သည်။ ကိုဘသာမှာ တက္ကသိုလ်အပျော်ထမ်းတပ်တွင် မြန်မာကျောင်း သားများထဲမှ အဆင့်အမြင့်ဆုံးရရှိနိုင်သည့်အငယ်တန်းအရာရှိ အဆင့်ပင် ရရှိထားသူဖြစ်သည်။ ကိုဘသာနှင့် မောင်လှမောင် တို့မှာ သူတို့ဆရာကို ကြည်ညိုလေးစား ချစ်ခင်ကြသူများ ဖြစ် ကြသည်။

ဦးရှိန်၏ တပည့်များကို လေ့ကျင့်ပုံ လေ့ကျင့်နည်းက အခြားသူများနှင့်မတူ၊ တပည့်များအား အလေးမ အားက စားကို ဂရုထစိုက် သင်ကြားပေးသလို အကျင့် စာရိတ္တနှင့် စိတ်ဓာတ် မြင့်မားထက်ကြွလာအောင် တိုင်းပြည်နှင့်လူမျိုး ကို ချစ်မြတ်နိုးအောင် စိတ်ပိုင်းဆိုင်ရာကိုလည်း ဂရုထား၍ သင်ကြားပေးခဲ့သည်။ သို့ကြောင့်ပင် နောင်တချိန်တွင် သူ့ တပည့်အတော်များများမှာ တိုင်းကျော် ပြည်ကျော် ကမ္ဘာ ကျော်အလေးမချမ်ပီယန်များ ဖြစ်လာကြဟန်တူလေသည်။

ကိုဘသာနှင့်မောင်လှမောင်တို့သည် ကိုယ်ကာယ[illegible]စွမ်း သူလူငယ်များပီပီ စိတ်ဓာတ်တက်ကြွနေဆဲတွင် [illegible]ဆရာထံမှ အင်္ဂလိပ်နယ်ချဲ့တို့အား အိုင်ယာလန်မျိုးချစ်များပုန်ကန်ကြသည့် နိုင်ငံရေးတရား ကြားနာရသည့်အခါ မျိုးချစ်စိတ်ဓာတ်များ

www.burmeseclassic.com

ဗိုမို့တက်ကြွသာကြသည်။ အိုင်ယာလန်မျိုးချစ်များလိုပင် တိုင်းပြည်အတွက် စွန့်စားလိုကြသည်။ စိတ်ဓာတ် တက်ကြွလွန်းသူ မောင်လှမောင်မှာ မြန်မာများကို ကျွန်ပြုထားသည့် အင်္ဂလိပ်များအား ခါးခါးသီးသီး မုန်းတီး၍ပင် သွားခဲ့လေသည်။

အတွဲညီလှသော ဆရာတပည့်သုံးဦး ခေါင်းချင်းဆိုင်တိုင်ပင်ကြသည်။ အင်္ဂလိပ်များကို ရသမျှအချိန်၊ ရသမျှလက်နက်ဖြင့် တော်လှန်ပုန်ကန်ကြသည့်အိုင်ယာလန်ဆင်ဖိန်းအသင်းကြီးမှ မျိုးချစ်များလိုလုပ်ငန်းမျိုးတော့ လုပ်လို့မဖြစ်နိုင်သေး၊ သူတို့ တတ်စွမ်းနိုင်သမျှ အင်္ဂလိပ်ကျွန်ဘဝမှ လွတ်မြောက်ရန် သထကြွကြွ တော်လှန်နှိုးဆော်ဖို့ စီစဉ်ကြသည်။

လှုံ့ဆော်ရေး ပိုစတာများကို ရန်ကုန်တမြို့လုံး အနှံ့ကပ်ကြမည်။ ပိုစတာစာရွက်ကို အဝါရောင်ရွေးချယ်ကြသည်။ လှုံ့ဆော်ရေးစာများကို လက်ရေးဖြင့်ပင်မဟုတ်၊ ကျကျနနပုံနှိပ်လိုက်သေးသည်။ ပိုစတာများပုံနှိပ်ရေးအတွက် ကိုဘသာက တာဝန်ယူသည်။ လှုံ့ဆော်ရေးပိုစတာများ လျှို့ဝှက်စွာ ရိုက်နှိပ်ပြီးစီးပြီ၊ သူတို့လုပ်ငန်းစကြတော့မည်။

"ငါတို့ အခုလုပ်မဲ့လုပ်ငန်းဟာ ဘယ်လောက်ဘေးအန္တရာယ်များတယ်ဆိုတာ မင်းတို့အသိဆုံးဘဲ။ အရေးကြီးဆုံးက သတ္တိနဲ့သစ္စာရှိကြဖို့ဘဲ၊ အခြေအကြောင်းမညီညွတ်လို့ ငါတို့ထဲကတဦးဦးကိုများ ဖမ်းမိသွားရင် အဲဒီလူဟာကိုယ်ကျိုးစွန့်ပြီး အနစ်နာခံရမယ်။ အဖမ်းမခံရအောင်အတတ်နိုင်ဆုံး ကြိုးစားကြ၊ မင်းတို့လုပ်ကိုင်နေကြတုန်း မသင်္ကာစရာလူတွေ့ရင်လဲ ရှင်းပစ်လိုက်၊ မင်းတို့လွတ်အောင်ရှောင်ကြ။"

စာရွက်ဝါလှုံ့ဆော်ရေးပိုစတာများကို ရန်ကုန်မြို့အနှံ့ကပ်ကြရန် ခရီးစထွက်တော့မည်ဆဲဆဲတွင် ဦးရှိန်က တပည့်နှစ်ဦးကို အထက်ပါအတိုင်းနောက်ဆုံးမှာကြားလိုက်သည်။



ကိုဘသာက တက္ကသိုလ် ကမာရွတ်တပိုက်ဖက် တာဝန်ယူရသည်။ ဦးရှိန်နှင့်မောင်လှမောင်တို့က မြေနီကုန်း၊ စမ်းချောင်း၊ အလုံ၊ ကြည့်မြင်တိုင်စသည်ဖက်တွင် တာဝန်ယူ၍ လှုံ့ဆော်ရေးပိုစတာများ ကပ်ကြသည်။ သူတို့တွင် အကာအကွယ်ဆို၍ ဦးရှိန်နှင့်မောင်လှမောင်တို့မှာ ဓားမြှောင် တချောင်းစီပါကြသည်။ ကိုဘသာ၌မူ တလုံးပြူးသေနတ်တိုလေးတလက် ပါသည်။ ဦးရှိန်နှင့်မောင်လှမောင်တို့မှာ စက်ဘီးတစီးဖြင့် သတ်မှတ်ထားသည့် ရပ်ကွက်များသို့အထူးဝီရိယထားပြီး ပိုစတာများကပ်ကြသည်။ ညဉ့်သန်းခေါင် တိုင်နေပြီဖြစ်သဖြင့်တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။ လမ်းသွားလမ်းလာများလည်း မတွေ့ကြရတော့။ သူတို့လုပ်ငန်းမှာ မြှော်မှန်းသည်ထက်ပိုမိုတွင်ကျယ် အောင်မြင်ကြသည်။ လှည့်လည်နေကျ ပုလိပ်ပတ္တာခရောင် များကိုပင် ယခုအချိန်အထိ အရိပ်အရောင်မျှပင် မမြင်ရသေး။

ကြည့်မြင်တိုင်ဖက်ဆီမှ ဗားကရာမြေနီကုန်းဖက်ရောက်ခဲ့ကြသည်။ သူတို့လုပ်ငန်းမှာ တလမ်းလုံး အနှောင့်အရှက်များ မတွေ့ခဲ့ရ။ ဆရာတပည့်နှစ်ဦးစလုံး စိတ်ဓာတ်များတက်ကြွနေကြသည်။ သို့ရာတွင် ဗားကရာထာနေရာတွင် ပိုစတာများကပ်ရန်ပြင်ဆင်နေစဉ်မှာပင် ခပ်လှမ်းလှမ်းမှ သူတို့အရိပ်အခြည်ကို ရပ်ကြည့်နေသော လူတယောက်ကို မမြော်လင့်ဘဲ တွေ့ရသည်။ ဦးရှိန်တို့ဆရာတပည့်မှာ ကပ်မည့်ဆဲဆဲပိုစတာများကို မကပ်ကြသေးဘဲထိုလူ၏ အရိပ်အကဲကို မျက်ခြည်မပြတ် စောင့်ကြည့်နေကြသည်။ ထိုလူကလည်း သူတို့လှုပ်ရှားမှုကို စောင့်ကြည့်နေသည်။

"ဆရာ....ဒီလူ အစိုးရဖက်ကစုံထောက်နဲ့တူတယ်၊ ကျွန်တော် သွားရှင်းပစ်လိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



နှစ်ကိုယ်ကြားလေသံဖြင့် ပြောမပြောဆိုဆို မောင်လှမောင်သည် ခါးကြားမှ ဓားမြှောင်ကို ဆွဲထုတ်လိုက်ပြီး၊ ထိုလူစိမ်းဆီ သွားရန် ဦးရှိန်ထံခွင့်တောင်းသည်။

"အရမ်းမလုပ်လိုက်နဲ့အုံး.... မောင်လှမောင်၊ ဟုတ်မဟုတ် အခြေအနေကြည့်ပါအုံး၊ ငါတို့လုပ်စရာတွေ အများကြီးရှိသေးတယ်၊ ထော်ကြာပြဿနာပိုကြီးသွားလိမ့်မယ်"

ဦးရှိန်သာ အချိန်မှီမတားလိုက်ပါက ခြေလွန်လက်လွန်ဖြစ်သွားပေတော့မည်။ မောင်လှမောင်သည်စိတ်ဓာတ်တက်ကြွနေသူပီပီ စုံထောက်ထင်သူကို သတ်ပစ်ရန်သာဆန္ဒစောနေလေသည်။ နယ်ချဲ့နှင့် သူတို့၏ လက်ပါးစေများကို ရသမျှအချိန် ရသမျှနေရာတွင် သတ်ဖြတ်နေကြသည့် ဆင်ဖိန်းအဖွဲ့ဝင်များ၏ လုပ်ရပ်က မောင်လှမောင်စိတ်တွင် ပူးကပ်နေလေပြီ။

ခဏကြာလျှင် ထိုသူစိမ်းသည် သူတို့ရှိရာသို့ လျှောက်လာသည်ကို တွေ့ရသဖြင့် ဆရာတပည့်နှစ်ဦးစလုံး ဓားမြှောင်ကို ထုတ်၍ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း တိုက်ခိုက်ရန် အသင့်စောင့်နေကြသည်၊ ယမ်းထဖက်မှ လျှောက်လာသော ထိုသူစိမ်းသည် သူတို့ဖက်ကူးမလာပဲ သူ့ခရီးသူဆက်လက်လျှောက်သွားမှ သူတို့နှစ်ယောက် စိတ်လေးကြရတော့သည်။ သူတို့၏ လှုံ့ဆော်ရေးပိုစတာကပ်ကြသည့် ခရီးတလျှောက် ယခုကဲ့သို့ သဲထိပ်ရင်ဖိုစရာများနှင့် တွေ့ခဲ့ရသော်လည်း လုပ်ငန်းအားလုံးမှာ အနှောင့်အရှက်ကင်းစင်စွာဖြင့် အောင်မြင်ခဲ့လေသည်။

"မြန်မာတွေ အင်္ဂလိပ် ကျွန်အဖြစ် နေတော့မှာလား
အင်္ဂလိပ်တွေကို မောင်းထုတ်ကြ၊ သူပုန်ထကြကြွကြလော့"

ထိုစဉ်က စာရွက်ဝါဝါများပေါ်တွင် အနီရောင်စာလုံးဖြင့် ရိုက်နှိပ်ထားသောပိုစတာများကိုကြည့်၍ ရန်ကုန်ပုလိပ်အဖွဲ့မှာ



အတော်အလုပ်ရှုပ်သွားခဲ့ရလေသည်။ ရန်ကုန်ဂေဇက်အင်္ဂလိပ်သတင်းစာမှလည်း "ရန်ကုန်တမြို့လုံး စာရွက်ဝါများ ပြန့်သွားခြင်း" ဟု ခေါင်းစဉ်တပ်ကာသတင်းအဖြစ် ရေးသားခဲ့လေသည်၊ သို့သော် စာရွက်အရောင်နှင့် ပိုစတာကပ်သွားသည်ကိုသာရေး၍ လှုံ့ဆော်ရေးစာသားများကို ရေးသားခြင်းမပြုခဲ့ချေ။

ဦးရှိန်တို့၏ လှုံ့ဆော်ရေးစာရွက်ဝါပိုစတာများသည် တိုင်းပြည်အတွက် ရှေ့ပြေးနိမိတ်များ ဖြစ်ခဲ့နသည်လားတော့မသိ၊ အကြောင်းဆိုပါမူ ဦးရှိန်တို့ လှုံ့ဆော်ရေးပိုစတာ ကပ်ပြီးနောင် နှစ်နှစ်ကြာသည့်အချိန် ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့ညဉ့်တွင် သာယာဝတီနယ် ရေတိုက်ရွာမှစတင်၍ ဆရာစံဦးဆောင်သောသာယာဝတီ တောင်သူလယ်သမားမျိုးချစ်များက နယ်ချဲ့အင်္ဂလိပ်တို့အားရရာလက်နက်စွဲကိုင်၍ ထော်လှန်ပုန်ကန် တိုက်ခိုက်ခဲ့ကြသည့် သာယာဝတီတောင်သူလယ်သမား အရေးတော်ပုံကြီး ပေါ်ပေါက် လာသောကြောင့်ဝင်တည်း။

www.burmeseclassic.com

အခန်း ၁၁

# မြန်မာအမျိုးသားအပျော်ထမ်း ရဲတပ်သားလေး

၁၉၃၀ ပြည့်နှစ်တွင် မြန်မာ့နိုင်ငံရေးသမိုင်း၌ မှတ်တမ်းတင်ရမည့် ထပ်ဖွဲ့ကြီးတခု ပေါ်ခဲ့လေသည်။ ယင်းအဖွဲ့ကြီးကား မြန်မာနိုင်ငံတွင် ထင်ထင်ရှားရှား လူသိများခဲ့သည့် မြန်မာပြည်အမျိုးသားအပျော်ထမ်းရဲတပ်ဖွဲ့ကြီးပင် ဖြစ်လေသည်။

မြန်မာပြည်ရှိ နိုင်ငံရေးအသင်းအချို့က မြန်မာပြည်အား အိန္ဒိယပြည်မှ ခွဲထုတ်၍ သီးခြားအုပ်ချုပ်ရေး အလိုရှိကြသဖြင့် မကြာမကြာ အင်္ဂလန်အစိုးရ ကိုယ်စားလှယ်များလာတိုင်း တောင်းဆိုကြ၏။ အချို့ နိုင်ငံရေးအသင်းများကမူ မြန်မာပြည်သည် အိန္ဒိယပြည်မှ ခွဲထွက်လိုက်မည်ဆိုလျှင် သွေးကွဲကာ အင်အားနည်းပါးသွားမည်။ လွတ်လပ်ရေး အတွက် ဆောင်ရွက်ရာတွင် ရှေးကကဲ့သို့ စည်းလုံးညီညွတ်စွာ ဆောင်ရွက်လုပ်ကိုင်နိုင်မည်မဟုတ်ဟု ယူဆကြ၍ အိန္ဒိယနှင့် ပိုနေမြဲကျား နေမြဲ တွဲနေလိုကြသည်။ ဤသို့သော အချိန်တွင် မြန်မာပြည်အား အိန္ဒိယပြည်နယ်အဖြစ် တည်ရှိနေသမျှ ဟုမ္မရူးခေါ် ကိုယ်ပိုင် အုပ်ချုပ်ရေးကို ရရန် မဖြစ်နိုင်။ မြန်မာပြည်ကို အိန္ဒိယ



ပြည်မှ ပထမဦးဆုံး ခွဲထွက်နိုင်အောင် ဆောင်ရွက်မှသာ ကိုယ်ပိုင်အုပ်ချုပ်ရေးကို ရနိုင်မည်ဆိုသည့် အယူအဆ ရှိနေသူများ ရှိနေခဲ့ကြသည်။ သို့ဖြင့် သူရိယသတင်းစာတွင် မြို့သားအမည်ခံ ဆောင်းပါးရှင်တဦး၏ လှုံ့ဆော်အကြံပေးချက်အရ အိန္ဒိယနှင့် မြန်မာပြည်ခွဲခွာရေးအသင်းကို ၁၉၂၀ ခုနှစ်တွင် ထည်ထောင်လိုက်ကြသည်။ ခွဲခွာရေး အသင်းကြီးတွင် အမ်-အေ ဦးမောင်ကြီးက ဥက္ကဋ္ဌ၊ သူရိယ ဦးသိန်းမောင်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

ခွဲခွာရေးအသင်းကြီးနှင့် အမြို့မြို့ရှိ အသင်းခွဲများ၏ ပထမအကြိမ်ကိုယ်စား လှယ်စုံညီသင်းလုံးကျွတ်အစည်းအဝေးကြီးကို ၁၉၂၉ ခုနှစ် ဇန်နဝါရီလ ၁၃ ရက် တနင်္ဂနွေနေ့တွင် ဘုရင်မပန်းခြံနှင့် မျက်နှာချင်းဆိုင်ရှိ နေရှင်နယ် မော်တော်ကုမ္ပဏီအောက်ထပ်တွင် ကျင်းပခဲ့လေသည်။ ယင်းအစည်းဝေးအရပ်ရပ်ဆုံးဖြတ်ချက်များအနက်-

> "မြန်မာအမျိုးသားများ စစ်ရေးစစ်ရာ၌ သင်ကြားလေ့ကျင့်ခြင်း ဝါသနာပြန်၍ ဖြစ်ပေါ်လာစေဘို့တိုက်တွန်းအားပေးကူညီပေးရန်"

ဟူသည့် ဆုံးဖြတ်ချက်လည်း ပါဝင်ခဲ့သည်။ ထိုဆုံးဖြတ်ချက် အမှတ် ၄ ကို အကြောင်းပြု၍ ဇာတိသွေးဇာတိမာန် တက်ကြွစေမည့် မြန်မာ့သူရဲကောင်းများ ပြုစုရေးသားထုတ်ဝေရန်နှင့် မြန်မာပြည်အပျော်ထမ်းရဲတပ်ဖွဲ့များတည်ထောင်ရန် ဖြစ်ပေါ်လာသည်။

၁၉၂၉ ခုနှစ် မတ်လ ၂၄ ရက်မှ ၂၇ ရက်နေ့အထိ ဆောင်မူတွင်ကျင်းပသော ဦးစိုးသိမ်း ခေါင်းဆောင်သည့် ဂျီစီဘီအေ အဖွဲ့ချုပ်ကြီးကလည်း ၁၆ ကြိမ်မြောက်နှစ်ပတ်လည် အစည်းအဝေးကြီးတွင် နယ်လှည့်သွေးစုတ်မှုများကို သင့်ကျင့်ရန်အတွက် အပျော်ထမ်းတပ်ဖွဲ့များ ဖွဲ့စည်းရန်ဆုံးဖြတ်ကြသည်။

www.burmeseclassic.com



၁၉၁၄ ခုနှစ်တွင် ဖြစ်ပွားသည့် ပထမ ကမ္ဘာစစ်ကြီးတွင် ဗြိတိသျှအင်ပိုင်ယာကြီးအား ခြိမ်းခြောက်လာသည့်အခါ မြန်မာစစ်သည်များက အသက်သွေးဖြင့် သူတို့ အင်ပိုင်ယာကြီးကို ကာကွယ်ပေးခဲ့ရသော်လည်း စစ်ကြီးပြီးဆုံးသည့်အခါ မြန်မာအမျိုးသားများ စစ်ဖက်တွင် ပါဝင်ထမ်းဆောင်ခွင့်မရခဲ့တော့ချေ။ မြန်မာပြည်တွင် မြန်မာအမျိုးသားစစ်စစ်များပါဝင်သည့် စစ်တပ်ဆို၍ ပြသစရာပင် မရှိသည်အထိ ဖိနှိပ်ချုပ်ချယ်ခဲ့ကြသည်။ မြန်မာပြည် မြန်မာ့မြေပေါ်တွင် မြန်မာနိုင်ငံ အတွက် သိုအပ်လာပြီ ဖြစ်သည့် မြန်မာအမျိုးသား အပျော်ထမ်းတပ်များဖွဲ့စည်းရေးမှာမြန်မာများအဖို့လိုအပ်နေပြီမဟုတ်ပါလား။

သို့ဖြင့် မျိုးချစ်ပုဂ္ဂိုလ်အချို့သည် အပျော်ထမ်းတင်ဖွဲ့စည်းရေးကို သူ့နည်းသူ့ဟန်ဖြင့် ကြိုးပမ်းလာကြသည်။ ခွဲခွာရေး သင်းလုံးကျွတ်အစည်းဝေးဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန် ပါတီနိုင်ငံရေးမှ ထေးထွက်ထိုင်နေသူ ဝတ်လုံတော်ရ အမ်အေဦးမောင်ကြီးက ကြိုးမှုး၍ ပါတီနိုင်ငံရေး အသင်းအဖွဲ့ လက်ကိုင်တုတ် မဖြစ်စေရ၊ တနိုင်ငံလုံး တမျိုးသားလုံးနှင့်သာ သက်ဆိုင်စေရမည် ဟူသော ရည်ရွယ်ချက်ဖြင့် ၁၉၃၀ ပြည့်နှစ် ဇွန်လ ၂၂ ရက်နေ့တွင် ကြည့်မြင်တိုင် ရပ်ကွက်လုံးဆိုင်ရာမြန်မာပြည်အပျော်ထမ်းအဖွဲ့ကို ဖွဲ့စည်းခဲ့လေသည်။ ထိုအဖွဲ့ကို စီမံအုပ်ချုပ်ရန် ဦးမောင်ကြီးအပါအဝင် အဖွဲ့ဝင် ၁၇ ဦးအား အစည်းအဝေးမှ ရွေးချယ်တင်မြှောက်ကြသည်။ ထိုစဉ်က အပျော်ထမ်းအဖွဲ့သို့ ပါဝင်ရန် စာရင်းပေးသွင်းကြသူပေါင်း ၃၀၀ ခန့်ပင် ရှိခဲ့လေသည်။

ထိုသူများထဲတွင် ဦးရှိန်တို့ တသိုက်လည်း အင်တိုက်အားတိုက်ပါဝင်ခဲ့ကြ၏။ ဦးရှိန်သည် ညီဖြစ်သူဦးစိန် ( ဦးဗဂိုဒို )၊ ဘပည့်ဖြစ်သူ ကိုဘသာ၊ ငမောင်လှမောင်၊ မောင်တင်မောင်တို့နှင့်အတူ စိတ်မာတ်ပြင်းပြင်းထန်ထန်ဖြင့် ပါဝင်ဆောင်ရွက်ခဲ့



သည်။ အခြားသူများအဖို့ မည်သည့်ရည်ရွယ်ချက်ဖြင့် အပျော်ထမ်းတပ်ဖွဲ့သို့ ပါဝင်ကြသည်ကိုမသိရသော်လည်း ဦး ရှိန် တို့တသိုက်တွင်ကား မြင့်မားသည့်ရည်ရွယ်ချက်များ ရှိခဲ့ကြသည်။ ဗြိတိသျှနယ်ချဲ့တို့အား တော်လှန်ပုန်ကန်ကြရန် အိုင်ယာလန်ပြည်တွင် အိုင်းရစ်အပျော်ထမ်းတပ်ဖွဲ့များဖွဲ့စည်းခဲ့ကြသည်။ ၎င်းအိုင်ရစ် အပျော်ထမ်းတပ်ဖွဲ့လေးမှပင် အင်အားကြီးမားလာသည့် ဗြိတိသျှတို့အား တော်လှန်ပုန်ကန် တိုက်ခိုက်ခဲ့ကြသည်။ မြန်မာပြည်တွင်လည်း အပျော်ထမ်းတပ်ဖွဲ့များ စစ်ရေးစစ်ရာကျွမ်းကျင်ပြီး အင်အားကြီးမားစည်းရုံးလာသည့် တနေ့တွင် တိုင်းပြည်၏လွတ်လပ်ရေးအတွက် နယ်ချဲ့အင်္ဂလိပ်တို့အား စနစ်တကျ တော်လှန်တိုက်ခိုက်နိုင်လိမ့်မည်ဟု မြှော်ကိုးကာ စိတ်ဓာတ်တက်ကြွသူများပီပီ ပါဝင်ခဲ့ခြင်း ဖြစ်သည်။ နောင်အခါ ဗိုလ်ဘသာ၏ လှုံ့ဆော်မှုကြောင့် လူငယ်ရဲတပ်အဖွဲ့ဝင်အချို့တို့မှာ အိုင်းရစ်အပျော်ထမ်းတပ်များကိုစံထား၍ အခွင့်သာသည့်အခါဆောင်ရွက်ရန် ကြိတ်၍စီစဉ်ခဲ့လေသည်။ ထိုသူများထဲတွင် ဗိုလ်ဘသာနှင့်တွဲဖက်၍ စိတ်ဓာတ်အတက်ကြွဆုံးမှာဆရာကိုလှမောင် (ဒု-ဗိုလ်မှူးကြီး လှမောင်) ပင် ဖြစ်လေသည်။ ဦးရှိန်တယောက် မြန်မာပြည်အပျော်ထမ်းရဲတပ်အဖွဲ့သို့ ပါဝင်ဆောင်ရွက်နေသည့်အခါမှာပင် တိုင်းပြည်အတွက် သူ ထဖက်တထမ်းမှ ဆောင်ရွက်နေသော ကျန်းမာသန်စွမ်းရေးလုပ်ငန်းများကို အပျော်ထမ်းရဲတပ်ဖွဲ့၏ အဓိက ရည်ရွယ်ချက်လုပ်ငန်းများတွင် ပါဝင်အောင် ကြိုးပမ်းခဲ့သည်။ ကိုယ်လက်ကျန်းမာသန်စွမ်းရေး အားပေးရန်၊ စည်းကမ်းနည်းလမ်း သေဝပ်ရန်၊ အကျင့်စာရိတ္တကောင်းရန်၊ရပ်ရွာ မြို့နယ်ကာကွယ်ရန် စသည့် အပျော်ထမ်းရဲတပ်ဖွဲ့၏ ရည်ရွယ်ချက်လေးချက်တွင်အဓိကထားခဲ့သော ကိုယ်လက်ကျန်းမာသန်စွမ်းရေးအားပေးရန် ဟူသော ရည်ရွယ်ချက်သည် ထိပ်ဆုံးကပါဝင်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၃၁ ခုနှစ်တွင် ကြည့်မြင်တိုင်ရပ်ကွက်လုံးဆိုင်ရာ မြန်မာပြည်အပျော်ထမ်းအဖွဲ့ကို မြန်မာပြည်အမျိုးသားအပျော်ထမ်း ရဲတပ်ဖွဲ့ဟူ၍ အမည် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ရဲတပ်ဖွဲ့တွင် အမ်အေဦးမောင်ကြီးက ဗိုလ်ချုပ်ကြီးဖြစ်လာသည်။ ဦးမောင်ကြီး၏တပည့် ဝတ်လုံတော်ရ ဦးထွန်းတင်က တာဝန်ခံ ဗိုလ်မှူးကြီးဖြစ်သည်။ ဝတ်လုံတော်ရဦးဘဟန်၊ ဦးသိန်းကျော်၊ ဦးရွှေဘ၊ ဦးခင်မောင်ကြည် (သစ်ထုတ်လုပ်ရေး ညွှန်ကြားရေးဝန်ထောက်) တို့က ဗိုလ်မှူးများအဖြစ် တာဝန်ယူကြရသည်။

ရန်ကုန်ရဲတပ်ဖွဲ့တွင်လည်း ဦးထွန်းတင်က ရဲကပ်အုပ်ဗိုလ်မှူးကြီးဦးသိန်းကျော်က ဒုရဲတပ်အုပ်ဗိုလ်မှူးသိန်းကျော်၊ ဗိုလ်လှဖေ (ပင်မှူး) နှင့် ဦးရှိန်၏တပည့် ဗိုလ်ဘသာတို့က တာဝန်ခံဗိုလ်များ ဖြစ်လာကြသည်။ ဗိုလ်ဘသာမှာ ထက္ကသိုလ်အပျော်ထမ်းတပ်ဖွဲ့တွင် အငယ်တန်းအရာရှိအဆင့် ရရှိထားသူဖြစ်သဖြင့် ရဲတပ်ဖွဲ့ဝင်များအား စစ်ပညာ သင်ကြားရေးတွင် အဓိက တာဝန်ယူရသူများထဲတွင် ပါဝင်သူတဦး ဖြစ်ခဲ့သည်။ ခေါင်းဆောင်ကောင်း ဖြစ်သလို၊ နောက်လိုက်ကောင်း ဖြစ်သည့် ဦးရှိန်မှာ လက်မောင်း အရစ်ဖြူခေါင်းနှစ်ရစ် တပ်ဆင်ရသည့် ရဲကြပ်ကြီးဦးရှိန် ဖြစ်လာလေသည်။

ဗိုလ်ဘသာ၊ ဦးထွန်းတင်၊ ဦးသိန်းကျော် စသည့်ရဲတပ်ဗိုလ်များ၏ဝါဒီတွင်ကြိုးပမ်းမှုကြောင့် "သတိ" "သက်သာ" "နေမြဲ" "ဗယ်လှည့်" "ညာလှည့်" "ချီတက်" "အမြန်လျှောက်" စသည့်မြန်မာသို့စစ်မိန့်ပေးသံများဖြင့် ဦးရှိန်တို့ ရဲတပ်ဖွဲ့ဝင်များ စစ်ပညာသင်ကြားရသည်။ အင်္ဂလိပ်များက သူတို့စစ်သားများကိုမိုးဝါ၊ စစ်တွင် မိုးဝါးတောထောင်သဘာဝများဖြင့် ကိုက်ညီသည့် ကာကီရောင်ယူနီဖောင်းများ ဝတ်ဆင်စေခဲ့သလို အစိမ်းရောင်လွှမ်းသည့် သစ်ပင်တောတောင်များထူထပ်သော မြန်မာနိုင်ငံတွင်လည်း တိုက်ရခိုက်ရသည့်အခါ လွယ်လင့်တကူ ရန်သူ



များမမြင်နိုင်စေရန် ရဲတပ်ဝတ်စုံကို အစိမ်းရောင်အဖြစ် သတ်မှတ်ဝတ်ဆင်ကြသည်။

မြန်မာပြည်အပျော်ထမ်းရဲတပ်အဖွဲ့ဝင်များ၏ စစ်ပညာအရည်အသွေးမှာ များစွာ တိုးတက်လာကြသည်။ စစ်ဗိုလ်စစ်သားဆို၍ အင်္ဂလိပ် ဂေါ်ရာကုလားများသာ အမြင်များခဲ့ရသော မြန်မာပြည်သူများအဖို့ ရဲစိတ်ရဲမာန်၊ ထက်သန်နေကြသည့် မြန်မာရဲတပ်သားများကို မြင်ရတွေ့ရလေပြီ။

အမျိုးသားများ စိတ်ဓာတ်တက်ကြွစေရန် ဘင်ခရာအဖွဲ့နှင့် ရပ်ထဲရွာထဲ ဦးရှိန်တို့ ရဲတပ်အဖွဲ့ဝင်များက စစ်ရေးညီညီဖြင့် စစ်ချီလှည့်လည်ကြသည်။ အမ်အေဦးမောင်ကြီးမှာ မရှက်မကြောက်ပဲရဲတပ်သားများနှင့်အတူ ရှေ့ဆုံးမှရဲဗိုလ်ချုပ်ကြီးယူနီဖောင်းဝတ်၍ဦးဆောင်လျှောက်လေသည်။ စစ်ချီခြင်းအလေ့အကျင့်ဖြစ်စေရန် စခန်းချခရီးရှည်ချီတက်ပွဲ လုပ်ကြသေးသည်။ ၁၉၃၁ခုနှစ် ဇူလိုင်လ ၁၈ ရက် စနေနေ့ညနေ ၅ နာရီခွဲအချိန်တွင် အားမာန်အပြည့်ဖြင့် သက်နန်းကျွန်းသို့ စခန်းချရန် ချီတက်သွားကြသည့် ရဲတပ်ဖွဲ့ဝင်ပေါင်း ၄၀ ကျော်တို့သည် မိုးမင်းလွှန်ကဲ တသည်းသည်း ရွာသဲချီတက်ခဲ့ရသဖြင့် ခါတော်မှီဆေးဆိုးထားရသည့် သူတို့၏အစိမ်းရောင်ယူနီဖောင်းများမှ ဆေးများကျွတ်ကုန်၍ အဝတ်အစားတွင် မက၊ တကိုယ်လုံးအသားများပါ အစိမ်းရောင်ဆိုးပြီးသား ဖြစ်ကုန်ကြလေသည်။

ခရီးအတန်ငယ်ပေါက်လျှင် ဂေါ်ရာစစ်ဖိနပ်များ တဂေါက်ဂေါက်ဖြင့် ဒေါ်မာန်ပါပါလျှောက်သူများ ဖိနပ်ပေါက်သွားကြသည်။ အချို့ဖိနပ်ဖြင့် ဆက်မလျှောက်နိုင်လောက်အောင်ပင် အခြေအနေက ဆိုးလာကြသည်။ စနစ်တကျ ချီလာကြသည့် ရဲတပ်ဖွဲ့ကို ဆက်လက်ချီတက်နိုင်ဖို့အရေး ဖိနပ်ပေါက်သူများကြောင့် အခက်တွေ့နေကြသည်။ ထိုအခါ ဦးရှိန်က ရဲတပ်သားများ ဆက်လက်ချီတက်နိုင်အောင် မြင်းကြားကြီးတလုံး ရှာ

www.burmeseclassic.com



သည်။ ပြီးတော့ ဖိနပ်မစီးနိုင်ကြသည့် ရဲတပ်သားများ၏ ဝေါ ရာဖစ်ဖိနပ်များကို ခြင်းကြားထဲထည့်၍ သူနှင့်ညီဖြစ်သူဦးစိန်တို့က ဝါးတလုံးသျှိုကာဦးပဲ့ထမ်း၍ စခန်းချရာသင်္ကန်းကျွန်းအထိ သယ်ဆောင်လာခဲ့ကြရလေသည်။

ကြည့်မြင်တိုင်မှ အစပြု၍ ဖွဲ့စည်းလာသည့် မြန်မာပြည် အပျော်ထမ်းရဲတပ်များ တပြည်လုံးအနှံ့အပြား ဖွဲ့စည်းလာကြလေသည်။

“ရဲဇာနည်၊ နွှဲကြရမည်၊ သက်ဆုံးအတည်၊ လက်ရုံး
ရည်၊ လက်ရုံးအသုံးပြုတဲ့ ဒို့ဗမာ တို့အာဇာနည်။ ရှေး
ကတည်းက တို့ရာဇဝင်တည်၊ နိုင်ငံအပ သူတကာနေ
ပြည်၊ တို့ပိုင်ဘူးသည် တို့ဆိုင်ဘူးသည်၊ ဗိုလ်မှူး ကိုယ်ဒူး
ကိုယ်ချွန် ရဲမရှုံ့ စစ်တံခွန်ချီ”

စသည့်နန်းထော်ရွှေဆရာတင်ရေးစပ်သည့် ရဲဇာနည်သီချင်းသံကား၊ ရန်ကုန်တွင်မက မြို့နယ်ဒေသအထော်များများအထိ ပြန့်နှံ့၍သွားလေပြီ။ ရဲကြပ်ကြီး ဦးရှိန်သည်လည်း အရှိန်အဟုန်ကောင်းလာပြီဖြစ်သည့် ရဲတပ်ဖွဲ့မှ ယခုတိုင် ကောင်းစွာအကောင်အထည် မပေါ်သေးသည့်ကာယဗလအလေးမ ကိုယ်လက်ကျန်းမာသန်စွမ်းရေးလုပ်ငန်းများဖက်သို့ ဇောက်ချလုပ်ကိုင်ရန် ဦးထည်ကြိုးပမ်းရပြန်လေပြီ။

အခန်း ၁၂

# အာဇာနည်ကိုသာလိုချင်သည်

“အောင်မြင်ခြင်းသည် စွဲမြဲသော သူ၏အလုပ်ဖြစ်သည်” ဟူသည့် ပြင်သစ်ဧကရာဇ်နပိုလီယန်၏ အဆိုအမိန့်မှာ စွဲမြဲယုံကြည်သည့်အလုပ်တခုကိုအောင်မြင်သည်အထိ ထစိုက်မတ်မတ် လုပ်တတ်ကိုင်တတ်သော ဦးရှိန်အဖို့ လက်တွေ့ကျသည့်အဆိုအမိန့်ဖြစ်ခဲ့သည်။ ဦးရှိန် အလေးမကျန်းမာသန်စွမ်းရေးဆည်းပူး လေ့လာခဲ့သည်မှာ အနှစ်နှစ်ဆယ် ဝန်းကျင်နီးပါးပင် ရှိပြီ။ စတင်သည့်မှ ယနေ့အထိ သူလက်လှမ်းမှီသမျှ အလေးမကိုယ်လက်ကျန်းမာရေးဆိုင်ရာ ဂျာနယ်မဂ္ဂဇင်းစာအုပ်စာထမ်းများကို အမြဲမပြတ် ရှာဖွေဖတ်ရှုလေ့လာနေဆဲ ဖြစ်သည်။

တခုတော့ သူ့တွင်ထူးခြားလာသည်။ ယခင်က သူအမိကထား၍လေ့လာခဲ့သည်မှာ လေ့ကျင့်ပုံလေ့ကျင့်နည်း နိဿည်းများသာ ဖြစ်သည်။ ယခုတော့ သည်လိုမဟုတ်တော့၊ ကမ္ဘာ့တိုင်းပြည်အသီးသီးမှ တဖြည်းဖြည်း တိုးတက်လာသည့်နည်းစနစ်သစ်များကိုလည်း မျက်ခြည်မပြတ် လေ့လာသည်။ ကမ္ဘာအရပ်ရပ်မှ အလေးမပြိုင်ပွဲများ၊ ကမ္ဘာကျော်အလေးမသမားများ၏ စံချိန်စံညွှန်းများကိုလည်း ဂရုပြုလေ့လာသည်။ သူတို့ဘာကြောင့် ကမ္ဘာကျော်အလေးမသမားများအဖြစ် အောင်

www.burmeseclassic.com

www.burmeseclassic.com



မြင်ကြသည်ကို တပင်တပန်း စူးစမ်း ရှာဖွေလေ့လာလျက်ရှိသည်။ ယင်းကဲ့သို့ဦးရှိန်တယောက် ကမ္ဘာနှင့်ချီ၍ငွေကုန်ကြေးကျခံကာ တပင်တပန်း ရှာဖွေလေ့လာနေသည်မှာ သူ့တွင် ကြီးမားသော ရည်ရွယ်ချက် တခု ရှိသော ကြောင့် ဖြစ်လေသည်။

မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့မှာ ဗြိတိသျှလက်အောက်ကျရောက်နေရုံမကဗြိတိသျှလက်အောက်ခံ အိန္ဒိယပြည်၏ ပြည်နယ်ကလေးသဝ ရောက်ရှိနေရကား ကမ္ဘာ့အလယ်တွင် အောက်ကျ နောက်ကျ မျက်နှာငယ်ခဲ့ရသည်။ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးကို ချစ်မြတ်နိုးသူများက ဗမာကို ကမ္ဘာကသိအောင် လုပ်မည်ဟု ကြွေးကြော် လာကြသည်။ ဗမာအဖို့ ကမ္ဘာနှင့် ယှဉ်ပေါင်တန်းနိုင်ရန် နည်းလမ်းအမျိုးမျိုး ရှာကြသည်။ ဤကဲ့သို့သောအချိန်တွင် ဦးရှိန်က သူ တတ်စွမ်းသည့် အလေးမ အားကစားဖြင့်ဗမာကိုကမ္ဘာသိအောင်တဖက်တလမ်းမှ ကြိုးပမ်းဆောင်ရွက်လိုသည့် ရည်ရွယ်ချက်ပင်ဖြစ်လေသည်။

မြန်မာနှင့် ကမ္ဘာ့အလေးမမှာ အလှမ်းကွာဝေးလျက် ရှိသည်မှန်သော်လည်းဦးရှိန်တယောက်သူ့တပည့်များကို ကမ္ဘာနှင့် ယှဉ်ပေါင်တန်းနိုင်ရန် ရည်မှန်းလေ့ကျင့်ပေးခဲ့သည်။ မြန်မာ့သတ္တိ မြန်မာ့စိတ်ဓာတ်ဖြင့် ထကယ်တန်းသာ ကြိုးစားလျှင် ကမ္ဘာ့ချမ်ပီယန်ဆိုသူများကို မှုစရာမလို၊ တခုတော့ရှိသည်၊ သူ လိုင်ါလိုရောရောယောင်ယောင်သမားများနှင့်တော့ သူ့ရည်မှန်းချက်ထမြောက်အောင် လုပ်လို့ရမည်မဟုတ်။ ဇွဲသတ္တိနှင့်စိတ်ဓာတ်ရင့်ကျက်ဘက်မြက်ပါမှ၊ ရည်မှန်းချက်မြင့်မားပါမှ တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးပါမှ ဖြစ်ပေမည်။

ဦးရှိန်က သူ့ဆီသို့ အလေးမလေ့ကျင့်ရန် လာရောက်သူများကိုလည်း ဤအချက်များစံထား၍ ရွေးချယ်သင်ကြားခဲ့သည်။ ပေါသားဝါးလားသမားများဆိုလျှင် သူ့အနား ကြာကြာမ



ဘဝ်နိုင်ကြ။ ထိုသူများအတွက် သူကလည်း အချိန်ကုန်မခံချေ။ သူ့ရည်ရွယ်ချက် ထမြောက်အောင် မြင်အောင် ကြိုးစားနိုင်မည့်သူကိုသာ ရှာဖွေခဲ့သည်။ တနည်းဆိုရပါလျှင် သူလိုင်ါလိုစိတ်ဓာတ်မျိုးရှိသူကို မလိုချင်၊ ဇွဲသတ္တိပြည့်ဝသည့် ခေါင်ခေါင်မြည် အာဇာနည်ကိုသာ လိုချင်ခဲ့သောကြောင့်ပင်တည်း။

၁၉၃၀ ပြည့်နှစ် တနေ့တွင် သူလိုချင်သောအရည်အချင်းရှိမည်ထင်သူတဦးကို အလေးမချိန်းပွဲတခုတွင် မမြော်လင့်ဘဲတွေ့ခဲ့ရလေသည်။ ချိန်းဆိုပြိုင်ဆိုင်ကြသည့် အလေးမပြိုင်ပွဲကို ဆေးကျောင်းအသင်းအဆောက်အအုံ (ယခုလေဟာပြင်ဈေးနေရာ) တွင် ကျင်းပသည်။ ယှဉ်ပြိုင်မည့်သူနှစ်ဦးမှာ ဝေါ်လတာချစ်ထွန်း၏တပည့် ကုလားလူမျိုးဘာရှိ (သမိုင်းဝါးသုံးလုံးဘာရှိးရော်ဘာစက်ပိုင်ရှင်)နှင့် ကရင်ခေါင်းဆောင်ဆာစံစီပိုး၏သား ဆေးကျောင်းသား အိုဒဗလျူပိုးတို့ဖြစ်သည်။

ပြိုင်ပွဲဒိုင်လူကြီးအဖြစ် ဒေါက်တာဝေါ်လတာချစ်ထွန်းက ဆောင်ရွက်သည်။ ဘာရှိးက ကိုယ်အလေးချိန် ၁၃ စတုံရှိပြီး ပိုးက ကိုယ်အလေးချိန် ၁၂ စတုံသာရှိလေသည်။ သုံးဆင့်မရပေါင် ၂၁၀ မပြီးနိုင်သွားသည်။ ဘာရှိးနှင့်ပိုးတို့အလေးမပြိုင်ပွဲအပြီး ပေါင် ၁၀၀ ကိုအကြိမ်အများဆုံးမနိုင်သူများကို ဆုပေးမည့်အလေးမပြိုင်ပွဲ ဆက်လက်ကျင်းပသည်။ အမှန်မှာ ပေါင် ၁၀၀ အလေးမပြိုင်ပွဲမှာ အများအတွက် ရည်ရွယ်ပြီးပြုလုပ်သည့် ပွဲကားမဟုတ်ချေ။ ပန်းဆိုးတန်းမှ ခန်းဆိုသူကုလားတဦးက သူ၏တပည့်တဦးကို တိတ်တဆိတ် တင်ကြိုလေ့ကျင့်ပေးထားပြီးမှ အပိုင်ကျင်းပသော ပြိုင်ပွဲဖြစ်သည်။

ပြိုင်ပွဲတွင် ခန်း၏တပည့်က ၂၀ ကြိမ်အထိ မနိုင်ခဲ့သည်။ ပွဲကြည့်ပရိသတ်ထဲမှ ဝင်ရောက်ယှဉ်ပြိုင်သူ ဟင်နရီဗုတ် (ခြေလျင်တောင်ဘက်အသင်းဥက္ကဋ္ဌဗိုလ်မှူးကြီးလှမောင်)ကလည်း

www.burmeseclassic.com

www.burmeseclassic.com



၂၁ ကြိမ်ပင်မနိုင်သည်။တူညီနေသဖြင့် ထပ်မံယှဉ်ပြိုင်ရာ အပိုင် ကြိုထားသည့် ခန်း၏ထပည့်မှာ ဟင်နရီစမိုက်ကိုရှုံးသွားလေ သည်။၎င်းပြိုင်ပွဲတွင် ကြည့်မြင်တိုင်ဦးဘွင်ယူမှုလထန်းကျောင်းမှ ကျောင်းဆရာလေး ကိုဇော်ဝိတ်လည်း ပါဝင်ယှဉ်ပြိုင်ရာ ၁၄ ကြိမ်သာမနိုင်ပြီးရှုံးခဲ့လေသည်။

အလေးမပြိုင်ပွဲအပြီးတွင် ဦးရှိန်နှင့် သိကျွမ်းခင်မင်နေသူ ကျောင်းဆရာကိုအောင်ကျော်မြက ကိုဇော်ဝိတ်ကို ခေါ်လာ၍ ဦးရှိန်နှင့် မိတ်ဆက်ပေးသည်။ အလေးမဝါသနာကြီးသူ ကိုဇော်ဝိတ်ကို အလေးမသင်ကြားပေးရန် ဦးရှိန်ထံ အပ်နှံလေ သည်။ ကိုဇော်ဝိတ်ကား သူ့ကိုသင်ကြားပြသမည့် ဆရာဦးရှိန် အား လူလုံးလူဖန် ပုပုသေးသေးနှင့်ရှိနေသဖြင့် သိတ်ပြီး အထင်တကြီးမရှိလှချေ။

ဦးရှိန်က မှာခဲ့သဖြင့် နောက်တနေ့တွင် ဦးရှိန်နေထိုင်ရာ ရေဝတီလမ်းသို့ ကိုအောင်ကျော်မြနှင့်ကိုဇော်ဝိတ်တို့ ရောက် လာကြသည်။ဦးရှိန်က ချမ်ပီယံဖြစ်နိုင်မည့်ကိုဇော်ဝိတ်၏ကိုယ် အချိုးအဆစ်ကို သဘောကျသည်။ သို့သော် သူရည်မှန်းထား သည့် စိတ်ဓာတ်မျိုးရှိမရှိတော့ မသိရသေး။

"ကိုဇော်ဝိတ် ခင်ဗျားအလေးဘယ်လောက်မနိုင်ရင်တော် ပြီလဲ"

ဦးရှိန်သည် ကိုဇော်ဝိတ်ကို အကဲခတ်၍ သူ၏ စိတ်ဓာတ်နှင့် ရည်ရွယ်ချက် မည်မျှမြင့်မားသည်ကို သိလို၍ မေးလိုက်သည်။ လူရိုးကြီးဇော်ဝိတ်က သူရည်မှန်းထားသည့်အတိုင်းပြောကြား လိုက်သည်မှာ-

"ကျွန်တော် မနေ့က ပြိုင်ပွဲမှာ မ, သွားတဲ့လူတွေ မ,
နိုင်တဲ့ ပေါင် ၂၁၀ ရရင် တော်ပါပြီ" ဟူ၏။
ဦးရှိန်
ကိုဇော်ဝိတ်၏ အဖြေစကားကို ကြားရသည့်အခါ
တယောက် အားမလိုအားမရ ဖြစ်သွားလေသည်။



"ခင်ဗျား သိပ်ညံ့ဖျင်းတဲ့လူဘဲ၊ ဒီလူတွေလောက် မ, နိုင်ရုံနဲ့ ခင်ဗျားကိုမခေါ်ဘူး၊ ကျုပ်ရည်ရွယ်ထားက အာရှကို ပြိုင်မဲ့လူ၊ ကမ္ဘာကိုပြိုင်မဲ့လူ၊ ခင်ဗျားမှန်းတဲ့ ဒီ အလေးလောက်တော့ ခင်ဗျားဟာ ခင်ဗျား လေ့ကျင့် တောင်ရတယ်၊ကဲ....ကဲ....ပြန်ကြတော့၊ ဒီလောက်ရည် ရွယ်ချက်နဲ့ဆို ကျုပ်ဆီကိုမလာနဲ့"

ဦးရှိန်သည် အချိုးအဆစ်က တကယ့် ချမ်ပီယံ ဖြစ်နိုင်မည့် သူဖြစ်လင့်ကစား စိတ်ဓာတ်နှင့်ရည်ရွယ်ချက်မမြင့်မားကောင်း လားဟု ကရုဏာဒေါသဖြစ်ကာ ကိုဇော်ဝိတ်ကိုသက်မခံပဲ ပြန် လွှတ်လိုက်လေသည်။

မနက်ကျောင်းပိတ်ရက်တွင် ကိုဇော်ဝိတ်တယောက် သူငယ် ချင်းဖြစ်သူ ကိုအောင်ကျော်မြနှင့် ဦးရှိန်ထံ တခေါက်ပြန်ရောက် လာလေသည်။ သည်တခါတွင် ဦးရှိန်က ကိုဇော်ဝိတ်ကို မြန် မာပြည့်တွင်သာမဟုတ် အာရှတခွင်မှာပင် ထိပ်တန်းအလေးမ ချမ်ပီယံဖြစ်အောင် လေ့ကျင့်ပေးမည်ဖြစ်ကြောင်းမြင့်မားလှ သည့် သူ၏ရည်ရွယ်ချက်များကို ပြောပြသည်။ ကိုဇော်ဝိတ်မှာ စိတ်ဓာတ်ကိုက ဦးရှိန်နှင့် ကွာခြားလေရာ ဦးရှိန်ပြောသော အာရှ အလေးမချမ်ပီယံဖြစ်ဖို့ဆိုသည်မှာ လက်ရှိသူ့အနေဖြင့် အလှမ်းကွာဝေးလှသဖြင့် သိပ်ပြီး ယုံယုံကြည်ကြည်ကား မရှိလှ ချေ။ သို့သော် ပွင့်ပွင့်လင်းလင်းနှင့် ဟန်ဆောင်မှုကင်းသည့် ဦးရှိန်၏စိတ်စေတနာကို လေးစားသဖြင့် ဦးရှိန်ပြောသမျှကို ကြိုးစားလုပ်ပါတော့မည်ဟု ကတိပေးလိုက်လေသည်။

ကိုဇော်ဝိတ်တယောက် လေ့ကျင့်ရက်မှန်မှန် ဦးရှိန်ထံလာ သည်။ ဦးရှိန်၏ လေ့ကျင့်ရာကစားခန်းမှာ ခမ်းခမ်းနားနား ကစားရုံများတွင်မဟုတ်၊ ရေဝတီလမ်းပေါ်နှင့် အိမ်ဘေးမြေ ကွက်များတွင် အဘွည့်သင့်သလို ခါးထောက်မြောင်အောင် ကျိုက်၍ လေ့ကျင့်ကြရခြင်း ဖြစ်သည်။ ဦးရှိန်က သူရည်မှန်း



www.burmeseclassic.com

www.burmeseclassic.com



ထားသည့်အတိုင်း ဇော်ဝိတ်ကို ပုံသွင်းလေ့ကျင့်ခဲ့သည်။ အိုးအိမ်တိုက်တာ အဆောက်အအုံ ဆောက်လုပ်ရာတွင် အောက်အခြေခံ ခိုင်မာတောင့်တင်းဖို့ အရေးကြီးသလို အလေးမ, ရာတွင် ပေါင်နှင့်ခါးက သန်ဖို့လိုသည်။ အောက်အားခြေပေါင်နှင့်ခါးမသန်လျှင် ချမ်ပီယန်ဖြစ်ဖို့ကမလွယ်။ ကိုဇော်ဝိတ်ကိုပေါင်ခါးသန်စေရန် အဓိကထား လေ့ကျင့်စေသည်။ သုံးလေးလအထိ ပေါင်ခါးသန်စေဖို့ အလေးဖြင့် ထိုင်ထ လေ့ကျင့်ခန်းများချည်းကိုသာ ဦးစားပေးလေ့ကျင့်လာရသည့်အခါ ဇော်ဝိတ်တယောက် ကြာတော့ ပြေးချင်စိတ် ပေါက်လာသည်။ သူဖြစ်လိုသည်က လူ့ငယ်သဘာဝ ရင်အုပ်ကားကား လက်မောင်းအိုးထွားထွားကြီးနှင့်ဆိုလျှင် လမ်းလျှောက်သည့်အခါမှာပင် လူတွေက အသင်တကြီးနှင့် ကြည့်ကြမည်မဟုတ်ပါလား။ ယခုသူသုံးလေးလ အပင်ပန်းခံလုပ်နေရသည့် ပေါင်နှင့်ခြေသလုံးကြွက်သားကြီးထွားလို့တော့ ဘယ်သူကများမြင်မှာလိုက်လို့။ သူ့ခေတ် သူ့အရေးတွင် သူ့အတွေးက မှန်တော့ မှန်ပေလိမ့်မည်။

ဦးရှိန်က ဇော်ဝိတ်ကို အလေးဖြင့်သာ ရုပ်ပိုင်းဆိုင်ရာကို လေ့ကျင့်သည်မဟုတ်သေး၊ စိတ်ပိုင်းဆိုင်ရာကိုလည်းထက်မြက်ရင့်ကျက်လာစေရန်လေ့ကျင့်ပေးခဲ့သည်။ အထူးသဖြင့်ကျောင်းဆရာလေးဇော်ဝိတ်ကို မျိုးချစ်စိတ်နှင့် ဇာတိမာန် နိုးကြားထက်ကြွလာစေရန် နည်းအမျိုးမျိုးဖြင့် လေ့ကျင့်ပေးခဲ့သည်။ ကမ္ဘာ့အလေးမနှင့် ကာယဗလကျန်းမာသန်စွမ်းရေးဗဟုသုတများကြွယ်ဝစေရန် သူ့စာအုပ်ဗီရိုကြီးများထဲမှ အလေးမ ကာယဗလ ကျန်းမာသန်စွမ်းခြင်း ဂျာနယ်မဂ္ဂဇင်းများကို ကိုဇော်ဝိတ် ဖတ်နိုင်းသည်။ အချို့မဂ္ဂဇင်းဂျာနယ်များမှာ ၁၉၁၁ ခုနှစ်ဦးရှိန် မမွေးမီကရှိနေသောစာအုပ်များဖြစ်သည်။



အလေးမစတင် လေ့ကျင့်သည့် အချိန်တွင် ဇော်ဝိတ်တယောက် မွေးကင်းစအရွယ်ပင် ရှိနေပေသေးသည်။

အလေးမ ကာယဗလမဂ္ဂဇင်း ဂျာနယ်များထဲတွင် ကမ္ဘာ့အလေးမ ချမ်ပီယန်များ၏ရုပ်ပုံများ၊ လေ့ကျင့်နည်း ဆောင်းပါးအမျိုးမျိုးနှင့် ကမ္ဘာ့တိုင်းပြည်အသီးသီးမှ ယှဉ်ပြိုင်မထားကြသည့် အလေးမစံချိန်များစသည်ဖြင့်အလေးမကာယဗလအတွက် ဗဟုသုတများစွာပါရှိသည်။ မြန်မာကျောင်းဆရာလေး ဇော်ဝိတ်မှာ အင်္ဂလိပ်စာ ကောင်းကောင်းမတတ်သဖြင့် ရုပ်ပုံများနှင့် စံချိန်များကိုသာ ဖတ်တတ်လေသည်။ ကိုရှိန်က ဤမဂ္ဂဇင်းဂျာနယ်များကို ဇော်ဝိတ်အား ဖတ်စေကြည့်စေခြင်း၏ အဓိကရည်ရွယ်ချက်မှာ ကမ္ဘာ့ချမ်ပီယန်ဆိုသူများမှာ တမင်မွေးဖွားလာကြသူများမဟုတ်၊ သူလိုကိုယ်လိုထဲမှသာ ကမ္ဘာ့ချမ်ပီယန်ဖြစ်လာကြသည်။ ဇွဲသတ္တိအပြည့်အဝဖြင့် မိမိကြိုးစားလျှင် ကြိုးစားသလောက် အရာရောက်နိုင်ကြောင်း သဘောပေါက် နားလည်စေလို၍ ဖြစ်သည်။

ထိုပေသည့် ဤမဂ္ဂဇင်းများဖတ်ပြီး ဇော်ဝိတ်တယောက်ကား ဦးရှိန်တွေးသလို အတွေးမပေါက်ခဲ့ချေ။ ဖွံ့ဖြိုးထွားထွားကာယဗလသမားများ၏ဓါတ်ပုံများကိုကြည့်၍ အားကျပါ၏။ သို့သော် သူတို့မ,ထားကြသည့် အလေးမစံချိန်များမှာ ယခုသူမနိုင်သည့် စံချိန်ထက် အဆမတန်ကွာခြားနေသဖြင့် တကယ်မနိုင်ခြင်းမဟုတ်ပဲ လိမ်ညာပြီး ရေးသားထားသည်ဟုပင် ထင်ခဲ့လေသည်။ ဦးရှိန်ထံရောက်ပြီး ခြောက်လခန့် အကြာတွင် ကွန်တီနင်တယ်သုံးဆင့်မနည်းကို ပေါင် ၂၆[illegible]က်တွေ့မလာနိုင်သည့်အခါမှ ကမ္ဘာတွင် မကြိသည့် အလေးမစံချိန်များကို ယုံကြည်လာသည်။ ဦးရှိန်အပေါ်[illegible]င် ရှိနေသည့် သံသ

www.burmeseclassic.com

ယလည်း လုံးဝပျောက်ကွယ် သွားတော့သည်။ ဆေးကျောင်းအလေးမပြိုင်ပွဲတွင် သူအားကျခဲ့ရသည့် အိုဒဗလျူပိုးထက်ပင် ဝို၍ မနိုင်နေပြီ မဟုတ်ပါလား။

ဦးရှိန်အဖို့ တပည့်တွေကို သင်ရပြုရသည်မှာ တကယ်တော့ မသက်သာလှပေ။ စာတွေသက်တွေဖြင့်ပင် မပြီးသေး၊ မကြာခဏဆိုသလိုပင် တပည့်များအားကျစေရန် သူကိုယ်တိုင် ၁၄၅ ပေါင်ရှိ ဒမ်ဗယ်ဘားတိုကို လက်တဖက်တည်းဖြင့် ကိုယ်ကိုစောင်း၍ အနှေးမတင်ပြခြင်း၊[၁] ၂၂၅ ပေါင်လေးသော ဘားရှည်ကို လက်တဖက်တည်းဖြင့် ခရာခဲဆစ် ပခုံးပေါ်မတင်နိုင်ခြင်း[၂] စသည့် ခက်ခက်ခဲခဲမနည်းများဖြင့် တပည့်များစိတ်ဓာတ်တက်ကြွစေရန် အလေးမပြရသေးသည်။ ဦးရှိန်မပြသော မနည်းမှာ ခွန်အားရှိရုံဖြင့် မ၍မရ။ လျင်မြန်ခြင်း၊ နည်းစနစ်၊ ဇွဲသတ္တိရှိမှုအပေါ်တွင် များစွာမူတည်သောကြောင့် ကိုဇော်ဝိတ်နှင့် အခြားတပည့်များပင် မရန်မလွယ်ကူကြပေ။

ဆယ်လခန့်ကြာလျှင် ဦးရှိန်သင်ကြားသော တပည့်များထဲမှ ဇော်ဝိတ်တယောက် အတော်ပင် တိုးတက်လာသည်။ စံသင်၊ ညွှန့်ပေ၊ ထွန်းမြင့်စသူတို့မှာလည်း အလေးမစံချိန်များတိုးတက်လာကြသည်။ ထွားထွားကြိုင်းကြိုင်းနှင့်လူအများမြင်လျှင် အတုယူအားကျလောက်သည့် ဇော်ဝိတ်ကို ပွဲထုတ်ရန် ဦးရှိန်စီစဉ်တော့၏။ ဦးရှိန်တယောက် ဇော်ဝိတ်ကို ပွဲထုတ်ရန် စီစဉ်သည်မှာ သူ့တွင်ရည်ရွယ်ချက်နှစ်ချက်ရှိသောကြောင့်ပင် ဖြစ်၏။ ပထမရည်ရွယ်ချက်မှာပရိသတ်အများရှေ့တွင် ထူးထူးခြားခြား စံချိန်တခုခုကို မပြလိုက်ခြင်းဖြင့် အလေးမအားကစားကို ပြည်သူအများကစိတ်ပါဝင်စားလာမည်။ ကိုဇော်ဝိတ်ကို စံထား၍

၁။ Bent Press

၂။ One Hand Any How Ground To Shoulder



လူငယ်အများအတုယူအားကျလာမည်။ ထို့အတူမြန်မာပြည်တွင် မည်သူမျှ မမ,နိုင်သေးသည့် အာရှစံချိန်ကို ဇော်ဝိတ်က မပြလိုက်ခြင်းဖြင့် ဇော်ဝိတ်တယောက် မြန်မာဂုဏ်ဆောင်သည့် အာဇာနည်ဇော်ဝိတ်အဖြစ် ပြည်သူအများက အားပေးလာအောင်ရည်ရွယ်၍ ဖန်တည်းလိုက်ခြင်းပင်ဖြစ်လေသည်။

၁၉၃၀ ပြည့်နှစ် နိုဝင်ဘာလတွင် မြန်မာလူငယ်လေးများစုဝေးလျက်ရှိသည့် မြို့မအမျိုးသားကျောင်းတွင် ဦးရှိန်ကြီးမှူးသော မြန်မာပြည် ကာယဗလအဖွဲ့မှ အာရှစံချိန်အလေးမပွဲကျင်းပသည်။ ဤပွဲကြီးဖြစ်မြောက်အောင် မြို့မဆရာကြီးဦးဘလွင်နှင့် ဆရာများက အဖက်ဖက်မှ ကူညီအားပေးကြသည်။ မြို့မယောကျ်ားလေးကျောင်းတွင် ဦးရှိန်တို့အလေးမပွဲလုပ်သမျှ အခမ်းအနားနေရာထိုင်ခင်းတာဝန်မှန်သမျှဆရာဟိန်က ဒိုင်ခံလုပ်ပေးခဲ့သည်ချည်း ဖြစ်သည်။ အာရှစံချိန်မပွဲသည် ကိုဇော်ဝိတ်အတွက် သီးခြားပြုလုပ်ကျင်းပသော ပြိုင်ပွဲဖြစ်သည်။ အလေးမပွဲ ကြီးကြပ်ဒိုင်လူကြီးအဖြစ် ဝေါလတာချစ်ထွန်းက ဆောင်ရွက်၏။ အာရှစံချိန်မပွဲတွင် ကိုဇော်ဝိတ်က ကွန်တီနင်တယ်ဂျပ်မနည်းဖြင့် အာရှတွင် အမြင့်ဆုံးစံချိန်ဖြစ်သည့် ၂၀၁ ပေါင်ကို အောင်မြင်စွာ မပြလိုက်သည်။ မြန်မာများထဲမှမြန်မာပြည်တွင် ပထမဆုံးအာရှစံချိန်ကိုမပြနိုင်သည့် ကိုဇော်ဝိတ်ကို ကျောင်းသားများနှင့် ပွဲကြည့်ပရိသတ်များကပါ သောင်းသောင်းဖျဖျ အားပေးခဲ့ကြသည်။

အာရှစံချိန်ကို အောင်မြင်စွာမနိုင်သည့် ကိုဇော်ဝိတ်အား ပရိသတ်ရှေ့မှောက်တွင် မြို့မဆရာကြီးဦးဘလွင်က အောင်သပြေသရဖူ စွပ်ဆောင်းပေးကာ ဂုဏ်ပြုချီးမြှင့်ခဲ့လေသည်။ အောင်သပြေသရဖူမှာ ရှေးဂရိပြည် အိုလံပစ်မာရသွန် ပြိုင်

www.burmeseclassic.com



ပွဲများတွင်အောင်ပွဲရသူတို့အား ချီးမြှင့်သည့် ဂရိတို့၏ အထွတ်အမြတ်ထားရာ သံလွင်ရွက်ဖြင့်ပြုလုပ်ထားသော သံလွင်သရဖူပုံစံကို အတုယူ၍ မြန်မာ့အောင်သပြေခက်များဖြင့် ပြုထားခြင်းဖြစ်လေသည်။

ဦးရှိန်ထယောက် သူ့၏ရည်မှန်းချက်ထမြောက်အောင်မြင်အောင် ကြိုးပမ်းခဲ့သည့်အတိုင်း ဇော်ဝိတ်ဟူသော အမည်သည်လည်း အလေးမအားကစားနှင့် ယှဉ်တွဲ၍ လူသိရှင်ကြားထင်ရှားလာလေပြီ။ အာဇာနည်ကိုသာလိုချင်သူ ဦးရှိန်၏ဆန္ဒ ထမြောက်တဒေသကား ပြည့်ဝလေပြီ။

အခန်း ၁၃

# တန်ခိုးရှိအောင်ပထမလုပ်ပါ

၁၉၃၀ ပြည့်နှစ်တခိုက်သည် ကြီးကျယ်ထင်ရှားသော နိုင်ငံအရေးအခင်းများ ဖြစ်ပွားခဲ့သည့် ကာလဖြစ်သည်။ ကမ္ဘာတွင် စီးပွားရေးကပ်ကြီး ဆိုက်ရောက်ခဲ့သည်။ ဖက်ဆစ်ဝါဒီများ ဂျာမနီပြည်တွင် အာဏာရသည်။ ဂျပန်စစ်ဝါဒီများက တရုပ်ပြည်ကို ကျူးကျော်စစ်ပြု၍ မန်ချူးရီးယားကို သိမ်းပိုက်ခဲ့သည်။

မြန်မာပြည်တွင်လည်း(၂၆–၅–၃၀)နေ့တွင်ပထမကုလားဗမာအဓိကရုဏ်းဖြစ်ပွားခဲ့သည်။(၂၄–၆–၃၁)နေ့တွင်ရန်ကုန်ထောင်ထမှုကြီးဖြစ်ပွားသည်။ ကာလကတ္တားမြို့တော်ဝန် ဆင်ဂုပ္ပတားကို ရန်ကုန်တွင် ဖမ်းဆီးအရေးယူသဖြင့် ကုလားများဆန္ဒပြလာသည်နှင့် ရိုက်နှက်နှိမ်နင်းမှုကြီးဖြစ်ပွားသည်။(၁၉–၃–၃၀) နေ့တွင် စစ်တကောင်းလူငယ်များ သူပုန်ထမှုကြီး ဖြစ်ပွားသည်၊ (၁၀–၄–၃၀) နေ့တွင် ပထမဆုံး မြန်မာ့ရင်ခံဆာဂျေအေမောင်ကြီးလက်ထက် သာယာဝတီမြို့နယ် ရေတိုက်ရွာမှစထင်ပြီး ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမားများက ရရာလက်နက်စွဲကိုင်၍ ပုန်ကန်ထကြွမှုကြီး ဖြစ်ပွားသည်။ လူငယ်အများအပြား ပါဝင်လှုပ်ရှားလာမည့် တို့ဗမာ

www.burmeseclassic.com



အစည်းအရုံးကြီးပေါ်ပေါက်လာသည်။ ဆိုင်မွန်ကော်မီရှင်အစီရင်ခံစာအရ ဗိုလတ် မျက်နှာစုံညီအစည်းအဝေးသို့ မြန်မာနိုင်ငံရေးခေါင်းဆောင်များ အလုအယက်တက်ရောက်နိုင်ရေးကြိုးပမ်းကြသည်။ ယင်းကဲ့သို့ တိုင်းပြည်အဝှန်း နိုင်ငံရေးလှိုင်းတံပိုးများ ကြီးမားစွာ လှုပ်ရှားနေဆဲကာလမှာပင် ဦးရှိန်၏ကြိုးပမ်းမှုကြောင့် အလေးမအားကစားသည်လည်း ၁၉၃၀ ပြည့်နှစ်မှစတင်၍ ပြည်သူလူထုနှင့် ရင်းနှီးခဲ့ရ၏။

အလေးမအားကစားကို မြန်မာပြည်တွင် သူကပင်စတင်မျိုးထောင်လာခဲ့သလိုအလေးမအားကစားကိုမြန်မာပြည်သူလူထုနှင့် ရင်းနှီးအောင် မိတ်ဆက်ပေးခဲ့သူမှာလည်း ဦးရှိန်ပင် ဖြစ်သည်။ ဦးရှိန်သည် သူကိုယ်တိုင် ဦးဆောင်ဖွဲ့စည်းတည်ထောင်ထားသည့် မြန်မာပြည်ကာယဗလအဖွဲ့မှ ကြီးမှူး၍ အလေးမပြိုင်ပွဲများ၊ စံချိန်ပြတ်ပွဲများ မကြာခဏဖန်တီးကျင်းပသည်။ ၁၉၂၆ ခုမှစတင်၍ သူကပင် ဦးဆောင်ဖွဲ့စည်းပေးခဲ့သော မြန်မာ့ပြည်အလေးမအသင်းသည်လည်း နိုးကြားလာပြီး နှစ်စဉ်အလေးမပြိုင်ပွဲများ ကျင်းပသာသည်။ တရားဝင်ပြိုင်ပွဲများ ကျင်းပနိုင်ရေးအတွက် ဗြိတိသျှအပျော်ထမ်း အလေးမအသင်းနှင့်လည်း ဆက်သွယ်ခဲ့လေသည်။

နှစ်ဖွဲ့ဂလုံးက ကျင်းပသည့် အလေးမပြိုင်ပွဲစံချိန်ပြတ်ပွဲများကို ပြည်သူအများ စိတ်ပါဝင်စားအားပေးလာအောင် ဦးရှိန်က သတင်းစာများတွင် ဆောင်းပါးများရေးသား၍ လှုံ့ဆော်သည်။ အလေးမ ကိုယ်လက်သန်စွမ်းရေးဆောင်းပါးများကို သတင်းစာများတွင် ဦးရှိန်ကပင် အစပြုရေးသားခဲ့၏။ ဦးရှိန်အစစာဆုံးရေးသားခဲ့သည့် ဆောင်းပါးမှာ ၃၀–၆–၃၁ရက်နေ့ထုတ် သူရိယသတင်းစာတွင်ပါရှိသည့် "သန်စွမ်းသော မြန်မာလူငယ်လေးများ" အမည်ပေးထားသည့် ဆောင်းပါးဖြစ်သည်။ သူ၏ဘသည့်ဖြစ်သူ ကိုဇော်ဝိတ်နှင့် ကိုညွန့်ဖေတို့စွမ်း



ရည်ကို အကြောင်းပြု၍ မြန်မာလူငယ်များ အလေးမလေ့ကျင့်လိုက်စားသာစေရန် တိုင်းပြည်ကို အသိပေးရေးသားခဲ့သည့် ဆောင်းပါးဖြစ်သည်။ ယင်းဆောင်းပါးတွင် ဦးရှိန်က ယခုလိုရေးသားခဲ့သည်။

"မြန်မာပြည်အလေးမအသင်းတိုက်၌ တနင်္ဂနွေနေ့ (၂၈–၆–၃၁) တွင် လာရောက်၍မကြာသူများအနက် ကျွန်တော်နောက်ဆုံးရှာဖွေတွေ့သူ အသက်တဆယ်ကိုးနှစ်အရွယ်မျှရှိသော မောင်ဇော်ဝိတ်ပါဝင်သဖြင့် ၎င်း၏သန်စွမ်းခြင်းကို ကျွန်တော်တို့အသင်းက များစွာချီးမွမ်းဝမ်းမြောက်မိလေသည်။

၎င်းသူငယ်သည် လွန်ခဲ့သောနှစ်က ဆေးကျောင်း၌ 'ဘာရှ်း'နှင့်'ပိုး'တို့ယှဉ်ပြိုင်မကြာရာတွင်စ၍စိတ်ဝင်စားခါမည်ကဲ့သို့လေ့ကျင့်မည်ကို ရှာဖွေရာတွင် နောက်ဆုံးမြန်မာ ကျောင်းဆရာတဦးက ကျွန်တော်ထံသို့ လာရောက်အပ်နှံသဖြင့် ၎င်း၏လိုအင်ဆန္ဒကို မေးမြန်းရာသူသည် ဘာရှ်းနှင့်ပိုးတို့လောက် သန်စွမ်း၍ မနိုင်ရန်မည်ကဲ့သို့လေ့ကျင့်ရသည်ကို မေးသဖြင့် အောက်ပါအဖြေကို ပြန်ကြားရလေသည်။

လေ့ကျင့်လိုက်နာသူတို့ စိတ်ဝင်စား၍ အချိန်မှန်မှန်မယုတ်မလွန်သင်ကြားပြသသည်ကို တသွေမတိမ်းလိုက်နာခြင်း၊ သင်ကြားသူက စေတနာအကောင်းဆုံးထား၍ဆရာစားမချန်၊ လခကြေးငွေကိုမယူခြင်း၊ မြန်မာပြည်ကြီးသည် နိုင်ငံခြားသားတို့နှင့် ယှဉ်ပြိုင်လျှင်သာနိုင်၍ဂုဏ်ကြက်သရေ တိုးတက်အောင် ပဓာနထားပါလျှင် ဘာရှ်းနှင့် ပိုးတို့မသည်မှာ နည်းသေးသည်ထင်ရကြောင်းပြန်ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မောင်ဇော်ဝိတ်ကတဖန် မည်မျှကြာအောင် ကျင့်ရမည်ကိုမေးသောအခါ ကျွန်တော်က ဆယ်လအတွင်း ဖြစ်နိုင်ကြောင်း ပြန်ပြောပြီးနောက် ကျွန်တော်၏ထံတွင် စတင်လေ့ကျင့်ခြင်းကို ပြုလေသည်။ လွန်ခဲ့သောတနင်္ဂနွေနေ့က မောင်ဇော်ဝိတ်သည် မိမိကိုယ်အလေးချိန် ၁၂၈ ကျော်မျှနှင့်ပေါင် ၂၄၄.၂ ပိုင်း၁ပိုင်းကိုလက်ဖြင့်မလိုက်ရာ ယခုအခါ၌ အပျော်ထမ်း မကြရာတွင် အိန္ဒိယပြည်၊ မြန်မာပြည်၊ စကာပူနှင့် မလေးကျွန်းဆွယ်တွင်ရှိသည့်လူသန်ကြီးများထက် သာလွန်ပေသည်။ ထိုသူငယ်အား မြန်မာပြည်တွင် အများဆုံးမနိုင်သူဟူ၍ အသိအမှတ်ပြုထိုက်ကြောင်း။ ထို့ပြင်တ၀ အထက်ပုံပါ မောင်ညွန့်ဖေသည်လည်း မိမိ၏ကိုယ်အလေးချိန် ၁၀၀ ကျော်မျှကလေးနှင့် လွန်ခဲ့သည့်သုံးလလောက်က မိမိကိုယ်ကိုကောက်ကွေးခြင်းမရှိဘဲ လက်နှစ်ဖက်ဖြင့် ဖြည်းညှင်းစွာမရာ ပေါင် ၁၇၀ ကို ရထေသည်။ အင်္ဂလိပ်အစိုးရပိုင်နိုင်ငံကြီးအတွင်း ၎င်းမပုံမျိုးတွင် အတော်ဆုံးဖြစ်ရန် ၅ ပေါင်မျှသာ လိုသဖြင့် မြန်မာများသည် အဘယ်ကဲ့သို့သော လူမျိုးများဖြစ်သည်ကို တစထာစနှင့် နောက်များမကြာမီ သိနိုင်ပေလိမ့်မည်။

ထွားကျိုင်းသော ကိုယ်ထက်များနှင့် ကျန်းမာသန်စွမ်းသော မြန်မာလူငယ် လူရွယ်များ ပေါများနိုင်အောင် ချီးမြှင့်အပ်သည့်အပြင်မိမိတို့ကိုယ်တိုင် အားကျလိုက်နာအပ်ပေသည်။ လေ့ကျင့်ရာမှာ များစွာမခဲယဉ်းလှပေ။ လိုလျှင်ကြံဆ နည်းလမ်းရ ဆိုသကဲ့သို့ ဖြစ်နိုင်ရန်လမ်းစများရှိလေရာ စိတ်ဝင်စားကာ ဝိရိယထေးကို အသုံးပြုထိုက်ပါမူ မြန်မာလူမျိုးများသည် (အေဝမ်းနေရှင်း) ခေါ်T အထက်တန်းစား လူမျိုးများ ဖြစ်နိုင်



လေသည်။ လာမည့် ဩဂုတ်လအတွင်း အလေးမခြင်းချမ်ပီယန်ရွေးကောက်ပွဲ၌ လူကြီးလူငယ်မရွေး မြန်မာများသည် တတ်အားသမျှ အားခပေး ချီးမြှင့်သင့်ကြပေကြောင်း။”

မြန်မာပြည်အလေးမအသင်းကကြီးမှူး၍အိုလံပစ်မနည်းသုံးမျိုးပါဝင်သော ပထမဦးဆုံးအလေးမပြိုင်ပွဲကို ၁၉၃၁ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် ဂျူဗလီဟောတွင် ကျင်းပခဲ့သည်။ ထိုပြိုင်ပွဲတွင် ၁၂၈တုံတန်း၌ ကိုဇော်ဝိတ်ပါဝင်ယှဉ်ပြိုင်က အနိုင်ရရန်သေချာနေသည်။ ဦးရှိန်သည် သူ့တပည့်ကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုခဲ့ချေ။ ဤလို သူလိုငါလိုပုံပြည်တွင်းပြိုင်ပွဲလေးများနှင့် အချိန်ကုန်မခံလို၊ ဆင်ဖြူတော်ဝင်မှာချည်ခင်ဖြင့်ကြိမ်းမကြေစေလို၊ သူရည်မှန်းထားသည့် ကိုဇော်ဝိတ် ယှဉ်ပြိုင်ရမည့်ပြိုင်ပွဲကား မြန်မာကို ကမ္ဘာကသိအောင်ပြုရမည့် ပွဲမျိုးဖြစ်ရမည်။ ကိုဇော်ဝိတ်ကို သူလိုငါလို သာမန်လူတွေထဲ အုတ်အရောရောကျောက်အရောရော အဖြစ်မခံနိုင်၊ တိုင်းပြည်က စံထားရမည့် စံပြအာဇာနည်တဦး ဖြစ်လာရန် သူဖန်တီးနေသည် မဟုတ်ပါလား။

၁၉၃၂ခုနှစ်၌ ရန်ကုန်တွင် ရန်ပုံငွေကပွဲများ ခေတ်ထလာသည်။ ရန်ပုံငွေက ပွဲကြီးများတွင် ထင်ရှားသော အနုပညာရှင်များ၊ မြို့မျက်နှာဖုံးလူကြီးများပင် ပါဝင်ကပြကြလေသည်၊ ထိုစဉ်က ကြီးကျယ်ခန်းနားစွာ တင်ဆက်ကပြဖျော်ဖြေကြသော မြန်မာပြည်အပျော်ထမ်းရဲဘဝ်ဖွဲ့ ရန်ပုံငွေကပွဲနှင့် မြို့မအမျိုးသားကျောင်းကပွဲများကို ရန်ကုန်တမြို့လုံးက စိတ်ပါဝင်စားနေကြသည်။ သတင်းစာများကလည်း တခမ်းထနား ရည်အားပေးရေးသားကြသည့်အခါ ဤကပွဲကြီး နှစ်ခုစလုံးမှာ ထင်ရှားကျော်ကြားသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်အပျော်တမ်းရဲတပ်ရန်ပုံငွေကပွဲကြီးကို ၁၉၃၂ ခုနှစ် ဇူလိုင်လ ၁၆ရက်နေ့ညမှအစပြု၍ ဂျူဗလီဟောတွင် တင်ဆက်ကပြခဲ့သည်။ ရဲတပ်ကပွဲကြီးတွင် ဇာတိမာန်တက်ကြွစေမည့် ရှေးမြန်မာများ စစ်ချီစစ်ထက်ပုံများကို သီပေါမင်းလက်ထက် နေမျိုးသီရိကျော်ထင်ဘွဲ့ခံ ရွှေလွန်းလှေတော်ပဲ့နှင်းကြီး ဦးဘကိုယ်တိုင် ကြီးကြပ်စီစဉ်၍ ခမ်းခမ်းနားနား တင်ဆက်ပြသသည်။ ပွဲကြည့်ပရိသတ်များ ပိုမို၍ ဇာတိမာန်ထက်ကြွစေရန် အမျိုးသားပညာဝန် ဦးဖိုးကျားက ရှေးမြန်မာစစ်သည်တော်များအကြောင်း သူရသတ္တိပြည့်ဝစွာဖြင့် စစ်ချီစစ်တိုက်ပုံများစသည့်ဇာတိသွေးဇာတိမာန်တက်ကြွဖွယ်ရာအကြောင်းများ ဟောပြောလိုက်သေးသည်၊ သမိန်ဗရမ်းပြဇာတ်၊ မိန်းမရှာယိမ်းစသည်များမှာလည်း လူကြိုက်များလှ၏။ ထို့ကြောင့်ပင်ရဲတပ်ကပွဲကိုဒုတိယအကြိမ်အဖြစ်ဆူးလေဘုရားလမ်းတီဗိုလီရုံ(ယခုပပဝင်းရုံ)၌ (၂၃-၇-၃၂) နေ့တွင် ထပ်မံကပြခဲ့ရလေသည်။

ရန်ကုန်တမြို့လုံး စိတ်ပါဝင်စားနေသည့် ရဲတပ်ကပွဲကြီးတွင် အခြားအခန်းများနှင့်အတူ ဦးရှိန်၏တပည့်များဖြစ်ကြသည့် ကိုဇော်ဝိတ်နှင့် ကိုညွန့်ဖေတို့၏ ကာယဗလ စွမ်းရည် ပြခန်းတရပ်လည်း ပါဝင်လေသည်။ ကိုဇော်ဝိတ် ပါဝင် ပြသမည့် (၁၈-၇-၃၂) နေ့တွင် သူရိယသတင်းစာမှ "မြန်မာလူငယ်များ၏ ခွန်အား" ဟူသော ခေါင်းစဉ်ဖြင့် အောက်ပါအတိုင်း ဓာတ်ပုံနှင့်တကွ အထူးအရေးပေး ဖော်ပြခဲ့လေသည်။

> "အထက်ပါ မောင်ဇော်ဝိတ်သည် ယနေ့ည ကျင်းပမည့်ရဲအဖွဲ့ကပွဲတွင် လာရောက်ရှုစားတော်မူကြသော ပရိသတ်တို့၏ အာသီသပြည့်ဝစေရန် အားနှင့်ဆိုင်ရာ အစွမ်းကုန် ပြသလိမ့်မည် ဖြစ်ကြောင်း"



ကိုဇော်ဝိတ်ကို ရဲတပ်ကပွဲကြီးတွင် ပါဝင်ပြသရန် ဦးရှိန်ကပင် စီစဉ်ခဲ့ခြင်းဖြစ်သည်။ အမှန်စကားဆိုရပါမူ တနိုင်ငံလုံးက စိတ်ဝင်စားနေသည့် ရဲတပ်ကပွဲကြီးကို အကြောင်းပြု၍ ဇော်ဝိတ်ကို တိုင်းပြည်က ထနည်းနည်းဖြင့် သိရှိစိတ်ပါဝင်စားလာစေရန် ဖန်တီးလိုက်ခြင်း ဖြစ်သည်။ ကပွဲကြီးနှစ်ခုစလုံးမှာ ကပြဖျော်ဖြေကြရန် တလသာကွာခြားသဖြင့် တဖွဲ့ထက်တဖွဲ့ကို ပို၍ကောင်းစေရန် ကြိုးစားကြသည်။ ရဲတပ်ကပွဲမှာ ဇာတိသွေးဇာတိမာန်ကိုအရေးထား၍ မြို့မကပွဲမှာ အနုပညာကိုအရေးထားကပြကြသည်။ မြို့မကပွဲတွင် စွယ်စုံအနုပညာရှင် ရွှေရိုးကလေးက လက်ဖတင်နင်ဦးအေးနှင့် တွဲဖက်၍ ပန်းချီ အနုပညာဖြင့် ဖျော်ဖြေသည်၊ ဒဂုဏ်ပဦးဘတင်နှင့်အဖွဲ့ကစည်တော်က၊ မြို့မျက်နှာဖုံးဦးထွန်း၊ ဦးထွန်းညို စသည့် ပုဂ္ဂိုလ်များက ဝိဇ္ဇာယိမ်း၊ ဦးဖေမောင်တင်နှင့်အဖွဲ့က အင်္ဂလိပ်တူရိယာပိုင်း စသည်ဖြင့် ဖျော်ဖြေကြသည်။ ကိုယ်ကာယအလှတွင် နာမည် ရနေသော ဝေါ်လတာ ဦးချစ်ထွန်းက ကာယဗလ ကိုယ်ဟန် ပြသခဲ့လေသည်။

ရဲတပ်ကပွဲကြီးအပြီး တလခန့်ကြာလျှင် ကိုဇော်ဝိတ်ကို ဦးရှိန်သည် မည်သို့ရည်ရွယ်ချက်ဖြင့် လေ့ကျင့်နေသည်ကို မြင်တွေ့လာရသည်။ မြန်မာပြည် အပျော်တမ်းအလေးမအသင်းက ကြီးမှူးကျင်းပသော နှစ်စဉ်အလေးမပြိုင်ပွဲကို ၁၉၃၂ခု ဩဂုတ်လ ၇ ရက်နေ့တွင် ဂျူဗလီရုံတွင် ကျင်းပရန် စီစဉ်ထားသည်၊ ထုံးစံအတိုင်း အလေးမပြိုင်ပွဲကို ပြည်သူအများ စိတ်ပါဝင်စားလာအောင် ဦးရှိန်ကပင် သူရိယသတင်းစာကြီးတွင် ဆောင်းပါးရေးရပြန်သည်။ ၆-၈-၃၂ နေ့ထုတ် သူရိယသတင်းစာ၌ ရေးသားသည့် ဆောင်းပါးတွင် ကျင်းပမည့်အလေးမ ပြိုင်ပွဲကြီးအကြောင်း အများ စိတ်ပါဝင်စားလာအောင်နှင့် ပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်ခြင်း မပြုသော ကိုဇော်ဝိတ် အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



တိုင်းသိ ပြည်သိဖြစ်အောင် အောက်ပါအတိုင်းတင်ပြရေးသားခဲ့သည်။

> မောင်ဇော်ဝိတ်မှာ ဝင်ရောက် ယှဉ်ပြိုင်ခြင်း မရှိသော်လည်း အားအင်သန်စွမ်းပုံ အမျိုးမျိုးကို ပြသပါလိမ့်မည်။ ထို့အပြင် ၎င်းမ, ထားသော ၂၈၁ ပေါင်ကို အနည်းဆုံး မည်သူမဆိုမနိုင်သည်ကို ကြည့်ရှုရတော့မည့်ပြင် မြန်မာပြည်မှအပ အိန္ဒိယပြည်တဝှမ်းလုံး လှည့်လည်ပြိုင်ဆိုင်မည် ဟု အတိအထင်းကြေညာပြီးဖြစ်သော ချမ်ပီယန် မြန်မာကလေးသည် မည်သူနည်း၊ ၎င်းသည် အဘယ်မျှလောက် ထူးဆန်းသည်၊ မြန်မာပြည်ကို မည်ကဲ့သို့ ဂုဏ်ထင်ပါသနည်း၊ ကြည့်လိုသူများ သွားရောက်ကြည့်ရှုကြရန် အထူးတိုက်တွန်းနှိုးဆော်ရပေသည်။

တနည်းဆိုရပါလျှင် ၎င်းဆောင်းပါးက ဦးရှိန်သည်ဇော်ဝိတ်ကို သူမည်သို့ ရည်မှန်းထားကြောင်း ကြေးဝါးလိုက်ခြင်းပင်ဖြစ်သည်။နောမည်ရလာပြီဖြစ်သောသူ၏တပည့်ဖြစ်သူ ဇော်ဝိတ်ထယောက် ဝိန်မသာလိန်မသာ အချင်းချင်း ပြိုင်ရမည့် ပြည်တွင်းပြိုင်ပွဲများအတွက် ယှဉ်ပြိုင်ရန် ရည်ရွယ်ထားခြင်း မဟုတ်ကြောင်း ကြေညာလိုက်ခြင်းပင် ဖြစ်သေသည်။

အရှိန် ရလာပြီဖြစ်သော အလေးမအားကစားကို ပြည်သူလူထုက ပိုမိုစိတ်ဝင်စားအောင် အလေးမလေ့ကျင့်လိုက်စားသူများ ပိုမိုများလာအောင် စည်းရုံးလှုံ့ဆော်ရသည့် တာဝန်မှာ ဦးရှိန်တွင်မသေးလှချေ။ ၎င်းမှ အပင်ပန်းခံ၍ စည်းရုံးနေရသည့်အထဲ ကျောင်းဆရာများကာယဗလ သင်တန်း တခုတွင် နိုင်ငံခြားပြန် အစိုးရ ကိုယ်လက်ကျန်းမာရေး အရာရှိတဦးက အလေးမ အားကစားကို ပုတ်ခတ်ပြောကြားလိုက်သည့်အခါ ဦးရှိန်သည် ဆော်ဆတ်ထိမခံပဲ သတင်းစာမှ စိန်ခေါ်ရေးသားခဲ့သည်။ အင်္ဂလန်လို တိုင်းပြည်တွင် အမျိုးသမီးများပင် အလေး



မနေပြီ ဖြစ်ကြောင်း ခတ်ပုံနှင့်တကွ သူရိယ သတင်းစာတွင် ရေးသားဖော်ပြလိုက်သေးသည်။

အလေးမအားကစားမှာ နိုင်ငံခြားမှ စတင်လာသည့် အားကစားဖြစ်ရာ အလေးမ အားကစား အခေါ်အဝေါ်များမှာလည်း နိုင်ငံခြားဘာသာစကားဖြင့်သာ ရှိခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း ထိုနည်းတူ သုံးစွဲနေရသည်ကို ဦးရှိန်က မနှစ်သက်၊ အလေးမဝေါဟာရများကို မြန်မာစကားဖြင့် အများနားလည်လွယ်စေရန် သူက ဆီလျော်အောင် တီထွင်ပြန်ဆို၍ ဝေါဟာရပြုလေသည်။ Press ကို အနွေးမ၊ Snatch ကို အမြန်မ၊ Clean & Jerk ကို နှစ်ဆင့်မ၊ Weight Lifting ကို အလေးမဟူ၍၎င်း၊ Physical Culture ကို ကာယဗလ၊ သို့မဟုတ် ကိုယ်လက် ကျန်းမာသန်စွမ်းရေး စသည့် အလေးမအားကစားဝေါဟာရများကို သူကပင် တီထွင်ပြုစုပေးရသည်။ ကိုလိုနီခေတ် ၁၉၃၁ ခုနှစ် အိုလံပစ်မနည်း သုံးမျိုးပါဝင်သော အလေးမပြိုင်ပွဲမှသည် ယနေ့ မြန်မာ့ဆိုရှယ်လစ်ခေတ်အထိ ဦးရှိန်တီထွင်ခဲ့သည့် အလေးမဝေါဟာရများကိုပင်ခေတ်မှီစွာ သုံးစွဲနေကြဆဲ ဖြစ်လေသည်။

အလေးခလုပ်ငန်းကို ပြည်သူလူထုက မျက်ခြည်ပြတ်မသွားစေရန် လှုပ်ရှားမှုအမျိုးမျိုးကို အဆက်မပြတ်အောင် သူကပင် ဦးဆောင် ဦးရွက်ပြု၍ စီစဉ်ဆောင်ရွက်ရသည်။ မြန်မာပြည်အလေးမအသင်းမှ နှစ်စဉ် မှန်မှန် အလေးမပြိုင်ပွဲများ စံချိန်ပြတ်ပွဲများ ကျင်းပနိုင်အောင် သူကပင် ဆော်ဩရသည်။ သူခေါင်းဆောင်သည့် မြန်မာပြည်ကာယဗလအဖွဲ့မှလည်း စံချိန်ပြတ်ပွဲများ အလေးမပြိုင်ပွဲများကို မကြာခဏဆိုသလို ကြီးမှူးကျင်းပသည်။ဦးရှိန်ကပြိုင်ပွဲထက် စံချိန်ပြတ်ပွဲကို ပို၍ အားပေးကျင်းပလိုသည်။ စံချိန်ဆိုလို့ထော့ မြန်မာပြည်တွင်းစံချိန်ကား မဟုတ်၊ မြန်မာများအပေါ် အရှင်သခင်အဖြစ် အုပ်ချုပ်နေ

www.burmeseclassic.com

www.burmeseclassic.com

သည့် အင်္ဂလန်ပြည်သား အင်္ဂလိပ်အလေးမသမားများ၏ ဗြိတိသျှ စံချိန်များကိုသာ ချိုးနိုင်ရန် ကြိုးပမ်းခဲ့ခြင်း ဖြစ်သည်။ ဗို၍ ဝိသေသထူးသည်ကား ယင်းစံချိန်ပြုတ်ပွဲများကို ကျောင်းများတွင် ထမင် ရွေးချယ်ကျင်းပခြင်း ဖြစ်လေသည်။

၁၉၃၃ ခုနှစ်တွင် မြန်မာပြည်အလေးမအသင်းမှ ကြီးမှူး၍ အစိုးရ ဟိုက်စကူး ကျောင်းတွင် ကျင်းပသည့် စံချိန်ပြုတ်ပွဲအကြောင်း ဦးရှိန် ရေးသားသည့် သူရိယဆောင်းပါးတွင်–

"ဖေဖော်ဝါရီလ ၁၉ ရက် တနင်္ဂနွေ နေ့လယ် ၂ နာရီ အချိန်တွင် အစိုးရဟိုက်စကူး၌ အထက်ပါ ယှဉ်ပြိုင်ပွဲကို ကျင်းပလိမ့်မည်။

ဤကဲ့သို့ စံချိန်ပြုတ်ပွဲအတယ်ကြောင့် ကျင်းပသနည်းဆိုသော် မနည်းကိုရှာကြီးသူတို့ အသိဉာဏ် တိုးဘက်ရန်၊ အမှားမှားလေ့ကျင့်နေသူလွယ်လင့်တကူ သိရှိနားလည်ရန်နှင့် မြန်မာကလေးများ စိတ်ပါဝင်စားရန်ဖြစ်ပေသည်။

စိတ်ဝင်စားသောသူများ တယောက်နှင့်တယောက် နီးစပ်၍မိတ်ဖြစ်ပြီး နိုင်ငံခြားမှ ငွေကုန်များစွာခံ၍ သင်ကြားရသော ပညာများကို လွယ်သင့်တကူ သိရှိရန် လမ်းစထွင်ရန်လည်း ဖြစ်ပေသည်။

ထို့အပြင် မြန်မာကလေးများသည် အထောက် အပံ့မရကြသော်လည်း မိမိတို့ စထွင်သည့် အားအင် သန်စွမ်းရေးတွင် နှစ်ပေါင်း ၃၅ နှစ်မျှ လေ့ကျင့်လာကြသည့် ဗြိတိသျှ လူမျိုးများထက် မသာသာအောင် အားခဲ၍ သဲသဲမဲမဲ ဇွဲကောင်းပုံများကို ပြသလိုပါသဖြင့် ဝါသနာ မပါကြသော်လည်း ကြည့်ရှုသည့်ရှိအောင် လာရောက်မစပါမည့်အကြောင်း တောင်းပန်ပါသည်ခင်များ"



မောင်ဇော်ပိတ်စံချိန်နှစ်ခုပြုတ်မည်ဟု ရေးသား၍ ဗြိတိသျှ အလေးမချမ်ပီယန်များကို စိန်ခေါ်ခဲ့လေသည်။

ဦးရှိန် ဗြိတိသျှအလေးမသမားများကို ပြင်းပြင်းထန်ထန် စိန်ခေါ်သံမှာ မြန်မာပြည်နယ်နိမိတ်ကိုကျော်လွန်ကာ မြန်မာ့ အရှင်သခင်များစံရာ အင်္ဂလန်ပြည်သို့ ပေါက်ရောက်သွားခဲ့၏။ အင်္ဂလန်မှ ဗြိတိသျှအလေးမဘာဝန်ခံများမှာလည်း ထိတ်သန့် တကြားဖြစ်သွားခဲ့ရ၏။ သူတို့လက်အောက်ခံတိုင်းပြည်လေးမှ သူဘို့လို အတုမရှိဇမ္ဗူဝတီ လူမျိုးတို့ထက် သာတော့မည်ကို အဘယ်မှာ ခံနိုင်မြိမ့်အံ့နည်း။ ဗြိတိသျှအလေးမသမား အနှံ့ချင်းအား မိမိဘို့ကို မြန်မာအလေးမသမားတို့က ကျော်သွားခြင်းခံရမည့် အနိပ်အရောင်များ ပေါ်ပေါက်နေပြီဖြစ်ကြောင်း သတိပေးနှိုးဆော် ရေးသားရသည့် အခြေအထိပင် ရောက်ရှိခဲ့သည်။

အင်္ဂလန်တွင် ဗြိတိသျှအလေးမတာဝန်ရှိသူများ၏ သတိပေးနှိုးဆော်သံများ မတိတ်သေးမီမှာပင် ဦးရှိန် သည် ဗြိတိသျှ အလေးမသမားများနှင့် တာဝန်ရှိသူများကို တထိတ်တလန့် ဖြစ်စေရန် ပြုလုပ်လိုက်ပြန်သည်။

၁၉၃၃ ခု နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဦးရှိန်၏ မြန်မာပြည် ကာယဗလ အဖွဲ့ကြီးမှ ကြီးမှူး၍ မြို့မတိုင်းရင်းသားကျောင်းတွင် အလေးမပြိုင်ပွဲနှင့် စံချိန်ပြုတ်ပြိုင်ပွဲတရပ် ကျင်းပခဲ့သည်။ ပြိုင်ပွဲသို့ အဲ–အေ ဦးမောင်ကြီး ဥပဒေပြုအဖွဲ့ စတုတ္ထဘာရီ ဦးဘဖွန်း၊ အမျိုးသားပညာဝန် ဦးဖိုးကျား စသည်ကောင်ရှားသော ချီးချစ်ပုဂ္ဂိုလ်များပါ တက်ရောက် အားပေးခဲ့ကြသည်။ ပြိုင်ပွဲကို ကြည့်ရှုအားပေးသော ပရိသတ်မှာလည်း များပြား



www.burmeseclassic.com

www.burmeseclassic.com

လှသည်။ ပြိုင်ပွဲတွင် စံသင်၊ ထွန်းမြင့်၊ အိုတောလဘော့[၁]၊ အေနယ်လဆင်[၂] စသူတို့ ယှဉ်ပြိုင်ကြသည်။ ကိုညွန့်ဖေက ဗြိတိသျှအလေးမသမားတဦးမ, သည့် မိလိတရီပရက်စ် (အနေးမ) ပေါင် ၁၆၀ ကို ကျော်လွန်၍ ၁၆၅ ပေါင် မ, ပြီးဗြိတိသျှစံချိန်ကိုချိုးလိုက်သည်။

မစ်ဒယ်ဝိတ်တန်းတွင်ကား ကိုဇော်ဝိတ်တဦးတည်းသာ သူမပြိုင်ဘူးသေးသည့် ပြိုင်ဖက်တဦးကို စိတ်မှရည်မှန်း၍ အကြိတ်အနယ် ယှဉ်ပြိုင်၏၊ သူ၏ပြိုင်ဖက်မှာ မြန်မာပြည်မှလည်းမဟုတ်၊ မြန်မာပြည် မြန်မာ့မြေပေါ်တွင်လည်း မရှိ၊ ဝေးမြေရပ်ခြားအင်္ဂလန်ကျွန်းမှ ဗြိတိသျှအလေးမချမ်ပီယံဆစ်ဒနီဒယ်နီယယ်[၃] ဆိုသူပင် ဖြစ်လေသည်။ ဒယ်နီယယ်သည် ၁၉၃၁ ခုနှစ်မှ၃၅ ခုနှစ် အထိ ဗြိတိသျှအပေ့ါ်ထမ်းချမ်ပီယံ၊ ဗြိတိသျှမစ်ဒယ်ဝိတ်အိုလံပစ်ချမ်ပီယံ၊ ဗြိတိသျှစံချိန်ကိုအထပ်ထပ်ချိုးနိုင်သူ ဟု ဘွဲ့အများအပြား လက်ဝယ် သိမ်းပိုက်ထားနိုင်သည့် ဗြိတိသျှအလေးမအကျော်အမော်တဦး ဖြစ်လေသည်။

ကိုဇော်ဝိတ်က ဒယ်နီယယ်၏ အကောင်းဆုံးမ, ထားသည့် အနေးမစံချိန် ၁၇၅ ပေါင်ကိုကျော်လွန်၍ ၁၈၅ ပေါင် အထိ မ,လိုက်သည်။ ဗြိတိသျှချမ်ပီယံ၏ အမြန်မစံချိန် ပေါင် ၂၀၀ ကိုလည်း ၂၀၅ ပေါင် အထိ ချိုးလိုက်သည်။ နှစ်ဆင့်မနည်းတွင် ဒယ်နီယယ်၏ ပေါင် ၂၀၀ ကို မမှီသော်လည်း ၂၇၀ ပေါင်ခွဲ မလိုက်နိုင်သဖြင့် ဒယ်နီယယ်၏ စုစုပေါင်း စံချိန် ၆၅၅ ပေါင် ထက် သာလွန်ကာ ၆၆၀ ပေါင်ခွဲ အထိပင် မ, နိုင်ခဲ့သည်။ ကိုဇော်ဝိတ်ကား မြန်မာပြည်မှပင် မြန်မာအမျိုးသားတို့ ရှေ့မှောက်၌ ဗြိတိသျှအလေးမ အကျော်အမော်၏ အနေးမ၊ အမြန်မ၊ စုစုပေါင်း စံချိန်စသည့် ဗြိတိသျှစံချိန် တသီတတန်းကြီးကို ချိုးပစ်လိုက်ပြီး မစ်ဒယ်ဝိတ်ချမ်ပီယံ ဘွဲ့ယူပြလိုက်လေသည်။

ဗြိတိသျှစံချိန်ကိုချိုးလိုက်နိုင်သည့်ဇော်ဝိတ်ကိုလည်း အိန္ဒိယမှလာရောက်၍ ကန်ဘော်ကြီးတွင် ရေထဲ၌ ၇၅ နာရီကြာ ရေကူးပြသနိုင်သဖြင့် မြန်မာတပြည်လုံး ထင်ပေါ်ကျော်ကြားနေသည့်ရေကူးချမ်ပီယံဗီကေဂိုရှ၏ခန်နေဂျာ ဘွတ်ရှနယူးဂိုရှ[၄]၊ ပိုးကုန်သည် ဦးဆင်ဒေါ်ဌေး၏သား ဦးမောင်မောင်၊ မြန်မာပြည်အလေးမအသင်း၊ အဒ်, အေဦးမောင်ကြီး၏ နေရှင်နယ်စပို့တင်းကသပ်တို့က ရွှေတံဆိပ်များ၊ ငွေဖလားများ ဖြင့် ချီးကျူးဂုဏ်ပြုခဲ့ကြလေသည်။ ဇော်ဝိတ် ဗြိတိသျှစံချိန် ချိုးလိုက်ပြီ ဟူသော သတင်းကား သူရိယ သတင်းစာကြီး၏ ကျေးဇူးကြောင့် တပြည်လုံးပြန့်နှံ့သွားလေသည်။

၂၀-၁၁-၃၃ ရက်နေ့ထုတ်သူရိယသတင်းစာကြီးကလည်း "မြန်မာတို့ခွန်အား ကမ္ဘာကသိပြီ၊ ဇော်ဝိတ်ကြီး အင်္ဂလိပ်တို့စံချိန်ကို မနေ့ကချိုးလိုက်ခြင်း၊ မြန်မာပြည် ကာယဗလအဖွဲ့ကို အထူး ချီးမွမ်းဘွယ်" ဟု စာလုံးမဲကြီးများဖြင့် တခမ်းတနားဖော်ပြပြီး သတင်းကိုလည်း အောက်ပါအတိုင်း ချီးကျူးရေးသားခဲ့သည်။

> မြန်မာပြည် ကာယဗလအဖွဲ့က အုပ်ချုပ်၍ ပြုလုပ်သော မြန်မာပြည်အလေးမပွဲကို တနင်္ဂနွေနေ့ နံနက် ၈ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့ မြို့မတိုင်းရင်းသားကျောင်းကြီးတွင်ကျင်းပ၏။ လာရောက်ကြည့်ရှုသူတို့မှာ အထူးသဖြင့် များပြားလျက် ကြည့်ရှုသူတို့သည် ယှဉ်ပြိုင်

၁။ O. Talbot
၂။ A, Nelsan
၃။ Sydney Daniel
၄။ Birshnew Gosh


www.burmeseclassic.com

www.burmeseclassic.com



ကြုံကုန်သော သူဘို၏ခွန်အားကို ကြည့်လျက် အံ့အား သင့်နေကြပေကြောင်း။

မောင်ညွန့်ဖေသည် မိလိတရီပရက်ခေါ် အလေးမ နည်းတွင် ဗြိတိသျှ လူမျိုးတို့၏ စံချိန်ကို ချိုး လိုက် ၏။ ဇော်ဝိတ်ကား ယခုအခါ ဗြိတိသျှအင်ပါယာမီဒယ်ဝိတ် ၁၀ စတုံ ၁၁ ပေါင် အတန်းတွင် ချမ်ပီယန် ရရှိသွားပြီ ဖြစ်လေသည်။

မြန်မာပြည်ကာယဗလအဖွဲ့ဝင်ကိုရှိန်ကား ယခုကဲ့သို့ မြန်မာလူမျိုးဘို ခွန်အား ကမ္ဘာကသိအောင် ပြုလုပ် နိုင်သဖြင့် ချီးမွမ်းရန် ရှိပေကြောင်း။ ပြီးခဲ့သောပွဲကြီး တွင် ချမ်ပီယန် ရရှိသူတို့ကိုလည်း ကျွန်ုပ်တို့ အထူး ချီး မွမ်းသည့်အပြင် ရှေ့ဘိုးအောင်မ, နိုင်ကြရန် နှိုးဆော် လိုက်ရပေကြောင်း။

၂၅-၇-၃၃ နေ့ထုတ်သူရိယသတင်းစာမှာပင်"ကိုင်း သိပ လား၊ ဒါဗမာကွ" ဟူသော ခေါင်းစဉ်ဖြင့် အင်္ဂလိပ်တို့ကို အောင်နိုင်ခြင်းအတွက် ဦးရှိန်နှင့်ကိုဇော်ဝိတ်တို့အား ချီးကျူး ရေးသားကြပြန်သည်။

"ပေါ်ဦးဟိုက်ကူး" အမည်ခံဆောင်းပါးရှင်ကလည်း "အိုလံပစ် ချမ်ပီယန် ဇော်ဝိတ်ကိုချီးမြှင့်သင့်ခြင်း" ဟူသော ခေါင်းစဉ်ဖြင့်-

ကိုဇော်ဝိတ်သည် ဗြိတိသျှစံချိန်ကို ချိုးလိုက်ပြီးမိုယ် ဆွဲသွားသည်ကို သတင်းစာ ၇ုင်ပါရှိသဖြင့် လူတိုင်းပင် သိရပါကြောင်း။ ထိုကဲ့သို့မိုယ်ဆွဲပြီး ပထမရသွားသူမှာ မြန်မာလူမျိုးဖြစ်သည့်အားလျော်စွာ အလွန်တရာ ဝမ်း မြောက်ဝမ်းသာ ရှိပါသည်။ ထို အမိမြန်မာပြည်ကြီး၏



သားကောင်းရတနာတယောက်ပေါ်ပေါက်လာသော် ခြားလည်း အောလ်စပို့ မဂ္ဂဇင်း၊ ဦးဆင် ဒေါ်ငွေး၊ မစ္စဘာကေဒီဂန်နေဝါသား ဗင်္ဂါလီ ကာယဗလ အဖွဲ့ ကိုယ်စားလှယ် မစ္စတာဂို့ရှတို့မှ လဲ၍ မြန်မာ အသင်း အပင်းတို့ တစုံတရာ ဆုလပ်တံ့ဖြင့် ချီးမြှင့်ခြင်းမရှိသေး၍ ဝမ်းနည်းဘွယ်ကောင်းကြောင်း၊ များမကြာမီ ကန် တော်ကြီးတွင်ရေကူးသူမစ္စတာဂို့ရှအား ဗင်္ဂါလီအမျိုး သားအသင်းအပင်းမှစ၍ မိတ်သင်္ဂဟအပေါင်းတို့သည် ဆုလပ်တံဆိပ်များ ချီ မြှင့်ကြခြ်းကို ယနေ့တိုင် သတင်း စာများတွင် ဖော်ပြလျက် ရှိပါကြောင်း၊ အခြား လူမျိုး များက မိမိတို့အမျိုးကို မိမိတို့မြှောက်စားသကဲ့သို့ ကျွန် တော်တို့မြန်မာပြည်တွင်းရှိ သူဌေး၊ ကုန်သည်၊ စာရေး စာချီမှ စ၍ အသင်းပေါင်းမြောက်မြားစွာတို့ကလည်း မချီးမြှင့်ပါလျှင် နောင်လာမည့် သူရသတ္တိနှင့်ပြည့်စုံသူ တို့၏စိတ်ကို နှိမ်နင်းထားသည်နှင့် တူပေသည် ဖြစ် ကြောင်း၊ ထို့ကြောင့် နောင်လာနောက်သားတို့ အား တက်ဖွယ်ရာ ဖြစ်စေခြင်းငှာ ကိုဇော်ဝိတ်အား ချီးမြှင့် စေရန် နှိုးဆော်လိုက်ပါသည်။

ကိုဇော်ဝိတ်သည် မြန်မာလူမျိုးတို့အား ချီးမြှင့်ခြင်း သဘောဖြင့် မြန်မာဟူသော အမည်နာမကို ကမ္ဘာ၏ အထက်သို့ မြှောက်တင်လျက်ရှိ၏။

ကိုဇော်ဝိတ် ဗြိတိသျှစံချိန်ချိုးလိုက်သည့်သတင်းကို အင်္ဂလိပ် မြန်မာစာနယ်ဇင်းကပါ အဆက်မပြတ် ချီးကျူးရေးသားခဲ့ကြ သည်။ ၁၉၃၄ ခုနှစ်တွင် ဗြိတိသျှစံချိန်ကို ထပ်မံချိုးလိုက်သည့် အခါ ဗြိတိသျှ အပျော်ထမ်းအလေးမ အသင်းကြီး၏ အကျိုး

www.burmeseclassic.com

www.burmeseclassic.com

ဆောင် အတွင်းရေးမှူးဖြစ်သူ မစ္စတာဒဗလျူ ဂျေလော်ရီ[၅] က ဇော်ဝိတ်၏ ကိုယ်အလေးချိန် ၁၁ ဇတုံ ၁၁ ပေါင်ရှိ အိုလံပစ် မစ်ဒယ်ဝိတ်တန်းတွင် စုစုပေါင်းစံချိန် ၆၉၅ ပေါင် မလိုက်ခြင်းသည် ဗြိတိသျှ မစ်ဒယ်ဝိတ် အလေးမ ချမ်ပီယန်တို့ မ,ထားကြသည့် စံချိန်များထက် ကောင်း မွန် ပါပေ သည် ဟု တုတ်ဖော် ချီးကျူးခဲ့ရလေသည်။ သို့သော် ဇော်ဝိတ်၏ စံချိန်များကိုကား ဗြိတိသျှစံချိန်သစ်များ အဖြစ် အသိအမှတ်မပြုခဲ့ချေ။ သူတို့၏ အကြောင်းပြချက်ကား ၁၉၃၄ ခုနှစ်တွင် မြန်မာပြည် အလေးမအသင်းက ဗြိတိသျှအလေးမ အသင်းကြီးအား ဆက်သွယ်ကြေးများ ဆက်လက်၍ မသွင်းခြင်းနှင့် ဒိုင်လူကြီးအဖြစ်ဆောင်ရွက်သူတို့၏ နည်းစနစ်ပိုင်းဆိုင်ရာ လိုအပ်ချက်လေးများကြောင့်ဟု အကြောင်းပြ၍ဆင်ခြေ့ရန်ရှောင် လုပ်ခဲ့လေသည်။

ဦးရှိန်တို့ဆရာတပည့်မှာ လူငယ်များကြီးပွားရေးအသင်းမှ သိမ်ချောင်းရွာသို့ ကျေးလက်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်သွားသည့်အခါကြီးပွားရေးအသင်းသားများနှင့်အတူ ကာယဗလနှင့် ကိုယ်လက်ကျန်းမာသန်စွမ်းရေး လုပ်ငန်းများဖြင့် လိုက်ပါ ဆောင် ရွက်ကြသည်။ လူငယ်များကြီးပွားရေးအသင်းကလည်း ဇော်ဝိတ်ဓာတ်ပုံများရိုက်၍ ဝေငှသည်အထိ ဦးရှိန်တို့လုပ်ငန်းကို ကူညီအားပေးခဲ့၏။ လက်ပံတန်းထိုမြို့နယ်များမှ တကူးတက ကာယဗလပြပွဲများပြသရန် ဖိတ်ကြားသည့်အခါ ဦးရှိန်သည် ဇော်ဝိတ်၊ စံသင်၊ ထွန်းမြင့် စသည့် တပည့်များနှင့် အလေးမကာယဗလပြန့်ပွားရေးအတွက် သွားရောက်ဟောပြောပြသခဲ့ရပြန်သည်။

---

၅။ Mr. W. J. Lowry



၁၉၃၄ ခုနှစ် မေလတွင်ကျင်းပသည့် ဒုတိယအကြိမ်မြောက် မြန်မာပြည်အပျော်ထမ်းရဲတပ်ဖွဲ့အစည်းအဝေးကြီး အပြီးတွင် အနယ်နယ် အရပ်ရပ်မှလာသော ရဲတပ်အဖွဲ့ဝင်များအား ရက်တိုသင်တန်းတရပ် ဖွင့်လှစ်သင်ကြားသည့် သင်တန်းတွင်လည်း အခြားပုဂ္ဂိုလ်များနှင့်အတူ ဦးရှိန်သည်လည်း ဟောပြောပို့ချရပြန်၏။ အမျိုးသား ပညာဝန် ဦးဖိုးကျားက မြန်မာ့သတ္တိအကြောင်း၊ ဦးဘဖူး (ဂျေဝ) က စစ်စည်းကမ်းကာကွယ်ရေး၊ စစ်မှုရေးရာများ၊ ဝတ်လုံတော်ရ ဦးအေး (ကပ္ပတိန်) က လေယာဉ်တပ်များအကြောင်း ဟောပြောပို့ချကြပြီး ဦးရှိန်က ကာယဗလကျန်းမာသန်စွမ်းရေးအကြောင်းဟောပြောပို့ချသည်။ နှစ်ပေါင်း ၂၀၀၀ ကျော်ကဂရိနိုင်ငံ စပါတန်လူမျိုးများ ကိုယ်လက်ကျန်းမာရေးဖြင့် တိုင်းပြည်တည်ထောင်ပုံမှအစ အိုလံပစ်သမိုင်း၊ ရောမတို့ထိပ်တန်းရောက်ပုံ၊ နပိုလီယန်ကို အိုင်းယင်းဂတ်ခေါ် ကာယဗလစစ်တပ်ကြီးကဝါတာလူးစစ်ပွဲတွင်အနိုင်ရရှိပုံစသည်များကို ရဲတပ်သင်တန်းသားများ၏ စိတ်ထဲစွဲကျန်ရစ်ခဲ့အောင် ဟောပြောခဲ့လေသည်။ တပည့်ဖြစ်သူ ကိုဇော်ဝိတ်နှင့်လည်း ကျန်းမာသန်စွမ်းရေးလေ့ကျင့်နည်းများ လက်တွေ့ပြသခဲ့သည်။

ဦးရှိန်၏ ရဲတပ်သင်တန်း ဟောပြောချက်များကို သူရိယသတင်းစာကြီးတွင် အကျယ်တဝင့် ချီးကျူးရေးသားခြင်းခံရသည်အထိ အောင်မြင်ခဲ့လေသည်။ ဦးရှိန်အဖို့ ဤသို့မနေမနားနိုင်ငံနှင့်လူမျိုးအကျိုး သယ်ပိုးဆောင်ရွက်သည့် အတွက် ရရှိလာသည့် အကျိုးအမြတ်ကား အများက ပေးအပ်ခေါ်ကြသည့် ကာယဗလဦးရှိန် ဟူသောအမည်နာမပင်တည်း။

အလေးမ ဟူသော ဝေါဟာရနှင့် ဇော်ဝိတ် ဟူသော အမည်မှာ ပြည်သူသူထုနှင့် ရင်းနှီးသွားပေပြီ။ ဇော် ဝိတ် ကို မြန်မာပြည်သူများက အာဇာနည် လူစွမ်းကောင်းအဖြစ် မြင်

www.burmeseclassic.com

www.burmeseclassic.com

လာကြပေပြီ။ အလေးမမှာ ရိုးရိုးအားကစားအသွင်မျှ မက တော့ဘဲ အမျိုးသားအသွင်သို့ပင် ဆောင်လျက်ရှိသည်။ သူတို့ အကြောင်းကို မြန်မာစာနယ်ဇင်းများသာမက နိုင်ငံခြား အင်္ဂလိပ်၊ အိန္ဒိယ စသည့် အလေးမ ကာယဗလ ဂျာနယ်များက ပါ အလေးထား ရေးသားလာကြရသည်။

၁၉၃၄ ခုနှစ်တွင် ဒေါက်တာ ဦးအောင်ဇံနှင့်ဦးဘရှင်တို့ က ပြည်သူအများကမြင်တွေ့လိုကြသည့် တိုင်းကျော်ပြည်ကျော် ဇော်ဝိတ်ကို ကာယဗလ အလေးမလေ့ကျင့်ပုံ နည်းမျိုးစုံဖြင့် စိန်သရဖူ ရုပ်ရှင်ဇာတ်ကားတွင် ထည့်သွင်း ရိုက်ကူးပြသသည့် အခါ ဇော်ဝိတ်နှင့်အတူ ကာယဗလအလေးမအားကစားမှာ ပြည်သူများနှင့် ပိုမိုရင်းနှီး၍သွားခဲ့လေသည်။

နိုင်ငံခြားအားကစားကို မြန်မာမှုပြုသူ၊ ရိုးရိုးအလေးမအား ကစားကို အမျိုးသား အားကစားအဖြစ်သို့ ရောက်အောင် ကြိုးပမ်းသူ၊ မထင်မရှားသည့်အညတရ ကျောင်းဆရာလေးကို တိုင်းပြည်က အားထားလာသည့် လူစွမ်းကောင်း အာဇာ နည ်ဖြစ်အောင် ကန့်လန့်ကာ၏ နောက်ကွယ်မှ ကြိုးပမ်းခဲ့သူ မိသုကာပညာရှင်ကား တိုင်းပြည်တွင် မထင်ရှားသည့် ဝီလျံ ဂျက်စာရေးကြီး ဦးရှိန်ပင် ဖြစ်လေသည်။

ဤသို့ လူသိမများသည့် အလေးမအားကစားကို ပြည်သူ လူထုက အထင်တကြီးဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်ရာ၌ သူ့ကို အားပေး အားမြှောက်ပြုနေသူများကား သက်ရှိ သတ္တဝါများမဟုတ်၊ သူ၏မိတ်ဆွေ စာအုပ်စာပေများတည်း။ ယင်း စာအုပ်စာပေများထဲတွင် ဂျာမနီ နာဇီခေါင်းဆောင် ဟစ်တ လာရေးသားသည့် မိုင်းကမ့်[6] စာအုပ်ထဲမှ နာဇီခေါင်းဆောင် တဦးဖြစ်သူ ဒေါက်တာဂိုဗဲ[7] ပြောဆိုခဲ့သည့် "တန်ခိုး- ရှိအောင် ပထမလုပ်ပါ" ဟူသော စာပိုဒ်ကလေးဝင် ဖြစ်ခဲ့ လေသည်။



---

၆။ Mein Kampf ၇။ Dr. Goebbel

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၄

# ပထမမြန်မာ့အောင်ပွဲ

ဦးရှိန်သည် ထပည့်ဖြစ်သူဇော်ဝိတ်က အနေ့းမ,အမြန်မတို့တွင်ဗြိတိစံချိန်များပင် ချိုးနိုင်ခဲ့ပြီဖြစ်သဖြင့် အထိုက်အလျောက်တော့ ကျေနပ်သည်။ သို့ရာတွင် နှစ်ဆင့်မနည်း စံချိန်ကိုကား ချိုးဖို့လိုသေးသည်။ ဇော်ဝိတ်ကို သူရည်မှန်းသည့် စခန်းကား မရောက်သေး၊ များစွာ လိုသေးသည်။ မြန်မာပြည်တွင် သူ့လောက်မ,နိုင်မည့်သူမရှိသဖြင့် အများ၏လက်ခုပ်သံများကြားတွင် ရောင့်ရဲတင်းတိမ်မသွားစေရန် နည်းလမ်းရှာရသည်။ ကိုဇော်ဝိတ်လို မစ်ဒယ်ဝိတ်တန်း၌ ဂျာမနီပြည်မှ ကမ္ဘာ့ချမ်ပီယန် အစ္စမေယာ[၁] ဆိုသူက နှစ်ဆင့်မတွင် ပေါင် ၃၁၀ မထားသည်။ ဦးရှိန်သည် တပည့်ဖြစ်သူကို ဗြိတိသျှစံချိန်ကိုပင် မမှန်းတော့။ ကမ္ဘာ့အဆင့်မှီ မ,နိုင်ရေးအတွက် ကြိုးပမ်းပြန်လေသည်။

တနေ့ဦးရှိန်နေထိုင်ရာ ရောဝတီလမ်းသို့အိန္ဒိယကာယဗလအဖွဲ့ဝင်ဗင်္ဂါလီ ခရကူးအဖွဲ့မန်နေဂျာ မစ္စတာဘွတ်ရှနယူးဂိုရှ ဆိုသူ အလည်ရောက်လာသည်။ ဂိုရှက ဇော်ဝိတ် ၂၀၁ ပေါင် မ,နိုင်တယ်ဆိုတာ ဟုတ်ရဲ့လား၊ ဘယ်မှာ လေ့ကျင့်ကြသလဲ၊

---

[၁]။ Ismayer



အားကစားရုံပြစမ်းပါဟု ဆိုသည်။ ဦးရှိန်က သူတို့လေ့ကျင့်ရာ ဘူမိနက်သန်မှန်သည့် ရောဝတီလမ်းကို ညွှန်ပြလိုက်သည်။ ဂိုရှမှာ မယုံကြည်နိုင်လောက်အောင်ပင် အံ့အားသင့်သွားလေသည်။ အိန္ဒိယပြည်တွင်သူလိုကျကျနနကိုယ်ပိုင်ကစားရုံပစ္စည်းကရိယာ အစုံအလင်ဖြင့် လေ့ကျင့်နိုင်သူများပင် ထူးထူးချွန်ချွန် အလေးခံသမားများမထွက်ခဲ့၊ ဘာမျှမဟုတ်သည့် အမိုးအကာ ဗလာဟင်းလင်း လမ်းပေါ်တွင် လေ့ကျင့်ရင်း ဗြိတိသျှစံချိန် ချိုးနိုင်သည်အထိ ကြိုးပမ်းနိုင်ကြသည့် ဦးရှိန်တို့ဆရာတပည့်ကိုကြည့်၍ မယုံရအခက်၊ ယုံရအခက် ဖြစ်နေလေသည်။

ရောဝတီ လမ်းမပေါ်မှာပင် ဦးရှိန်က ဇော်ဝိတ်ကို ပုဆိုးခါးတောင်း မြှောင်အောင် ကျိုက်ခိုင်း၍ စိတ်ဓာတ်တက်ကြွဘွယ်ရာများ ပြောဆိုပြီး အလေးမပြစေရာ ဇော်ဝိတ်က ပေါင် ၂၀၀ သာမက ပေါင် ၃၀၀ ကိုပင် အမှတ်မထင် လွယ်လွယ်ပပင် မ,ပြနိုင်ခဲ့သည်။

ဦးရှိန်သည် ထိုစဉ်ကထည်းက ချမ်ပီယန် အစ္စမေယာ မ,ထားသော ပေါင် ၃၁၀ ထက် ပို၍ မ,နိုင်သော အရည်အချင်း ဇော်ဝိတ်တွင် ရှိလာပြီ ဖြစ်ကြောင်း သတိထားလိုက်မိလေသည်။ အစ္စမေယာ၏စံချိန်မှီအောင် သည်အတိုင်း ဇော်ဝိတ်ကို ကြိုးစားပါဆိုလျှင် မြန်မြန်ဆန်ဆန် ရဖို့ကာမလွယ်၊ သူ့ကိုမြှော်လင့်ချက်တခုခုပေး၍ လေ့ကျင့်ရန် ဦးရှိန်က စီစဉ်သည်။ တနေ့ ဆရာတပည့်နှစ်ဦး လေ့ကျင့်မှုများပြီးသည်နှင့် ဆရာဖြစ်သူက သူကြံစည်ထားသည့်အတိုင်း တပည့်ဖြစ်သူအား–

"ကိုဇော်ဝိတ်....ခုအခါ ၁၂ စတုံတန်းမှာ အစ္စမေယာက ပေါင် ၃၁၀ မထားတယ်။ ခင်ဗျား ပေါင် ၃၂၀ မနိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com

ကြိုးစား၊ပေါင် ၃၂၀ ကိုခင်ဗျားမ, နိုင်ရင် ဆုအဖြစ်ခင်ဗျားကို အိန္ဒိယပြည် ဘုရားပွင့်တော်မူရာ ဗုဒ္ဓဂါယာကိုဘုရားဖူးလိုက်မို့မယ်" ဟု ပြောလေသည်။ ဦးရှိန် စကား ကြားရသည့်အခါ ကိုဇော်ဗိတ်မှာ ဝမ်းသာလွန်းသဖြင့် မည်သို့ပြန်ပြောရမှန်းမသိတော့ချေ။ သူ့အနေနှင့် တောက ရန်ကုန် ရောက်ဘူးသည်က လွဲ၍ နိုင်ငံခြားဆိုသျှင် အိပ်မက်တောင် မက်ရဲသူမဟုတ်၊ နှစ်ပတ်အသွင်းမှာပင် ကိုဇော်ဗိတ်တယောက် ပေါင် ၃၂၀ ကိုမ, နိုင်သည်။ ဦးရှိန်ကလည်း သူ့ကတိအတိုင်း အိန္ဒိယသို့ ဘုရားဖူးသွားကြရန် စီစဉ်သည်။

ဤသို့ ဦးရှိန်တို့ဆရာတပည့်နှစ်ဦး အိန္ဒိယသို့ ဘုရားဖူးသွားရန် စီစဉ်နေဆဲမှာပင် ရန်ကုန်ဂေဇက်သတင်းစာတွင် အိန္ဒိယပြည်လုံးဆိုင်ရာအလေးမတံခွန်စိုက်ပြိုင်ပွဲကြီးကို ကာလကတ္တားမြို့ တတ်ကာဘဇားရုံကြီးတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းတပုဒ်ပါလာလေသည်။ ဦးရှိန်သည် ရန်ကုန်ဂေဇက်တွင် ပါရှိသော အလေးမပြိုင်ပွဲသတင်းကို ဖတ်ရသည့်အခါ သူတို့ဆရာတပည့်နှစ်ဦးအိန္ဒိယသို့ ဘုရားဖူးသွားရင်းအိန္ဒိယပြည်လုံးဆိုင်ရာ အလေးမပြိုင်ပွဲကြီးကို ပါဝင်ယှဉ်ပြိုင်ရန် စီစဉ်လေသည်။ အိန္ဒိယသို့လည်း၊ သူတို့လာရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း ဘွတ်ရှနယ်ဂို့ရှကတဆင့် အကြောင်းကြားလိုက်သည်။

ဦးရှိန်က သူတို့အိန္ဒိယသို့အလေးမ သွားရောက်ယှဉ်ပြိုင်ကြမည့် အကြောင်းကို တိုင်းပြည် သို့ အသိမပေးဖဲ့ထားသည်။ အကြောင်းသော်ကား အိန္ဒိယတွင် သူတို့ပြိုင်၍ အနိုင်ရပါမှ အခြား အစီအစဉ် တခုနှင့်အတူ အားကစား လှုပ်ရှားမှုကြီး တရပ်ကို ပြည်သူလူထုက တအံ့တသြ ဖြစ်စေလိုသောကြောင့် ဖြစ်၏။ သို့ရာတွင် သူ့ဆန္ဒကား မပြည့်ဝတော့ချေ။ အိန္ဒိယသို့



သွားရန် စီစဉ်နေဆဲမှာပင် သူတို့သောက်နေကျ လက်ဖက်ရည်ဆိုင်၌ အမြဲသိုလို တွေ့ဆုံနေကျ မိတ်ဆွေဖြစ်သူ ဒူရိယသတင်းစာအယ်ဒီတာ အမ်ဖိုးချိန်နှင့် တွေ့ကြသဖြင့် စကားစပ်မိစပ်ရာ ပြောလိုက်မိသည်။ သူတို့သတင်းကို သတင်းစာထဲသို့ ထည့်ရန် မှာကြားလိုက်သော်လည်း အမ်ဖိုးချိန်က သူရိယသတင်းစာကြီးတွင်သူတို့ဆရာတပည့်နှစ်ဦးအိန္ဒိယအလေးပြိုင်ပွဲကြီးသို့သွားရောက် ယှဉ်ပြိုင်မည့်အကြောင်း သတင်းရေးသားဖော်ပြလိုက်သဖြင့် အိန္ဒိယသို့ သူတို့သွားရောက်မည့် သတင်းမှာ တိုင်းသိပြည်သိ ဖြစ်ခဲ့ရလေသည်။

အိန္ဒိယသို့သွားဖို့ ခရီးစရိတ်မှအစ စားစရိတ် အဆုံး၊ ဦးရှိန်ကပင် ရှိစုမဲ့စု သူစုဆောင်းထားသည့် ငွေဖြင့် အကုန်အကျခံသည်။ ကိုဇော်ဗိတ်မှာ တပြားမှကုန်စရာမရှိ၊ သူရသည့်လခကိုသည်း ကြည့်ပါဦး၊ ကျောင်းဆရာလခက ၄၅ ကျပ်သာရသည်။ အိမ်လခ၊ ထမင်းစရိတ်၊ ပြီးတော့ နေထိုင်သည့်အိမ်ကပါတာနီကုန်း၊ လေ့ကျင့်ရန်သွားရသည်က အလုံ၊ ခရီးစရိတ်က အသွားတပဲအပြန်တပဲ၊ တခါတခါ ခရီးစရိတ် မရှိသဖြင့် ခြေလျင်လျှောက်ရသည်ကပါသေးသည်။ ဦးရှိန်နှင့်ဇနီးဒေါ်မြက သားတယောက်လို အစစအရာရာ ကူညီခဲ့သဖြင့်သာ တော်တော့သည်။ အိန္ဒိယသို့ သွားရန် ခွင့် ၁၀ ရက် စီယူကြသည်။ ဦးရှိန်တို့နှင့် အတူ သူငယ်ချင်းဖြစ်သူ ဦးလှမောင်လည်း လိုက်ပါလာလေသည်။

၁၉၃၅ခုနှစ် ဖေဖွာရီလ ၁၉ ရက်နေ့တွင် အက္ကမား[၂] စာပို့သင်္ဘောဖြင့် အိန္ဒိယသို့ ထွက်ခွာသွားခဲ့ကြသည်။ သူတို့ကို မြန်

၂။ Ekma

www.burmeseclassic.com

www.burmeseclassic.com



မာပြည် ကာယဗလအဖွဲ့ဝင်များ၊ ကိုဇော်ဝိတ်နှင့် အလုပ် လုပ်ဖက် ကျောင်းဆရာများနှင့် ဓိတ်ဆွေသင်္ဂတစုက သဘော်ဆိပ်သို့ လိုက်ပို့ကြသည်။ ဦးရှိန်တို့ ဇော်ဝိတ်တို့မှာ နိုင်ငံခြားသို့ သွားရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့ဆို၍ ခုခေတ်လိုတခမ်းထနားဆင်တူဝတ်စုံများဖြင့် သွားကြရသည်ကားမဟုတ်၊ သူတို့ကို အားပေးမည့်သူလည်းမရှိ၊ ဝယ်ယူဝတ်ဆင်ဖို့ကလည်း ငွေကြေး မတတ်နိုင်ကြချေ။ သူတို့ သွားရသည့် ခရီးစဉ်ကိုလည်း ကြည့်ပါဦး၊ သင်္ဘောခ အသွား ၁၆ ကျပ်၊ အပြန် ၁၄ ကျပ်သာ ပေးရသည့် သင်္ဘောကုန်းပတ်ပေါ်မှာသာ စီး နိုင် ကြ သည်။ ပထမတန်း၊ ဒုတိယတန်းနေရာများကို သူတို့မကပ်နိုင်ကြ၊ စားကြသော့လည်း အားကစားသမားဆို၍ ကျကျနနကား မစားနိုင်၊ သင်္ဘောကုန်းပတ်ပေါ်မှာပင် ထမင်းနှင့်ဟင်း ရောပုံထည့်ပေးသည့် တပန်းကန်သုံးမတ်တန် ဆူလွယ်နပ်လွယ် ထမင်းနှင့်ဟင်းများကို အမှီသဟဲပြုကြရသည်။ ကိုဇော်ဝိတ်အတွက် ပြိုင်ပွဲတွင် အားရှိအောင် ဆို၍ ကြက်ဥ တဒါဇင်၊ ခရမ်းချဉ်သီး တပိဿာ၊ နို့စိမ်းဗူး, သစ်သီးဗူး အချို့တို့ကို ၀ံသင်နှင့် ကိုလှမောင်လေးတို့က ဝယ်ထည့် ပေးလိုက်ကြ သ ဖြင့် တော်သေး၏။

ဖေဖွာရီလ ၂၁ ရက်နေ့တွင်ဦးရှိန်တို့ကာလကတ္တားသင်္ဘောဆိပ်သို့ ရောက်ကြသည်။ ကိုဘသိန်းအမှူးပြုသော မြန်မာတစုက သူတို့ကို လာရောက်ကြိုဆိုကြသည်။ သူတို့ နေထိုင် တည်းခိုရာ ဂါထနာလိန်း မွေဆာလာမှာပင် လိုက်ပါတည်းခိုရန် တပါတည်း ခေါ်ဆောင်သွားကြသည်။ ဦးရှိန်တို့အဖွဲ့ နိုင်ငံခြားတွင် မြန်မာများ နှင့် ထစုထဝေးတည်း နေထိုင် တည်းခိုရသဖြင့် အတော်ဟန်ကျသွားသည်။

ဦးရှိန်သည် သုံးရက်တိုင် ပင်လယ်ခရီးတွင် သင်္ဘောစီး၍ လာရသည့် တပည့်အတွက် စိုးရိမ်မကင်းဖြစ်နေသည်။ ရေခြားမြေခြားမို့ ပြိုင်ပွဲမဝင်မီ လေ့ကျင့်ရန်က လိုသေးသည်။ သူတို့ လေ့ကျင့်ရန်အတွက် ခက်ခက်ခဲခဲကားမရှိ၊ သူတို့နှင့် ရန်ကုန်တွင် သိကျွမ်းခင်မင်ခဲ့သည့် ဘွတ်ရှနယူးကို့ရှ ကစားရုံမှာပင် သွားရောက်လေ့ကျင့်ကြသည်။ လေ့ကျင့်ရာတွင်ကိုဇော်ဝိတ်က မိယိထရီ အနေ့းမ ပေါင် ၂၀၀၊ အမြန်မ ပေါင် ၂၀၀ နှင့် နှစ်ဆင့်မ ပေါင် ၂၆၀ ကောင်းစွာမ, နိုင်တော့မှပင် ဦးရှိန်မှာ စိတ်ချ လက်ချ ရှိသွားတော့သည်။ အရေးထဲ ကိုဇော်ဝိတ်က လက်နာသွား၍ ဝို့ရှအကူအညီဖြင့် ဘိဒန်လမ်းရှိ ဆရာဝန်အေရာရှစ်ဆိုသူထံ သွားပြကြရသေးသည်။ သူတို့မမြင်မတွေ့ဘူးသေးသည့် အာလထြာဗိုင်အိုလက်[၃] ခေတ်ရောင်ခြည်ဖြင့်ကုသပေးလိုက်သည်။ ဦးရှိန်သည် ပြိုင်ပွဲမဝင်မီ သူ၏တပည့်အတွက် အစစအရာရာ စိုးရိမ်သောကဖြစ်ရသည့် ဒုက္ခမှာလည်း မသေးငယ်လှပေ။ သူ၏ စိုးရိမ်ပူပန်မှုကား သူ့အတွက်၊ သူ့ တ ပည့် အတွက်ကား မဟုတ်၊ မျက်စိကိုဖွင့် နားကိုစွင့်၍ သူတို့၏အောင်ပွဲသတင်းကို စောင့်မြော်နေကြမည့်မြန်မာပြည်သူလူထုအတွက်သာဖြစ်လေသည်။

အိန္ဒိယပြည်လုံးဆိုင်ရာအလေးမပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်သူများကိုအိန္ဒိယနိုင်ငံရေးခေါင်းဆောင်တဦးဖြစ်သူဘီကေဗနာဂျီဆိုသူက မိတ်ဆက်ညစာစားပွဲကျင်းပသည်။ ညစာစားပွဲက ထောပတ်မလိုင် စသည်ဖြင့် စုံသည်။ ကိုယ်အလေးချိန် လျှော့နေရသည့် ကိုဇော်ဝိတ်အတွက် ၁၂ စတုန် မကျော်ဖို့ကလည်း အရေးကြီးသည်။ ညစာစားပွဲသို့မလာမီကတည်းကပင် ကျွေးမွေးမည့် အစားအသောက်များကို ဇော်ဝိတ် အတွက် ဝေ့ကွက်၍ မစားကြရန်



www.burmeseclassic.com

www.burmeseclassic.com

ဆုံးဖြတ်ခဲ့ကြသည်။ ထို့ပေသည့် ညေ့ခံကျွေးမွေးသူများက အတန်ထန်တောင်းပန်သဖြင့် ဦးလှမောင် တဦးတည်းကသာ ဆိမ်ချင်ချားကျေနပ်အောင် စားသောက်လိုက်ရသည်။ ဦးရှိန်ကား တပည့်ဖြစ်သူ စိတ်ဓာတ်တက်ကြွစေရန် ကျွေးမွေးသမျှကို ဇော်ဝိတ်နှင့်အတူ မစားမသောက်တော့ပေ။

ညေ့ခံပွဲဘွင်မေးရိုးကြီးကြီးနှင့် လူ့ဘီလူးတမျှကြီးမားတုတ်ခိုင်သော အသားမည်းမည်းသူတဦးကို ဦးရှိန်တို့ တွေ့ကြရသည်။ သူကား ဇော်ဝိတ်နှင့် အကြီးတန်းတွင် ယှဉ်ပြိုင်ရမည့် ဘီဝိဝက်[၄] ဆိုသူ ဖြစ်သည်။ ကိုဇော်ဝိတ်မှာ ဤမျှ ထွားကြိုင်းသည့် လူ့ဘီလူးကြီးကို ကြည့်ကာ သူနှင့် ယှဉ်ပြိုင်ရမည့်သူမှန်းသိသဖြင့် စိတ်ဓာတ်ညှိုးငယ် ဖြစ်သွားသည်ကို ဦးရှိန်က သတိထားမိလိုက်သည်။ ထိုစဉ်မှာပင်မစ္စတာဂိုရှကဦးရှိန်နှင့်ကပ်၍ ဇော်ဝိတ်ကိုပွဲထုတ်ရန် တိုက်တွန်းသဖြင့် ဦးရှိန်အဖို့ အဆင်သင့်သွားတော့၏။ စိတ်ဓာတ်အကြောင်း ကောင်းစွာနားလည်သော ဦးရှိန်တယောက် တပည့်ဖြစ်သူနှင့် ပြိုင်ဖက်များအပေါ် စိတ်ဓာတ်စစ်ဆင်ရေး စလေပြီ။ ကိုဇော်ဝိတ်ကို ဖျော့ချင်ဖယောင်း မာလျှင်သံချောင်း ဟူသောအမည်ပေးကာ ကာယဗလစွမ်းရည်များ ပြသစေသည်။ ရိသတ်မှာလည်း မမြော်လင့်ဝဲ တွေ့ကြရသဖြင့် တအံ့တသြ ဖြစ်ကုန်ကြသည်။ ကိုဇော်ဝိတ်ပြသစဉ် လက်ခုပ်သံများဖြင့် ဆူညံလျက် ရှိလေသည်။ ပြပွဲပြီးလျှင် ပရိသတ်အချို့က ကိုဇော်ဝိတ်၏ ခြေသလုံး၊ ပေါင်၊ ရင်အုပ်စသည်တို့ကို ဝိုင်း၍ ကိုင်တွယ်ကြည့်ရှုကြသည်။ မိမိကိုအားပေးသည့် ပရိသတ်မို့ ပြုံးကာရယ်ကာ နေရသော်လည်း ကိုဇော်ဝိတ်တယောက် ကြာတော့ စိတ်ညစ်လာလေသည်။ ကားပေါ်တက်၍ ကားခေါင်း ထွက်သွားသည့်တိုင် ကိုဇော်ဝိတ်၏

၄။ B. P. Wegh



ပရိသတ်လူသိုက်ကြီးမှာ နောက်မှ ပြေးလိုက်လာကြသေး၏။ ဦးရှိန်၏စိတ်ဓာတ်စစ်ဆင်ရေးကား အောင်မြင်လေပြီ။ ကိုဇော်ဝိတ်လည်း စိတ်ဓာတ်တဖန်ပြန်လည်တက်ကြွပြန်လေပြီ။

အိန္ဒိယပြည်လုံးဆိုင်ရာ အလေးမပြိုင်ပွဲကို မြို့တော်ဝန် အင်အာ စကား[၅] က ဖွင့်လှစ်ပေးသည်။ ပရိသတ် ၁၅၀၀ ကျော်မျှ လာရောက် ကြည့်ရှုအားပေးကြသည်။ ဖေဖွာရီလ ၂၄ ရက် ကိုဇော်ဝိတ် ယှဉ်ပြိုင်မည့်နေ့တွင်ကား ကာလကတ္တားမြို့ပေါ်ရှိ မြန်မာအမျိုးသားများ ကျောင်းသားများနှင့် ဘုန်းတော်ကြီးများပါမကျန် လာရောက်အားပေးကြသည်။ ၁၂ စတုန်ထန်းတွင် ကိုဇော်ဝိတ်၊ မဒရပ်မှအမ်ရာမန်ချန်ဒရေန်း[၆] ကာလကတ္တားမှ လီဟန်တီ[၇] တို့ သုံးဦးယှဉ်ပြိုင်ကြရသည်၊ သည်တခါပြိုင်ပွဲတွင် စိတ်ဓာတ်မတည်မငြိမ်နှင့် အစိုးရိမ်ကြီးနေသူမှာ ဦးရှိန်ဖြစ်နေသည်။ ဦးရှိန်စိုးရိမ်မည်ဆိုလျှင်လည်း စိုးရိမ်စရာပင်၊ အကြောင်းသော်ကား ကိုဇော်ဝိတ်မှာ ကိုယ်အလေးချိန် ၁၂ စတုန်မကျော်စေရန် အစား လုံးဝ မစားရသေး။ သည်ထက် ပိုဆိုးသည်မှာ မြန်မာပြည်မှ အားရှိအောင် ပေးလိုက်သော အထူး အဟာရများဖြစ်သည့် ခရမ်းချဉ်သီး၊ ကြက်ဥ၊ နို့စိမ်းဗူးတို့က ဒုက္ခလှလှ ပေးသဖြင့် ကိုဇော်ဝိတ် တယောက် ဝမ်းလျှောသည်မှာလည်း လေးကြိမ်လေးခါမျှပင် ရှိနေပြီ ဖြစ်သောကြောင့်တည်း။

အလေးမပြိုင်ပွဲတွင် ကိုဇော်ဝိတ် ပထမအကြိမ် မိလိုထင်အခန့်မလိုက်ရာ ဒိုင်လုပ်သူ ရာဂျာ အော့ စန်တော့[၈] က

၅။ N. R. Saker
၈။ Raja of Santosk
၆။ M. Raman Chan Dram
၇။ Le Hanti



www.burmeseclassic.com

www.burmeseclassic.com

မနည်း စည်းကမ်းမညီဟု ယူဆ၍ ပယ်ဖျက်လိုက်သဖြင့် အားပေးသူများ စိတ်ပျက်သွားကြသည်။ ဘုန်းတော်ကြီးများပင် ဒိုင်ညစ်သည့်ထင်၍ တက်ဘခေါက်ခေါက် ဖြစ်နေကြသည်။ နောက်ဆုံး ၁၂ စတုန်တန်း မနည်းသုံးမျိုးတွင် စုစုပေါင်း ပေါင် ၆၃၀ မ၍ ပြိုင်ဖက်များ အပေါ် အနိုင်ရရှိသွားမှ စိတ်အေးကြရတော့သည်။

၁၂ စတုန်တန်းပြီးလျှင် ဟဲဗီးဝိတ်တန်းသို့ တက်ရောက်ယှဉ်ပြိုင်ပြန်သည်။ လူ့ဘီလူးကြီး ဘီဗီဝက်၊ ဂျုန်ဒတ် နှင့် စိတ်ဓာတ် တက်ကြွနေပြီဖြစ်သော ဇော်ဝိတ်တို့ တွေ့ကြလေပြီ။

အိန္ဒိယပြည်လုံးဆိုင်ရာ အလေးမပြိုင်ပွဲကြီးတွင် ကိုဇော်ဝိတ် ပါဝင်ယှဉ်ပြိုင်ပုံများကို ဦးရှိန်တင့် နှင့်အတူ လိုက်ပါသွားသည့် ဦးလှမောင်က ပြေလထုတ် တိုးတက်ရေး မဂ္ဂဇင်းတွင် ဤသို့ရေးသားခဲ့လေသည်။

## အိန္ဒိယပြည်လုံးဆိုင်ရာ ချမ်ပီယန်ရှိပ်လုပွဲကြီး

အော်သံကြီးနှင့် သူသည့် ဟဲဗီးဝိတ်ဂျော်ဝတ်၊ ဂျုန်ဒတ်[၉] ဘီဗီ ဝက် ဟူ၍ အောင်မြင်သောအသံဖြင့် အော်သိုက်ရာ ရှေ့ဦးစွာ အလေးချိန် ၁၃ စတုန်ခွဲ၌ မွေတာဝက်ထွက်လာ၏။ ဒုတိယ ဂျုန်ဒတ် ထွက်လာ၏။ အလေးချိန်မှာ ၁၇ စတုန်ရှိ၏၊ လွန်ခဲ့သည့် နှစ်,နှစ်ဆက်ကာ ချမ်ပီယန်ရသော အမာဒတ်[၁၀] သည်စာရင်းသွင်းထားသော်လည်း လာရောက်မပြိုင်ဆိုင်မှန်းကို ကျွန်ုပ်တို့ ယခုမှသာ သိရ၏။ ကိုဇော်ဝိတ်ကြီး (ဇော်ဝတ်) သည် မိမိဝတ်ဆင်

---

[၉] Juan Dutt [၁၀] Amar Dutt



ထားသော ဆွယ်တာကို ဒေါ်မာန်ပါပါနှင့် ချွတ်လိုက်၏။ အံကိုလည်းအနည်းငယ်ခဲထား၏။ မိမိသည် အလေးချိန် လျော့ရသည့်တကြောင်း၊ ဝမ်းရှောသည့်က တဖုံ၊ အင်အားမှာ အသွန် ဆုတ်ယုတ်နေသည်မှာ အမှန်ဖြစ်သည်။ သို့သော် ယခုနေ့အဘို့မှာ အရိုးကြေကြေအရေခမ်းခမ်း ပင်လယ်ခရီးကိုကူး၍ စရိတ်ကုန်လူပမ်းလာရသည်ကို အချီးအနှီးမဖြစ်စေရ၊ ပြည်တော်ပြန် မျက်နှာပန်းလှအောင် ကြိုးစားတော့မည်ဟု စိတ်ကို ပိုင်းဖြတ်လိုက်၏။

## သရိုးချိုးယားဖော်ဘားမား

ပထမ နည်းဖြင့် သုံးဦးသားမ,ကြရာ၊ ဂျုန်ဒတ်မှာ ပေါင် ၂၀၀ မ,နိုင်၍ ကိုဇော်ဝိတ်သည် ၁၉၀မျှသာမ,နိုင်သဖြင့် ၁၀ ပေါင် ရှုံး၍နေ၏။ မြန်မာကလေးများ၏ မျက်နှာများသည် ညှိုးငယ်၍သွားလေ၏။ ဒုတိယ စနစ်ခေါ် အမြန်မနည်းဖြင့် တဖန်ပြိုင်ကြပြန်ရာ ကိုဇော်ဝိတ်ကြီးက ၂၁၀ပေါင်၊ ဂျုန်ဒတ်ကပေါင် ၁၉၀ သာမ,နိုင်၍ကျွန်ုပ်တို့ကတဖန် ၁၀ ပေါင်သာလာပြန်၏။ ကျွန်ုပ်တို့လူသိုက် ရွှင်ပျလာ၏။ နောက်ဆုံးနည်း ကလင်းခေါ် နှစ်ဆင့်တန်း မ,နည်းဖြင့် ပြိုင်ကြပြန်ရာ ဂျုန်ဒတ်သည် ပေါင် ၂၅၀ ကိုစ၍မရ၏။ ကိုဇော်ဝိတ်က ၂၆၀ကို၍ မ,၏။ တဖန် ဂျုန်ဒတ်သည် ၂၆၅ ပေါင်တိုး၍ မ၍မရ။ ကိုဇော်ဝိတ်သည် ပေါင် ၂၇၀ ကို မ,ပြန်၏၊ ရ၏။ ဗင်ဂါလီဘဆိုက်သည် “သရိုးချိုးယားဖော်ဘားမား၊ ဟစ်ဟစ်ဖရေ” ဆို၍ သုံးခါချီးမွမ်းပြီးလက်ခုပ်လက်ဝါးတီးခတ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်ဝိတ်ကြီးအလွန်အားရှိလာဟန်တူ၏၊ဂျန်ဒတ် ၂၆၅ ပေါင် တဖန် မ,ပြန်၏၊ မရ။ ကိုဇော်ဝိတ် ပေါင် ၂၀၀ ကို ထည့်၍ မ,ပြန်၏။ အ နည်း ငယ် မျှ မတိမ်း မစောင်းဘဲ မြောက်၍ တက်သွား၏။ ပရိသတ်သည် ထဟုန်တည်း ပြေးဝင်ပြီးလျှင် မအားမနေ လက်ကို ဆွဲ ရမ်းနှုတ်ဆက်ကြ၏၊ "ဂျော်ဝတ်"* ဟူသော အသံသည် မရပ်မစဲ ကြားနေရ၏။ ကျွန်ုပ်တို့နှင့်မိတ်ဆွေများသည် မည်မျှ ဝမ်းသာကြမည်ကား ပြောပြရန်မလို၊ ကျွန်ုပ် တို့သည်ဤမျှနှင့်ပြီးမည်ဟု ထင်မိ၏။ သို့သော်မပြီးသေး၊ ကိုယ်ကာယအလှပြိုင်ပွဲတခု ရှိသေးကြောင်းသိရ၏။ ဆု များကို ကျွန်ုပ်တို့ချည်း မလို၊ အခြား လူများအတွက် ချန် ထားချင်ပါသော်လည်း မရ၊ အထူး တောင်းပန်သည့် အတွက် တဖန် ဝင်ရောက်ပြိုင်ဆိုင်ရပြန်၏။ အမည်မမှတ် ခဲ့ရသော ဘင်္ဂါလီတယောက်၊ ဖွိုစီလျ ်စစ်တပ်မှ ပရိက် ဘော်[၁၁] နှင့် ကိုဇော်ဝိတ်တို့ ပြိုင်ကြရ၏။ ပရိက်ဘိတ် ဘော်သည် ဥရောပတိုက်သား ဖြစ်သဖြင့် အသားမှာ လည်း အလွန်ဖြူ၊ ကြွက်သားများလည်း ကြည့်၍အလွန် ကောင်း၊ သို့သော် အောက်ပိုင်းပေါင်နှင့် ခြေသလုံး ကြွက်သားများသည် ကိုဇော်ဝိတ်လောက် မကောင်း သောကြောင့် အရှုံးပေးလိုက်ရ၏။ ကိုဇော်ဝိတ်ကြီး သည် မမြော်လင့်သောဖလားထလုံးကို ရပြန်၏။

လာရောက် အားပေး ကြသော မြန်မာ ကျောင်းသား များမှာ အမျိုးသား စိတ်ဓာတ် တက်ကြွကြသဖြင့် ကကြ

---

၁၀။ Private Ball

* ဇော်ဝိတ်



ခုန်ကြ ဖြစ်ကုန်ကြသည်။ ကိုဇော်ဝိတ်အား ဖလေဒီမက် တားက ချီးမြှင့်လိုက်သော ငွေခွက် ငွေဖလား ဆုတံဆိပ် များနှင့် ကိုဇော်ဝိတ်၊ ဦးရှိန်၊ ဦးလှမောင်တို့ကို ကား ပေါ် တင်ကြသည်။ ပြီးတော့ အမျိုးသား ချစ်မြတ်နိုး သောစိတ် ပြင်းထန် လှသည့် မြန်မာ လူငယ် များမှာ စိတ်အား ထက်သန်စွာဖြင့် ကာလကတ္တား မြို့တွင်း လှည့် လည်၍ သံချပ်များဖြင့် အော်ဟစ် ကြွေးကြော် ကြသည်။ ပြိုင်ပွဲတွင် အနိုင်ကြလာသည့် ကိုဇော်ဝိတ် တယောက်မှာ ကား ဝမ်းကလည်း ဟျောခွဲရုံမက ကိုယ် အလေးချိန်က လျှော့ထား၍ ဘာမျှ မစားရ မသောက်ရ သေးသဖြင့် ကားပေါ်တွင် ခွေခွေကြီး ဖြစ်၍သာ လိုက်ပါရ ရှာလေ သည်။

ဇော်ဝိတ်သတင်းကား အိန္ဒိယတပြည်လုံး ကျော်ကြားသွား သည်။အင်မရိကာဗဇာပတ်ထရိက[၁၂] အက်ဒဗန့်[၁၃] အနန္ဒပတ် ထရိက[၁၄] စသည့် အိန္ဒိယ အမျိုးသား သတင်းစာကြီးများက မျက်နှာဖုံးသတင်းအဖြစ် အသားပေးပြီး ရေးသားဖော်ပြကြ သည်။ဇော်ဝိတ်တို့သတင်းကို အင်္ဂလိပ်ပိုင်စတိတ်မင်း[၁၅] သတင်း စာကပင်ရေးသားဖော်ပြခြင်း ခံရသည်။ စောင်ရေသိန်းကျော် ထုတ်ဝေရသည့် အင်မရိကာဗဇာပတ်ထရိက ဝံသာနု အမျိုး သားသတင်းစာကြီးက အခြားသတင်းစာများထက် အရေး ထား၍ အထူးမျက်နှာဖုံး သတင်းအဖြစ် ဖော်ပြခဲ့လေသည်။ အဘယ်ကြောင့်ဆိုပါမူ ယင်းအချိန်က အိန္ဒိယနိုင်ငံလုံးဆိုင်ရာ

---

၁၂။ Amrita Bazaar Pratrica

၁၃။ Advance

၁၄။ Ananda Patrica ၁၅။ Statesman

www.burmeseclassic.com

www.burmeseclassic.com



စံသာနု နိုင်ငံရေးအဖွဲ့ချုပ်တွင် မြန်မာပြည်မှ ဆရာတော် ဦးဥတ္တမအား ဥက္ကဋ္ဌအဖြစ် ထင်မြှောက်ထားသော အချိန် ဖြစ်သောကြောင့်တည်း။

ထိုစဉ်က သူရိယဆောင်းပါးရှင်နှင့် အထူးသတင်းထောက် ဖြစ်သူ မီယမောင်မှာလည်း ဦးရှိန်တို့နှင့်အတူရှိနေသဖြင့် မြန်မာအလေးမအောင်ပွဲသတင်းကို သူရိယ သတင်းစာနှင့် နယူးဘားမား သတင်းစာများသို့ ရေးသား ပေး ပို့ ခဲ့သ ဖြင့် ၄-၅-၃၅ နေ့ထုတ် သူရိယ သတင်းစာကြီးတွင် "ဗမာကို-ကမ္ဘာက သိအောင်လုပ်လိုက်သောနေ့" ဟူသော ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြခဲ့လေသည်။

ဦးရှိန်က သူ၏ကတိအတိုင်း တပည့်ဖြစ်သူအား ဘုရားပွင့်တော်မူရာ ဗုဒ္ဓဂါယာသို့ လိုက်ပို့သည်။ ပြိုင်ပွဲများ၊ ညှော်ခံပွဲများ၊ လာရောက်နည်းနာယူသူ အိန္ဒိယအလေးမသမားများကို မအားမလပ်အောင် သင်ကြားပြသရသည့်ကြားမှပင် သူ့တွင် မလုပ် မဖြစ်သော အလုပ်တခု လုပ်ခဲ့ရသေးသည်။ ယင်းသည်ကား ကာလကတ္တားမြို့ရှိစာအုပ်ဆိုင်များကို နှံ့စပ်စုံလင်အောင် သွားရောက်ရှာဖွေမွှေနှောက်၍ စာအုပ်များ တထမ်းထပိုးဝယ်ယူခဲ့ခြင်းပင် ဖြစ်လေသည်။

မတ်လ ၅ရက် နေ့လည် ၂နာရီ အချိန်တွင် ဘဏန်းဘားအမည်ရှိ သင်္ဘောဖြင့် ဦးရှိန်တို့ ရန်ကုန် ပြန်ရောက်ကြသည်။ သူတို့ကို မြန်မာပြည် အလေးခ အသင်းဝင်များ၊ လှည်းတန်းအလေးမ အသင်းဝင်များ၊ ကာယဗလအဖွဲ၊ တောင်ဥက္ကလာ အလေးမ အသင်း၊ လမ်းမတော် မြူနီစီပါယ်ကျောင်းဆရာများ၊ ရန်ကုန်မြို့ မြန်မာ ကျောင်းဆရာများနှင့် ကျောင်း



သားလေးများ၊ ဆရာခိုအင်္ဂလိပ်ကျောင်း၊တိုးတက်ရေးမဂ္ဂဇင်းတိုက်သားများ စသည်တို့က လာရောက်ကြိုဆိုကြသည်။ ဦးရှိန်တို့သည် ကြိုဆိုသူများနှင့်အတူ မြေလျှင်အသင်းဆိုင်းဘုတ်အလံများလွှင့်ထူ၍ သင်္ဘောဆိပ်မှ ဆူးလေဘုရားသို့ လျှောက်ကြ၏။ ပြီးလျှင် ရွှေတိဂုံဘုရားသို့ ကားများဖြင့်သွား၍ ဘုရားဖူးကြလေသည်။

နေ့လည်က ကြိုဆိုကြသည်ကို အားမရကြသော ကိုစံသင်ဦးဆောင်သည့် လူငယ်များက ညနေပိုင်းတွင် မော်တော်ကားတစီးကို ပန်းရထားအသွင် လှပစွာဆင်ယင်၍ ဆရာဖြစ်သူ ဦးရှိန်နှင့် ကိုဇော်ဝိတ် တို့ကို တင်ဆောင်ပြီး ကား များ ဖြင့် ရန်ကုန်မြို့အဘွင်း လှည့်လည်ကြပြန်သည်။

ဇော်ဝိတ်ကြီး.... ဇော်ဝိတ်ကြီး၊ ရား ရား ရား။
ဇော်ဝိတ်ကြီး....ဇော်ဝိတ်ကြီး၊ ကမ္ဘာ့စံချိန်ချိုးမဲ့ ယောက်ျား။
လက်မောင်းအိုးကြီးနှစ်ပေကျော်၊ ကမ္ဘာပေါ်တွင် ထူးတဲ့ယောက်ျား။
ဇော်ဝိတ်ကြီးမိုးပေါ်ပျံ၊ ဖလားနှစ်လုံးတို့လိုတွဲလဲ။

စသည်ဖြင့် ကာယဗလ လူငယ် များ ၏ သံချပ်သံများမှာ ရန်ကုန်တမြို့လုံး ပျံ့နှံ့သွားခဲ့လေသည်။

ဦးရှိန်နှင့် ဇော်ဝိတ် တို့ကို ရန်ကုန် မိတ်ဆွေများအသင်းက မတ်လ ၁၁ ရက်နေ့တွင် ဂုဏ်ပြုပွဲကျင်းပသည်။ ဥပဒေပြုအမတ် ဦးစိန်ဘ၊ ဂဠုန်ဦးစော၊ အမတ်ဦးဘိုးမြ၊ အမျိုးသားပညာဝန် ဦးဖိုးကျား၊ ပညာရေးအဖွဲ့စက္ကရီထေရီဦးကျော်ညို၊ ပါဠိဆရာဝ စသောပုဂ္ဂိုလ်များတက်ရောက် အားပေးကြသည်။ ဦး ရှိန် က

www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယပြိုင်ပွဲခရီးအကြောင်း၊ ဂျွန်ဦးစောက တက်လူများနှင့် အနာဂါတ်ကာလ၊ ပညာဝန်ဦးဖိုးကျားက ရာဇဝင်တွင် အားကောင်းသူများအကြောင်း၊ ကြီးပွားရေးဦးလှ ( လူထုဦးလှ ) ဦးတိုးမြင့်ကလည်း ဦးရှိန်တို့ဆရာတပည့်နှစ်ဦးအတွက် တိုင်းပြည်ဂုဏ်တက်ရပုံအကြောင်း ချီးကျူးပြောဆိုကြသည်။

လူငယ်များကြီးပွားရေးအသင်းကလည်း သူတို့ဆရာတပည့်နှစ်ဦးကို ချီးကျူးဂုဏ်ပြုကြပြန်သည်။ ကြီးပွားရေးမဂ္ဂဇင်းအယ်ဒီတာဦးလှ (လူထု) က ကာယဗလ ဦးရှိန်နှင့် ကိုဇော်ဝိတ်တို့ အမျိုးမျိုးဆင်းရဲဒုက္ခအပင်ပန်းခံပြီး ကြိုးစားမှုကြောင့် မြန်မာတမျိုးလုံး ဂုဏ်ယူရပုံများကို ချီးကျူးပြောသည်။အလေးမ၊ကာယဗလပြန့်ပွားရေးတွင် ဦးလှသည် သူ၏ကြီးပွားရေးမဂ္ဂဇင်းမှ စိတ်အားထက်သန်စွာ အကူအညီပေးခဲ့သည်။ ဇော်ဝိတ်ကိုတိုင်းကျော်ပြည်ကျော်ဖြစ်အောင် ဖန်တီးနေသည့် ဦးရှိန်၏ပါရမီကို ကူညီခဲ့ကြသည့် တိုးတက်ရေးမဂ္ဂဇင်း၊ ဘားမားဂျာနယ်စသည့် မဂ္ဂဇင်းဂျာနယ်များနှင့်အတူ သူ၏ကြီးပွားရေးမဂ္ဂဇင်းမှလည်း တခမ်းတနား ရေးသားကူညီခဲ့သူဖြစ်သည်။ ဦးရှိန်နှင့်ဇော်ဝိတ်တို့ကို ဂုဏ်ပြုသည့် ကြီးပွားရေးအသင်း၏ဂုဏ်ပြုပွဲမှာ မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှသည်။ ဦးထွန်းလှ ( လောကဓံထွန်းလှ ) ဦးထွန်းအောင်ကျော်၊ဦးတင့်ဆွေ(သံအမတ်ကြွယ်လွန်)ဦးသိန်း (ကြီးပွားရေးဦးသိန်း) တို့က ကာယဗလဦးရှိန်နှင့် ဦးဇော်ဝိတ်တို့၏ ကျေးဇူးသည် မြန်မာလူမျိုးများ ဆပ်ကုန်နိုင်ဘွယ်ရာမရှိကြောင်း၊ ကမ္ဘာ့စံချိန်ကို တဆင့်တက်၍ ချိုးပြီးသည်နောက် ကမ္ဘာကိုတင်ပြင်ချိတ်ဆိုင်နိုင်သည့်အခါမှာလည်းမြန်မာလူမျိုးတို့ ကျန်းမာသန်စွမ်းရေးကို ဆက်လက် ကြိုးစားရန် အသင်းကြီး၏ကိုယ်စား တိုက်တွန်းပြောကြခဲ့ကြလေသည်။

ကြီးပွားရေးအသင်း၏ ဂုဏ်ပြုညှော်ခံပွဲတွင်ဦးရှိန်က ကိုဇော်ဝိတ်ကိုအထွတ်အထိပ်သို့ရောက်အောင် လေ့ကျင့်ပေးရသည့်



သူ၏ ရည်ရွယ်ချက်မှာ ကမ္ဘာသိအောင် အလေးမချမ်ပီယံ ဖြစ်ဖို့ တခုတည်းသာ ရည်ရွယ်သည်မဟုတ်၊ သူဆောင်ရွက်နေသော မြန်မာများကျန်းမာသန်စွမ်းရေးလုပ်ငန်းမှာ ကျယ်သင့်သလောက် မတွင်ကျယ်ဘဲ ရှိနေခဲ့ရသည်။ တိုင်းပြည် အတွက် ဤလုပ်ငန်းများ တိုးတက်စေရန် အများက အထင်တကြီးဖြစ်လာသည့် နိုင်ငံကျော်ကိုဇော်ဝိတ်ကြီးကို အငှားလျှာခင်တပ်၍ အောင်နိုင်းရန် ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့၏။

ဦးရှိန်သည် မှန်ကန်သောစကားကို ဆိုခဲ့ခြင်းဖြစ်၏။အလေးမအားကစားနှင့် ကိုဇော်ဝိတ်ကို တိုင်းပြည်က အားပေးအသိအမှတ် ပြုလာအောင် တိုင်းပြည် ဂုဏ်ဆောင်သော ဇာနည်မောင်အဖြစ် သူကြိုးပမ်းခဲ့၏။ ဤသို့ ကြိုးပမ်းခဲ့ခြင်း ကား အလေးမ အားကစား တခုတည်းကိုသာ တိုးတက်စေ လို၍ မဟုတ်။ သူ့အတွက် နာမည်ရဖို့လည်းမရည်ရွယ်။ ကိုဇော်ဝိတ် တဦးတည်း အတွက်လည်း သဘောမထား၊ သူ၏ တခုတည်းသောရည်ရွယ်ချက်မှာကား ကျွန်ဘဝမှ လွတ်မြောက်နိုင်မည့် တမျိုးသားလုံး ကျန်းမာရေးကြံ့ခိုင်သန်စွမ်းရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် နိုင်ငံနှင့်အဝှမ်း ဆောင် ရွက် နိုင် ရန် ရည်မှန်းခဲ့ခြင်းပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၅

# အာရောဂျံ ပရမံ လာဘံ

အများက ဦးရှိန်ကို သံတွေ သံခဲကြီးများ မ,၍ လေ့ကျင့်ရသည့် အလေးမ လုပ်ငန်းဖြင့် မြန်မာများအတွက် ဂုဏ်တက်အောင် တနည်းတလမ်း ကြိုးပမ်းဆောင်ရွက်နေသူဟု ထင်ကြမြင်ကြသည်။ အမှန်စင်စစ် ဦးရှိန်က အလေးမ လုပ်ငန်း တခုတည်းကိုသာ နိုင်ငံအတွက် ဆောင်ရွက်နေသည်မဟုတ်၊ တမျိုးသားလုံး ကျန်းမာ သန်စွမ်းရေး လုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် သူတတ်စွမ်းသမျှ ကြိုးပမ်းလျက်ရှိသည်။

သို့ကြောင့်ပင် ၁၉၂၇ ခုနှစ် ရေဝတီလမ်းအိမ်သို့ ပြောင်းရွှေ့ပြီးခါစမှာပင် မြန်မာပြည်ကာယဗလအဖွဲ့ကို သူကိုယ်တိုင် ခေါင်းဆောင်လျက် စတင် ဖွဲ့စည်းခဲ့သည်။ ကာယဗလအဖွဲ့၏ အတွင်းရေးမှူးမှာ မြန်မာပြည် အမျိုးသား အပျော်ထမ်းရဲတပ် စတင်ဖွဲ့စည်းရာတွင် ပါဝင်သူ ဗိုလ်ဘသာ (အရံ ရဲတပ်ဗိုလ်မှူး ရှမ်းပြည်ကွယ်လွန်) ဖြစ်သည်။ ကာယဗလအဖွဲ့၏ ဆောင်ပုဒ်မှာ ကျန်းမာသန်စွမ်းရေး၏ အဓိပ္ပါယ်ကို ဖေါ်ကျူးသည့် အာရောဂျံပရမံလာဘံ ဖြစ်လေသည်။ အသင်း၏ ရည်ရွယ်ချက်ကား တမျိုးသားလုံး ကျန်းမာသန်စွမ်းရေးပင်တည်း။



ကာယဗလဆိုသည်မှာ အလေးမအားကစား တခုတည်းကိုသာ ရည်ရွယ်သည့် အဓိပ္ပါယ်မဟုတ်၊ ကျန်းမာရေး ကြံ့ခိုင်သန်စွမ်းရေးလုပ်ငန်းများကိုပါ ရည်ရွယ်၍ ဦးရှိန်ကအမည်ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ များမကြာမီဦးရှိန်၏ ကြိုးပမ်းမှုကြောင့် အလေးမအားကစားသည်တိုင်းသိပြည်သိ ဖြစ်လာခဲ့သည်။ထင်ရှားလာသည့် အလေးမအားကစားနှင့်အတူ ဇော်ဝိဇ်၊ဦးရှိန်၊မြန်မာပြည် ကာယဗလအဖွဲ့အမည်များလည်း ရေကိုမျဉ်းသား၍ရေသလိုတိုင်းပြည်ကတစုတစည်းတည်းမြင်လာကြသည်။ ဦးရှိန်၏တပည့်ဖြစ်သူ ကိုလှမောင်ကလေးက ရန်ကုန်မြို့ လှည်းတန်းတွင် လူငယ်အများအပြားစုစည်း၍ ကာယဗလအဖွဲ့ခွဲကို စတင်တည်ထောင်လိုက်ရာမှ မြို့နယ်အချို့တွင် ကာယဗလအဖွဲ့များ စတင်ဖွဲ့စည်းလာကြသည်။ ကာယဗလအမည်မှာလည်း ခေတ်စားစပြုလာသည်။ ဦးရှိန်၏ အမည်သည်ပင် ကာယဗလဦးရှိန်တွင်ခဲ့ပြီ မဟုတ်ပါလား။

သည့်လို အများကလက်ခံအားပေးလာသည့်အခါ အလေးမအားကစားအပြင် သူ့တွင် ဆောင်ရွက်စရာ လုပ်ငန်းများက ရှိသေးသည်။ အောင်မြင်စပြုလာသည့် အလေးမမှ စွမ်းအားဖြင့် ကျန်းမာရေး ကြံ့ခိုင် သန်စွမ်းရေးဖက်ကို ပြည်သူအများ စိတ်ပါဝင်စားလာအောင် ဆောင်ရွက်ရဦးမည်။ သူရည်မှန်းသော လုပ်ငန်းအောင်မြင်ဖို့ကလည်း သူနှင့်စိတ်တူသဘောတူ ဝိုင်းဝန်းမည့်လူက လိုသေးသည်။မကြာမီ သူ၏လုပ်ငန်းကိုကူညီမည့်သူတဦး ရရှိခဲ့လေသည်။

ဦးရှိန်တို့နေထိုင်ရာ ရေဝတီလမ်းသို့ အမြတ်ဖော်ကြေးရုံးမှ စာရေးကြီးကိုအုန်းခင် ( ဗမာ့ခေတ်၊ မိုးကြိုးဦးအုန်းခင် ) ဆိုသူတဦး ပြောင်းရွှေ့လာသည်။ ဦးအုန်းခင်မှာ နှလုံးရောဂါ

www.burmeseclassic.com

www.burmeseclassic.com



ရှင်တဦးဖြစ်သဖြင့် ကျန်းမာရေး အတော်ပင် ချွတ်ယွင်းလျက်ရှိသည်။ ညနေဘိုင်း ဦးရှိန်တို့ အလေးမလေ့ကျင့်ရာသို့ မကြာခဏလာကြည့်လေ့ရှိသည်။ ဦးရှိန်၏သားငယ် မောင်မောင်ကြီးကိုလည်း ခင်မင်နေသည်။ သာစည်နယ်တွင် ပုလိပ်များဖမ်းမနိုင်ဆီးမရ နာမည်ကြီးခဲ့ရသည့် တောပုန်းကြီးစံဖွဲ့နှင့်တူသည်ဆိုကာ မောင်မောင်ကြီးကို စံဖဲ၊ စံဖွဲ့ဟု ချစ်စနိုး ခေါ်လေ့ရှိသည်။

ဦးရှိန်က နှလုံးရောဂါဝေဒနာခံစားနေရသူ ကိုအုန်းခင်ကို စိတ်ဓာတ်များထက်ကြွလာစေရန် အားပေးစကားပြောကြားသည်။ ကျန်းမာရေးဆိုင်ရာ စာအုပ် စာတန်းများ ဖတ်ရှုရန်ပေးသည်။ ပြီးတော့ ကိုအုန်းခင်ကို ကျန်းမာရေးအတွက် လမ်းလျှောက်ရန် တိုက်တွန်းတော့၏။ နံနက်တိုင်း သူက ကိုအုန်းခင်ကို ဝတ်မပျက်ခေါ်ဆောင်၍ အတူတကွ လမ်းလျှောက်ကြသည်။ လမ်းလျှောက်ခါစက ကိုအုန်းခင်မှာ ဓာတ်တိုင်နှစ်တိုင်သုံးတိုင်လောက် လျှောက်ရသည် ဆိုလျှင်ပင် မောနေသဖြင့် တခါထိုင်နားရသည်။ ဦးရှိန်က သူ့ရောဂါကို မေ့မေ့ပျောက်ပျောက် ဖြစ်အောင် လမ်းလျှောက်ရင်း စိတ်ဝင်စားစေမည့် စကားများ ပြောဆို၍ မသိမသာ တဖြည်းဖြည်းဘိုး၍ လမ်းလျှောက်စေသည်။

ဦးရှိန်သည် နေ့စဉ်ရက်ဆက် ကိုအုန်းခင်ကိုခေါ်၍ လမ်းလျှောက်ထွက်သည်။ ကိုအုန်းခင်၏ ကျန်းမာရေး မှာလည်း တဖြည်းဖြည်း တိုးတက်ကောင်းမွန်လာခဲ့သည်။ မကြာမီ အလုံရေဝတီလမ်းမှ ရွှေတိဂုံဘုရားသို့ပင် အသွားအပြန် လျှောက်နိုင်ခဲ့သည်။ သည့်နောက် ဖိနပ်မစီးဘဲ အလုံမှ အင်းစိန်သို့ပင် လျှောက်နိုင်ပေပြီ။



ဦးရှိန် ညွှန်ပြသည့်အတိုင်း လမ်းလျှောက်ခြင်း၊ ရေသောက်ခြင်း၏အကျိုးကျေးဇူးများကြောင့် နှလုံးရောဂါရှင်ကိုအုန်းခင်မှာ ကျန်းမာလာခဲ့သည်။ ကိုအုန်းခင်က စေတနာ ပြည့်ဝစွာ သူ့ကို ကျန်းမာလာစေရန် ကိုယ်ဘိုရင်ဘိကူညီခဲ့သည့် ဦးရှိန်အား ကျေးဇူးတရားသိတတ်စွာဖြင့် သူ၏ အသက်အာမခံစာချုပ်ကို ပေးအပ်၍ ကျေးဇူးဆပ်သည်။ ဦးရှိန်က အသပြာထက် စေတနာကိုတန်ဖိုးထားသည်။ သူ့အား ကိုအုန်းခင်က ကျေးဇူးဆပ်သည့် အသက်အာမခံ စာချုပ်ကို လက်မခံဘဲ ပြန်ပေးခဲ့သည်။

သို့သော် ကိုအုန်းခင်ထံမှ သူလိုချင်တာတခုတော့ ရှိသည်။ ကိုအုန်းခင်ကို ကျန်းမာလာအောင် လမ်းလျှောက်ခြင်းဖြင့် စတင်ကူညီခဲ့စဉ်ကပင် သူရည်ရွယ်ထားသောကိစ္စ ဖြစ်၏။ ယင်းရည်ရွယ်ထားသည့် ကိစ္စသည်ကား တမျိုးသားလုံး ကျန်းမာရေးကို အလေးထား၍ လမ်းလျှောက်ထွက်ရန် လှုံ့ဆော်ရေးအတွက် ခြေလျင်အသင်းအဖွဲ့အစည်း တည်ထောင်ရန်ပင် ဖြစ်လေသည်။ ဤလုပ်ငန်းကို ဦးဆောင်ဦးရွက် ပြုလုပ်ရမည့် အသင့်တော်ဆုံးသူမှာလည်း လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးကို ကျပ်ပြည့်တင်းပြည့် ခံစားရသည့် ကိုအုန်းခင်ပင် ဖြစ်သင့်သည် မဟုတ်ပါလား။

ဦးရှိန်က သူရည်ရွယ်ထားသော တမျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး လုပ်ငန်းများကို ကိုအုန်းခင်အား ပြောပြသည်။ သူ့အား ကျေးဇူးတင်ကျေးဇူးဆပ်မည့်အစား သူရည်ရွယ်ထားသည့် ကျန်းမာရေး လုပ်ငန်းများကို တတပ်တအား ကူညီဆောင်ရွက်ရန် ပြောဆိုသည်။ လမ်းလျှောက်ခြင်း၏ အကျိုးအာနိသင်များကို ကောင်းစွာသဘောပေါက်နားလည်ပြီဖြစ်သည့်

www.burmeseclassic.com

www.burmeseclassic.com



ကိုအုန်းခင်ကလည်း ဦးရှိန်၏ဆန္ဒအတိုင်း ဦးရှိန်နှင့်အတူတိုင်းပြည်အတွက် ခြေလျင် လုပ်ငန်းများကို စတင် ဆောင်ရွက်ခဲ့လေသည်။

ဤသို့ဖြင့် မြန်မာ့ အားကစား သမိုင်းတွင် မှတ်တမ်းတင်ရမည့် မြန်မာပြည်ခြေလျင် အဖွဲ့ကြီးသည် ဘူမိနက်သန် မှန်ကန်သည့်အလုံ ရောဝတီသမ်းမှပင် ၁၉၃၂ ခုနှစ်ဦးတွင် စတင်ဖွဲ့စည်းခဲ့ကြလေသည်။

ဦးရှိန်၊ ကိုအုန်းခင်နှင့် ကိုဇော်ပိတ်တို့သည် ပြည်သူအများကျန်းမာရေးအတွက် လမ်းလျှောက်လိုစိတ်ပွားများလာစေရန် စံပြအဖြစ် လမ်းမှန်မှန်လျှောက်ကြသည်။ လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများကို သူရိယ မြန်မာ့အလင်း သတင်းစာများတွင် ဦးရှိန်နှင့်ကိုအုန်းခင်တို့က လှုံ့ဆော်ရေးဆောင်းပါးများ ရေးသားကြသည်။ ခြေလျင်ဆောင်းပါးများကို အရေးအသားများသည့်အခါ စာရေးကြီး ကိုအုန်းခင်သည် "ခြေလျင်-ကိုအုန်းခင်" အမည် တွင်လာလေသည်။

ဦးစွာပထမ မြန်မာပြည် ခြေလျင်အဖွဲ့မှ လူစု လူဝေးဖြင့် လမ်းလျှောက်ကြရန် သတင်းစာများမှ လှုံ့ဆော်ဖိတ်ခေါ်၏။ တကယ်တန်း လမ်းလျှောက်ရန် စီစဉ်ထားသည့် နေ့ကျတော့ မည်သူမျှမလာကြ။ ကိစ္စမရှိပါ။ သူတို့သုံး ဦးက ဖွဲ့ကောင်းကြသည်။ ကိုဇော်ပိတ်က အဝါရောင်နောက်ခံတွင် အနီရောင်ကြိုက်ပါသည့် ခြေလျင်အလံကိုကိုင်၍ ခေါင်းကိုမော့ ရင်ကိုကော့၍ ဟန်နှင့်မာန်နှင့် ရှေ့က လျှောက်သည်။ နောက်မှ ဦးရှိန်နှင့် ဦးအုန်းခင်တို့က လိုက်ပါ၍ လျှောက်ကြသည်။ မြန်မာပြည်ခြေလျင်အဖွဲ့၏ လမ်းလျှောက်ပွဲကား ဤသုံးဦးဖြင့်ပင် စတင်ခဲ့ကြရ၏။



ပထမသော် သူတို့ကို လူများကကြည့်ပြီး ပြုံးကြရယ်ကြသည်။ သူတို့သုံးဦးကား မှုဟန်မပျက်အပတ်စဉ်လမ်းလျှောက်ကြ၏။ ဦးအုန်းခင်ကလည်း စာနယ်ဇင်းများတွင် ခြေလျင်ဆောင်းပါးများ အဆက်မပြတ် ရေးသားသည်၊ သတင်းစာများကလည်း အားပေးကြသည်။ လူအများ ပြုံးကြ ရယ်ကြ၊ လှောင်ကြ ပြောင်ကြသည့်အထဲမှပင် ခြေလျင်အဖွဲ့ဝင်ဦးရေမှာ တဖြည်းဖြည်း တိုးတက်လာခဲ့သည်။ လမ်းလျှောက်ပွဲများလည်း လူစု လူဝေးဖြင့် မှန်မှန်ကျင်းပနိုင်လာ၏။ လမ်းလျှောက်ပွဲကို ခရီးအကွာအဝေးကိုလည်း တိုးမြှင့်လျှောက်ကြသည်။ ထို့အတူ သူတို့၏ရည်ရွယ်ချက်များမှာလည်း ကျန်းမာရေးလမ်းလျှောက်ပွဲသာမဟုတ်တော့၊ အမျိုးသား ကျန်းမာရေးအသွင်သို့ ကူးပြောင်းလာစေရန် ကြိုးပမ်းအားထုတ်လာကြသည်။

၁၉၃၃ ခုနှစ် မေလ ၁၇ ရက်ထုတ် သူရိယသတင်းစာကြီးတွင် ခြေလျင်အဖွဲ့၏ မိုင် ၂၀ ခြေလျင်လျှောက်မည့် သတင်းကို အောက်ပါအတိုင်း ရေးသားဖော်ပြခဲ့လေသည်။

လာမည့်နယုန်လဆုတ် ၃ ရက် စနေနေ့ည ၁၂ နာရီအချိန် ရွှေတိဂုံစေတီမြောက် ခြေတော်ရင်းမှအစပြု၍ မြန်မာလူငယ်လူရွယ်တစုတို့သည် မိုင် ၂၀ ခြေလျင်လျှောက်ပွဲကျင်းပမည်ဖြစ်ရာ ၎င်းပွဲတွင် ဝင်ရောက်မည့် လူဦးရေမှာ ယနေ့အထိ လူပေါင်း ၂၅ ယောက်ဖြစ်ကြောင်း၊ ခရီးစဉ်မှာ ဘုရားခြေတော်ရင်းမှ အလုံလမ်း၊ ပြည်လမ်း ကမာရွတ်၊ သခိုင်း၊ ကြို့ကုန်း၊ အင်းစိန်အထိ၊ ၎င်းအမှ ပြည်လမ်းသို့ဖြတ်ဆင်း၍ တံတားကလေးအင်းအားကန် စောင်း တက္ကသိုလ်ကျောင်း၊ ပြည်လမ်းအတိုင်း ဘုရားကြီးသို့ပြန်ရောက်၍ လျှောက်လာကြပါလိမ့်မည်။ ဘုရား

www.burmeseclassic.com

www.burmeseclassic.com



မြေတော်ရင်းသို့ ဇွန်လဆုတ် ၄ ရက်နေ့ နံနက် ၇နာရီနှင့် ၈ နာရီ အတွင်း ပြန်ရောက်လိမ့်မည်ဟု ခန့်မှန်းပါကြောင်း။

ခြေလျင်လျှောက်လိုသူတို့အား မြန်မာပြည် ခြေလျင်အဖွဲ့၏ အလံကိုင်ဆောင်သူက လမ်းညွှန်ရလိမ့်မည်။

အထူး သတိပြုစေလိုသည်မှာ ယခုကျင်းပမည် ဖြစ်သော ခြေလျင် လမ်း လျှောက်ပွဲသည် လမ်းလျှောက်အပြိုင်ပွဲမဟုတ်၊ ခြေလျင်လမ်းလျှောက်သောအလေ့အကျင့်တို့ တိုင်းပြည်တွင် ပြန့်ပွားစေရေးကို ရည်ရွယ်သဖြင့် အနှေးဆုံးလျှောက်နိုင်သူကို စောင့်၍၊ ဇွန်နှင့်အတူ လျှောက်၍သွားကြလိမ့်မည်။ လမ်းတလျှောက်တွင် ခြေလျင်လျှောက်သူတို့ ဗဟုသုတဖြစ်စေခြင်း အလို့ငှာ (၁) ကိုယ်လက်ကျန်းမာရေး ပညာရပ်များ။ (၂) တိုင်းပြည်၏ရာဇဝင်နှင့် အခြား အခြားသော တိုင်းပြည်ကြီးတို့၏ ရာဇဝင်များ။ (၃) သူရဲကောင်းများနှင့် အခြားကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးတို့၏ အတ္ထုပ္ပတ္တိများ။ (၄) တိုင်းရင်း လောကဓာတ် ပညာ ရပ် အမျိုးမျိုးတို့၏ အကြောင်း အရာ များ ကို တတ်ကျွမ်းလိမ္မာသူတို့က ဟောပြောကာဖြင့် သွားကြပါလိမ့်မည်။

ခြေလျင် လျှောက်ပွဲဝင်ရန် နာ မည် ထင် သွင်း ပြီး ပုဂ္ဂိုလ်များသည် နယုန်လဆုတ် ၃ ရက် စ နေ နေ့ ည ၈ နာရီထက်နောက်မကျစေဘဲ ရွှေတိဂုံစေတီတော် ရင်ပြင် ဆံတော်တွင်း တန်ဆောင်းသို့ လာရောက်ကြပါမည့်အကြောင်း သိစေအပ်သည်။ ရင်ပြင်ပေါ်တွင် အိပ်



ရန်အခင်းအကျင်းနှင့်တကွ အခြား ဆောင်ရွက်ရန်ကိစ္စကို မြန် မာ ခြေလျင်အဖွဲ့က အသင့် စီ မံ ထား ရှိ ပါ လိမ့်မည်။

နောက်ထပ် နာမည် တင်သွင်းလိုသူများသည် မြန်မာ ခြေလျင်အဖွဲ့ အမှတ် ၃၄၊ ရောဝသီ လမ်း၊ အလုံ၊ ရန်ကုန်သို့ လာရောက်နာမည်တင်သွင်းနိုင်ရန် ဆိုင်ရာမှ သတင်းပေးပို့လိုက်သည်။

ဦးရှိန်၊ ဦးအုန်းခင်၊ ကိုဇော်ပိတ်တို့၏ကြိုးပမ်းမှုကြောင့် နိုင် ၂၀ လမ်းလျှောက်ပွဲကား များစွာအောင်မြင်ခဲ့ကြသည်။ လမ်းလျှောက်သည့်အဖွဲ့ဝင် ၄၉ ဦး အထိ တိုးတက်လာသည်။ လမ်းလျှောက်ပွဲတွင် ပါဝင်သူများမှာလည်း အလွှာပေါင်းစုံသည်။ လူငယ်များကြီးပွားရေးအသင်း၊ ကာယဗလအဖွဲ့၊ အမျိုးသားအပျော်ထမ်းရဲအဖွဲ့၊ စကောက်အသင်း၊ မြန်မာကျောင်းဆရာများအသင်း စသည်တို့မှ အသင်းသားများလည်း ပါဝင်ကြသည်။ သူရိယ သတင်းထောက်၊ မြန်မာ့ဇေယျာ သတင်းစာအယ်ဒီတာ၊ ဂန္ထာလောက မဂ္ဂဇင်း အယ်ဒီတာ၊ ကြီးပွားချမ်းသာရေးစာအုပ်ပြုစုသူ စသည့် စာပေနယ်မှ ပုဂ္ဂိုလ်များလည်း ပါဝင်ခဲ့ကြသည်။

ခြေလျင်လျှောက်ပွဲတွင် ဇာတိမာန်တက်ကြွဘွယ်ရာများနှင့် ဗဟုသုတ ဖြစ်ဘွယ်များကိုသာ လမ်းလျှောက်ရင်း ဟောကြပြောကြသည် မဟုတ်သေး၊ ဗိုင်အမ် ဘီ သခင်ဘင် ရေးသားခဲ့သည်–



www.burmeseclassic.com

www.burmeseclassic.com

တကောင်းအဘိရာဇာ၊ တို့ဗမာသာကီမျိုးဟာ့မို့၊
ဩ္ဆြီးဂုဏ်ထေဇာ၊ ယိုးဒယားနဲ့ ကုလားကိုပါ တိုက်
ခိုက်ခါ အောင်မြင်ခဲ့တာ.... တို့ဗမာ၊

အစချီသော တို့ဗမာ သီချင်းကိုလည်း လမ်းလျှောက်ရင်း မမောနိုင်၊ မပန်းနိုင် သီဆိုကြသည်။

ဦးရှိန်ရည်မှန်းခဲ့သည့်အတိုင်း ခြေလျင်လမ်းလျှောက်ပွဲများ တဖြည်းဖြည်း ပို၍ ကျယ်ပြန့်လာသည်။ အနယ်နယ် အရပ်ရပ်မှာဝင် ခြေလျင် အသင်းများ တည်ထောင်ကြ၍ မြန်မာပြည် ခြေလျင်အဖွဲ့အတိုင်း ၁၄ မိုင်၊ ၁၆ မိုင်၊ မိုင် ၂၀ စ သည် ဖြင့် လမ်းလျှောက်ကြသည်။ ခြေလျင်လျှောက်ပွဲများ ကျင်းပကြ၏။ ရဟန်းသံဃာများပင် ဝေးလံလှသည့်ခရီးကို ခြေလျင်ဘုရားဖူး ကြွကြသည်။ နွေလေးတွင် ခြေလျင်သွားဘုရားဖူးအသင်းဟူ၍ ပင် ဖွဲ့စည်းလာသည်အထိ ခြေလျင်ခေတ် ဖြစ်လာလေသည်။ ကဗျာဆရာဇော်ဂျီ (ဦးသိန်းဟန်) ကလည်း....

ရင်ဘတ်ကိုပင့်၊ တန့်ရုံမြင့်၊ ရဲရင့်တည်ကြည်လျှောက်ရမည်။

ခါးကိုမတ်မတ်၊ ကိုယ်ကိုမတ်၊ ထရပ်မြင့်အောင် လျှောက်ရမည်။

ဒူးကိုဆန့်ခင်း၊ ကြွက်သားရင်း၊ တောင့်တင်းပေါ်အောင် လျှောက်ရမည်။

ခြေလှမ်းသောခါ၊ ရှေ့ခြေဟာ၊မြေမှာ ဖနောင့်ကျရမည်။



ခြေလှမ်းသောခါ၊ နောက်ခြေဟာ၊ မြေမှာ ခြေဖျား ကျရမည်။

စသည့် ဂျော့ကမ်းမင်၏ မူမှန် လမ်း လျှောက် နည်း ကို အများနားထဲစွဲသွားစေရန် ဘုတတ်စွမ်းရာကဗျာသံပေါက်ဖြင့် ကူညီရေးသားသည်။

ထက္ကသိုလ်ကျောင်းသားများဖြစ်ကြသည့် ကိုအုန်း၊ ကိုသိန်းဖေ (ဦးသိန်းဖေမြင့်)၊ကိုနု(ဝန်ကြီးချုပ်ဟောင်းဦးနု)၊ကိုကျော်စသူများ၊မြန်မာ့အလင်းတိုက်အုပ်ဦးတင်၊ ကြီးပွားရေးမဂ္ဂဇင်း အယ်ဒီတာ ဦးလှ (လူထု)၊သူရိယသတင်းစာ အယ်ဒီတာ ဦးပုကလေး၊ ဦးမောင်မောင် (ငွေတိုက်စိုး) စသူများက ခြေလျင်လုပ်ငန်းကို ဝိုင်းဝန်းပါဝင်ကူညီကြသည်။

လမ်းလျှောက်ပွဲတွင်လည်းရဲတပ်မိုလ်ချုပ်အမ်အေဦးမောင်ကြီးနှင့်ဇနီး၊ မြန်မာ့အလင်း အယ်ဒီတာချုပ် ဦးစိမ်း၊ မြန်မာ့အလင်းတိုက်အုပ် ဦးတင်၊ မြန်မာ့အလင်း ဦးဘသန်း၊ သူရိယ ဦးပုကလေး၊ ဦးကံကြီး၊ ဒိုးဒုတ်အယ်ဒီတာ ဦးဘချို၊ အောင်ဇေရတု ဦးဘိုးသ၊ ကြီးပွားရေး ဦးလှ၊ တိုးတက်ရေး မဂ္ဂဇင်း ဦးဗဂျိုး၊ မြန်မာ့ဂုဏ်ရည်တိုက်ဦးမောင်ကလေး (ဦးဖိုးကျား၏ယောက္ခမ)၊လှယဉ်ယဉ်ဂျာနယ် ဦးမောင်မောင်၊ စာရေးဆရာ မြို့မမောင်၊ မြန်မာ သွားစိုက်ဆရာကြီး ဦးထောင်မိုယ် စသည့် အလွှာပေါင်းစုံမှ ပုဂ္ဂိုလ်များက အမျိုးသား ကျန်းမာရေးဖြစ်သဖြင့် လမ်းလျှောက်ပွဲတွင်ပါဝင်ကြသည်။ တက္ကသိုလ်ကျောင်းသားများ၊ အရှေ့ပိုင်းအာစရိယသမဂ္ဂအသင်း၊ လူငယ်များကြီးပွားရေးအသင်း၊ မိတ်ဆွေများအသင်း၊ ရဲဘော်စသည့် အသင်း

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့များကလည်း ဝါဝင်ခဲ့ကြသည်အထိ တိုးတက်အောင်မြင်လာခဲ့သည်။

(၁၆ မိုင် လမ်းလျှောက်မည်)၊ (အာရောဂျံ ပရမံ လာဘံ သုခဝဟံ)၊ (ပျော်ပျော်နေ စိတ္တသုခ သက်တော်ရှည်)၊ ကိုယ်ရော စိတ်ရော စိတ်ရော ကိုယ်ရော သုခံဝဟံ။

စသည်ဖြင့် နန်းတော်တောင် ဆရာခင်က ၁၆ မိုင် သက်တော်ရှည် အမည်ဖြင့် ခြေလျင်ကိုဂုဏ်ပြု၍ သီချင်း ရေးသည်။ ယင်း သီချင်းကို ကိုစိန်ခင်က ဆို၍ ပြည်တော်ချစ် ရွာစားကြီး စိန်ဗေဒါကတီးကွက်တီးလက်များဖြင့် လက်ခံမ့်ပြုလိုက်သဖြင့် ၁၆ မိုင် သက်တော်ရှည်သီချင်းသည် များစွာ နာမည်ကြီးခဲ့ရပေသည်။

သည်အက်မှ၍ တပြည်လုံး စိတ်ပါဝင်စား သွားသည်မှာ မိုးညှင်း ဆရာတော်ဘုရားကြီး၏ ကျေးဇူးကြောင့်ပင် ဖြစ်၏။ မြန်မာတနိုင်ငံလုံးသို့ သွားသည့်၍ တရားတော်များဟောကြားနေသည့် မိုးညှင်းဆရာတော်ဘုရားကြီးက ခြေလျင်အဖွဲ့ဝင်များကို ခေါ်၍ ခြေလျင်ကိုဝိပဿနာနှင့်ယှဉ်ပြီး လျှောက်နည်းနိသျှည်းကို ညွှန်ကြားပြသသည်။

မိုးညှင်းတရားပွဲများတွင်လည်း ''ခရီးသွားနိုင်၊ ကြံ့ခိုင်အင်အား၊ ကင်းစင်ရောဂါ၊ အစာကြေလျက်၊ မပျက်သမာဓိ၊ ငါးပါးရှိ စင်္ကြံအကျိုးတည်း'' ဟူ၍၎င်း၊ ''မိုးညှင် တရား၊ ပုံပွားများလျက်၊ ကြီးစားလမ်းလျှောက်၊ အထမြောက်သူ၊ ပြည်နိဗ္ဗာန်ကို၊ လွယ်ကူရောက်ကြောင်း၊ တရားကောင်း၊ အပေါင်း မှတ်ကြ



စေ'' ဟူ၍၎င်း ခြေလျင်အကျိုးတရား ဟောကြားခဲ့လေသည်။ ထိုစဉ်က မိုးညှင်းဆရာတော်ဘုရားကြီးမှာ တနိုင်ငံလုံးကကြည်ညိုလေးစားသည့် ပုဂ္ဂိုလ်ထူးဖြစ်သဖြင့် ခြေလျင်လှုပ်ရှားသည်လည်း များစွာ ထင်ရှားလာလေသည်။

၁၉၃၅ ခုနှစ် ဖေဖွာရီလ ၂၄ ရက်နေ့တွင် အိန္ဒိယပြည်တွင် ကိုဇော်ဝိတ် အားလးမ ယှဉ်ပြိုင်သည့်နေ့နှင့် အချိန်ကိုက်၍ မြန်မာတပြည်လုံး ၁၄ မိုင်လမ်းလျှောက်ပွဲများကျင်းပသည်။ တနိုင်ငံလုံး မြို့နယ်ဒေသအနှံ့ လမ်းလျှောက်သူ ၅၀၀၀ ခန့်ရှိခဲ့သည်။ ရန်ကုန် တမြို့တည်းမှာပင် ပါဝင်သမ်းလျှောက်သူပေါင်းမှာ ၁၁၂၀ ကျော်ရှိလေသည်။ ရန်ကုန်တွင် လမ်းလျှောက်သူများကို အောင်ဘာလေ မဲ ၁၆၀ ဝေ၄ရာ ရန်ကုန်ထပတ် လေယာဉ်ပျံသက်မှတ်နှစ်စောင် ပါရှိသည်၊ ယင်း လက်မှတ်မဲကို ကာဝီကုမ္ပဏီမှ မောင်အေးဖေနှင့် ရန်ကုန် ဆေးရုံကြီးမှ ဆရာဝန် အေ ကေ အနန်ဒါ ဆိုသူတို့ ရရှိသွားကြသည်။

မြန်မာပြည်ခြေလျင်အဖွဲ့၏ ၁၄ မိုင် ခြေလျင် လမ်းလျှောက်ပွဲကြီးသည် တပြည်လုံး အရှိန်အဟုန် ကြီးမားစွာဖြင့် လူထုကျွန်းမာရေးသတင်းဂယက် ရိုက်ခတ်ခဲ့၏။ ထိုသတင်းနှင့်အတူ ထင်ပေါ်ကျော်ကြား တိုင်းပြည်က စိတ်ဝင်စားသည့် သတင်းမှာ ထိုနေ့မှာပင် အိန္ဒိယပြည်လုံးဆိုင်ရာ အလေးမပြိုင်ပွဲကြီးတွင် ကိုဇော်ဝိတ်က အိန္ဒိယ အင်ပိုင်ယာ ချမ်ပီယန်ဘွဲ့ကို ဆွတ်ခူး ရရှိကြောင်း သတင်းကောင်းပင် ဖြစ်လေသည်။

မြန်မာ့အလင်းသတင်းစာနှင့် သူရိယသတင်းစာကြီးများတွင် အိန္ဒိယ ချမ်ပီယန် ဇော်ဝိတ်ကြီး၏ဓာတ်ပုံ လူတထောင်

www.burmeseclassic.com

www.burmeseclassic.com

ကျော်ပါဝင်သည့် ၁၄ မိုင် ခြေလျင်လမ်းလျှောက်ပွဲ သတင်းနှင့် ဓာတ်ပုံများကို တခမ်းတနား ကြီးကျယ်စွာ အသားပေးရေးသား ဖော်ပြခဲ့ကြသည်၊ ခြေလျင်၊ အလေးမ၊ ကာယဗလ ဇော်ဝိတ်ကြီးဟူသော အမည်သတင်းမှာ တပြည်လုံး ဖုံးလွှမ်းသွားခဲ့လေ၏။ ယင်း အစီအစဉ်များကို ကန့်လန့်ကာနောက်ကွယ်မှ ကြိုတင် စီစဉ်ခဲ့သူမှာ ဦးရှိန်ဖြစ်၍ စင်ရှေ့ထွက်၍ ကသူမှာ ခြေလျင် ဦးအုန်းခင်ပင်တည်း။

အခန်း၊ ၁၆

# အမျိုးသားနေ့မှ တမျိုးသားလုံး ကျန်းမာသန်စွမ်းရေးတရားပွဲ

ဦးရှိန်နှင့် ကိုဇော်ဝိတ်တို့ အိန္ဒိယမှအောင်ပွဲခံပြန်လာပြီးသည့်မှစ၍ ဇော်ဝိတ်အမည်မှာ လူတိုင်း ပါးစပ်ဖျားတွင် ရေပန်း စားနေသည်။ ခွန်နှင့် အား နှင့် လုပ်ကြ သူ များ ကို "ဇော်ဝိတ်ကြီး ကွ" ဟု အချင်းချင်း အားပေးကြသည်။ ဖွံ့ဖွံ့ထွားထွား ကလေးငယ်များ ကိုလည်း ဇော်ဝိတ်ကလေးဟု ချစ်စနိုးခေါ်ကြသည်။ ဇော်ဝိတ်ဟူသော အမည် နာမသည် သန်စွမ်းခြင်း၊ ထွားကျိုင်းခြင်း၊ကြံ့ခိုင်ခြင်းဟူသောအဓိပ္ပါယ်ကိုဆောင်သည့် ဝေါဟာရတခု ဖြစ်လာသည်။

ဂျပန်ပြည်တွင် ကာယဗလ ကြီးမားသော ဂျပန် လူမျိုးတယောက်က ဆယ်တန်လေးသောမီးရထားကုန်တွဲအား သွားဖြင့် ကိုက်ဆွဲပြသနေသည့်ပုံကို သူရိယသတင်းစာတွင် ဓာတ်ပုံနှင့်တကွ ဖော်ပြသည်။ ထိုရာတွင်ကာယကံရှင်ဂျပန်လူသန်ကြီး၏ အမည်ကွယ်ပျောက်၍ "မေးရိုးသန်သည့် ဂျပန်ဇော်ဝိတ်'

www.burmeseclassic.com



ဟု ရေးသား ဖော်ပြကြသည် အထိ စာနယ်ဇင်းများကပါ ဇော်ဝိတ်ကို ဝိုင်းဝန်းအားပေးရေးသားကြသည်။ ဆေးကြော်ငြာ၊ ကုန်ပစ္စည်းကြော်ငြာများမှာပင် ဇော်ဝိတ်အမည်ကိုအသုံးပြုလာကြပေပြီ။

ဤသို့ တိုင်းပြည်က ဇော်ဝိတ်ကိုအလေးထား၍ အားပေးအားမြှောက် ပြုလာချိန်တွင် ဦးရှိန်သည် ဇော်ဝိတ်ကို တိုင်းပြည်အတွက် အသုံးချရန် တမျိုးတဖုံ စီ စဉ် ပြန် သည်။ တနေ့ အလေးမလေ့ကျင့်ပြီးချိန်တွင် ဦးရှိန်က ကိုဇော်ဝိတ်အား–

"ကိုဇော်ဝိတ်....လူရယ်လို့ဖြစ်လာရင် ကိုယ့်လူမျိုးနဲ့ကိုယ့်တိုင်းပြည်အတွက် ကြည့်ရမယ်၊ ဒါမှလဲ လူလို့ခေါ်တယ်၊ ဒီလို မကြည့်တတ်၊ မသိတတ်ဘဲ နေတဲ့လူမျိုးကတော့ ဆန်ကုန်မြေလေးလူ့တိရစ္ဆာန်တွေဘဲဖြစ်တယ်။ ခု ခင်ဗျားကိုလူထယောက်ဖြစ်အောင် ကျုပ် ဆောင်ရွက်ပေးနဲ့ပြီးပြီ၊ ခင်ဗျား လူ့ဂုဏ်ရားကို သိတတ်စွာနဲ့ ကိုယ့်လူမျိုး ကိုယ့်တိုင်းပြည်အတွက် ဆောင်ရွက်ပါ။ ခင်ဗျားကို တိုင်းပြည်နဲ့ လူမျိုးအတွက် ရည်ရွယ်မွေးထုတ်ထားတာမို့ ကျွန်ုပ်ရည်ရွယ်ချက်အတိုင်းဖြစ်စေချင်တယ်။ ခင်ဗျားကိုယ်ခင်ဗျား ပြန်ပြီး သုံးသပ်ပါ၊ ခင်ဗျားဟာ အညာတြတောင်သူလယ်သမား တောသားတယောက်ဘဲ၊ အဲဒီ ဘဝနဲ့ ဆိုရင် လမ်းမှာ ခဲတလုံး ခလုတ် တိုက်မိခဲ့ရင်တောင် ဘာခဲလဲလို့ ငုံ့ကြည့်အုံးမယ်၊ ခင်ဗျားကို တွေ့ရင်တော့ ဘယ်သူကမှ လှမ်းကြည့်မှာ မဟုတ်ဘူး။ ခုတော့ ခင်ဗျားကိုလူတိုင်းက ဂရုတစိုက် ကြည့်ကြပြီ၊ အကဲခတ်ကြပြီ၊ သိချင်ကြပြီ၊ မိတ်ဆွေဖွဲ့ကြပြီ၊ အဲဒါ ဘာလဲဆိုရင် ခင်ဗျားဟာ သာမန် လူရိုးရိုးမဟုတ်တော့ဘူး၊ ထူးထူးကဲကဲဖြစ်လာပြီဆိုတာ သိပါ၊ စံပြကာယဗလသမားတဦးဆိုတာလဲ နားလည်ထားပါ။

တန်ခိုးရှိအောင် ပထမလုပ်ပါဆိုတဲ့စကားအတိုင်း ခင်ဗျားကို တန်ခိုးရှိအောင် လုပ်ခဲ့ပြီ၊ တန်ခိုးရှိလာရင် အရေးရာကို ပြုလုပ်နိုင်တယ်ဆိုတဲ့ စကားလိုဘဲ ခင်ဗျားကို နမူနာယူအားကျနေတဲ့ လူငယ်တွေအတွက် ဆောင်ရွက်နိုင်အောင်လဲ ကြိုးစားပါ။ ထူးချင်လဲထူး၊ ရှူးချင်လဲရှူး ဆိုဘာသို၊ ခု ခင်ဗျား ထူးပြီး ရှူးရှူးမူးမူး ကြိုးစားခဲ့လို့ သူများထက်ဦးအောင် နိုင်ငံခြားကို သွားပြီး ယှဉ်ပြိုင်နိုင်ခဲ့တယ် မဟုတ်လား။ ခု ခင်ဗျားမှာ လုပ်စရာတွေ အများကြီးရှိသေးတယ်၊ ဆက်ကြိုးစားပါ၊ ... အဲတခု သတိထားရမှာက ငါ့ကိုယ်ငါ ဟုတ်လှပြီလို့ ယူဆရင် အဲဒီနေ့ဟာ ခင်ဗျား အောက်တန်းကို လျှောကျတဲ့နေ့ဘဲ၊ တိုးတက်မှုကုန်ဆုံးတဲ့ လူ့အညွန့်တုံးတဲ့နေ့ဘဲ မှတ်ပေတော့။ ခင်ဗျားကို တိုင်းပြည်အတွက် ကျုပ် အသုံးချရအုံးမယ်။ လာမဲ့ အမျိုးသားအောင်ပွဲနေ့မှာ ခင်ဗျား ဘုရင်ပေန်းခြံမှာ စကားပြောရမယ်၊ ရိုးရိုးသူတယောက်ပြောတာထက် ပြည်သူလူထုက ဂရုစိုက်နေတဲ့လူတယောက်ပြောတာ ပိုသြောက်တယ်၊ စကားပြောဖို့ ကျုပ်ရေးပေးမယ်။ လေယူလေသိမ်း ဟန်အမူအရာပါ ကျုပ်သင်ပေးမယ်၊ အဲဒါ ခင်ဗျားကို ဟောပြောပွဲနဲ့ ပွဲထုတ်ထောဘဲ ကြိုးစားစမ်းပါ"

ဟု တပည့်ဖြစ်သူကို သူရည်မှန်းထားသည့်လုပ်ငန်းများတွင် ပါဝင်လာရေး အတွက် ပြောကြားခဲ့လေသည်။

ဦးရှိန်သည် သူ့တပည့်များကို အလေးခ အားကစားတခုတည်းကိုသာ ရည်ရွယ်လေ့ကျင့်ပေးခဲ့သည် မဟုတ်၊ နိုင်ငံနှင့် လူမျိုး အကျိုးရှိစေသည့် လုပ်ငန်းမျိုးကိုလည်း အခါအခွင့်သင့်သလို ပါဝင်ဆောင်ရွက်ရေးအတွက် သူက စီစဉ်ပေးသည်။

၁၉၃၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် မြို့တိုဂျံကုန်း

www.burmeseclassic.com

www.burmeseclassic.com



တော်အနောက်မြောက်ရာဟုတောင့် ဦးစံဒွန်း-ဒေါ်နှစ် တန်ဆောင်းသစ်ကြီးတွင် သခင်ဘသောင်း အမှူးပြုသည့် တိုဗမာအစည်းအရုံးဝင်များက ကြီးမှူး၍ တိုဗမာသီချင်း-ဟီဆိုသည့် အခမ်းအနား ကျင်းပသည်။ တိုဗမာ သီချင်းကို ပိုင် အမ် ဘီ ဆရာတင်က အသံတိုင်၍ တက်ရောက်လာသည့်ပရိသတ် အားလုံးက ပိုင်း၍လိုက်ဆိုကြသဖြင့် တိုဗမာသီချင်းသံမှာ ရွှေတိဂုံကုန်းဘောင်တပိုက်တွင် ပဲ့တင်မြည်ဟီးလျက် ရှိခဲ့သည်။ တိုဗမာသီချင်းဆိုကြသည့် ပရိသတ်ထဲတွင် ပိုင်အမ်ဘီဆရာထင်နှင့် ခင်မင်ရင်းနှီးသည့် ဦးရှိန်လည်း ပါဝင်ခဲ့၏။

ကျိုက်ထပ်၊ ပန်းတနော် စသည့် မြို့များက ဖိတ်ကြားသဖြင့် တိုဗမာသီချင်းကို သွားရောက် သီဆိုကြသည်။ ရန်ကုန်မြို့တွင်လည်း ရပ်ကွက်များဝါမကာ၊ ဘောလုံးပွဲများမှာပင်သွားရောက် သီဆိုကြသည်။ ဦးရှိန်သည် အလေးမဖြင့် အထန်အသင့် လူသိများလာသည့် တပည့်ဖြစ်သူကိုလှမောင်ကို တိုဗမာသီချင်း သီဆိုပွဲများ ကျင်းပပွဲထုတ်ရန် စီစဉ်သည်။ ကိုလှမောင်လေးမှာ အလေးမရာတွင် ထော်ပါ၏။ ထောင်ထန်း မကြောက်မရွံ့ဘဲ သူပုန်ထရန် စာရွက်ဝေ၊ ပိုစတာကပ်ရသည်အထိ ပည်း သတ္တိရှိပါ၏။ သို့ပေသည့် တိုဗမာသီချင်းကို ဟန်နှင့်ပန်နှင့် မှင်နှင့်မောင်းနှင့် သီဆိုစေနိုင်းသည့် အခါတိုင်း သီချင်း အစ "တကောင်းအဘိရာဇာ တိုဗမာသာကီမျိုးဟာမို့ မညှိုးဂုဏ်ထေဇာ" အပိုဒ်တွင် "တကောင်းအဘိရာဇာ" ဟု ဆိုရမည့်အစား "တကောင်း အဘိခမ္ဘရာဇာ" ချည်းသာသီဆိုနေသဖြင့် ဦးရှိန်သည်း သူ့အကြံအစီကို လက်လျှော့လိုက်ရလေသည်။

၁၉၃၈ ခု စက်ထင်ဘာလတွင် ရန်ကုန်မြို့ရွှေတိဂုံကုန်းတော်အလယ်ပစ္စယံရှိ နိုင်ငံရေးဆရာတော်ဦးနာဂိန္ဒ (ဆံရှည်ကိုယ်-တော်)၏ ဇရပ်တွင် ကျောင်းသားပေါင်းစုံ၊ လူငယ်ပေါင်းစုံ အစည်းအဝေးကိုကျင်းပရာ လူငယ် ၅၀၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးကို သခင်ဗသောင်း ဦးဆောင်သော တိုဗမာသခင်တစုက တိုဗမာသီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့၏။ ထိုအစည်းအဝေးသို့ ဦးရှိန်သည်လည်း တပည့်များနှင့်အတူတက်ရောက်ခဲ့၏၊

လူငယ်ထုအစည်းအဝေးကြီးမှ နိုင်ငံခြားပစ္စည်းများမသုံးစွဲကြရန်၊ အင်္ဂလိပ်လုပ် ပစ္စည်းမှန်သမျှ သပိတ်မှောက်ရန် အဆိုများကို ရဲရဲဝံ့ဝံ့တင်သွင်းဆုံးဖြတ်ခဲ့ကြသည်။ လူငယ်များသည် မိမိတွင် ပါလာသောစီးကရက်များကို စုပုံမီးရှို့ကြသည်အထိ ပင်စိတ်ဓာတ်ပြင်းထန်တက်ကြွခဲ့ကြသည်။

ထို့မျှမက အင်္ဂလိပ်ပစ္စည်းမှန်သမျှ သပိတ်မှောက်ရန်၊ တိုင်းရင်းဖြစ် ပစ္စည်းများကိုသာသုံးစွဲဖို့ ထုတ်ပြည်လုံးသို့မေတ္တာရပ်ခံပန်ကြားရန်ကိုလည်း တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြသည်။

ထိုအစည်းဝေးမှပင် အမျိုးသားစီးပွားရေး၊ လူမှုရေးတို့ကိုဆောင်ရွက်နိုင်မည့်ဥက္ကဋ္ဌ၊ ဆရာတင့်(မြို့မကျောင်း)အတွင်းရေးမှူးကိုနု(ထက္ကသိုလ်)၊ တွဲဖက်အတွင်းရေးမှူးကိုခန့်(ပန်းတနော်)ငွေထိမ်းကိုစံသိမ်း(တက္ကသိုလ်)၊ ပြန်ကြားရေးမှူး ဆရာဟိန်တို့ပါဝင်သော မြန်မာနိုင်ငံလုံး ဆိုင်ရာ လူငယ်များအသင်းကိုဖွဲ့စည်းလိုက်လေသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာလူငယ်များအသင်းအဖွဲ့ဝင်များသည် စနေ၊ တနင်္ဂနွေနေ့များတွင် ပထမခြေလှမ်းအဖြစ် နိုင်ငံခြားပစ္စည်းများသပိတ်မှောက်ရန် ရန်ကုန်မြို့ လူစည်ကားရာရပ်ရှင်

www.burmeseclassic.com

ရုံများ၊ ဈေးများဆီသို့ ခြေလျင်လှည့်လည်ကြသည်။ ထို့နောက် စီးကရက် သောက်လာသည့် မြန်မာလူမျိုးများကိုတွေ့မြင်လျှင် စီးကရက် မသောက်ကြရန် မေတ္တာရပ်ခံကြသည်။ အသင့်ယူဆောင်လာသော ဆေးပေါ့လိပ်များကို စီးကရက်အစား သောက်ရန် ပေးကြသည်။ လူငယ်အဖွဲ့ဝင်များနှင့်အတူ ဦးရှိန်နှင့် တပည့်ကိုဇော်ဝိတ်၊ ကိုလှမောင်လေးတို့သည်လည်း ဆေးပေါ့လိပ်အပြည့်အသိပ်တည့်ထားသောလွယ်အိတ်များကိုလွယ်၍ စီးကရက်သပိတ်အရေးတွင် တက်တက်ကြွကြွဖြင့် ပါဝင်ခဲ့ကြ၏။

လူငယ်များအသင်းချုပ် တည်ရာဌာနကို ရန်ကုန်မြို့ ကိုင်းတန်း ဥက္ကဌဆရာတင် နေအိမ်မှာပင် ခေတ္တသတ်မှတ်ထားကြသည်။ အဖွဲ့တည်ရာဆရာတင်အိမ်ရှေ့တွင် သာယာဝတီဦးညွှန့်ဦးဆောင်၍ မြန်မာအရေးကြီးပွဲ ကျင်းပကြပြီး ထရေးပွဲ ခေတ္တနားချိန်တွင် တို့ဗမာသခင်များနှင့် လူငယ်များက တို့ဗမာသီချင်း သီဆိုကြသည်။ တို့ဗမာသခင်များ လူငယ်များနှင့်အတူ ဦးရှိန်နှင့် တပည့်များသည်လည်း လက်သီးသက်မောင်းတန်း၍ တို့ဗမာသီချင်း ဆိုပွဲကို ပါဝင်ဆင်နွှဲခဲ့ကြသည်။

၁၉၃၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဆူးလေဘုရားအနီး ဘုရင်မပန်းခြံ (ယခု ဗန္ဓုလပန်းခြံ) တွင် ၁၅ကြိမ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အဖြစ် မျိုးချစ်ပေါင်းစုံ တရားပွဲကြီး ကျင်းပသည်။ ဦးရှိန်သည် တပည့်ဖြစ်သူ ဇော်ဝိတ်ကို မြန်မာပြည် ကာယဗလအဖွဲ့နှင့် ခြေလျင်အဖွဲ့ကိုယ်စား ကျန်းမာသန်စွမ်းရေးတရား တက်ရောက် ဟောပြောနိုင်းခဲ့လေသည်။ ပရိသတ်က ၁၅၀၀ ကျော်၊ ၂၀၀၀ ခန့်ရှိမည်။ ကိုဇော်ဝိတ်မှာ သည်မျှများပြားလှသည့် ပရိသတ်များရှေ့တွင် တခါမျှ ဟော



ဘူးပြောဘူးသည်မဟုတ်၊ ဦးရှိန် သင်ကြားထားသည့် ဟန်ပန်အမူအရာ လေယူလေသိမ်းများလည်း ဘယ်ကိုရောက်ကုန်မှန်းမသိတော့၊ အသံမြှင့်ရမည့်နေရာ နှိမ့်၊ နှိမ့်ရမည့်နေရာ မြှင့်ဖြင့် ဟောပြောပွဲမှာလည်း စိတ်တထင့်ထင့်နှင့် ပြီးခဲ့ရသည်။ ကိုဇော်ဝိတ် ဟောပြောရသည့် ကျန်းမာသန်စွမ်းရေး ထရေးကိုလည်း ကြည့်ပါဦး။

"ယခုကြွလာကြတဲ့ ပရိသတ်များခင်ဗျား၊ ပရိသတ်များသိကြတဲ့အတိုင်း ဗမာပြည်မှာ ကျွန်ဘော်တို့ လူ့လောက် အသံဘျယ်ကျယ်နဲ့အောတာ မရှိပါဘူး။

ကျန်းမာအောင်လုပ်ကြပါ၊ ကျန်းမာအောင်နေကြပါ၊ နေ့စဉ်လမ်းလျှောက်ကြပါ၊ အနေလေးမပျက်ကြပါ၊ ကိုယ်လက်လှုပ်ရှားမှုတခုခု ရှိကြပါစေလို့ အသံအကျယ်ဆုံးနဲ့အော်နေတာ ကျွန်တော်တို့လူ့စုပါဘဲ။

နားငြီးတဲ့လူတွေက နားငြီးကြရေ့မယ်။ ဒီကောင်တွေဟာ တယ်လဲရူးကြတဲ့အကောင်တွေဘဲ၊ ဘာဖြစ်လို့ ဒီလောက်ဆူဆူညံညံအော်နေကြရတာလဲလို့ ထင်တဲ့လူတွေက ထင်ကြပါလိမ့်မယ်။ သို့သော် ကျွန်တော်တို့က ဘယ်သူနားငြီးငြီး၊ ဘယ်သူ ရူးတယ်ဆိုဆို၊ အအော်ကိုတော့ဖြင့် မရပ်နိုင် မလျော့နိုင်၊ ဗမာတွေ ကျွန်ဘဝက မလွတ်သမျှ ကျွန်တော်တို့ ထအော်ထဲအော်နေမယ်၊ မရပ်နိုင်ဘူး။

ဗမာတွေ ကျွန်ဖြစ်နေတာ ဗမာတွေ ငတ်နေတာ၊ ဗမာတွေ အိုးမဲ့အိမ်မဲ့ ဖြစ်နေတာ၊ ကျွန်လူမျိုးတွေကိုကိုး

www.burmeseclassic.com

www.burmeseclassic.com



ကွယ်လို့ ဗုဒ္ဓဘာသာကြီးဟာလဲ ညှိုးနွမ်းနေတာ၊ ကြည့်နိုင်သူတွေက ကြည့်နိုင်သော်လည်း ကျွန်တော်တို့ကဖြင့် မကြည့်နိုင်။

မကြည့်နိုင်ရင် ကျွန်တော်တို့ ဘာလုပ်ရမလဲ၊ ဘယ်လိုကြံကြမလဲလို့ အတိတ်ရာဇဝင်ကို ပြန်ပြီး ကြည့်မိတယ်၊ ဘာတွေတွေ့ရသလဲဆိုရင်၊ ကျွန်တော်တို့ မျက်စိအောက်မှာ ၁၉၁၈ ခုနှစ် ကမ္ဘာစစ်ကြီးအပြီး တကမ္ဘာလုံးက နယ်ခံမထူနိုင်တော့ဘူးထင်တဲ့ ဂျာမနီဟာ နေ့ချင်း–ညချင်းထိပ်တန်းကို ရောက်သွားတာ တွေ့ရတယ်။ နောက်ကျွန်တော်တို့မြန်မာပြည်လို လူဦးရေ ၁၄ သန်းရှိတဲ့ ချက်ကိုစလိုဗားကီးယား ဆိုတဲ့ ပြည်ဟာလဲ လွတ်လပ်ရေးကိုရသွားတာ တွေ့ရပြန်တယ်။ နောက် ကျွန်တော်တို့ရဲ့အိမ်နီးချင်း ဂျပန်ဟာလဲ အင်မတန်နိမ့်ကျတဲ့ အခြေက တန်ခိုးကြီးပေ့ဆိုတဲ့ တိုင်းပြည်ကြီးများ အဆင့်အတန်းကို ရောက်သွားတယ်။

ဒီလို လွတ်လပ်တဲ့ နိမ့်ရာက မြင့်ရာသို့ရောက်ရတဲ့ အကြောင်းရင်းကို ကျွန်တော်တို့ သွားတွေ့ထယ်၊ အဲဒီ အကြောင်းရင်းကို ပြောပြရင် ယုံမှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အကြောင်းက လွယ်လွန်းလို့၊ ထင်ရှားလွန်းလို့၊ နေလို့လလို ထင်ယင်း တောက်ပလွန်းအားကြီးလို့။

ကျွန်တော် ပြောခဲ့တဲ့ တိုင်းပြည်တွေ လွတ်လပ်သွားရတဲ့ ထိပ်ထန်း ရောက်သွားရတဲ့ အကြောင်းရင်းဟာ ကျန်းမာရေးကို အမိကထားပြီး ဆောင်ရွက်



မှု၊ အမျိုးရဲ့ ကျန်းမာရေးကို မနေမနား ကြိုးစားမှုအားထုတ်လို့သာ ဖြစ်ပါတယ်။

ကျန်းမာတဲ့ ခန္ဓာအိမ်မှာသာ ကျန်းမာတဲ့စိတ်ဟာ တည်နေနိုင်ပါတယ်။ ဒီတော့ အမျိုးကို ပထမကျန်းမာအောင် လုပ်ပေးလိုက်ရင် ထိုအမျိုးရဲ့ စိတ်မာတ်ဟာလဲ ကျန်းမာလာပါတယ်။ ရဲရင့်လာပါတယ်။ အမျိုးအတွက်စွန့်စွန့်စားစား လုပ်ချင်တဲ့စိတ်တွေ ပေါ်ပေါက်လာပါထယ်။

ယခု ဗမာပြည်ရဲ့အခြေအနေကို ကြည့်လိုက်ရင်ဗမာတွေဟာ မိန်းမရှာဖြစ်နေတာကို တွေ့ရတယ်။ ဗမာတွေမိန်းမရှာတွေဖြစ်ကုန်ပြီ၊ မိန်းမနဲ့တူတယ်၊ လက်ကလေးသေးတယ်။ ပိန်ပိန်ခြောက်ခြောက်သေးသေးသွယ်သွယ်ဖြစ်နေတာကိုဘဲ အသားယူပြီး မြိန်မြိန်ရှက်ရှက် ပြောနေကြထယ်။ ဒီလို ဗမာတွေရဲ့ ကျန်းမာရေးနဲ့ ခွန်အားဗလတွေ ယုတ်လျော့သွားရင်ဘဲ ဗမာပြည်ဟာလဲ ကျွန်ဘဝရောက်သွားတာဘဲ၊ ထောင်တက် မလာနိုင်ခဲ့တော့ဘူး။ ကြောက်စိတ်တို့၊ ဒူးတုန်ချင်တဲ့စိတ်တို့၊ ရှိခိုးချင်တဲ့စိတ်တို့ဟာလဲ ဗမာတွေရဲ့သဏ္ဍာန်မှာ ပေါ်လာတယ်။ ဒါဟာ မမွတာဘဲ၊ ကျန်းမာတာ ခွန်အား ရှိဘာတို့နဲ့ ရဲရင့်တာဟာ တွဲဆက်နေသလိုဘဲ။ မကျန်းမမာတာ၊ ချည့်နဲ့တာ၊ ချူချာထာ၊ ကျွန်ဘဝနဲ့ ပျော်မွေ့ထာ၊ ဒူးတုန်တာတို့ဟာ တွဲနေပါထယ်။

ဗမာတွေဟာရှေးတုန်းကရာဇဝင်ပြောင်မှုပေမဲ့ ယခုအခါမှာ သူများနင်းပြား၊ သူများကျွန်၊ သူများ သ

www.burmeseclassic.com

www.burmeseclassic.com



ပေါက်။ ဗမာပြည်ကြီးဟာလဲ သာလာယံ ဇရပ်ကြီး။ မည်သူမဆို ဝင်လိုဝင် ထွက်လိုထွက်၊ တံခါးမရှိ မားမရှိ ဖြစ်နေပါတယ်။ ဒီတော့ ဗမာတွေဟာ တော်ကုန်ကြတာပေါ့၊ ဆင်းရဲကုန်ကြတာပေါ့၊ ဗမာတွေ တော်ကုန်ပြီး ဆင်းရဲကုန်တာ၊ ကပ်ပလာနိမ်း၊ ခါနာနိမ်းကုန်ကြပြီ။

ယခုလာကြတဲ့ဝရိသတ်မှာဘဲ ကြည့်စမ်းပါ၊ ယောက်ျား ပီသတဲ့သူ ဘယ်နှစ်ယောက်ပါသလဲလို့၊ တရာမှာ ဆယ်ယောက်ရှိပါ့မလား၊ ယခု ဗမာတွေတောင်းတဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးကို အင်္ဂလိပ်အစိုးရတို့က ပေးပါပြီတဲ့၊ ကိုယ့်တိုင်းပြည် ကိုယ်ကာကွယ်ရမယ်ဆိုရင် သေနတ်ထမ်းပြီး ၁၀ မိုင် လျှောက်နိုင်တဲ့သူ ဘယ်နှစ်ယောက်ရှိမလဲ။ ကိုယ့်ဘေးဘီကို လှည့်ပြီး ကြည့်လိုက်စမ်းပါ။

ဗမာတွေထဲမှာ လူပိန်၊ လူချည့်နဲ့၊ လူဗလာချား လူ့ရှောမွေးတို့သာ များနေတယ်။ ဗမာတွေဟာ ကာယဗလဖက်မှာ လူတန်းစေ့အောင် မကြိုးစားရင် ဘယ်တော့မှ ချမ်းသာမယ်၊ ဘယ်တော့မှ လွတ်လပ်မယ် မထင်ကြနဲ့။ မကြာခင် ဗမာပျောက် ဗမာပျောက်ရင်လဲ၊ ဗမာလူမျိုးကို အမှီ ပြုနေတဲ့ ဗုဒ္ဓ ဘာသာကြီးဟာလဲ ပျောက်မှာဘဲ။ ဒါကြောင့်မို့ ဗမာလူမျိုးဟာ လွတ်လပ်တဲ့လူမျိုးဖြစ်အောင် ဗမာတွေဟာ ကိုယ့်မင်း ကိုယ့်ချင်းနဲ့နေတဲ့ တိုင်းပြည်နဲ့ ရင်ဘောင်တန်းနေနိုင်အောင် လူမျိုးရဲ့ကျန်းမာရေးကို လုပ်ကြရမယ်၊ ကြိုးစား လုပ်ကြရမယ်။

လူငယ်တက်လူတွေကလုပ် လူကြီးမိဘတွေက အားပေး၊ ဗမာပြည် နေ့ချင်း-ညချင်းကြီးပွား တိုးတက်လာ



မယ်၊ ချမ်းသာမယ်၊ ကျွန်တော်တို့ကတော့ ၂၄ နာရီ ကျန်းမာရေးလုပ်ဆိုတဲ့ ဝါဒကို ပြန့်ပွားစေချင်တယ်၊ ပြန့်ပွားအောင်လဲ လုပ်နေတယ်၊ ပြန့်လဲ ပြန့်ပွားရမယ်။

ဒီနောက် လူမျိုးကျန်းမာအောင် ဘယ်အထိ လုပ်ခဲ့ကြဘူးတယ်ဆိုတဲ့အကြောင်း ဘလေး ရာဇဝင်က ထုတ်ပြီးပြပါရစေ၊ လွန်ခဲ့တဲ့ အနှစ် ၂၀၀၀ ကျော်လောက်က ခေါ်မတိုင်း စပါတင် လူမျိုးတို့ဟာ မိမိတို့ လူမျိုး ကျန်းမာအောင်၊ အခြား လူတွေကိုအုပ်စိုးနိုင်အောင်၊ လွှမ်းမိုးနိုင်အောင် လူသာမန်တို့ ပြုနိုင်ခဲတဲ့ အလုပ်တခုကို လုပ်သွားပါတယ်။ ရာဇဝင်မှာ ယခုထက်တိုင် ထင်ရှားကျန်ရစ်ခဲ့ပါတယ်။

ဒီလူမျိုးရဲ့ အမိအဖတို့ဟာ ကလေးမွေးလာရင် ချီလီဆိုတဲ့နေရာကို ယူဆောင်သွားရပါတယ်။ အဲဒီ နေရာရောက်တော့ လူကြီးထစုက ဒီကလေးကို စမ်းသပ်ကြည့်ကြပါတယ်။ ကျန်းမာသန်စွမ်းတဲ့ ကလေးဖြစ်ရင် ပညာသင်ပေးဖို့ကို စီမံပေးပါတယ်။ အများပိုင် လယ်မြေထဲကလဲ ကလေးအတွက် ဝေစုခွဲပေးပါတယ်။ အကယ်လို့ ကလေးဟာ ချုချာချည့်နဲ့ပြီး လူတန်းမစေ့၊ ကြိုလှီတဲ့ ကလေးဖြစ်ရင် အပိုသိတိဆိုတဲ့ အသူဘရာနတ်လှေ ချောက်ထဲကို ပစ်ချလိုက်ဖို့ အမိန့်ပေးပါတယ်၊ အဲဒီလို အလေ့အထကို လိုက် နာ လာ တဲ့ လူ မျိုးကြီး ရဲ့ အကြောင်းဟာ ကမ္ဘာကျော်သော်လည်း ဘယ်တုန်းမကျေ ခဲ့ပါဘူး၊ သူတို့လက်ရာတွေဟာ ယခုထက်တိုင် ကျန်နေ



www.burmeseclassic.com

www.burmeseclassic.com

ရစ်ပါတယ်၊ သူတို့ရဲ့ အမွေအနှစ်တွေကိုလည်း ကမ္ဘာ့သူကမ္ဘာ့သားတို့ ယခုကိုင် ခံစားနေရပါတယ်။

နောက်တခုကတော့ ဆယ့်ကိုးရာစုတလောဆိုတဲ့ အင်္ဂလိပ်စာရေးဆရာကြီးဟာ အီရူဟွန်[၂] ဆိုတဲ့ ဝတ္ထုတအုပ်ကို ရေးသွားခဲ့တယ်။ ဒီစာအုပ်ထဲမှာပါတဲ့တိုင်းပြည်မျိုးကိုလိုချင်တယ်၊ မင်းတို့ ယခု လူတွေဟာ အင်မတန်ညံ့တယ်လို့ ဆိုပုံချင်တဲ့သဘောနဲ့ သူ လို ချင် တဲ့ တိုင်းပြည်မျိုးကို တင်ပြသွားတယ်။

သူလိုချင်တဲ့ တိုင်းပြည်မှာတိုင်းသူပြည်သားတွေဟာ ကိုယ်အင်္ဂါသွားကျိုင်းသန်မာပြီးအင်မတန်အချိုးအစားကျတယ်၊ အသက်လဲရှည်တယ်၊ ရောဂါလည်းကင်းတယ်၊ အဲဒီလို တိုင်းပြည်မျိုးပေါ်လာအောင် ဘယ်လိုလုပ်ပေးသလဲ၊ သိကြရဲ့လား၊ တိုင်းသူပြည်သားတွေရဲ့ အကောင်းအဆိုးဆိုတဲ့ "စံ" ကို လုပ်ပေးတယ်။ အဲဒီတိုင်းပြည်မှာ ခိုးမှု၊ သတ်မှု၊ မားမြတိုက်မှု၊ လိမ်မှုတို့ဖြစ်ရင် ကျွန်တော်တို့ဗမာပြည်မှာလို ထောင်ကိုမပို့ရဘူး၊ စိတ်မကောင်းဘူးဆိုပြီး ဆေးရုံကိုပို့တယ်၊ ဆေးကုစေတယ်။ သို့ပေတဲ့ ရောဂါဝေဒနာတခုခုကျရောက်တဲ့လူ နေထိုင်မကောင်းလူကိုတော့ ပြစ်မှုကျူးလွန်တယ်ဆိုပြီး ထောင်ကိုပို့လိုက်တယ်၊ ထောင် ခြောက်လ၊ တနှစ် စသည်ချထားတယ်။

---

၁။ Samuel Butter (1835–1902)
၂။ Erewhon (1872)



အချို့ ကုသို့မရမဲ့ လူမမာတွေကို ကျွန်တော်တို့ဗမာပြည်မှာလူသတ်မှုကျူးလွန်တဲ့လူတွေ စီရင်သလို၊ ကြီးလေးတဲ့ အပြစ်ပြုတဲ့လူဆိုပြီး သေဒဏ်စီရင်တယ်။ ဒီတော့ ဒီတိုင်းပြည်ကလူတွေ ကျန်းမာတာဟာ အဆန်းမဟုတ်ဘူးပေါ့။

ကျွန်တော်တို့မြန်မာပြည်မှာလည်း ချောင်းဆိုတဲ့လူ၊ ဖျားတဲ့လူ၊ နာခေးတဲ့လူတွေကို ထောင်ချပစ်ရင်၊ လူမမာတွေ ရှိတော့မှာ မဟုတ်ဘူး၊ ကျန်းမာသန်စွမ်းတဲ့လူတွေ အာဇာနည်းတွေချည်း ပေါ်လာလိမ့်မယ်၊ ဒီလိုဆိုပေတဲ့ ယခုချက်ခြင်းတော့ မလုပ်စေချင်ဘူး၊ ဘာဖြစ်လို့လဲသိကြရဲ့လား။ အားလုံး ထောင်ထဲရောက်ကုန်မှာမို့လို့။

နောက် ယခု ဗမာပြည်က မိန်းကလေး တွေက ယောကျ်ားယူမဲ့ကြိရင် ဒီလူ အလုပ်အကိုင် ရှိသလား၊ မိန်းကလေး မိဘကသည်း၊ ဒီလူ ဘာလုပ်သလဲစသဖြင့် စုံစမ်းလေ့ ရှိကြတယ်။ အလုပ်အကိုင်ရှိရင် ဒီလူဟာ အနူဘဲဖြစ်ဖြစ်၊ ချည့်နဲ့ချူချာသူဘဲဖြစ်ဖြစ် လည်းပင်မှာ မာဖလာပတ်နေရတဲ့ လူဘဲဖြစ်ဖြစ်၊ မိန်းကလေးကလဲ ယူတယ်။ မိဘကလဲပေးစားတယ်။ ဒီတော့ အမျိုးသမီးကလေးဟာ ယောကျ်ားကပါလာတဲ့ ရောဂါတွေရပြီး တသက်လုံး လူဖြစ်ရှုံးရော၊ သူတို့ကလဲ လူခြောက်ကလေးတွေ မွေးပါရော၊ဒီလိုနဲ့ အမျိုးကြီး ဟာလဲ ပျက်ပါရော။

www.burmeseclassic.com

www.burmeseclassic.com

ဒီလိုမဟုတ်ဘဲ မိန်းကလေးကရော၊ အမိအဖကရော၊ ဒီလူအလုပ်ရှိရဲ့လားမမေးဘဲ၊ မိုင် ၂၀ ခြေလျင်လျှောက်နိုင်ရဲ့လား၊ အလေးပေါင်နှစ်ရာမ,နိုင်ရဲ့လား၊ သန်မာထွားကျိုင်းရဲ့လား၊ ခြေလျင်လျှောက်ပွဲတွေမှာ မှန်မှန်လိုက်ရဲ့လား မေးရင် ကျွန်တော်တို့ ခြေလျင်အဖွဲ့၊ ကာယဗလအဖွဲ့–တွေလဲ လူများရော၊ လူမျိုးကြီးမှာလဲ ကျန်းမာသန်စွမ်းလာရော၊ ဗမာပြည်ဟာလဲ အထွတ်အထိပ်ရောက်လာရော၊ သာသနာကြီးဟာလဲ စည်ပင်သာယာလာရော၊ ကောင်းဘူးလား၊ ကျွန်တော် ဆွယ်တရားဟောတာမဟုတ်ပါဘူး။

နောက် ယူဂိုစလားဗီးယားပြည်မှာ အလက်ဇန္ဒာ[3] ဘုရင်က ကိုယ်လက်ကျန်းမာမှုမလုပ်တဲ့သူကို ထောင်ချပစ်သတဲ့။ ဒါရှေးကမဟုတ်ဘူး၊ ယခုလုပ်နေတာ၊ မြန်မာပြည်မှာတော့ ကျောက်မထိုးတဲ့ကလေးရဲ့အမိအဖကိုသာ ဒဏ်ထပ်တယ်၊ ကိုယ်လက်လှုပ်ရှားမှုမလုပ်တဲ့ကလေးရဲ့အမိအဘတွေကိုတော့ ဒဏ်မတပ်ဘူး၊ ဒဏ်တပ်ပါလို့ အင်္ဂလိပ်အစိုးရကို ပြောဖို့ကောင်းထယ်၊ ပြောဖို့တော့မင်းတိုင်ပင်တွေလက်အပ်လိုက်ရမှာဘဲ၊ သူတို့က အပြောသမားတွေ၊ ပြောတာသူတို့ရဲ့အလုပ်ဘဲ၊ နောက်အီတလီတို့မှာ ဘယ်လောက် အမျိုးရဲ့ကျန်းမာရေးကို အားပေးသလဲဆိုရင် လူပေါင်း၄၀၀ကို အမေရိကန်ပြည် ကျန်းမာရေးဝါဒရဲ့ အဖအခေါ်ခံရတဲ့ဗာနာမက်ဖက်ဒင်ထံ၊ ၁၉၃၀ ပြည့်နှစ်ကပို့ပြီးကိုယ်လက်ကျန်းခာရေးနည်းတွေကိုအသင်ခိုင်းတယ်။

---

၃။ Alexander



ကျွန်တော်တို့ဗမာပြည်မှာတော့ လူလွတ်ပြီးအသင်ခိုင်းဘို့ဝေးလို့၊ ကျောင်းတွေမှာ အလေးမ မ,ရဘူးလို့ပြောထယ်။ ဘာကြောင့်လဲဆိုတော့ နှလုံးကို ထိခိုက်မှာစိုးလို့တဲ့၊ ထကယ်ထိခိုက်မှာစိုးရင် ဆရာဝန်တွေထားပြီး ရုရှတိုင်းပြည်တို့မှာလို ခြောက်လတကြိမ် အစစ်ဆေးခိုင်းပါလား၊ အစိုးရက ဘာကြောင့် တားမြစ်တယ်၊ ဗမာတွေ ခွန်အားဗလနဲ့ ပြည့်စေချင်တယ်၊ မပြည့်စေချင်ဘူး ဆိုတာတော့ ကျွန်တော် မပြောပါရစေနဲ့ ပရိသတ်ကဘဲ စဉ်းစားကြည့်ပါတော့၊ အာဇာနည်တွေကို အုပ်ရတာ ရှောမွေးကို အုပ်ရတာလောက် ဘယ်လွယ်မလဲ''

အထက်ပါ ဇော်ဝိတ်၏ အမျိုးသားနေ့ ဟောပြောချက်ကို သတင်းစာများက အရေးပေးဖော်ပြကြသည်၊ အမျိုး သား ကိုယ်လက်ကျန်းမာရေးစိတ်ဓာတ် ပြင်းထန်နေသည့် ဦးရှိန်တို့ တသိုက်မှာလည်း သူတို့၏ရည်ရွယ်ချက်အယူအဆများကို တိုင်းပြည်သို့ တင်ပြလိုက်ရသဖြင့် အတော်ပင် အားရကြေနပ်ဖြစ်နေကြသည်။ သို့သော် မကြာမီ ဘုရင့်နောင်ဒါး ဆိုသူက အမျိုးသားနေ့ဟောပြောချက်ကို သူရိယသတင်းစာမှ ပြင်းပြင်းထန်ထန် ပုတ်ခတ်ဝေဖန် ရေးသားလိုက်သည်။

မိုင် ၂၀ လျှောက်နိုင်ပြီး ပေါင် ၂၀၀ မ,နိုင်တဲ့ပထန်ကုလားတွေကိုရော ဗမာအမျိုးသမီးများက ယူရမှာလားဟု သရော်လိုက်၏။

ဘုရင့်နောင်ဒါးဆိုသူကို ဗလမောင်ဆိုသူ ဆောင်းပါးရှင်က ပြန်လှန်ချေပရေးသားသည်။

www.burmeseclassic.com

www.burmeseclassic.com


သည့်ကိစ္စကား သည့်တွင် ရပ်မနေတော့ချေ၊ ကိစ္စတခုပေါ်ပေါက်လာပြီ ဆိုလျှင် ဟုတ်လည် မဟုတ်သည့်ကိုအပထား၊ အခြေအဘင် ပါဝင်ရေးသားကြသည်မှာ အခတော်ခေတ်ထနေသည်။ အင်းဝသား၊ ပုဂံကျောင်းဆောင်သား စသူတို့က ဘုရင့်နောင်ဒါးဖက်မှပါဝင်ရေးသားကြသလို....ခြေလျင်အုန်းခင်၊ ဗလမောင်၊ ရွှေမြိုင်ထွန်းတို့က ပြန်လှန်ချေရေးသားကြသဖြင့် သူရိယသတင်းစာတွင် ဇော်ဝိတ်အမျိုးသားနေ့ဟောပြောချက် အရေးတော်ပုံကြီးတခု ဖြစ်ပေါ်လာတော့သည်။

သူရိယ သတင်းစာကလည်း အတို့အထောင် ကောင်းကောင်း လုပ်ပေးသည်။ တဖက်နှင့်တဖက် အပြန်အလှန် ရေးသားကြသူများမှာလည်း ကြာတော့ ရည်ရွယ်ချက်ပျောက်ပြီး ပုဂ္ဂိုလ်ရေးများ ရောက်ကုန်ကြမှ တစခန်းသိမ်းတော့သည်။

အမျိုးသားနေ့မိန်းခွန်းကို ဖန်တီးခဲ့သူ ဦးရှိန်မှာ အထော်ပင် စိတ်မချမ်းမသာဖြစ်ရသည်။ နိုင်ငံနှင့်လူမျိုးအတွက် ကြိုးပမ်းခဲ့သည့် သူ့စေတနာမှာ ဝေဒနာ ဖြစ်သွားရသည် ဟုတ်ပါလား။

ဦးရှိန်တို့သည် သူတို့၏နိုင်ငံနှင့် လူမျိုးအပေါ်တွင် ထားရှိသည့် စေတနာ လုပ်ငန်းများကို နားလည် သဘောပေါက်အောင် ရှင်းလင်းပြောပြရန် ဘုရင့်နောင်ဒါးဆိုသူ ဆောင်းပါးရှင်ကို ရှာဖွေ၍ သွားရောက်တွေ့ဆုံသည်။ ဘုရင့်နောင်ဒါးဆိုသူမှာ အရပ်ပုပု ပိန်ရသည့်အထဲ အသားကလည်း မည်း၍ မျက်စိထဖက်ကလည်း ပျက်နေရှာသူ ဖြစ်သည်။ သို့ကြောင့်ပင် သူ့ဘဝနှင့်စာ၍ စိတ်နာနာဖြင့် ရေးလိုက်ဟန်တူ၏။

ဦးရှိန်တို့ ကာယဗလဟောပြောပွဲ စခန်းကား မရပ်သေး၊ အမျိုးသားနေ့အပြီး ဒီဇင်ဘာလတွင် မော်လမြိုင်မြို့မှ အခွန်ဝန်ဦးသာကျော်ခေါင်းဆောင်သော မော်လမြိုင် ခြေလျင်အဖွဲ့မှ ဖိတ်ကြားသဖြင့် ဝတ်လုံ ဦးချန်ထွန်း၊ ဦးရှိန်၊ ဦး အုန်း ခင်၊ ကိုဇော်ဝိတ်၊ ကိုစံသင်တို့ မော်လမြိုင်သို့ သွားကြရပြန်သည်။ ဦးရှိန်တို့သည် မော်လမြိုင်ကာယဗလပြပွဲ ဟောပြောပွဲတွင် ပြန့်ဝေရန်အတွက် ဇော်ဝိတ် အမျိုးသားနေ့ ဟောပြောချက်များကို စာအုပ်ငယ်များရိုက်နှိပ်၍ ယူဆောင်သွားကြသည်။ မော်လမြိုင် ကာယဗလပြပွဲနှင့် ဟောပြောပွဲကား အမျိုးသမီး သုံးသောင်းကျော် အပါအဝင် ပရိသတ်တသောင်းကျော် တက်ရောက်အားပေးကြသည်အထိ အောင်မြင်ခဲ့၏။ ကာယဗလနှင့် ကျန်းမာရေးကို ပထမဦးစွာ အသံချဲ့စက်ဖြင့် ဟောရပြောရသော ပွဲလည်းဖြစ်၏။

လူထုသောင်းမကျော်တက်ရောက်အားပေးသည့် မော်လမြိုင် ကာသဗလ ပြပွဲကြီးအကြောင်းကို တိုးတက်ရေး မဂ္ဂဇင်းတွင် မော်သမြိုင်တိုးဘက်ရေးသထင်းထောက်က “ကာယဗလအဖွဲ့နှင့် မော်လမြိုင်မြို့” ဟုသော ခေါင်းစဉ်ဖြင့် ယခုလို ရေးသားခဲ့လေသည်။

> ဒီဇဘ်ာလ ၂၅ ရက်နေ့နံနက်၊ ဝတ်လုံဦးချန်ထွန်း၊ ဦးရှိန်၊ ဇော်ဝိတ်ကြီး၊ မောင်စံသင်တို့ထမ်း၍ ရောက်လာကြလေသည်။ မြန်မာ့ အဝယ်တော် တိုက်မှာ မောင်မောင်ကြီးလည်း အသံချဲ့စက်နှင့် ပါလာ လေသည်။ သဘော်ာဆိပ်တွင် မော်လမြိုင် ခြေလျင် အသင်းများ၊ တက်လူများနှင့် မြို့ပေါ်ရှိ လူကြီးလူကလေးများ၊ ငါးရာကျော် လာရောက်ကြိုဆိုကြလေသည်၊

www.burmeseclassic.com



သဘော်သဆိပ်မှ မရမ်းကုန်း ကျိုက်သုတ်စေတီတော်သို့ ခြေလျင်သွားကြပြီးလျှင် ဘုရားကို ဝတ်ပြုကြလေသည်။ ကျိုက်သုတ်စေတီတော် မုဒ်ဝမှနေ၍ ဝန်ထောက်မင်း၊ ဦးမောင်မောင်က ရထနာသုံးပါးဝတ်အသင်းသားတို့၏ ကိုယ်စားလှယ် အဖြစ်ဖြင့်ပန်းစည်းများဆီး၍ လှူဒါန်းခြင်း၊နေရာထိုင်ခင်းပေးခြင်း အမှုတို့ကို ပြုလေသည်။ ဤသို့ ဘုရားကို ဝတ်ပြုကြပြီးနောက် ထောင်ပိုင်းယမ်း၊ အခွန်ဝန် ဦးသာကျော်အိမ်သို့ မော်တော်ကားနှင့် သွားရောက်ကြလေသည်။

ဒီဇင်ဘာလ ၂၅ရက်နေ့တွင် မော်လမြိုင်မြို့သူမြို့သားတို့သည် လှုပ်လှုပ်ရှားရှားဖြစ်၍ နေလေသည်။ အိန္ဒိယမှယူလာသော ချမ်ပီယန် ဖလားကြီးကို ဇော်ပိတ်ပိုက်၍ ရိုက်ထားသော ဓါတ်ပုံနှင့် ကြော်ငြာစာများကိုလည်း လမ်းထကာ နေရာတကာတွင် တွေ့မြင်ရလေသည်။ အတီးအမှုတ်နှင့် တမြို့လုံး လှည့်လည်သောမော်တော်ကားသံတို့သည်လည်း ဆူညံလျက်ရှိတော့သည်၊

"ဒေါ်ပုရေ- ဇော်ပိတ်တို့ ဒီကနေ့ည မင်းကြီးဥယျာဉ်မှာ အလေးမ,ပြမလို့တဲ့ သွားကြရအောင်" "မေမေ-ကျွန်တော် ဒီကနေ့ ဇော်ပိတ်ကြီး သွားကြည့်မယ်နော်" "မခင်သန်း စောစောခေါင်းဖြီးပြီးစောင့်နေ၊ ခပ်စောစော သွားမှ နေရာရမယ်၊ ကျွန်မတို့ ဝင်ခေါ်မယ်"၊ဦးဘိုးထူး....ကျုပ်တို့ မောင်တင့်ထယ်ဆိုတာ ရာဇဝင်သာ ကြားဘူးလိုက်တယ်၊ မမြင်ဘူးလိုက်ဘူး၊မောင်ဇော်ပိတ်ဆိုတာ အင်မတန်သန်စွမ်းတယ်ဆိုပါလား၊ကုလားတွေကို နိုင်ခဲ့သတဲ့၊ သွားရအောင်ဗျို့"



စသည်ဖြင့် လူကြီးဒိန်းမ ထက်လူအမျိုးသမီးတို့၏ပြောဆိုသံဟုသည် ဈေးထဲ၊ အိမ်ထဲ၊ လမ်းထဲ၊ လက်ဖက်ရည်ဆိုင်ထဲတွင် ဆူဆူညံ့ညံ့ဖြစ်၍နေသည်။ ရောဝတီကုမ္ပဏီသည်လည်း ထိုနေ့အဖို့ သင်္ဘောခပိုရ၏။ ကတိုး၊ကော့နှပ်၊ ဖါးအံ၊ ကျုံ့ကတိုးစသော အနီးအနားတို့မှာလည်း လူအများ လာကြသည်။ မော်လမြိုင်မြို့တွင် ဇော်ပိတ်တို့လာသဖြင့် လှုပ်လှုပ်ရွရွဖြစ်သကဲ့သို့ မဖြစ်သည်မှာကြာချေပြီ၊ဇော်ပိတ်တို့လူစုသည် မော်လမြိုင်ကို ထာန္နိုးလေသည်။ ကျေးဇူးတင်စရာပင်။

လေးနာရီထိုးချေပြီး မင်းကြီးပန်းခြံတွင် လူရောက်စပြု၏။ထန်တားဝန်ထောက်ဦးဘကျင်၊ စာရေးဦးထွန်းဆိုင်တို့ စီမံထားသော ပြပွဲခုံမှာလည်း အလွန်လှပသေသပ်ပါပေသည်။ ဓာတ်မီးရောင်နှင့် ဆေးမှုသုတ်ထားသောပြပွဲရုံကလေးသည် ပဏာရလှ၏၊"ဇော်ပိတ်ကြီး၏ ကာယဗလပြပွဲ" ဟူသော စာတမ်းကြီးမှာလည်း အဝေးကပင် မြင်နိုင်၏။

ငါးနာရီထိုးချေပြီ၊ ပရိသတ်ငါး ထောင်လောက်စုဝေးမိပြီ၊ မင်းကြီးပန်းခြံမှာ မြို့လယ်တွင်ရှိနေသဖြင့် ထိုနေရာသို့ မျက်နှာမူ၍လာနေသော လူတန်းကြီးသည် အရှေ့ အနောက် တောင် မြောက် အရပ်လေးမျက်နှာမှ ချောင်းရေစီးသည့်အလား မှတ်ထင်ရ၏။ကယ်ကွင်းထဲတွင် တရားပွဲများလုပ်သည့်အခါ တရားပွဲရှိရာသို့ အရပ်ရှစ်မျက်နှာမှ လာနေကြသော လူတန်းကြီးများကို သွားပြီးမျက်စိတွင် မြင်ယောင်၏။

www.burmeseclassic.com

www.burmeseclassic.com



ငါးနာရီခွဲပြီး ပရိသတ်လည်း များလာ၏။ ဇော်ဝိတ်ကြီးသည် တက်လူထရာကျော်နှင့် ကိုယ်လက်လှုပ်ရှားမှုကိုပြလေသည်။ ခြောက်နာရီထိုးပြီ။ အစည်းအဝေးပွဲတွင် အကျိုးဆောင်အဖြစ်ဖြင့် ဆောင်ရွက်သော ဦးသာကျော်၊ ပြပွဲခုံပေါ်သို့ တက်လာ၏။ အသံချဲ့စက်ဖြင့် အစည်းအဝေးပွဲဖွင့်ကြောင်း ကြေညာလိုက်ရာ ပရိသတ်သည် မီးကိုရေနှင့်သတ်သလို ငြိမ်သွားတော့၏။ နောက်မြို့မီပယ် ဥက္ကဋ္ဌဦးထွန်းဝင်းက ဧည့်ကော်မတီချယ်ယာမင်းအဖြစ်ဖြင့် ကြွလာကြသော ဦးချန်ထွန်း၊ ဦးရှိန်၊ ဦးအုန်းခင်၊ ဇော်ဝိတ်ကြီး၊ မောင်စံသင်တို့အား နှုတ်ဆက်စကားပြောကြားလေသည်။ ထိုပုဂ္ဂိုလ်ကြီးများ ကြွရောက်ပြီး မော်လမြိုင်မြို့ကို ချီးမြှင့်သည့်အတွက် မိမိနှင့်တကွ တမြို့လုံးကပါ ဝမ်းသာကြောင်း မြော်လျက် ဝမ်းသာကြောင်းအထိမ်းအမှတ်ဖြင့် လက်ခုပ်လက်ဝါးတီးကြရန် တောင်းပန်သောအခါ တသောင်းကျော်ပရိသတ်ထုကြီး၏ လက်ခုပ်လက်ဝါးသံသည် ပဲ့တင်ထပ်မျှဖြစ်၏။”

ဦးရှိန်၏ ဟောပြောချက် များကိုလည်း ယခုလိုရေးသားထင်ပြခဲ့၏။

“မော်လမြိုင်ကာယဗလပြပွဲနှင့် ဟောပြောပွဲကြီးတွင် ဦးရှိန်က လူမျိုးတမျိုးသည်မိမိတို့အချင်းချင်းအခြားနေရာများတွင် သဘောထား ကွဲလဲလင့်ကစား အမျိုးသားလုံး ကိုယ်လက် ကျန်းမာရေး လုပ်ငန်းများကိုမူ တပြည်နှင့်တပြည် စစ်တိုက်ခိုက်ကြသည်ကိုပင်ရပ်၍ လူမျိုးသန်စွမ်းရေးအတွက် အိုလံပစ် ပွဲတော်ကြီးများ



ကျင်းပကြသည်အထိ ဆောင်ရွက်ကြသည့် ဂရိလူမျိုး၊ ရောမလူမျိုးများကဲ့သို့ နိုင်ငံနှင့် လူမျိုးအတွက် တညီတညွတ်တည်း ဆောင်ရွက်သင့်ကြောင်းဖြင့် အချင်းချင်း ကွဲပြဲနေကြသည့် နိုင်ငံရေး အဖွဲ့ခေါင်းဆောင်များကို ရည်ရွယ်၍ ပြောကြားခဲ့လေသည်။

ဦးရှိန်အဖို့ တခုတည်းသော ယုံကြည်ချက်မှာ အမျိုးသားနေ့ ဟောပြောချက်အဘိုင်း ကျွန်ဘဝကသခင်ဘဝရောက်အောင် လွတ်မြောက်ရေးတွင် အဓိက အကျဆုံးမှာ တမျိုးသား လုံး ကျန်း မာ သန် စွမ်း ရေး ပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၇

# အိန္ဒိယအင်ပါယာချမ်ပီယန်တို့ဗမာ

၁၉၃၅ခုနှစ်ဇူလိုင်လတွင် မြန်မာပြည်အလေးမအသင်းကြီးမှကြီးမှူး၍ မြန်မာပြည်အလေးမတံခွန်စိုက်ပြိုင်ပွဲကို ရန်ကုန်မြို့ စိန်ပေါလ်ကျောင်းတွင် ကျင်းပရန် စီစဉ်ခဲ့သည်။ အလေးမပြိုင်ပွဲကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် အဖက်ဖက်မှ ကြိုးပမ်းဆောင်ရွက်ခဲ့သူမှာ ဦးရှိန်ပင်ဖြစ်၏။ ဦးရှိန်သည် ပြိုင်ပွဲမကျင်းပမီကပင် အလေးမပြိုင်ပွဲနှင့် အလေးမအားကစားကို ပြည်သူအများ စိတ်ပါဝင်စားလာစေရန် သူရိယသတင်းစာကြီးမှ အထူး ဆောင်းပါးရှည်ကြီးများကို အမှတ် ၁ မှ ၁၂ အထိ ဆက်တိုက်လှုံ့ဆော်ရေးသားခဲ့၏။

> "တက်လူတို့ ပေါ့ပေါ့ဆဆမနေကြကုန်လင့်။ တိုင်းပြည်နှင့် အမျိုးကြီးပွားမှုကိစ္စ၌ လူမျိုး ကျန်းမာထွားကျိုင်းမှု ကာယဗလသည် အရေးကြီး၏။ တက်လူတို့ ပြောင်းပျောင်း ချိနဲ့မှုအပြစ်ကို ရှုကြကုန်၊ ယောကျ်ားပီသမှုကိုပြကြကုန်"



စသည်ဖြင့် ပြိုင်ပွဲကို အကြောင်းပြု၍ အမျိုးသားကြံ့ခိုင်ရေး၊ ကမ္ဘာနှင့် မြန်မာ့ကာယဗလ အလေးမနည်းနိဿည်း ဇဟုသုတ စသည်များကို ရှုထောင့်စုံလင်အောင် တင်ပြရေးခဲ့၏။

ဦးရှိန်သည် သူ၏ဆောင်းပါးတွင် ကမ္ဘာလှူသန်လှူထွားကြီးများ ဖြစ်ကြသည့် အက်ဘီလာ၊ ဆန်ဒို၊ အာသာဆက်ဆုန်၊ အက်ဒဝပ်အက်စတွန်စသူများ၏ သန်စွမ်းပုံနည်းအမျိုးမျိုးဖြင့် ရိုက်ကူးထားသောဓာတ်ပုံများ ဇော်ဝိတ်၊ စမိုက်(ဗိုလ်မှူးကြီးလှအောင်) စံသင်နှင့် မြန်မာအလေးမချမ်ပီယန်များ၏ ဓာတ်ပုံများပါအများစိတ်ပါဝင်စားလာအောင် အလျဉ်းသင့်သလို ထည့်သွင်းဖော်ပြခဲ့သည်။

သူရိယသတင်းစာကြီးကလည်း ကာယဗလဦးရှိန်သည် ဤသူရိယသတင်းစာတွင်တက်လူတို့အဘွက် အထူးရည်ရွယ်လျက် ကာယဗလနည်းလမ်းတို့ကို တခန်းပြီးတခန်း လက်စွမ်းပြမည်ကို မြော်လင့်ကြကုန်ဟု ကြေညာလိုက်လေသည်။ ဦးရှိန်၏ ဆောင်းပါးများကိုလည်း ထူးထူးခြားခြားသတင်းစာအလယ်မျက်နှာပြည့်မျှ တခမ်းတနား အသားပေးဖော်ပြခဲ့၏။ ဦးရှိန်၏ တခန်းပြီးတခန်း လက်စွမ်းပြလိုက်သည့် ဆောင်းပါးများ၏ လှုံ့ဆော်မှုကြောင့် ဇူလိုင်လ ၇ ရက်နေ့ စိန်ပေါလ်ကျောင်းတွင် ကျင်းပသော မြန်မာပြည်အလေးမတံခွန်စိုက်ပြိုင်ပွဲကြီးမှာ ကြည့်ရှုအားပေးရန် လာရောက်ကြသည့် လူထုပရိသတ် အဆမတန်များပြားလွန်းလှသဖြင့် ပြိုင်ပွဲကိုမကျင်းပနိုင်ခဲ့ဘဲ ရွှေ့ဆိုင်းလိုက်ရ၏။

ဦးရှိန်သည် မြန်မာပြည်တံခွန်စိုက်အလေးမပြိုင်ပွဲကိုပြည်သူအများ ဤမျှစိတ်ပါဝင်စားလာစေရန်လှုံ့ဆော်နိုင်ခြင်းမှာ ဤ

www.burmeseclassic.com



ပွဲထည့်လုပ်ရိုးလုပ်စဉ် ကျင်းပသည့်ပြိုင်ပွဲမဟုတ်၊ မကြာမီကျင်းပတော့မည့် အိန္ဒိယအင်ပိုင်ယာ အလေးမပြိုင်ပွဲနှင့် ဘာသင်ကမ္ဘာ့အိုလံပစ်အတွက် လူရွေးပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် ခွန်အားစမ်းသည့် ပြိုင်ပွဲဖြစ်သောကြောင့်တည်း။

သို့ကြောင့်ပင် ကမ္ဘာ့အိုလံပစ်အတွက် ရည်မှန်းလေ့ကျင့်ခဲ့သည့် ကိုဇော်ဝိတ်အကြောင်းကို သူ၏အထူးဆောင်းပါး၌ "သတ္တိဗလ"ဟူသော ခေါင်းစဉ်ဖြင့် ကမ္ဘာ့ချမ်ပီယန်များနှင့် ယှဉ်၍ ဇော်ဝိတ်ကြီးသည် အနေ၊ အမြန်၊ ကလင်း ထိုသုံးမျိုးစလုံး ပေါင်၇၀၀ကျော်မယား၊ အကယ်၍မကျော်သော် ညှိသည်ဟူ၍မှတ်တမ်းတင်မည်ဟု ထပ်ညှိဖြစ်သူ၏အရည်အသွေးကို တိုင်းပြည်သိဖြစ်အောင် ထုတ်ဖော် ရေးခဲ့သည် မဟုတ်ပါလား။

ကြည့်ရှုအားပေးသူများ အဆမတန်များပြားလှသဖြင့် တံခွန်စိုက်အလေးမပြိုင်ပွဲကို ဇူလိုင်လ ၂၀ရက်နေ့တွင်မြို့မကျောင်း၌ ဝင်ကြေး တကျပ်တန်းနှင့်ငါးမူးတန်သတ်မှတ်၍ ကျင်းပခဲ့ရ၏။ ပြိုင်ပွဲတွင် ကိုဇော်ဝိတ်သည် ဦးရှိန်ကြေညာထားသည့် ပေါင် ၇၀၀ မကျော်သော်လည်း ဗြိတိသျှချမ်ပီယန်ဒင်နီယယ်၏ အမြန်မစံချိန်ကို ၂၂၃½ ပေါင်ဖြင့်ရင်း စုပေါင်းစံချိန်ကို ၆၉၅ ပေါင်ဖြင့်ရင်း ချိုးလိုက်နိုင်၏။ စံသင်၊ တွန်းမြင့်၊ အေနယ်လဆင်၊ ဟင်နရီစမိုက်တို့က အဆင့်မြင့်မြင့်မ၍ မြန်မာပြည်စံချိန်များ တင်နိုင်ခဲ့ကြသည်။

၁၉၃၆ ခုနှစ် ဖေဖွါရီလတွင် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲသို့ စေလွှတ်ရေးအတွက် ရည်ရွယ်ကျင်းပသည့် အိန္ဒိယပြည်လုံးဆိုင်ရာ အလေးမပြိုင်ပွဲသို့ ဦးရှိန်၊ ဝတ်လုံတော်ဦးချန်ထွန်း၊ တိုးတက်



ရေးဦးစိန်၊ ခြေလျင်ဦးအုန်းခင်၊ ဇော်ဝိတ်၊ စံသင်နှင့်တွန်းမြင့်တို့ ယှဉ်ပြိုင်ရန် သွားရောက်ခဲ့ကြသည်။ အိန္ဒိယသွားကာယဗလအဖွဲ့တွင် ဦးချန်ထွန်းကအဖွဲ့ခေါင်းဆောင်၊ ခြေလျင်ဦးအုန်းခင်က အဖွဲ့အတွင်းရေးမှူးအဖြစ် လိုက်ပါဆောင်ရွက်ကြသည်။ အဖွဲ့ခေါင်းဆောင်အဖြစ် ဦးချန်ထွန်းလိုက်ပါလာခြင်းမှာ ဦးရှိန်က ဦးချန်ထွန်းကို အိန္ဒိယပြည်လုံးဆိုင်ရာ ကာယဗလအဖွဲ့ကြီးတွင် ဒုတိယဥက္ကဋ္ဌတင်မြှောက်ရန် အဆိုပြုခဲ့ရာ အိန္ဒိယကာယဗလတာဝန်ခံများက သဘောတူလက်ခံကြသဖြင့် လိုက်ပါခဲ့ခြင်းဖြစ်၏။

အိန္ဒိယသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် ဦးရှိန်တို့ ကာယဗလအဖွဲ့အတွက် ခရီးစရိတ်ငွေများကို ဦးရှိန်၏ ကျောင်းနေဖက် သူငယ်ချင်း ပဲခူးသူဌေး ဦးစိန်ဝင်းက ငွေတထောင်ပါဝင် ကူညီသည်။ ပဲခူးအရေးပိုင် ဦးသန်းတင်ကလည်း သူ့အပေါင်းအသင်းများနှင့် ပိုင်းဝန်းကူညီခဲ့ပေသည်။

ဦးရှိန်သည် တိုးတက်ရေးမဂ္ဂဇင်း၊ ဘားမား ဂျာနယ်စသည်ဖြင့် အောင်မြင်နေသော ညီဖြစ်သူ ဦးစိန် (ဦးပဂိုဒ) ကိုလည်း တိုးတက်ရေး သတင်းစာ ထုတ်ဝေရေး အတွက် စောင်ရေအများဆုံး ထုတ်ဝေနေရသည့် အိန္ဒိယ သတင်းစာတိုက်များကို လေ့လာရန် ခေါ်ဆောင်ခဲ့လေသည်။

အိန္ဒိယပြည်လုံးဆိုင်ရာ အလေးမပြိုင်ပွဲမှာ ကမ္ဘာ့အိုလံပစ် စေလွှတ်ရေးအတွက် စဉ်းစားဆုံးဖြတ်မည့် ပြိုင်ပွဲဖြစ်သဖြင့် ဦးရှိန်သည် သူ၏တပည့်များကို အကောင်းဆုံးဖြစ်အောင် လေ့ကျင့်ခဲ့သည်။ အိန္ဒိယတွင် အခြားအရေးကိစ္စဟူသမျှ ဦးချန်ထွန်း၊

www.burmeseclassic.com

www.burmeseclassic.com



ဦးအုန်းခင်တို့နှင့် လွှဲအပ်ထားရ၍ သူကိုယ်တိုင်မှာမူ တပည့်များ အနိုင်ရရှိရေးကိုသာ ယုံးပမ်းခဲ့လေသည်။

ဤသို့ အခကာင်းဆုံးဖြစ်အောင် ကြိုးပမ်းနေသဲမှာပင် ကို စံသင် တယောက် စိတ်ခေတ်ကျဆင်းစရာ အကြောင်း တရပ် ဖြစ်ပေါ်လာပြန်၏။ အကြောင်းကား ဤသို့ဖြစ်သည်။ ရန်ကုန်တွင် ကျင်းပခဲ့သည့် အလေးမပြိုင်ပွဲများတွင် ရှစ်စတုန်တန်း၌ သူနှင့်အမိကပြိုင်ဖက်မှာ ဂျိုမက်ကွန်း[၁] ဆိုသူ အင်္ဂလိပ်ကုလားကပြားတဦးဖြစ်သည်။ စံသင်သည် မက်ကွန်းနှင့် ပြိုင်သည့် အခါ သူကရှုံးသည်ချည်း ဖြစ်သည်။ ကြာတော့ စိတ်ဓာတ်အရပင် မက်ကွန်းက အပေါ်စီးက ရနေခဲ့သည်။ မက်ကွန်း အိန္ဒိယပြန်သွားမှပင် စံသင်တယောက် ရှစ်စတုန်တန်းချမ်ပီယန်ဘွဲ့ ရခဲ့သည်။ စိတ်ဓာတ်ထက်ကြွလာသည်နှင့်အမျှ မက်ကွန်း၏ မြန်မာစံချိန်များကိုပင် ချိုးနိုင်ခဲ့သည်။

ယခု အိန္ဒိယပြည်လုံးဆိုင်ရာ အလေးမပြိုင်ပွဲဝင်များကို ဂုဏ်ပြုသည့်လက်ဖက်ရည်ပွဲတွင် မမြော်လင့်ဘဲ သူ၏ပြိုင်ဖက်ဂျိုမက်ကွန်း နှင့်ပြန်လည်တွေ့ဆုံခဲ့ရသည်။ မက်ကွန်းမှာ အိန္ဒိယ ရှစ်စတုန်တန်းချမ်ပီယန်ပင် ဖြစ်နေလေပြီ။ ဝယ်ကြောက်လိုဖြစ်နေသည့် မက်ကွန်းကို တွေ့ရသည့်အခါ စံသင် အတော်ပင် စိတ်ဓာတ်ကျသွား၏။ မက်ကွန်းက “ ဟလို....စံသင် နေကောင်းရဲ့လား” ဟု လာရောက်လက်ဆွဲနှုတ်ဆက်သည့်အခါ မက်ကွန်း၏လက်က ပိုမို သန်စွမ်းနေသည်ဟုပင် ထင်ခဲ့၏။

ဦးရှိန်သည် တပည့်ဖြစ်သူစံသင်၏ အရိပ်အခြေကို တွေ့မြင်လိုက်ရသဖြင့် စံသင်၊ ကိုဇော်ဝိတ်၊ ထွန်းမြင့် တို့ထက်ပင် ပို၍ ဂရုစိုက်ခဲ့ရသည်။ တည်းခိုရာစခန်း ပြန်ရောက်ကထည်းက စိတ်

---

၁။ Joe Mckoy



ဓာတ်ကျဆင်းနေသည့် တပည့်ဖြစ်သူကို စိတ်ဓာတ်စစ်ဆင်ရေး အမျိုးမျိုး လုပ်ခဲ့ရသည်။

တိုင်းတပါးကိုပင် ဝါးရင်းတုတ်ဖြင့် အောင်မြင်စွာ တိုက်ခိုက်ခဲ့သည့် ဦးအောင်ဇေယျ၊ နောင်ရိုး တိုက်ပွဲတွင် သူ၏စစ်သည်များ စိတ်ဓာတ်ပျက်ပြားခြင်း မဖြစ်စေရန် ချောင်းကို ဖြတ်ကူးခဲ့သည့် ပေါင်များကို ဖျက်ဆီးစေ၍ ရန်သူများကို အောင်မြင်သည် အထိ တိုက်ခိုက်ခဲ့သော ဘုရင့်နောင်ကျော်ထင်နော်ရထာ၊ အင်္ဂလန်ကျွန်းကို တိုက်ခိုက်ရာတွင် သူဘို့ ပင်လယ်ခရီး ဖြတ်ကူး အသုံးပြုခဲ့သည့် လှေသင်္ဘောများကို မီးရှို့ဖျက်ဆီးပြီး အင်္ဂလန်ကျွန်းကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည့် ရောမစစ်သူကြီး ဂျူးလီးယက်ဆီဇာ၊ ဤသူရဲကောင်းများကို ပုံစံ ထား၍ အိန္ဒိယ အလေးမ ပြိုင်ပွဲတွင် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုး အတွက် အသက်သေသည့်တိုင် နိုင်ငံခြားကုလားဂျိုမက်ကွန်းကိုအနိုင်ရအောင် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ ယခုစံသင်မှာ ဟိုတုန်းက မက်ကွန်းကိုရှုံးခဲ့သော စံသင်မဟုတ်၊ မြန်မာစံချိန်များကိုပင် အထပ်ထပ်ချိုးနိုင်ခဲ့ပြီး လူဦးရေ ၁၆ သန်းအတွက် မြန်မာ့ဇာတိသွေးဇာတိမာန် ပြည့်ဝနေသည့် စံသင် ဖြစ်ကြောင်း အံကိုကြိတ်လိုက် လက်သီးကိုဆုပ်လိုက်ဖြင့် ဦးရှိန်သည် တပည့်ဖြစ်သူအား စိတ်ဓာတ်စစ်ဆင်ခဲ့သည်။

စံသင်မှာ ဇော်ဝိတ်တို့လို ခပ်အေးအေးမဟုတ်၊ နိုင်ငံရေးအမြင်အတွေးနှင့် နိုင်ငံရေး စိတ်ကလေးလည်း ရှိသူဖြစ်သည်။

‘‘ဆရာ .. ကျွန်တော် ဒီကုလားကို နိုင်ရမယ်၊ ဒီကုလား ကို မနိုင်ရင် ဗမာပြည်ကိုပြန်မလိုက်ထော့ဘူး၊ ကျွန်တော်လဲ ဘုရင့်နောင်တို့ ရောမစစ်သူကြီး ဂျူးလီယက်ဆီဇာ တို့လို ပေါင်ဖျက်ပြီးလှေတွေကို မီးနဲ့ရှို့လိုက်ပြီ ....ဆရာ’’



www.burmeseclassic.com

www.burmeseclassic.com

ဟု အဖွဲ့ဝင်များရှေ့မှာပင် ကတိပေးခဲ့သည့်အထိ ဦးရှိန်၏ စိတ်ဓာတ်စစ်ဆင်ရေးကား အောင်မြင်ခဲ့၏။

သုံးပြတ်ချက်ပြတ်သားသလောက် ကိုစံသင်သည့် အိန္ဒိယ ချန်ပီယံ ပြိုင်ဖက်ဟောင်း ကျီးမက်ကူဂိုင်းကိုအပြတ်အသတ် နိုင်လိုက်သည်။ ရှစ်စတုန်တန်းတွင် အိန္ဒိယအင်ပိုင်ယာချန်ပီယံ ဘွဲ့ကိုပင် ရရှိခဲ့သည်။ အိန္ဒိယ သတင်းစာများကလည်း သူ့ကို ပေါကက်ဟာကျူလီ' ဟုပင် ချီးကျူးရေးသားခဲ့ကြလေသည်။

ကိုးစတုန်တန်းတွင် ထွန်းမြင့်က ချန်ပီယံရသည်။ ၁၂ စတုန်နှင့် ဟဲဗီးဝိတ်တန်းတွင် ဇော်ဝိတ်သည် ပြိုင်ဖက်များအပေါ် အပြတ်အသတ်အနိုင်ရရှိ၍ သူ၏အိန္ဒိယအင်ပိုင်ယာ ချန်ပီယံဘွဲ့ကို ဆက်လက်သိမ်းပိုက်နိုင်ခဲ့လေသည်။

ဦးရှိန်တို့ ဖလားငါးလုံး ပိုက်၍ ရန်ကုန်သို့ပြန်ရောက်ပြီး မကြာမီမှာပင် အိန္ဒိယ နိုင်ငံလုံးဆိုင်ရာ ကာယဗလ အစည်းအဝေးမှ ဇော်ဝိတ်အား ဂျာမနီပြည် ဘာလင်မြို့တွင် ကျင်းပမည့် ကမ္ဘာ့အိုလံပစ်သို့သွားရောက်ယှဉ်ပြိုင်ရန် ရွေးချယ်လိုက်လေသည်။

---

၂။ Pocket Hercules

အခန်း ၁၈

# အိုလံပစ်ရန်ပုံငွေ

အိန္ဒိယမှဇော်ဝိတ်အားကမ္ဘာ့အိုလံပစ်သို့စေလွှတ်ရန် ရွေးချယ်လိုက်သောသတင်းကိုကြားရသူတိုင်းက နှစ်ထောင်းအားရရှိကြသည်။ အမျိုးအတွက် ဂုဏ်ထက်တော့မည်ဟုဆိုကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သူက ဖြစ်ကြသည်။ သို့ရာတွင် လက်တွေ့တွင် အများနည်းတူ ဝမ်းမြောက်ဝမ်းသာ မဖြစ်နိုင်ကြသူများမှာကာယကံရှင် ဦးရှိန်တို့သူစုပင်ဖြစ်၏။

ဦးရှိန်တို့မှာ ထီးပေါက်သော်လည်း လက်မှတ်ပျောက်သူနှင့် တူနေကြသည်။ အိန္ဒိယမှ ဇော်ဝိတ်အား ကမ္ဘာ့အိုလံပစ်အတွက် သွားရောက် ယှဉ်ပြိုင်ရန် ရွေးချယ်လိုက်သော်လည်း သွားရောက်ရမည့်စရိတ်စခများကို သူတို့က တာဝန်မယူ။ သွားရောက် ယှဉ်ပြိုင်ကြမည့် ဦးရှိန်တို့က တာဝန်ယူရမည်။ ကမ္ဘာ့အိုလံပစ်ကျင်းပမည့် ဂျာမနီပြည် ဘာလင်မြို့ အသွား အပြန် အတွက် ကုန်ကျမည့် ခရီးစရိတ်က လေးထောင်လောက်လို၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးရှိန်မှာ ဤမျှ များပြားလှသည့်ငွေများကို စိုက်ထုတ် အကုန်အကျခံရန် အင်အားကမရှိ၊ သူရသည့် လစာမှာလည်း အလေးမ ထမ်းသည့်များကို ပန့်ရပိုးရ၊ အားကစားပစ္စည်းဝယ်ရ၊ စာအုပ်ဝယ်ရနှင့်ပင် အတော်ကုန်နေပြီ။

ကိုဇော်ဝိတ်ကား ပို၍ အခြေအနေဆိုးသေးသည်။ ကျောင်းဆရာဘဝ ရသည့်လခ, ထေးဖြင့်ပင် လောက်ငအောင် မနည်းသုံးစွဲနေရသည်။ မကြာခဏဆိုသလို ဦးရှိန်ကအစားအသောက်အဝတ်အစားမှအစ လိုအပ်သမျှ ထောက်ပံ့နေရသည်။ ဇော်ဝိတ်ရေဝတီသမ်းသို့ ပြောင်းရွှေ့လာသည့်အခါ ဦးရှိန်၏ ဇနီးဒေါ်မြကသားကြီးတယောက်ကို ပြုစုသကဲ့သို့ အဝတ်အစားများကိုပင်လျှော်ဖွတ်ပေးခဲ့လေသည်။

ဦးရှိန်တို့လူစု အိုလံပစ် ခရီးစရိတ်အတွက် ဝမ်းနာခေါင်းခဲဖြစ်နေဆဲမှာပင် ရန်ကုန်မြို့တွင် နပမ်းပွဲများ လွှင့်စွာ ခေတ်ထ၍ ဝင်ငွေကောင်းလှသည်။ ဘီအေအေ သည် ဘောလုံးပွဲများမှအပ အခြား အားကစားပြိုင်ပွဲများကို ပြောပလောက်အောင် မပြုလုပ်ကြဘဲ ဝင်ငွေ ကောင်းသော နပမ်းပွဲများကိုတပွဲပြီးတပွဲ ကျင်းပလျက်ရှိသည်။

နပမ်းပွဲကြီးများကို ရန်ကုန်မြို့ မင်းတိုင်ပင်အဆောက် ဟာမက်ခန်းနှင့် ဟားလခန်းတို့က ကြီးမှူးကျင်းပသည်။ ထိုစဉ်က ဂူသမ်းဟူစိန်နှင့် အမာဆင်းတို့မှာ နာမည်ကျော် နပမ်းသမားများဖြစ်လေသည်။ နိုင်ငံခြားမှလည်း ကြေးစား နပမ်းသမားများလာရောက် ယှဉ်ပြိုင်ကြ၏။ ကမ္ဘာ့ချမ်ပီယန် အမေရိကန်သား



ကျပန်သူမျိုး အာနိုကောစီ[၃] အိန္ဒိယချမ်ပီယန်ဂါမ[၄] တို့၏ ပြိုင်ပွဲတွင် တရားဝန်ကြီးဆာမြဘူးနှင့် အင်္ဂလိပ် အရာရှိကြီးများပင် တက်ရောက် အားပေး သည် အထိ ကြီး ကျယ် လာ သည်။ နောင်တွင် နန်းရင်းဝန်ကြီး ဒေါက်တာဗမော်ကိုယ်တိုင် တက်ရောက်အားပေးခဲ့၏။

ဦးရှိန်သည် နပမ်းပွဲများကိုကြည့်၍ ငွေရှာရန် အားကျလာသည်၊ အိုလံပစ်သို့ သွားရောက်ယှဉ်ပြိုင်ရန် စရိတ်စကအတွက် ထပည့်ဖြစ်သူ ဇော်ဝိတ်နှင့် ကုလားနပမ်းချမ်ပီယန် တဦးဦးကို နပမ်းသတ်ပွဲကျင်းပပြုလုပ်ရန် စိတ်ကူးရလာသည်။ ကိုအုန်းခင်၊ ကိုဇော်ဝိတ်တို့နှင့်တိုင်ပင်သောအခါ သူတို့ကလည်း ဝမ်းသာအားရထောက်ခံကြသည်။

နောက်တနေ့ နံနက်တွင် ဦးရှိန်တို့ဆရာတပည့်သုံးဦး လမ်းလျှောက်ရင်း မက်ရှတီးခန်း၏တပည့် ကုလားနပမ်းသမားများ လေ့ကျင့်နေသည့် မိုင်ဒါကွင်းဒေါင့် (ယခု ရေကူးကန်အနီး) တဘိုက်သို့ သွား ရောက် လေ့ လာ ကြသည်၊ လူသွားကြီး ဇော် ဝိတ် ကိုကြည့်၍ ကုသားများက နပမ်း သတ်မလားဟု မေးလေသည်။ ဦးရှိန်က သဘောတူ ခွင့်ပြုကြောင်းခေါင်းညိတ်လိုက်သည့်အခါ ဇော်ဝိတ်က နပမ်းသတ်ရန် စိန်ခေါ်သည်ကိုလက်ခံလိုက်သည်။

ဇော်ဝိတ်မှာကိုယ်တိုင် နပမ်းမသတ်ဖူးသော်လည်းနပမ်းပွဲများနှင့် အထော်ရင်းနှီးခဲ့သည်၊ အိန္ဒိယသို့ရောက်စဉ်အခါက ကမ္ဘာ့နပမ်းသမားဂိုးပါး၏ နပမ်းလေ့ကျင့်ရာ အားကစားရုံသို့ပင် ဆရာတပည့်နှစ်ယောက် သွားရောက်လေ့လာခဲ့ဘူး၏။ ရန်ကုန်တွင်လည်း ဦးရှိန်နှင့်အတူ နပမ်းပွဲများ မကြာခဏပင်

---

၃။ Arnold Kosi ၄။ Gama

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဘူးသည်။ နပမ်းပွဲထုံးစံအရ လန်ကွတ်တီဝတ်၍ ကုလားများနှင့်နပန်းသတ်ကြသည့်အခါ အထာမသိခင်တော့ ကိုဇော်ဝိတ်တယောက်အတော်လေး ခံလိုက်ရ၏။ ဂုတ်ကိုနှိမ်၊ ဇက်ပိုးကိုလက်ဖျံနှင့်အရိုက်ခံလိုက်ရသဖြင့် မူးမိုက်ပြီး မှောက်လျက်လဲသည်အထိပင် ခံလိုက်ရသည်။ သဘော သိလာသည့်အခါ ကိုဇော်ဝိတ် ဒဏ်ကို ကုလားများမခံနိုင်ကြ၊ တ ယောက်ပြီး တယောက်သက်မြောက်အရှုံးပေးရတော့သည်။ သူနှင့်ပြိုင်ဖက် ကုလားများတော့ မည်သို့ဖြစ်မည်မသိ၊ ဇော်ဝိတ်တယောက်မှာမူ ဇက်ပိုးများယောင်ကိုင်းပြီး သုံးရက်လောက် အလေးမ မနိုင်တော့ချေ။

ဦးရှိန်တို့နပမ်းသတ်ပွဲဖြင့် ရန်ပုံငွေ ရှာရန် စီစဉ်ဆဲမှာပင် အပျော်သမ်းအားကစား ဥပဒေအရ ကြေးစားသမားများနှင့် ယှဉ်ပြိုင်ကစားခွင့်မရှိဟု ဆိုကြပြန်သဖြင့် နပမ်းပွဲအစီအစဉ်ကိုလည်း သူတို့လက်လျှော့လိုက်ပြန်၏။ ဦးရှိန်သည် တပည့်ဖြစ်သူကို အိုလံပစ်သို့ စေလွှတ်နိုင်ရေး အတွက် အကြံဉာဏ် အကူအညီရမည့်သူများဆီသို့ ပြေးရလွှားရ ချဉ်းကပ်ရပြန်သည်။ သူနှင့်ခင်မင်ရင်းနှီးသည့်ရန်ကုန်မြူနီစီပါယ် စက္ကရီတေရီဦးရွှေကြူးနှင့် အိုလံပစ်ရန်ပုံငွေရှာရန်အတွက် သွားရောက်တိုင်ပင်သည်။ ဦးရွှေကြူး၏ အကြံပေးချက်အရ ဝတ်လုံတော်ရဦးဘဒွန်းထံ အကြံဉာဏ် တောင်းခံရပြန်သည်။ နောက်ဆုံး ဦးဘဒွန်း၏အကူအညီဖြင့်ပင် ဇော်ဝိတ် အိုလံပစ်စေလွှတ်ရေးရန်ပုံငွေအဖွဲ့ကို ဖွဲ့စည်းလိုက်ကြသည်။

အိုလံပစ်ရန်ပုံငွေရှာဖွေရေးအဖွဲ့တွင် အမ်အေဦးမောင်ကြီး၊ မြို့မဦးဘသွင်၊ ဦးအောင်ခိုင်၊ ဒေါ်အေးကြည်၊ ဒေါ်ခင်ခင်ကြီး၊ ဒေါ်အမာ၊ ဒေါ်မမ စသူတို့ ပါဝင်ကြ၏။ ဦးရှိန်သည် ၎င်း



ပုဂ္ဂိုလ်များနှင့်အတူ အလှူခံရာတွင် လိုက်ပါရသည်။ အလှူခံရာတွင်မြန်မာအမျိုးသမီးကြီးများမှာ လွန်စွာမှအားထားရသည်။ သူတို့၏ကြိုးပမ်းမှုကြောင့်ပင် ဘီအေအေက ငွေငါးရာ လှူသည်။ ဒေါက်တာဦးညို(တက္ကသိုလ်သို့အလှူငွေ အများအပြားပါဝင်လှူဒါန်းခဲ့သဖြင့် ဒေါက်ထာ ဘွဲ့ရရှိခဲ့သူ)က စေတနာထက်သန်စွာဖြင့် ငွေငါးရာ ပါဝင်ကူညီခဲ့လေသည်။

ဂျူဗလီဟောတွင်လည်း ဇော်ဝိတ်အိုလံပစ် ရန်ပုံငွေကပွဲကြီး ကျင်းပရန် စီစဉ်ကြသည်။ ရောဝတီလမ်း ဦးရှိန်၏အိမ်၌ ကပွဲကြီးတွင်ပါဝင်ကပြရန် ဆိုင်းသံပုံသံ သီချင်းသံ ညံညံ ဖြင့် ဇာတ်တိုက်လျက် ရှိကြသည်။ မေမြို့တွင် အနားယူနေသော မြန်မာပြည်ဘုရင်ခံ ဆာအာခီဘောဂကော့ကရိန်းထံသို့လည်း ဝတ်လုံတော်ရ ဦးဘဒွန်းက ဇော်ဝိတ်အိုလံပစ်ရန်ပုံငွေကပွဲသို့ ကြွရောက်ချီးမြှင့်ရန် ဖိတ်ကြားခဲ့၏။ ဦးဘဒွန်း၏ ဖိတ်ကြားချက်ကို မြန်မာပြည် ဘုရင်ခံက လက်ခံကြောင်း အကြောင်း ပြန်စာပေးပို့သည်။ မြန်မာ့အလင်းသတင်းစာက ဇော်ဝိတ်အိုလံပစ်ရန်ပုံငွေကပွဲသို့ ဘုရင်ခံကိုယ်တိုင် ကြွရောက်မည့်သတင်းနှင့် ဘုရင်ခံ၏ပြန်ကြားစာမူရင်းကို ဓာတ်ပုံနှင့်တကွ ထည့်သွင်းဖော်ပြလိုက်သည့်အခါ အိုလံပစ်ရန်ပုံငွေကပွဲမှာ ပို၍ကြီးကျယ်သွားတော့၏။

သတင်းစာ ဂျာနယ်မဂ္ဂဇင်းများကဲ အိုလံပစ်ရန်ပုံငွေသတင်းကို ကူညီအားပေးရေးသားကြသည်။ တာအားဂျာနယ်ကလည်း ဇော်ဝိတ်ရန်ပုံငွေအတွက် အမျိုးသားရေးနှင့်ယှဉ်၍ စိတ်ဓာတ်တက်ကြွဘွယ်ရာ ယခုလို ရေးသားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



အချင်းတို့....

ဗမာကို ကမ္ဘာကသိစေရမည်ဟု သင်တို့ကြိမ်းဝါးနေသည်ကား ကြာချေပြီ။ ယခုအခါတွင် သင်တို့၏အလိုရှိမှုသည် မချွတ်လျှင် ပြည့်တော့အံ့။ မြန်မာပြည်တွင် အာဇာနည် ဇော်ဝိတ်တယောက် ပေါ်ပေါက်လာချေပြီကား။ အချင်းတို့ ဂျာမနီပြည်၏ မြို့တော်ဖြစ်သော ဘာလင်မြို့၌ လူမျိုးတရာ့ထပါးတို့သည် စည်းဝေးကြလျက် အိုလံပစ်ပြိုင်ပွဲကြီးကို ကျင်းပကာ ဗိုလ်လုကြတော့အံ့။ အကြင်အမျိုးသည် ထိုပွဲတွင်ဗိုလ်ဆွဲ၏။ ထိုအမျိုးသည် ကမ္ဘာတဝှမ်းလုံး၏ ရှိသေလေးစားခြင်းကို ခံရပေမည်၊ ထိုအိုလံပစ်ပြိုင်ပွဲကြီးသို့ မြန်မာ့အာဇာနည် ဇော်ဝိတ်ကြီးအားစေလွှတ်လျက် မြန်မာ့အစွမ်း မြန်မသတ္တိကို လူသိနတ်ကြားပြုတော့အံ့။ ဇော်ဝိတ်သည် မြန်မာ့ကြက်သရေကို ဆောင်နိုင်မည့် ပုဂ္ဂိုလ်ပေတည်း အိန္ဒိယနှင့် အာရှတိုက်တို့တွင် အလေးမဒ္ဒါန၌ ဇော်ဝိတ်သည်ချန်ပီယန်တည်း၊ ထိုမျှမကသေး အင်္ဂလိပ်တို့နှင့်တကွ ဗြိတိသျှအင်ပိုင်ယာတခုလုံးတွင်ပင် ဇော်ဝိတ်ကို အန်တုနိုင်သူမပေါ်သေးချေ။ ဤသို့ဖြစ်သော် ဇော်ဝိတ်သည် ဗမာကို ကမ္ဘာက သိအောင် စွမ်းဆောင်နိုင်မည့် ပုဂ္ဂိုလ်ပင် မဟုတ်တုံလော။

အချင်းတို့....သူရဲကောင်းကို ချီးမြှောက်တတ်သော တိုင်းပြည်တွင်သာ သူရဲကောင်းပေါ်ပေါ်မြဲတည်း။ အလောင်းဘုရား၊ ဘုရင့်နောင်၊ တပင်ရွှေထီးတို့၏ ပေါ်ထွန်းရာ ကျွန်ုပ်တို့မြန်မာပြည်တွင် ယခုအခါ၌ လူစွမ်းကောင်းရှားပါးနေသည်မှာ ကျွန်ုပ်တို့၏ ချီးမြှောက်အပ်သူကို ချီးမြှောက်ရာသော မင်္ဂလာ တရား ပျက်ကွက်သောကြောင့် ဖြစ်ပေလိမ့်မည်။ သို့ဖြစ်ခဲ့သော် လူစွမ်းကောင်း အာဇာနည်ကို အလိုရှိသော ကျွန်ုပ်တို့သည် ဗမာကို ကမ္ဘာကသိအောင် အကျိုးဆောင်မည့်ဇော်ဝိတ်ကြီးက အစပြု၍ ချီးမြှောက်ကြတော့အံ့။

အချင်းတို့....သင်တို့၏ အာဇာနည်ကိုလိုလားသော စိတ်ဆန္ဒကြီးကိုယနေ့ပင် ပြကြကုန်လော့။ ချီးမြှင့်အပ်သူကို ချီးမြှင့်ကြကုန်လော့။ မြန်မာပြည် အိုလံပစ်ရန်ပုံငွေသို့ ထည့်ဝင်ကြတုန်လော့။ မမေ့မလျော့ကြပါကုန်လင့်။

အိုလံပစ်ရန်ပုံငွေကပွဲကြီးကို ၁၉၃၆ ခု ဇွန်လ၁၈ရက်နှင့် ၁၉ရက် နှစ်ညတိုင် ဂျူဗလီဟောတွင် က-ပြခဲ့သည်။ ဇော်ဝိတ်အိုလံပစ်ရန်ပုံငွေကပွဲသို့ မြန်မာပြည်ဘုရင်ခံဆာအာခီဘော ကော့ကရိန်းကြွရောက်လာသည့်အခါ ပရိသတ်များမတ်တတ်ရပ်၍ ကြိုဆိုကြသည်။

ဘုရင်ခံနှင့်တကွ ပရိသတ်များ ထိုင်ပြီးနောက် တမိနစ်ခန့်အကြာတွင် ကြိုတင် စီစဉ်ထားသည့် အတိုင်း စိတ်နှလုံးကြည်နူးဖွယ်ရာ ရောင်ခြည်တော်လွှတ်နေသည့် ဘုရားပုံတော်ကို ဖွင့်လှစ်လိုက်ရာ ဘုရင်ခံနှင့်တကွ ပရိသတ်အားလုံးက ထ၍ မြတ်စွာဘုရားကို ကြည်ညိုကြရလေသည်။ သည့်နောက်ပရိသတ်အသည်းစွဲ ဇာတ်မင်းသားကြီး ဖိုးစိန်က ရှေ့ရေနေ့အပေါ် တံဆိပ်များ ဆင်မြန်းလျက် ထူးခြားနားရောင်ခြည်တော်ဘွဲ့ဖြင့် သီဆိုကန်တော့ပန်းဆင်သည်။ ယင်းအစီအစဉ်ကို စီစဉ်ခဲ့သူမှာ မျိုးချစ်ပုဂ္ဂိုလ်ပဲရော့ဦးဆန်နီပင်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုပွဲတွင် ရှေ့တိုင်ညွှန်ရေးစပ်သည့် အောက်ပါဖော်ဝိတ်သီချင်းဆန်းမှာ ရုပ်ရှင်မင်းသားခင်မောင်ရင်၏ အဆိုပိုင်နိုင်ခြင်းကြောင့် ပရိသတ်များက များစွာစိတ်ဓာတ်တက်ကြွခဲ့ကြသည်။ ထို့အတူ ဇာတ်မင်းသားဦးဖိုးစိန်၏သမီး နယ်လီစိန်မှာလည်းအမျိုးအတွက် စိတ်ဓာတ်ထက်ကြွနေသဖြင့် အမောဆို့လဲကျသွားသည်အထိ အားပါးထရ ကပြဖျော်ဖြေခဲ့၏။

ဖော်ဝိတ်သီချင်း

ကြိုးစားပါမောင်။ တို့မြန်မာပြည်ဘောင်၊ အမျိုး
သားတွေ တက်ခေတ်မှာ ထွန်းသစ်နေဝန်းသို့ပြောင်
(တက်ခေတ်မြန်မာအမျိုးထိပ်ခေါင်)၊ ရာဇဝင်တွင်လေ
အောင်သတ္တိပြသမောင်၊ အရှေ့နိုင်ငံကတောင်၊အား
ပေးရဘဲ့မောင်၊ မတထောင် တကောင်ဘွားအာဇာ
နည် ယောက်ျားဘုန်းခေါင်။
(ရာဇဝင်တွင်မဲ့မောင်)၊ကမ္ဘာမှာ ဘယ်လူမျိုးမဆို
တို့ကို ကြည်ညိုအောင်၊ မြန်မာဂုဏ်ဆောင်၊ သတ္တိနဲ့တဲ့
သွေးထစက်ပါလျှင်မောင်၊ ထာဝစဉ်ရှောင်ပဲ့အမျိုး
သားစာရင်းကနုတ်ပယ်လိုက်ချင်သမောင်။
ဘာသာ၊ သာသနာ၊ ကြက်သရေ လင်း ဝင်းဝင်း
ပြောင်၊ ဒို့မြန်မာဂုဏ်ရှိအောင်၊ တိုင်းပြည်ကျိုးသည်ပိုး
ဆောင်၊ အိုလံပစ်သွားမဲ့ မောင်၊ တိုင်းပြည်အကျိုး
သည်ပိုးဆောင်၊ ဇာတိသွေးမွေးပါမောင်၊ဦးဖော်ဝိတ်
ဆို အလိုလိုစိမ့်အောင်၊ ကာယဗလကို အားကုန်ရှက်
ဆောင်၊ ကမ္ဘာလုံးသိအောင် စွမ်းဆောင်မဲ့မောင်၊
မြန်မာဂုဏ်ရောင် ကြက်သရေဝင်းပြောင်။

၁၉၃၆ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ရန်ကုန်မြူနီစီပါယ်အစည်းအဝေးတွင် အိုလံပစ်သို့သွားရောက်



မည့် ဖော်ဝိတ်ကြီးအတွက် မြူနီစီပါယ်အဖွဲ့မှ ငွေနှစ်ထောင် ထောက်ပံ့ရန်အဆိုကိုတရုပ်မြူနီစီပယ်လူကြီး စောတိတ်လျောင်က တင်သွင်းသည်။ မြန်မာအမျိုးသား မြို့တော်ဝန်ဟောင်း ဦးကျော်ဇံက ကန့်ကွက်၍ မဲပေးခါနီးမှ မြန်မာမြူနီစီပါယ် လူကြီးဦးသင်းမောင်က ဆင်းသွားသည်။ မြန်မာမြူလူကြီး ဦးမောင်မောင်အုန်းခိုင်၊ ဒေါ်ခင်ခင်ကြီး၊ ဦးဘစိုး စသူတို့မှာလည်း အစည်းဝေးကိုမတက်ရောက်ကြ။ သို့ဖြင့် ဖော်ဝိတ်အိုလံပစ်ရန်ပုံငွေအတွက် ထောက်ပံ့ရေးအဆိုမှာလည်း မြန်မာများပင် ဖျက်သဖြင့် ရှုံးခဲ့ရ၏။

ဒီးဒုတ်ဂျာနယ်၊ ဘားမားဂျာနယ်စသည့် စာနယ်ဇင်းများက မြန်မ မြူနီစီပါယ် လူကြီးများကို ပြင်းထန်စွာဝေဖန်ရေးသားခဲ့သည်။ ဤအရေးအခင်းနှင့်စပ်လျဉ်း၍ရန်ကုန်မြို့တော်ဝန် မစ္စတာရာဇီသည် ကာလဝိဘက်နောက်ပိုးတက်စရာ အလှည့်ရောက်ရှိခဲ့၏။ အကြောင်းကား ဤသို့ဖြစ်သည်၊ ရန်ကုန်မြို့တော်ဝန် မစ္စတာရာဇီက ရခိုင်လေဘေးအတွက် ကူညီထောက်ပံ့ရန် မိတ္တိလာမြူနီစီပါယ်အဖွဲ့သို့ အကူအညီတောင်းခံခဲ့သည်။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ မိတ္တိလာမြူနီစီပါယ်အဖွဲ့က ရန်ကုန်မြို့တော်ဝန်ဦးဆောင်သော ရန်ကုန်မြူနီပါယ်အဖွဲ့သည် အမျိုးသားရေးဖြစ်သော ဖော်ဝိတ်ကြီးရန်ပုံငွေကို မကူမထောက်ပံ့သည့်အတွက်ရန်ကုန်မြို့တော်ဝန်မစ္စတာရာဇီအကူအညီတောင်းခံသော ရခိုင်လေဘေး ရန်ပုံအလှူကိုလည်း မထည့်ဝင်နိုင်ကြောင်း ပြတ်ပြတ်သားသားပင် ငြင်းပယ်လိုက်ကြ၏။

သို့ရာတွင် အမျိုးသားရေးကိစ္စတရပ်ဖြစ်သော ဖော်ဝိတ်ရန်ပုံငွေကား အလိုလိုပြည့်သူပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

သီပေါဘုရင်၏ စတုတ္ထသမီးတော်သည် ၁၉၃၆ ခုနှစ် မတ်လတွင် မော်လမြိုင်မြို့၌ ရုတ်တရက် ကွယ်လွန်၏။ စတုတ္ထသမီးတော်၏ရုပ်အလောင်းကို ရန်ကုန်သို့ယူဆောင်သဂြိုဟ်ခွင့်ပြုရန် အင်္ဂလိပ်အစိုးရအား ဆွေတော် မျိုးတော်များက မေတ္တာရပ်ခံသော်လည်း အစိုးရကခွင့်မပြု။ စတုတ္ထသမီးတော်ရုပ်အလောင်းမှာ သတင်းဂယက်အမျိုးမျိုးထွက်၍ နောက်ဆုံး မော်လမြိုင်မှာပင်သဂြိုဟ်ခဲ့ရသည်။ စတုတ္ထသမီးတော်၏ ရုပ်အလောင်း အတွက် အိန္ဒိယပြည် ကလင်ပုံမြို့မှ လတ်သခင်နှင့် ဒုတိယသမီးတော်တို့က ငွေ ၅၀၀ ကျပ် ကူညီခဲ့၏။ ယင်း ငွေ ၅၀၀ ကို ရန်ကုန်မြို့တွင် သဂြိုဟ်မှု ကူညီရန် ရည်မှန်းထားခဲ့ရာ ရန်ကုန်တွင် သဂြိုဟ်ခွင့် မရသည့်အခါ ယင်း ငွေ ၅၀၀ကို လတ်သခင်နှင့် ဒုတိယ သမီးတော်တို့က ရည်ရွယ်ချက် သုံးချက်ဖြင့်* ဇော်ဝိတ် အိုလံပစ် ရန်ပုံငွေအတွက် လွှဲပြောင်းလှူဒါန်းခဲ့လေသည်။

---

* ရည်ရွယ်ချက်သုံးချက်။

၁။ ဇော်ဝိတ်ရန်ပုံငွေ ထည့်ဝင်ခြင်းသည် တမလွန်ရောက်သူအား နောင်ဘဝတွင် ကျန်းမာစွာ ရှိစေကြောင်း မြန်မာ့သဘောနှင့် ဆုတောင်းခြင်း။

၂။ ဇော်ဝိတ်ကြီးကို အားပေးခြင်းသည် မြန်မာတနိုင်ငံလုံး ကျန်းမာသန်စွမ်းရေး အားပေးရာရောက်ရာ နတ်ရွာစံ ညီမတော်လည်း ပါဝင်အားပေးမှုပြုလုပ်ခဲ့ခြင်း။

၃။ ကိုယ်ထီး ကိုယ်နန်းနှင့် နေလိုသူတို့ဘွင် နတ်ရွာစံညီမတော်လည်း တပါးအပါအဝင်ဟုဆိုနိုင်ရာ လွတ်လပ်ရေးအတွက် ကျန်းမာသန်စွမ်းသူများကို အားကိုးအားထားညီမတော်လည်းပြုခဲ့ခြင်း။



ရန်ပုံငွေ အသင့်အတင့် ရှာဖွေ ရပြန်သောအခါ၊ အိုလံပစ်စေလွှတ်ဖို့ စီစဉ်ကြရပြန်သည်။ အိုလံပစ်သို့ ဇော်ဝိတ် တဦးတည်း စေလွှတ်၍ကား မဖြစ်၊ နိုင်ငံခြားသားများအလယ်တွင် အင်္ဂလိပ်စကား မပြောတတ် မဆိုတတ်နှင့် မျက်နှာငယ်နေရှာမည်။ ထို့ကြောင့်လေ့ကျင့်ရေးမှ အစ နေထိုင်သွားလာ စားသောက်ရေးအထိ တာဝန်ယူ စောင့်ရှောက်နေခဲ့သည့် ဦးရှိန်ကိုလည်း ဇော်ဝိတ်နှင့်အတူ လိုက်ပါရန် လူကြီးများက စီစဉ်ကြသည်။

ဤတွင် သူရိယသတင်းစာမှ ဇော်ဝိတ်နှင့် လိုက်ပါမည့်သူသည် အင်္ဂလိပ်လို အပြောအဆို ထည်ပတ်သူ၊ ထွားထွားကြိုင်းကြိုင်း၊ ဥပတိရုပ် ကောင်းကောင်းနှင့် ဂုဏ်သရေရှိ လူကြီးကောင်းတယောက် ဖြစ်သင့်သည်။ ဇော်ဝိတ်ကြီး ချန်ပီယန်ဘွဲ့ရဘို့အရေးကြီးသတဲ့သို့ ဇော်ဝိတ်နှင့်လိုက်ပါမည့် သူမှာလည်း ကမ္ဘာ့နိုင်ငံများက အထင်ကြီးစေရန် ထွားထွား ကြိုင်းကြိုင်း သန်သန်မာမာ ဖြူဖြူစင်စင်နှင့် ခေတ်ပညာတတ်ဖြစ်ဖို့ အရေးကြီးကြောင်းဖြင့် ရေးသားလေတော့သည်။

သူရိယက ဤသို့ရေးသားသည်မှာ အကြောင်းရှိ၏။ တခါက သူရိယမှ ထောက်ခံအားပေးနေသည့် ဂါးပွင့်ဆိုင် အဖွဲ့က သူတို့အဖွဲ့တွင် တိုင်းပြည်က ကြည်ညိုလေးစားနေလျက်ရှိသော သာယာဝတီ ဦးညွှေးယုံ ဆရာတော်လည်းပါဝင်ကြောင်း တိုင်းပြည်သို့ လိမ်လည်ထင်ပြခဲ့၏။ ဤတွင် မဟုတ်မတရား လိမ်ညာသည်ကို ရှုံ့မုန်းတတ်သည့် ဦးရှိန်နှင့် ဦးအုန်းခင်တို့သည် မည်သည့်နိုင်ငံရေးအသင်းအဖွဲ့ကိုမျှမပါဝင်မပတ်သက်သော်လည်း ခုတုံးအလုပ်ခံရသည့် ဆရာတော် ဦးညွှေးယုံအတွက် မခံမရပ်နိုင်ဖြစ်ခဲ့ကြသည်။ ဆရာတော်ကို လျှောက်ထားမေးမြန်းကြပြီးနောက် အဖြစ်မှန်ကို ဂါးပွင့်ဆိုင်အဖွဲ့၏ အတိုက်အခံ ဒေါက်တာဗမော်၏ မောရိယ သတင်းစာမှ ဖော်ထုတ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့ကြောင့်ပင် သူရိယသတင်းစာဖတ်သား နိုင်ငံရေးပုဂ္ဂိုလ်တစုက ဦးရှိန်အပေါ် အားနာတရှိခဲ့ကြသည်။

ဦးရှိန်တို့၏ ကာယဗလ ခြေလျင် လုပ်ငန်းများကို မြန်မာ့အလင်းသတင်းစာမှ အင်တိုက်အားတိုက် ကူညီခဲ့သည်။ မြန်မာ့အလင်းတိုက်အုပ် ဦးတင်သည်ပင်လျှင် ဦးရှိန်တို့ လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့၏။ ဤသို့ ဦးရှိန်တို့နှင့် မြန်မာ့အလင်း ပလဲနံမသင့်နေသည်ကို မြန်မာ့အလင်းနှင့်ပြိုင်ဖက် သူရိယသတင်းစာမှ ပုဂ္ဂိုလ်တစုက ဦးရှိန်တို့အပေါ် အားနာတ ရှိခဲ့ပြန်၏။

သူရိယသတင်းစာ မဂ္ဂဇင်းများတွင် ယခင်က ဦး ရှိန် ကို အရေးပေးခဲ့သလို၊ ဆရာဝန်ဒေါက်တာဦးချစ်ထွန်းကိုရှေ့တန်းတင်လာသည်၊ ထို့ကြောင့်ပင် သူရိယသတင်းစာမှ အကြံပေးရေးသားသည့် ဇော်ဝိတ်နှင့် လိုက်ပါသင့်သူ ထွား ထွား ကြိုင်းကြိုင်း သန်သန်မာမာ ဖြူဖြူစင်စင်နှင့် ခေတ်ပညာတတ် လူကြီးလူကောင်းမှာ ဆရာဝန် ဦးချစ်ထွန်းကို ရည်မှန်းရေးသားခဲ့ခြင်း ဖြစ်လေသည်။

မြန်မာ့အလင်း သဘင်းစာက ဇော်ဝိတ်ကြီးအား စောင့်ရှောက် ထိန်းသိမ်းလေ့ကျင့် ပေးနိုင်သူ၊ အုပ်ချုပ်နိုင်သူကိုသာ ဇော်ဝိတ်နှင့်အတူ ထည့်သင့်ကြောင်း၊ တိုင်းပြည်နှင့်သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့ကစဉ်းစားအပ်ကြောင်း၊ ဦးရှိန်လိုက်ပါသွားသင့်ကြောင်း ထောက်ခံရေးသားသည်။ ဦးရှိန်၏ စွမ်းရည်ကို သိရှိနေသည့် ဆရာ ပီမိုးနင်းကလည်း မြန်မာ့အလင်း ဦးထေပွေအခန်းမှဦးရှိန်၊ ဇော်ဝိတ်နှင့်အတူလိုက်ပါသင့်ကြောင်း၊ ဦးရှိန်၏အရည်အချင်းများကိုဖော်ထုတ်ရေးသားခဲ့လေသည်။ ဒီးဒုတ်ဂျာနယ်ကမူ ခေါင်းကြီးပိုင်းမှ ဤမျှလောက်အရေးကြီးသောဂိ စွတွင် ဆရာဖြစ်သူ ဦးရှိန် မပါလျှင် ဇော်ဝိတ်သည် ဆင်ထက်ကြီးသောသတ္တဝါနှင့်သွားရစေကာမူ အားငယ်မည်ဖြစ်ကြောင်း၊ သို့ကြောင့် ဇော်ဝိတ်ကြီးနိုင်ရေးကို အလိုရှိကြ



လျှင် ကာယဗလ ဦးရှိန်ကို ထည့်ရန် ကျွန်ုပ်တို့ အကြံပေးလိုက်ရကြောင်း စသည်ဖြင့် ပြတ်ပြတ် သားသားဝင် ရေးသားခဲ့၏။


ဤသို့ဖြင့် ဦးရှိန် အိုလံပစ်သို့ လိုက်ပါရေးကိစ္စကို သူရိယမှတဖက်၊ မြန်မာ့အလင်း၊ ဒီးဒုတ်ဂျာနယ်၊ ဘားမားဂျာနယ် စသည်များမှတဖက် အငြင်းအထင် ရေးသားသည့်ထိ ဖြစ်ခဲ့ကြသည်။ ဦးရှိန်သည် အစကတည်းကပင် ငွေကြေးအခက်အခဲတို့ကြောင့် ဇော်ဝိတ်ဘယောက်ဘည်းသာ အိုလံပစ်သို့စေလွှတ်ရန် ရည်ရွယ်ခဲ့သည်။ လူကြီးများကိုပင် သူမလိုက်ပါလိုကြောင်း အတိအလင်းပြောဆိုခဲ့ပြီး ဖြစ်သည်။ သူရိယမှ ဤကဲ့သို့အားနာတကြီးစွာဖြင့် ရေးသားလိုက်သည့်အခါ အတော်ပင် စိတ်မချမ်းမသာဖြစ်ခဲ့ရ၏။ ပြီးတော့လည်း သူနှင့် ဦး ချစ် ထွန်း မှာ ပုဂ္ဂိုလ်အရ၊ လုပ်ငန်းသဘောအရ ခင်မင်ရင်းနှီးခဲ့ကြသည်။ ဤအရေးကိစ္စပေါ်ပေါက်လာသဖြင့်အရှင်းချင်းစိတ်ဝမ်းမကွဲသို့၊ သို့ကြောင့် လူကြီးများကို ဇော်ဝိတ်နှင့်အတူ သူ မ လိုက် လိုကြောင်း ထပ်မံပြောဆိုခဲ့သည်။ လူကြီးများကား ဦး ရှိန် ပင် ဇော်ဝိတ်နှင့်အတူ လိုက် ပါ ရန် ထပ်မံ ဆုံးဖြတ်ကြလေသည်။ အိုလံပစ်ရန်ပုံငွေအဖွဲ့ ဥက္ကဋ္ဌဖြစ်သူ အမ် အေ ဦးမောင်ကြီးက "ကိုရှိန်မလိုက်လို့ ဘယ်ဖြစ်မှာလဲ၊ ကိုရှိန်က ဘရိန်း၊ ဇော်ဝိတ်ကဘရောင်းဗျ။ ဘရိန်းနဲ့ဘရောင်း အတူလွှတ်မှ ဖြစ်မှာပေါ့" ဟု ပြောဆိုခဲ့သည်။

အများဆန္ဒအရ ဦးရှိန်အိုလံပစ်သို့လိုက်ပါရလေပြီ။

www.burmeseclassic.com

www.burmeseclassic.com






၁၉၀၅ ခုနှစ် မြန်မာ့ဗလခေတ်ဦးက သန်စွမ်းကြသည် ဆိုသော ပထန်ကုလားကြီးများ၊ပန်ချာပီကုလားကြီးများနှင့် လက်ညှစ်ပြိုင်ရာတွင် သွေးဖြိုင်ဖြိုင် ကြသည်အထိ အနိုင် ယူခဲ့သော ဗမာ့လူသန်ကြီး ဆန်ဒိုဦးဘာသန်း အသက် ၇၀ ကျော်တွင်

အိန္ဒိယနှင့် မြန်မာနိုင်ငံ၌ ကာယဗလတွင် သူမတူအောင်အချိုးအစားပြေပြစ်လှပသည့်ဆရာဝန်ကြီး ဝေါ် လတာဦးချစ်ထန်း

www.burmeseclassic.com

www.burmeseclassic.com




EFT: Mg Shein, B.A.W.L.A., cutive and maker of champions.

မြန်မာပြည်၌ သူ၏ကိုယ် အလေးချိန်တန်းတွင် မည်သူမျှ မ,ရန် မလွယ်ကူသည့် လက်တဖက် အနေး မ,နည်း (Bent Press) ဖြင့် ၁၄၅ ပေါင်ကို မပြခဲ့သော ကာယဗလ ဦးရှိန် အလေးမ ပုံကို ဘားမားစပို့ ဂျာနယ်က ချီးကျူးဖော်ပြခဲ့သည်။



အလေးမ လောကတွင် ထင်ရှားခဲ့သည့် မြန်မာပြည် အလေးမ ချမ်ပီယန် ဟင်နရီစမိုက် (ဗိုလ်မှူးကြီးလှအောင်-ခြေလျင် တောင်တက်သင်း ဥက္ကဋ္ဌ) တက္ကသိုလ် သမဂ္ဂ အသင်းမှ ကြီးမှူး ကျင်းပသည့် အလေးမပွဲတွင် ဖြိုတိသျှစံချိန်ချိုးနေစဉ်၊



ဓါတ်ပုံဂျက်စာရေးကြီးဘဝ ဦးရှိန်

မြန်မာများ၏ ဂုဏ်ကို မြှင့်တင်ခဲ့ကြသူများအဖြစ် ချီးကျူး၍ မြန်မာ့ စာနယ်ဇင်းများတွင် မကြာခဏ ထည့်သွင်း ဖော်ပြခံခဲ့ကြရသည့် ကာယဗလ ဦးရှိန်နှင့် တပည့်ဖြစ်သူ ဦးဇော်ဝိတ်

www.burmeseclassic.com

www.burmeseclassic.com




ကာယဗလ ဦးရှိန်၏ ကြိုးပမ်းမှုဖြင့် ၁၉၂၆ ခုနှစ်တွင် စတင် တည်ထောင်ခဲ့သော မြန်မာပြည်အပျော်ထမ်းအလေးမ အသင်းဝင်များနှင့် မြန်မာ့အလေးမအားကစားကိုမြှင့်တင်ပေးခဲ့သူ အသင်းဥက္ကဌ ဝတ်လုံတော်ရ ဦးဘဒွန်း (ထိုင်ထျက် အလယ်လူ)



ကာယဗလ အသင်းအဖွဲ့ အများအပြား ပေါ်ပေါက် လာရေးအတွက် ကာယဗလ ဦးရှိန်၏ လှုံ့ဆော်ချက်အရ ၁၉၃၄ ခုနှစ်တွင် ပထမဦးစွာ ပေါ်ထွက်လာသော ဦးလှမောင်လေး ခေါင်းဆောင်သည့် လှည်းတန်း ကာယဗလအဖွဲ့နှင့် မြန်မာပြည် ကာယဗလအဖွဲ့ဝင်များ

မြန်မာပြည်မြို့နယ်အနှံ့အပြား၌ ကာယဗလအဖွဲ့များ တဖြည်းဖြည်း တိုးပွားလာရာ ကာယဗလဦးသန်းဖေခေါင်းဆောင်သော ဟင်္သာတမြို့ ကာယဗလအဖွဲ့ဝင်များ




မြန်မာ့ကာယဗလအဖွဲ့။

၂၀ နှစ်


မြန်မာမှု မြန်မာ့ဟန်ဖြင့် ၁၉၂၈ ခုနှစ်မှ စတင်ဖွဲ့စည်းသည့် မြန်မာပြည် ကာယဗလ အဖွဲ့ဝင် အသိအမှတ်ပြု ကတ်ပြား




www.burmeseclassic.com



လူငယ်များ ကျန်းမာရေး အသင်း သိမ်ချောင်းရှာသို့ ကျေးလက် ပြုပြင်ရေး လုပ်ငန်းများသွားရောက်ဆောင်ရွက်ကြစဉ် ကာယဗလဝါဒ ပြန့်ပွားရေးအတွက် ဖြန့်ဝေခဲ့သည့် ဦးဇော်ဝိတ်၏ပုံ



မြန်မာတမျိုးသားလုံးက ဇော်ဝိတ် ကြီးကို ကာယ ဗလ အာဇာနည် အဖြစ် ဝိုင်းဝန်း အားပေး နေစဉ် ဒါရိုက်တာ ဦးဘသင်နှင့် ဦးဘရှင် တို့ကလည်း ဇော်ဝိတ်ကြီး၏ ဗလ ပြခန်းများ ပါသော စိန်သရဖူ ရုပ်ရှင်ဇာတ်ကားဖြင့် ရိုက်ကူး ပြသ ခဲ့၏။ စိန်သရဖူ ဇာတ်ကားမှ ဗလ ပြကွက်တခု



"ကာယဗလဦးရှိန်သည် ဤ သူရိယသတင်းစာတွင် တက်လူတို့အတွက်ရည်ရွယ်လှ ကာယဗလ နည်းလမ်းတို့ကို တခန်းပြီးတခန်း လက်စွမ်းပြသည်ကို မြော်လင့်ကြကု ဟု အလယ်မျက်နှာပြည့်မျှ ဦးရှိန်၏ အခန်းဆက် ဆောင်းပါးကို ဤသို့ ကြော်ငြာခဲ့



တက္ကသိုလ်သမဂ္ဂ အသင်းဥက္ကဋ္ဌ မစ္စတာ[illegible]ချစ်နှင့် တက္ကသိုလ်အလေးမ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် တက္ကသိုလ်ကာယဗလသမားများ


www.burmeseclassic.com





ကာယဗလ အလေးမခေတ်ထနေစဉ် တက္ကသိုလ် ကျောင်းသူများ လောကတွင် ဝိတ်ဆံထုံး ( ဇော်ဝိတ်ဆံထုံး ဟုလည်း ခေါ်ကြသည် ) ခေတ်ထခဲ့ကြပုံများကို ၁၉၃၆ ခုနှစ် တက္ကသိုလ်ကောလိပ် နှစ်ပတ်လည်မဂ္ဂဇင်း၌ ဖော်ပြခဲ့သည့် ကာတွန်းတပုဒ်



ဇော်ဝိတ်ကြီးကို အားကျ၍ အလေးမ နေသူများအား ရည်ရွယ်လျက် သူရိယသတင်းစာတွင် ရေးသား ဖော်ပြခဲ့သည့် ကာတွန်းဝိဇ္ဇာ ဦးဘကလေး၏ ရွှားရွှားပါးပါး လက်ရာတပုဒ်




အလေးမ ကာယဗလ လုပ်ငန်း ထိုခေတ်က မည်မျှ ခေတ်စားသနည်းဟူမူ လက်တဖက်တည်း ဝိတ်မပုံကို ရေးဆွဲ၍ သူရိယရုပ်ရှင်အမှတ် ၆ ဟူ၍ ပျော်ရွှင်ဘွယ် ကစားကြသည်။



ကာယဗလဦးရှိန်သည် မိမိစရိတ်ဖြင့် ဦးဇော်ဝိတ်အား ၁၉၃၅ ခုနှစ် အိန္ဒိယ အင်ပါယာ အလေးမ ပြိုင်ပွဲသို့ သွားရောက် ယှဉ်ပြိုင်စေအပြီး တပည့် ဖြစ်သူအား ကတိထားခဲ့သည့်အတိုင်း ဘုရားပွင့်တော်မူရာ ဗုဒ္ဓဂါယာသို့ လိုက်ပို့စဉ်

၁၉၃၅ ခုနှစ် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ အလေးမပြိုင်ပွဲကြီးအပြီး ရန်ကုန်သို့ ပြန်ကြမည့် ကာယဗလ ဦးရှိန်နှင့် ဦးဇော်ဝိတ်တို့အား အိန္ဒိယကာယဗလ အဖွဲ့ဝင်များက သင်္ဘော ဆိပ် သို့ လိုက်ပို့ကြစဉ်၊ သူတို့၏ ရှေ့မှအထုပ်ကြီးမှာ ကာလကတ္တားစာအုပ်ဆိုင်များမှ ဦးရှိန်ဝယ်ယူလာသော စာအုပ် များ ဖြစ်၏။



www.burmeseclassic.com


www.burmeseclassic.com

အိန္ဒိယအင်ပါယာ ချမ်ပီယန်ဘွဲ့ရ
ကိုဇော်ဝိတ်ကြီးအား သူရရှိခဲ့
သည့် ဆုဖလားကြီးနှင့် အတူ
တိုးတက်ရေး မဂ္ဂဇင်းက ဂုဏ်ပြု
ဖော်ပြခဲ့သည်။







အိန္ဒိယနိုင်ငံလုံးဆိုင်ရာ အလေးမ
ပြိုင်ပွဲကြီး၌ အိန္ဒိယ အင်ပါယာ
ချမ်ပီယန်အဖြစ် အနိုင်ရရှိခဲ့
သည့် ဦးဇော်ဝိတ်နှင့် ဆရာဖြစ်
သူ ကာယဗလ ဦးရှိန်တို့အား
ပန်းရထားအသွင် ဆင်မြန်းထား
သော မော်တော်ကားဖြင့်
ဆောင်၍ ရန်ကုန် မြို့ လှည့်
လှည့်လည်ကြစဉ်



BURMESE CLASSIC .com



၁၉၃၆ ခုနှစ် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ အလေးမပြိုင်ပွဲကြီးတွင် တပ်ဆင့် ချမ်ပီယန်ဘွဲ့ရရှိ၍
ပေါကက်ဟာကျူလီလေးဟု အိန္ဒိယ သတင်းစာ များက ချီးကျူးရေးသားခြင်းခံခဲ့ရသူ
အလေးမချမ်ပီယန် ကိုစံသင်(ဝ)နှင့် အိန္ဒိယအင်ပါယာချမ်ပီယန် ရရှိခဲ့သူ ကိုထွန်းမြင့် (ယ

www.burmeseclassic.com

www.burmeseclassic.com



ကာယဗလဦးရှိန်၊ ခြေလျင်ဦးအုန်းခင်၊ ဦးဇော်ဝိတ်တို့သည် အမျိုးသားကျန်းမာရေး
အတွက် ၁၄ မိုင်လမ်းလျှောက်ပွဲဖြင့် လှုံ့ဆော်ခဲ့ကြ၏



အမျိုးသားရေးအဖြစ် ကမ္ဘာ့အိုလံပစ်သို့ ဇော်ဝိတ်ကြီးအား စေလွှတ်နိုင်ရေးအတွက် ရန်ကုန် မြူနီစီပါယ် အဖွဲ့မှ ငွေ၂၀၀၀ ကျပ် လှူဒါန်းရန် မြူနီစီပါယ် လူကြီး စောတိတ်လျောင်၏ အဆိုကို ကုလားမြူနီစီပါယ် လူကြီးများ၊ မြန်မာမြူနီစီပါယ်လူကြီးများကကန့်ကွက်၊ လျစ်လျူရှုခြင်း ပြုခဲ့သဖြင့် အဆိုရှုံးနိမ့်ခဲ့ရပုံများကို ဘားမားဂျာနယ်က ဤကာတွန်းဖြင့် သရော်ခဲ့၏။

www.burmeseclassic.com